www.burmeseclassic.com

ဒဂုန်ရွှေမျှား

# ဟော်မုန်းပင် နှင့်

# ထူးထူးခြားခြားဝတ္ထုတိုများ

[ ပထမအကြိမ် စုစည်းမှု ]

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် ◆ ၅၀၀၇၇၈၀၈၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ◆ ၅၀၀၉၁၄၀၈၁၀

## ပုံနှိပ်ခြင်း

ပထမအကြိမ် ◆ (၂၀၁၀၊ နိုဝင်ဘာလ)

အုပ်ရေ ◆ (၅၀၀)

မျက်နှာဖုံး ◆ ဇေယျာ

ကွန်ပျူတာစာစီ ◆ *Quality*

အတွင်းဖလင် ◆ *Quality*

## ပုံနှိပ်သူ

နော်ဆဲနေမူး(ရှာလီပုံနှိပ်တိုက်)၊ (၀၈၂၇၇)၊

အမှတ် ၁၂၁၊ အလုံလမ်း၊ အလုံမြို့နယ်။

## ထုတ်ဝေသူ

ဦးမြင့်ထွန်း(မြဲ) (၀၃၉၀၆)၊

အမှတ်၅၀၈/၅၁၂(ပထမထပ်)

ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

တန်ဖိုး ◆ ၁၅၀၀ - ကျပ်

ဒဂုန်ရွှေမျှား ၈၉၅.၈၃

ပေါ်မှန်းပင်နှင့်ထူးထူးခြားခြားဝတ္ထုတိုများ/ဒဂုန်ရွှေမျှား

- ရန်ကုန်၊

**Quality Publishing House** ၂၀၁၀၊

၁၄၃ - စာ၊ ၁၃ x ၂၀.၅ စင်တီ

(၁) ပေါ်မှန်းပင်နှင့်ထူးထူးခြားခြားဝတ္ထုတိုများ


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

| | | |
|---|---|---|
| ၁။ | ရှင်ကြီးတစ်ဖက် ကျားကြီးတစ်ဖက် | ၁ |
| ၂။ | သမုဒ္ဒရာ | ၂၄ |
| ၃။ | သူခိုးဝတ္ထုစာရေးဆရာ | ၅၃ |
| ၄။ | ပေါက်မုန့်းပင် | ၇၇ |
| ၅။ | တစ်မိနစ် | ၉၄ |
| ၆။ | ပျက်အစဉ် | ၁၀၁ |
| ၇။ | ဝိဇ္ဇာစိန် | ၁၂၁ |

www.burmeseclassic.com

www.burmeseclassic.com

# ရှင်ကြီးတစ်ဖက်ကျားကြီးတစ်ဖက်

ဆရာဝန်ကြီး ဦးသာဒင်သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် အစိုးရအလုပ်မှ နုတ်ထွက်ခဲ့ပြီးလျှင် မဂိုလမ်း၌ ကုမ္ပဏီရှိဆေးတိုက်ဟူသော အမည်ဖြင့် ဆေးဆိုင်တစ်ဆိုင်ဖွင့်ကာ နေထိုင်ခဲ့လေသည်။ အထူးသဖြင့် မိန်းမများတွင် ဖြစ်တတ်သည့်ရောဂါများနှင့် ပတ်သက်၍ ကုသရာတွင် ဦးသာဒင်သည် ထူးချွန်သူတစ်ယောက်ဖြစ်သည့်အတိုင်း လူနာများမှာလည်း ယောကျ်ားထက် မိန်းမများက ပို၍များပြား၏။ လက်ထောက်ဆေးဆရာမနှစ်ယောက်တို့ပင် လက်မလည်နိုင်အောင် ရှိနေခဲ့လေသည်။

ယခုခေတ်တွင် ဆေးဆရာဝန်ခ၊ ဆေးထိုးခနှင့် ဆေးဖိုးဝါးခကလည်း မနည်းလှသဖြင့် အချို့ဆင်းရဲနွမ်းပါးသော အမျိုးသမီးများသည် ဆေးဖိုးဝါးခ လုံလောက်အောင် မပေးနိုင်သောအခါ မိမိတို့ကိုယ်ကိုဗန်းပြလျက် ဆရာဝန်နှင့် ရင်းနှီးသည်ထက် ရင်းနှီးအောင် ကြံစည်တတ်ကြ၏။ ထိုအခါ နဂိုကပင် ဆင်းရဲသားများအပေါ်၌ တတ်နိုင်သမျှ လိုက်လျောစဉ် ဝတ္တရားရှိသော ဆရာဝန်များမှာ မတို့၏ ပိုက်ကွန်အတွင်းသို့ ကျရောက်မှန်းမသိ သက်ဆင်း ကျရောက်တတ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် အချို့ဆရာဝန်များမှာ ဆေးဝါးခမရရှိမှုမှက မိမိတို့အိတ်ထဲမှပင် နောက်ထပ်လိုက်ကြရသေး၏။ ဦးသာဒင်မှာ မိန်းမတို့တွင် ဖြစ်တတ်သည့် ရောဂါများကို ကုသရာတွင် အထူးနာမည်ရသူဖြစ်သဖြင့် ယောက်ျားလူနာများထက် မိန်းမလူနာများအား ပို၍ဆက်ဆံခဲ့ရလေရာ ယခုရေးသားဖော်ပြသကဲ့သို့ မိမိအိတ်ထဲမှ နောက်ထပ်လိုက်ရသော အမှုများလည်း မနည်းလှတော့ချေ။

ဦးသာဒင်၌ကြို့ကုန်းဘူတာနှင့်မနီးမဝေးတွင်စစ်မဖြစ်မီက ဝယ်ထားသော အိမ်ကလေးတစ်ဆောင်နှင့် ခြံကြီးတစ်ခြံရှိရာ ဆေးဆိုင်ပိတ်သော တနင်္ဂနွေနေ့ များ၌ အလုပ်မှအပန်းဖြေသည့်သဘောဖြင့် ပျော်ပျော်ပါးပါးအေးအေးချမ်းချမ်း သွားရောက်လေ့ရှိ၏။ ဆရာဝန်ကတော်မှာ တစ်ခါတစ်ရံမှသာ ခြံထဲသို့ ၎င်းနှင့်အတူ လိုက်ပါလာတတ်သဖြင့် ဦးသာဒင်သည် ဆရာဝန်ကတော် လိုက်ပါမလာသော နေ့များတွင် အရက်ကလေးတမြမြဖြင့် တစ်နေ့လုံးအချိန်ဖြုန်း၍ နေတတ်လေသည်။ ထိုအခါမျိုး၌ ဦးသာဒင်၏ လူယုံကြီးခြံစောင့်ဖြစ်သူ မောင်မိုးက ချက်ပြုတ်ခြင်း၊ ပြင်ဆင်တည်ခင်းခြင်းမှစ၍ နောက်ဆုံးအရက်ပုလင်းကို ငှဲ့ပေးသည့်အထိ ဝတ်ကြီးဝတ်ငယ်ပြုရ၏။ ထိုအခါမျိုး၌ ဦးသာဒင်မှာ ညဉ့် ၉ နာရီ ၁၀ နာရီအထိ နေတတ်လေရာ တပည့်ကျော်မောင်မိုး၏ အကူအညီဖြင့် မိမိ၏လူနာဟောင်းဖြစ်ခဲ့ဖူးသော အမျိုးသမီးချောလေးများနှင့်လည်း ရံဖန်ရံခါ တွေ့ဆုံတတ်လေသည်။ မောင်မိုးမှာ ဦးသာဒင်၏ ခြံစောင့်ပင် ဖြစ်စေကာမူ မိုက်ဂုဏ်ဖြင့် ရွာထဲတွင် အတော်အတန်ဩဇာညောင်းသူတစ်ယောက်ဖြစ်သည့်အပြင် ဤအရာမျိုး၌လည်းကောင်းစွာ ကျွမ်းကျင်သူဖြစ်၏။ ဤသို့ဖြင့် မောင်မိုးမှာ ဦးသာဒင်ဘက်မှ နှုတ်ပိတ်ခအနေဖြင့် ဘောက်ဆူးများရရှိခြင်း၊ အမျိုးသမီးများဘက်မှလည်း ထိုက်သင့်သော ဆုလာဘ်များရရှိခြင်းများဖြင့် အတော်ပင် အစားချောင်ပြီးလျှင် တစ်ခါတစ်ရံ မြင်းပွဲများသို့ပင် သွားနိုင်ခဲ့လေသည်။

ဆရာဝန်တို့မည်သည် အကုအသကောင်းရုံသာမဟုတ် လူနာများအပေါ်တွင် ပြေပြစ်စွာဆက်ဆံမှု၊ သနားကရုဏာထားမှု၊ အကျင့်စာရိတ္တကောင်းမှုတို့



www.burmeseclassic.com

www.burmeseclassic.com



ကလည်း လိုအပ်လှပေ၏။ သာမန်ဆရာဝန်တစ်ယောက်ပင်ဖြစ်သော်လည်း လူနာများအပေါ်တွင် ဆက်ဆံမှုပြေပြစ်၍ အကျင့်စာရိတ္တကောင်းမွန်က တစ်နေ့တခြား ကျော်ကြား၍ လာတတ်လေသည်။ ဦးသာဒင်မှာ ဆေးဝါးကုသရာတွင် အတော်အတန် လက်စွမ်းထက်သည်မှန်သော်လည်း မတို့နှင့် ရောနှောဆက်ဆံလွန်းလှသဖြင့် အလုပ်မှာ တစ်နေ့တခြား ကျဆင်းနေပြီးလျှင် တိုက်ခန်းခ ၁၀၀၀ ကျပ်ကိုလည်းကောင်း၊ အလုပ်သမားများအတွက် တစ်လခ လစာငွေကိုလည်းကောင်း မပေးနိုင်သောအခြေသို့ပင် ရောက်ရှိနေလေပြီ။

တစ်နေ့သော ည ၇ နာရီကျော်ကျော်အချိန်လောက်၌ ဦးသာဒင်သည် အိမ်ကလေးအတွင်းရှိ စားပွဲကလေးတွင်ထိုင်ကာ လက်ထဲတွင် ကိုင်ထားသော စီးကရက်ကို တစ်ချက်မျှ ပြင်းထန်စွာ ရှူရှိုက်လိုက်ပြီးနောက် ပြာများကို ငွေလင်ပန်းကလေးထဲသို့ ခြွေ၍ချလိုက်၏။ ကိုမိုးက မျက်နှာချင်းဆိုင်ဘက်ရှိ ကုလားထိုင်တွင်ထိုင်ကာ ဦးသာဒင်ရှေ့ရှိ ဖန်ခွက်ထဲသို့ အရက်များထည့်ပေးလေသည်။ ဤကဲ့သို့ အရက်ငှဲ့ပေးနေရာမှ ဦးသာဒင်၏ မျက်နှာကိုမရဲတရဲ ကြည့်လိုက်၏။ ဦးသာဒင်လည်း ဖျတ်ခနဲကြည့်လိုက်ပြီးလျှင် သောက်လက်စစီးကရက်တိုကို ငွေလင်ပန်းထဲသို့ ထည့်ကာ လက်သုံးချောင်းဖြင့် ဖိ၍ပွတ်ချေလိုက်သည်။

ခေတ္တမျှ နှစ်ယောက်စလုံး စကားမပြောဘဲ တိတ်ဆိတ်လျက်ရှိ၏။ သို့ရှိစဉ် မောင်မိုးသည် ဦးသာဒင်အား အကဲခတ်သကဲ့သို့ ခေါင်းငုံ့နေရာမှ မျက်လုံးကို အနည်းငယ် လှန်၍ကြည့်လိုက်ပြန်လေသည်။

"ဘာလဲကွယ့်၊ ဘာပြောချင်လို့လဲ မောင်မိုး"

BURMESE CLASSIC

"ကျွန်... ကျွန်တော် ငွေနည်းနည်း ..."

"အေးလေ၊ ငါသိပါတယ်။ တနင်္ဂနွေနေ့ညဆိုတော့ အပေါင်းအဖော်နဲ့ သောက်ဖို့လိုပြန်ပြီ ဆိုပါတော့။ မင်းပြောရင် ငွေအကြောင်းပဲ မဟုတ်လား"

"ဒီလိုပါဆရာ။ တောမှာ ကျွန်တော်တို့အစ်မတစ်ယောက်"

ဦးသာဒင်က ကြားဖြတ်၍ -

"ကိုင်းကွယ်၊ ဒီဟာတွေ ပြောမနေပါနဲ့။ ငွေဘယ်လောက်လိုချင်လဲ"

"ငွေ...ငွေ... ငွေသုံးဆယ်လောက်ပါဆရာ၊ မများလှပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် သုံးဆယ် ...မများဘူးဟုတ်စ၊ နေပါဦး၊ မင်းကိုငါးဆယ်ပေးပြီးတာ ဘာကြာသေးလို့လဲကွယ့်"

"ဟုတ်တော့ဟုတ်ပါတယ်ဆရာ၊ ဒါပေမဲ့ ကျွန်တော်က ဆရာသိတဲ့အတိုင်း အပေါင်းအသင်းကများတော့"

"တော်ပါကွယ်၊ ဒီဟာတွေ ငါသိပါတယ်။ မင်းမြင်းပွဲသွားတယ် မဟုတ်လား"

(ဦးခေါင်းကိုငုံ့လျက်) "ဟုတ်ပါတယ်ဆရာ၊ နည်းနည်းပါးပါးတော့"

"ကိုင်း နည်းတာများတာဖယ်ထား၊ ရော့ဟောဒီမှာ နှစ်ဆယ်၊ မင်းဒီနေ့ညအသောက်ထွက်ရင်လည်း မြန်မြန်ပြန်ကွယ့်"

မောင်မိုးသည် ဦးသာဒင်ပေးသော ၁၀ ကျပ်တန် ငွေစက္ကူနှစ်ချပ်ကို မယူချင်ယူချင် လှမ်း၍ယူလိုက်၏။ ထို့နောက် နေရာမှထပြီးလျှင် "ကဲ ကျွန်တော့်ကို ခွင့်ပြုပါဦးဆရာ၊ ဈေးဘက်မှာ လူတစ်ယောက်နဲ့ ချိန်းထားလို့၊ ဒါနဲ့ ဆရာ ဘယ်တော့ပြန်မလဲ"

"တော်တော်ကြာ ပြန်မှာပေါ့ကွယ့်။ မင်းလျှောက်ရှည်း လည်မနေနဲ့ဦးနော်"

"မလည်ပါဘူးဆရာ၊ အလွန်ဆုံး ၁၀ နာရီ၊ ၁၁ နာရီပါ"

မောင်မိုးထွက်သွားသောအခါ ဦးသာဒင်သည် စီးကရပ်တစ်လိပ်ကို မီးညှိ၍သောက်ပြီးနောက် "ငမိုး၊ ငမိုး ငါ့မှာ ဒီအကောင်မျိုးလည်း ရှိဦးမှပဲ။ ဒီပြင့်နေရာမှာသာ အသုံးမကျတယ်။ ဒီနေရာမျိုးမှာတော့ အင်မတန်အကင်းပါးတဲ့အကောင်။ ထစ်ခနဲဆိုသိပြီ။ ဖျတ်ခနဲဆို သူနားလည်လိုက်ပြီ။ ဒါထက် ငါ့အလုပ်ကလေး စဖို့ပြင်လိုက်ရဦးမယ်"

သို့စဉ်းစားပြီးနောက် ဦးသာဒင်သည် အရက်ကို စီးကရက်နှင့်မြည်းရင်း ခြေထောက်နှစ်ချောင်းကို စားပွဲပေါ်သို့တင်ကာ စဉ်းစားခန်းထုတ်လျက် ရှိလေ၏။ စီးကရက်များကို တစ်လိပ်ပြီးတစ်လိပ်ညှိပြီးနောက် မီးခိုးများကို အလုံးအခဲဖြစ်သည့်တိုင်အောင် ဖွာထုတ်လျက်ရှိလေရာ မီးခိုးလုံးများထဲတွင် မိမိတို့ခန်းလခမပေးနိုင်သည့်အတွက် နှိတ်စ်ပေးလျက်ရှိသော ကုလားကြီးခြေကျက်နာကို



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ နိုင်ငံခြားမှ ရောက်သောဆေးများကို တစ်ပတ်အတွင်း လာရောက်ရွေးယူရန်ပေးသော နို့တစ်စာရွက်ကိုလည်းကောင်း မြင်ယောင်လျက် ရှိလေ၏။

အချိန်မှာ၇နာရီခွဲခန့်သာရှိသေး၍မီးရထားဘူတာရုံဘက်မှာမီးရထားဥသြသံများကိုလည်းကောင်း၊ ရွာလမ်းမကြီးပေါ်မှ ကားသံများကိုလည်းကောင်း မကြာခဏ ကြားရ၏။ ဦးသာဒင်သည် စားပွဲနှင့် မျက်နှာဆိုင်ပြတင်းပေါက်ကို ထ၍ပိတ်လိုက်ပြီးလျှင် တစ်ခြမ်းဟလျက်ရှိသော ပြတင်းပေါက်ရှိရာသို့ သွားစွာ အပြင်သို့ မျှော်ကြည့်လျက်ရှိ၏။ လပြည့်ကျော် ၇ ရက်နေ့ဖြစ်သဖြင့် ကောင်းကင်ပြင်တွင် မည်းမှောင်လျက်ရှိသော်လည်း ကြယ်ကလေးများ၏ အလင်းရောင်တွင် ခပ်မှိန်မှိန်ရှိနေသော မိမိအိမ်ခြံစည်းရိုးများကိုလည်းကောင်း၊ မျက်နှာချင်းဆိုင်ဘက်တွင်ရှိနေသည့် အခြားအဆောက်အအုံများ၏ အရိပ်များကိုလည်းကောင်း ခပ်ရေးရေးမျှ တွေ့မြင်ရ၏။ ဦးသာဒင်သည် ညဥ့်၏သာယာခြင်းကို တစ်ခဏမျှ ငေးမောကြည့်ရှုလျက်ရှိလေ၏။

အိမ်ကလေး၏ နောက်ဖေးခန်း၌ အတော်အတန်ကျယ်ဝန်းလုံခြုံသော အခန်းတစ်ခန်းရှိရာ ထိုအခန်းတွင် တစ်ဖက်၌ တစ်ယောက်အိပ် သံခုတင်တစ်လုံးရှိ၍ အခြားတစ်ဖက်တွင် အရေးပေါ်သုံးနိုင်ရန် ဆေးဝါးများထည့်သည့် မှန်ဘီရိုတစ်လုံးရှိ၏။ စားပွဲနှင့် ဗီရိုအလယ်တွင် စားပွဲဝိုင်းကလေးတစ်လုံးနှင့် ကုလားထိုင် ၂ လုံးရှိ၏။ ဗီရို၏နံဘေးတွင် အရက်ပုလင်းနှင့် ဖန်ခွက်များ တင်ထားသော စင်တစ်ခုလည်း ရှိလေသည်။

ဦးသာဒင်သည် စီးကရက်တိုကို အပြင်သို့ ပစ်လိုက်ပြီးလျှင် လက်နှစ်ဖက်ကို နောက်သို့ပစ်ကာ ပြတင်းပေါက်ဆီမှ နောက်ဖေးခန်းဘက်သို့ လာခဲ့လေ၏။ ထို့နောက် အခန်းတွင်းရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ကာ ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစားလျက်ရှိသော သူ၏အလုပ်ကို စတော့၏။

ဦးသာဒင်သည် ဆေးပုလင်းများထည့်ထားသော ဗီရိုအောက်ထပ် အံဆွဲအတွင်းမှ လက်လေးသစ်ခန့်ရှိသော ပုလင်းငယ်တစ်လုံးကို ထုတ်ယူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းထဲတွင်ဖြူသောအရည်များရှိ၍ဦးသာဒင်သည်သွေ့ခြောက်သောဖန်ခွက်တစ်လုံးထဲသို့ အရည်တစ်စက်လောင်းထည့်၏။ အရည်မှာ ဖန်ခွက်၏ဖင်ကိုတစ်စုံတစ်ရာ စွန်းထင်းခြင်းမဖြစ်စေဘဲ တစ်မိနစ်အတွင်း သွေ့ခြောက်သွားလျက် ဖန်ခွက်မှာ နဂိုပကတိအတိုင်း ရှိနေလေသည်။ ထိုအခါ သူသည် ဖန်ခွက်ကို အသေအချာမှတ်ထားပြီးလျှင် စားပွဲ၏ လက်ဝဲဘက်၌ တင်ထားလိုက်၏။ ထို့နောက် အခြားဖန်ခွက်တစ်လုံးကို လက်ယာဘက်က တင်ထားလိုက်ပြန်လေသည်။ သောက်လက်စဝီစကီပုလင်းနှင့် ဆော်ဒါပုလင်း ၂ လုံးကိုလည်း ဖန်ခွက်များအလယ်၌ နေသားတကျ ချထားလေသည်။

ဦးသာဒင်သည် အိမ်ရှေ့ဘက်သို့ပြန်၍ လျှောက်လာခဲ့ပြီးလျှင် မှန်ပြတင်းပေါက်မှ အပြင်သို့ မကြာခဏ လှမ်းကြည့်ကာ "ဒါထက် မစရာဟာ ခါတိုင်း အချိန်မှန်ပါတယ်။ အခုတော့ ..."

အချိန်မှာ ၈ နာရီ ၁၅ မိနစ်မျှပင် ရှိနေလေပြီ။ ဦးသာဒင်သည် တစ်မိနစ်လျှင် ၂ ကြိမ်ကျ လက်ပတ်နာရီကို မီးရောင်တွင် မြှောက်၍ ကြည့်မိ၏။ စီးကရက်များကိုလည်း တစ်လိပ်ကို ၄၊ ၅ ခါမျှသာ ဖွာပြီးလျှင် ဇိနပ်ဖြင့်နင်း၍ ပွတ်ချေပစ်လိုက်၏။ ခပ်ဖြည်းဖြည်းလျှောက်၍နေရာမှ ခပ်မြန်မြန်လျှောက်ပြန်၏။ ထို့နောက်လက်ပတ်နာရီကိုကြည့်ရင်း "ကြည့်စမ်း ၈ နာရီခွဲတော့မယ်။ ငါးမိနစ်ပဲ လိုတော့တယ်။ ခုထက်ထိ ပေါ်မလာသေးဘူး။ နေပါဦး ကောင်မကာ ဘယ်လိုအကြံများရှိပြန်သလဲမသိဘူး။ အင်း ...သူ့ကိုတော့ နည်းနည်း သတိထားမှ" ဟု စဉ်းစားခန်း ထုတ်၍နေမိ၏။

တစ်ခဏမျှအကြာတွင် အိမ်ရှေ့ဘက် ကျောက်စရစ်လမ်းမှ ခြေသံသဲ့သဲ့ကြားရပြီးနောက် ဖြူဖွေးသေးသွယ်သော မိန်းမတစ်ယောက်၏ ပုံသဏ္ဌာန်သည်မှောင်ရိပ်မှ တံခါးပေါက်အလင်းရောင်ဆီသို့ တဖြည်းဖြည်းချဉ်းကပ်လာ၏။ ဦးသာဒင်သည် သံတံခါးသို့ချက်ချင်းထ၍ ဖွင့်ပေးလိုက်ရာ အစ်ကိုကြီး ဟု ခေါ်လိုက်သံနှင့်အတူ မိုင်ဆင်း ခေါ် ရေမွှေးနံ့သည်လည်း မိန်းမပျိုရှိရာမှ ထောင်းခနဲထွက်လာလေသည်။

"တကာတဲ့ဗျာ။ မျှော်လိုက်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



(ဦးသာဒင်၏ခါးကို ကန္တဲ့ကလျ ဖက်လိုက်ပြီးနောက်)

"အလကားမျှော်နေတယ်။ ပိုက်ဆံရှိဝယ်စားလိုက်ပေါ့အစ်ကိုကြီးရယ် ဟဲ...ဟဲ"

"ရှစ်နာရီကတည်းက အစ်ကိုကြီးမျှော်နေတာနွဲ့ရဲ့"

"မမည္သန့်တို့ပါတီသွားတာ စောင့်နေရလို့နည်းနည်း နောက်ကျသွားတယ်"

သို့ပြောရင်း နောက်ဖေးခန်းဘက်သို့ နှစ်ယောက်အတူ လျှောက်လာခဲ့ကြလေ၏။

နွဲ့ဆိုသူမိန်းမပျိုမှာ အရပ် ၅ ပေခန့်မြင့်၍ အပြာနုရောင် နိုင်လွန်လက်ပြတ်အင်္ကျီ၊ အပြာရင့်ပေါ်တွင် အဖြူပန်းခက်များဖော်ထားသည့် ဘရိုကိတ်လုံချည်ကိုဝတ်ထား၏။ ဆံပင်ကိုနောက်တွဲထုံးကာ အပြာရောင်ပိုက်ကလေးဖြင့် သပ်ရပ်စွာ အုပ်ထားလျက် နှင်းဆီ အဖြူပွင့်ကလေး တစ်ပွင့်ကိုသာ နောက်ကျကျထိုးထား၏။ ကိုယ်လုံးမှာ သေးသွယ်သော်လည်း အချိုးအစားကျလှသဖြင့် ကြံ့သည်ဟူ၍မဆိုသာဘဲ ပြေပြစ်၏။ ကြော့ရှင်းသော လည်တိုင်တွင် ပုလဲပုတီးကလေးတစ်ကုံးဖြင့် ရစ်ပတ်ထားရာ သွယ်သောလည်တိုင်ကို ပို၍အချိုးကျစေ၏။ ဝတ်စားထားပုံမှာလည်း ခပ်ယဉ်ယဉ်နှင့် အဆင်ပြေလှပေ၏။ အလုံးစုံခြုံ၍ကြည့်သော် မိန်းမချောတစ်ယောက် ဖြစ်သော်လည်း နက်မှောင်သောမျက်လုံးများဖြင့် တစ်ချက်တစ်ချက် စောင်းကြည့်လိုက်ပုံမှာ အကယ်၍ နီးကပ်စွာ အကဲခတ်က ရက်စက်ခြင်း၊ မုန်းတီးခြင်း၊ ရန်ငြိုးသိုတတ်ခြင်း အရိပ်အယောင်များ ပေါ်ထွက်နေသည်ကို တွေ့ရပေမည်။ ထိုမျက်လုံးများနှင့် ဟန်ပန်အမူအရာကို ပေါင်းစပ်ကြည့်လိုက်သောအခါ ၎င်းမှာ ယောကျ်ားတစ်ယောက်၏ ကိုယ်တွင်းမှ သန့်ရှင်းသောမေတ္တာကို ထုတ်ယူနိုင်သည်ထက် တဏှာရာဂ တက်ကြွစေသည့် စိတ်ဓာတ်ကို ပိုမိုလှုပ်ရှားစေနိုင်စွမ်းရှိသော ရုပ်မျိုးဖြစ်လေသည်။

အခန်းတွင်းသို့ရောက်၍ ကုလားထိုင်များပေါ်တွင် ထိုင်မိကြသောအခါ နွဲ့နွဲ့က -

"နွဲ့ဖြင့် အစ်ကိုကြီး လာမှလာပါ့မလားလို့"

"လာရတာပေါ့နွဲ့ရယ်၊ ကြိမ်စကြာနဲ့ နွဲ့က ရိုက်ခေါ်တော့ မလာဘဲ နေဝံ့ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးက သိပ်စကားတတ်တာပဲ။ ဒါထက် နွဲ့မှာတဲ့ဟာကော ပါရဲ့နော်"

"ပါရတာပေါ့ဗျာ၊ မပါလို့ ဖြစ်ပါ့မလား။ ဒါထက်နွဲ့ကို အစ်ကိုကြီးဟာ ချစ်တယ်ဆိုပြီး တကယ်ဆိုတော့ သိပ်ရက်စက်တာပဲနော်"

"ဘာရက်စက်တာလဲ"

"အခုလုပ်နေပုံဟာ မရက်စက်ဘူးလား"

"အံမယ် တစ်လ ၅၀၀ ကျပ်လောက် ပေးရတာများ ရက်စက်တယ်ခေါ်သလားရှင်။ ဒီမှာဖြင့် အပျိုရည်လည်း အပျက်ခံရသေးတယ်။ တိတ်တိတ်ပုန်းမယားလည်း ဖြစ်ရသေးတယ်။ အစ်ကိုကြီး ဂုဏ်ပျက်မှာစိုးတယ်ဆိုပြီး ဘယ်သူ့မှ ဖွင့်မပြောဝံ့ဘဲ တစ်သက်လုံးလည်း မြုံနေရသေးတယ်။ ဒီဟာတွေနဲ့စာကြည့်ရင် နည်းတောင်နည်းသေး"

"အပျိုရည်ပျက်တယ်ဆိုတာ အစကတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ အခုတစ်နှစ်နှစ်နှစ်အတွင်း ဖြစ်နေတဲ့ မင်းအကျင့်စာရိတ္တကိုလည်း ကြည့်ဦးလေနွဲ့"

"ဘာလဲ ... ဘာစာရိတ္တလဲ"

"အစ်ကိုကြီး ဆေးခန်းထဲမှာ ဆေးစပ်နေပေမဲ့ မိန်းမတွေအကြောင်း သူများထက် ပိုသိတယ်။ မင့်အကြောင်း မကြားဘူးများ ထင်နေသလား"

"ရှင် မည်မည်ရရ ပြောနော်၊ မရမ်းနဲ့"

"အဲဒီလို မည်မည်ရရမပြောနိုင်လို့ ခက်နေတာပေါ့။ ကဲပါလေ၊ ဒါတွေထားလိုက်စမ်းပါအချစ်ရယ်၊ ကိုယ်တို့ စကားကောင်းကောင်း ပြောကြရအောင်"

"ဘယ်သူကစပြီး မကောင်းတာ ပြောလို့လဲ"

"အစ်ကိုကြီးက စတယ်ပဲ ထားပါတော့ဗျာ"

ဦးသာဒင်မှာ ရုတ်တရက် မိမိစိတ်ထွက်သွားသည်ကို သိသဖြင့် မိန်းမများနှင့် ပတ်သက်၍ အကင်းပါးသူတစ်ယောက်ဖြစ်သည့်အတိုင်း ပြန်၍အချိုသတ်လိုက်ခြင်းဖြစ်၏။ မိန်းမတို့မည်သည် မည်မျှလောက် စိတ်ဆိုးစိတ်ကောင်စေကာမူ အဝတ်အစားဖြင့်သော်လည်းကောင်း၊ ငွေကြေးဖြင့်သော်လည်းကောင်း၊ အချစ်စာတပ်ပါသော ယုယမှုဖြင့်သော် လည်းကောင်း ချော့မော့လိုက်လျှင်မြဲ့နှင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့သော ဖယောင်းကဲ့သို့ အရည်ပျော်တတ်စမြဲ ဖြစ်၏။ ဦးသာဒင်သည် ယင်း အချက်အလက်တို့ကို သူလေ့လာသော ဆေးပညာကဲ့သို့ ကောင်းစွာ ကျွမ်းကျင်လေသည်။

(နွဲ့၏ခါးကလေးကို ယုယစွာ ဖက်လိုက်ပြီးနောက်)

"အစ်ကိုကြီး ပြောတာ စိတ်ဆိုးသွားသလားဟင်နွဲ့"

"မဆိုးပါဘူး၊ အစ်ကိုကြီးကစတော့ ကျွဲမြီးတိုမိတာပေါ့"

"နွဲ့မကြိုက်ရင် မပြောတော့ပါဘူးဗျာ။ စီးကရက်သောက်လေနွဲ့"

ဦးသာဒင်သည် ငါးသုံးလုံးစီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ယူပြီးလျှင် နွဲ့၏ နှုတ်ခမ်းပါးကလေးနှစ်ခုအကြားသို့ ထိုးသွင်းပေးလိုက်၏။ မိမိကိုယ်တိုင်လည်း တစ်လိပ်ယူ၍ သောက်ပြီးလျှင် နွဲ့ပါးစပ်မှာ စီးကရက်ကိုပါ မီးညှိပေးလေသည်။ နွဲ့သည် တစ်စုံတစ်ရာ ပူပန်သောကမရှိ၊ အေးဆေးငြိမ်သက်လှသော အမူအရာဖြင့် ကုလားထိုင်နောက်မှီပေါ်သို့ ဦးခေါင်းကို ခပ်မော့မော့ကလေးတင်ကာ စီးကရက်ကို အားပါးတရ ဖွာရှိုက်လျက်ရှိလေသည်။

ဦးသာဒင်သည် လွန်ခဲ့သော ၃ နှစ်ခန့်က အဖြစ်အပျက်များ ပြန်ပြောင်း စဉ်းစားလျက်ရှိလေ၏။ နွဲ့နွဲ့သည် ထိုအခါက ကျောင်းမှထွက်စအသက် ၂၀ကျော်မျှသာ ရှိသေး၏။ မိဘများမရှိရှာဘဲ ကြို့ကုန်းတွင် ဦးလေးနှင့် အဒေါ်တို့ထံ ကပ်ရပ်နေထိုင်ရရှာ၏။ တစ်နေ့တွင် နွဲ့နွဲ့၌ မိန်းမတို့ မွေးတာမီးယပ်ရောဂါနှင့် ပတ်သက်၍ ဝေဒနာတစ်ခု စွဲကပ်လာလာရာ နွဲ့နွဲ့၏ဦးလေးတော်သူမှာ ခြံစောင့်မောင်မိုးနှင့် သောက်ဖော်စားဖက်ဖြစ်သည့်အတိုင်း ဦးသာဒင်ထံသို့ ဆေးဝါးကုသရန် မောင်မိုးက ခေါ်လာခဲ့၏။ ဆင်းရဲနွမ်းပါးသူ မိဘမဲ့မိန်းမပျိုနွဲ့အား ဦးသာဒင်သည် ဆေးဖိုးဝါးခ မယူရုံမျှမက လမ်းစရိတ်ဟူ၍လည်းကောင်း၊ အသီးအနှံ ဓာတ်စာများစားရန်ဟူ၍လည်းကောင်း အမျိုးမျိုးပေးကမ်းထောက်ပံ့ခဲ့၏။ နွဲ့မှာ ခေတ်ပညာတတ်မိန်းကလေးတစ်ယောက် ဖြစ်သည့်အပြင် အင်္ဂလိပ်ဘာသာပညာရပ်များသာမက ဆိုရှယ်ကျူမှုကိုလည်း ကျောင်းမှ အတော်အတန်လေ့လာခဲ့ဖူးသဖြင့် ကျောင်းမှ ထွက်သည်နှင့်တစ်ပြိုင်နက် ငွေကြေးထောက်ပံ့နိုင်သူများနှင့် အခါအခွင့်ကြုံတိုင်း ဆိုရှယ်ကျခဲ့သူဖြစ်လေသည်။ ရုပ်ရည်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ချောမောလှပခြင်းကို အပထား၍ ယောကျ်ားတို့စွဲမက်လောက်သည့် ရုပ်မျိုးဖြစ်လေရာ ၃ လခန့်မျှ ဦးသာဒင်ထံတွင် ဆေးဝါးကုသနေရသည့်အတွင်း ၌ပင် ဦးသာဒင်သည် နွဲ့အပေါ်၌ မျက်စိကျခဲ့လေပြီ။

ဦးသာဒင်သည် နွဲ့အားမြို့ထဲသို့ မလာစေတော့ဘဲ တနင်္ဂနွေနေ့တိုင်း ကြို့ကုန်းအိမ်သို့မိမိအလာတွင် နွဲ့အတွက် ဆေးများကို ယူလာတတ်၏။ ထိုအခါ နွဲ့သည် ရန်ကုန်ဆေးတိုက်သို့မသွားတော့ဘဲ ကြို့ကုန်းဦးသာဒင်အိမ်သို့ လာ၍ ယူ၏။ ထိုအခါ ဦးသာဒင်သည် ယခုကဲ့သို့ မိမိကြိုတင်ကြံစည်သောအချက်ကို အခွင့်အရေးယူကာ မောင်မိုး၏အကူအညီဖြင့် ထိထိရောက်ရောက်ကြံစည်လေတော့၏။ သို့နှင့် နွဲ့၏ ရောဂါဝေဒနာပျောက်ကင်းပြီးနောက် ၃ လခန့်အကြာတွင် တိတ်တဆိတ်လက်ထပ်လိုက်လေသည်။ ဤသို့ဖြင့် ဦးသာဒင်သည်နွဲ့အား တနင်္ဂနွေနေ့တိုင်း ကြို့ကုန်းအိမ်တွင် တွေ့ဆုံကာ သူတို့၏ ဘဝအချစ်ဖာတ်လမ်းကို စခဲ့ကြ၏။

ထိုအခါက ဦးသာဒင်မှာ ပထမအိမ်ထောင်ပျက်ခဲ့ပြီးနောက် ဒုတိယအိမ်ထောင်ကို မဆက်သေးချေ။ သို့သော် နွဲ့နှင့် တိတ်တဆိတ်စတင်ဖြစ်ပျက်ခဲ့ပြီးနောက် တစ်နှစ်ခန့်အကြာတွင် ဆွေမျိုးများ၏ အတင်းတိုက်တွန်းချက်အရ ယခုလက်ရှိဖြစ်သော ဒုတိယအိမ်ထောင်ကို လက်ဆက်ခဲ့ရ၏။

ဦးသာဒင်သည် နွဲ့အား လူများအသိမခံဘဲ ငှင်း၏ရုပ်ရည်နှင့် ငယ်ရွယ်သောဂုဏ်ကို တပ်မက်ကာ လုံလောက်စွာ ထောက်ပံ့ခဲ့၏။ သို့သော် ဆိုရှယ်ကျလှ၍ လူ့ဘဝကို ကောင်းစွာသိနားလည်လာပြီဖြစ်သော နွဲ့သည် ဦးသာဒင်၏ အချစ်နှင့်ပင် တင်းတိမ်ရောင့်ရဲခြင်းမရှိသေးဘဲ အရပ်ထဲမှ မိမိနှင့် သက်တူရွယ်တူ လူငယ်ကလေးများနှင့်လည်းကောင်း၊ တစ်ခါတရံ ပိုက်ဆံဝါးလား သက်ကြီးအိုတရုတ်သူဌေးများနှင့်လည်းကောင်း ရောနှောကာ ဆိုရှယ်ကျချင်တိုင်းကျ၍ သာနေတော့၏။ ထိုအကြောင်းများသည် ဦးသာဒင်၏နားသို့ အတော်အတန် ပေါက်ရောက်ခဲ့သဖြင့် ဦးသာဒင်သည် ပထမဆက်သွယ်ပေးသော မောင်မိုးနှင့် တစ်ဆင့် ဆုံးမစကားပြောကြားစေရာ မောင်မိုးက -



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြားတိုင်းလည်း ဟုတ်မယ်မထင်ပါဘူးဆရာရယ်။ သူက ဘယ်သူ့ကိုမဆို ရောရောနှောနှော ပေါင်းသင်းတတ်တယ်မဟုတ်လားဆရာရဲ့။ ပြီးတော့လည်း ရုပ်ကလေးချောတော့ ဟိုကခေါ်ချင်၊ ဒီကခေါ်ချင်နဲ့ ပွဲလမ်းသဘင်တွေ အလှူအတန်းတွေသွားလာနေတာ ဘေးကမနာလိုလို့ ပြောတဲ့စကားတွေပါ ဆရာ" စသည်ဖြင့် နွဲ့ဘက်ကပင် ကာဆီး၍ ပြောလိုက်ချေသေး၏။ နွဲ့နှင့်လာဘ်သပွကာ ရွှင်လေလေ မောင်မိုးနှင့်. နွဲ့၏ဦးလေးတို့မှာ ပုလင်းထောင်နိုင်လေလေဖြစ်ကြောင်း ဦးသာဒင်ရိပ်မိ၏။ သို့သော် မိမိ၏ မကောင်းသတင်းကို ထိုသူနှစ်ယောက်ကပင် ဖုံးအုပ်ထားခဲ့သဖြင့် ၎င်းတို့ကိုပင် လက်သပ်မွေးထားရလေသည်။

နွဲ့မှာ ဆိုရှယ်ကျူရုံသာမက မခံချင်စိတ်ရှိသူ ဆတ်ဆတ်ကြဲကလေးတစ်ယောက်ဖြစ်သည့်အတိုင်း ဦးသာဒင် ဒုတိယအိမ်ထောင်ပြုသည်နှင့် တစ်ပြိုင်နက်ယခင်ကကဲ့သို့ မိမိမှာ ဦးသာဒင်ပေးသမျှ ၁၀၀ ကျပ် ၉၀ ကျပ်နှင့် တင်းမတိမ်နိုင်ဘဲ စားစရိတ် ၂၀၀ ကျပ်အပြင် ဦးသာဒင်၏ဂုဏ်ကိုဆည်ရန် နှုတ်ပိတ်ခအဖြစ်ဖြင့် ၃၀၀ ကျပ်၊ စုစုပေါင်း ၅၀၀ ကျပ်ကို လစဉ်မှန်မှန်ပေးရန်အကြောင်း၊အကယ်၍ မပေးက အကျိုးအကြောင်းကို ဦးသာဒင်ဇနီးနှင့်တကွ မိဘယောက္ခမများအား ဖတ်စုံဖွင့်၍ပြောလိုက်မည်ဖြစ်ကြောင်း။ မိမိလက်တွင် ဦးသာဒင့်လက်ရေးဖြင့် စာ (၃) စောင်၊ နှစ်ယောက်တွဲ ရိုက်ထားသည့် ဓာတ်ပုံတစ်ခု၊ အင်္ဂလိပ်ဘာသာဖြင့် သာဒင်ဟု အတိုကောက် ထိုးထားသော မဟူရာကျောက်လက်စွပ်တစ်ကွင်း စသော သက်သေခံပစ္စည်းများကို ဖွင့်လှစ်တင်ပြတော့မည် ဖြစ်ကြောင်းဖြင့် ခြိမ်းခြောက်လေ၏။ ထိုအခါမှ ဦးသာဒင်မှာ ဆိုရှယ်မကလေးများ၏ အချစ်မှာ အချစ်စစ်အချစ်မှန်မဟုတ်ဘဲ လောလောဆယ် နေထိုင်မှုအတွက် သက်သာချောင်ချိစေရန် အပေါ်ယံဟန်ဆောင်သော အချစ်မျှသာ ဖြစ်ကြောင်းကောင်းစွာ သိရှိနားလည်တော့၏။

ဦးသာဒင်သည် ဒုတိယအကြိမ် အိမ်ထောင်မပြုမီက အတော်ပင် ဝင်ငွေကောင်းခဲ့သူဖြစ်၏။ မဂိုလမ်းဆေးတိုက်မှ ဆရာမများ၊ စာရေး၊ ဒရေဝ်မှစ၍ ပေးရသည့်လခအပြင် မိမိအတွက် တစ်လလျှင် ၁၅၀၀ကျပ်ခန့်ဝင်ငွေရှိ၏။ သို့ဖြစ်ရကား အိမ်ထောင်ဇနီးသည်နှင့်တကွ မိမိ၏ဂုဏ်ကိုပါဆည်ရန်



www.burmeseclassic.com

www.burmeseclassic.com



နွဲ့အားတစ်လလျှင်၅၀၀ ကျပ်ပေးရမည်မှာ ထိုအချိန်က မများလှချေ။ သို့သော် ဦးသာဒင်မှာ အမြော်အမြင်ကြီးသူတစ်ယောက်ဖြစ်သည့်အတိုင်း ရက်ရှည်လများ မိမိပေးနိုင်ပါမည်လောဟု သံသယရှိမိ၏။ သို့နှင့်နွဲ့အား ငွေ ၅၀၀၀ ကျပ်နှင့် ဤကိစ္စကိုအပြီးသတ်စေရန်တောင်းပန်စေ့စပ်ခဲ့ဖူး၏။ သို့သော်နွဲ့ကမလိုက်လျောချေ။ ငွေ ၅၀၀၀ ကျပ်ကို အပြီးအပိုင်ယူလိုက်က မိမိ၏ဆိုရှယ်ကျမှု၊ မိမိအသုံးအဖြုန်းများနှင့်တွက်လိုက်သော် အလွန်ဆုံး (၇) လ၊ (၈) လခန့်သာ ခံပေမည်။ သို့ဖြစ်၍ ငွေ၅၀၀၀ ကျပ်ကို လက်မခံဘဲ ဦးသာဒင်အိတ်ထဲမှ တစ်လလျှင် ငွေ ၅၀၀ ကျပ်ကျမှန်မှန်နှိုက်ယူနိုင်က မိမိတစ်သက်တွင် အေးရတော့မည်ဟု စိတ်ကူးပေါက်မိ၏။ သို့နှင့် နွဲ့က လက်မခံသည့်အဆုံးတွင် ဦးသာဒင်သည် အင်္ဂလိပ်လဆန်းတိုင်း နွဲ့အား ငွေ ၅၀၀ ကျပ်လစဉ်မှန်မှန်ပေးခဲ့ရလေသည်။

ပထမ ၃၊ ၄ လအတွင်း ငွေ ၅၀၀ မှာ ဦးသာဒင်အတွက် မဖြစ်လောက်သော်လည်း တစ်နှစ်နီးပါးမျှကြာရှိသောအခါ အတော်ပင် ဝန်လေးလာသည်ကို တွေ့ရတော့၏။ ဦးသာဒင်သည် ဖရေဇာလမ်းရှိ အခန်းကျဉ်းလေးတစ်ခုတွင် ပထမနေခဲ့ရာမှ ဒုတိယအိမ်ထောင်ပြုသည့်အခါ ပန်းဆိုးတန်းရှိ အတော်အတန် ကျယ်ဝန်းသော တိုက်ခန်းတစ်ခုသို့ ပြောင်းခဲ့ရ၏။ ထိုအခန်း ရရှိရေးအတွက် ဆလာမီငါးထောင်မျှပေးရ၏။ တစ်ပတ်ရစ်ကားလေးတစ်စီးကိုလည်း ၆၀၀၀ ကျပ်ပေး၍ ဝယ်လိုက်ရပြန်၏။

သို့သော် အလုပ်ဘက်၌မူ တစ်စုံတစ်ရာ တိုးတက်မှုမရှိသည့်အပြင် ရှိရင်းစွဲအခြေအနေထက်ပင် ကျဆင်းလျက်ရှိလေ၏။ အမျိုးသမီး လူနာဘက်မှလည်း မေတ္တာရှိနှင့် အလကားကများသဖြင့် လက်ထောက်ဆရာဝန် တစ်ယောက်နှင့် ဆရာမတစ်ယောက်ကိုပင်မလွှဲသာဘဲထုတ်ပစ်လိုက်ရ၏။ဤသို့ဖြင့်ဆေးတိုက်မှာ အသိုင်းအဝိုင်း အဆောင်အယောင် ငယ်သွားသည်နှင့်အမျှ ဝင်ငွေလည်း လျော့ပါးလာတော့၏။ ယခင်က လစဉ် မိမိအတွက် ၁၅၀၀ကျပ် ထက်မနည်း ရရှိခဲ့သော ဝင်ငွေမှာ ယခုအခါ ၁၀၀၀ ကျပ်မျှပင် မပြည့်တော့ချေ။ အိမ်စရိတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကားစရိတ်များကလည်း တိုး၍လာသေး၏။ ဤသို့ ရှိနေသည့်အထဲမှ နွံနွံ့အား ၅၀၀ ကျပ်မှန်မှန်ဖဲ့၍ ပေးရပေဦးမည်။

နွံနွံ့ကား တောင်းပန်၍ရမည့် မိန်းကလေးတစ်ယောက် မဟုတ်ကြောင်း ဦးသာဒင် သိပြီဖြစ်၏။ လွန်ခဲ့သော ၃၊ ၄ လလောက်ကလည်း တစ်ကြိမ် ဤကိစ္စကို ၆၀၀၀ ကျပ်နှင့် အပြီးသတ်ပါမည်အကြောင်း ထို့နောက်နွံနွံ့သဘောအတိုင်း လက်ထပ်နိုင်ကြောင်း၊ ထိုအခါ လစဉ်ငွေ ၁၀၀ ကျပ်ကျပင် မုန့်ဖိုးအဖြစ် ပေးသွားဦးမည် ဖြစ်ကြောင်းဖြင့် ပြောဆိုခဲ့ဖူးသေး၏။ သို့သော် နွံနွံ့ကား လက်မခံချေ။ နွံနွံ့သည် လုံးခန် ခဲခန်ရခြင်းကို သဘောမကျဘဲ ဦးသာဒင်မသေမချင်း လစဉ်မှန်မှန် ၅၀၀ ကျပ်ရရှိခြင်းသာလျှင် မိမိနေထိုင် စားသောက်ရေးအတွက် မပူမပင်ရသော နည်းလမ်းဖြစ်သည်ဟု ယူဆကာ ခေါင်းမာလျက်ရှိလေသည်။

ဦးသာဒင်သည် စီးကရက်ကို အားရပါးရဖွာရှိုက်ရင်း အထက်ပါအကြောင်းများကို ပြန်ပြောင်း စဉ်းစားလျက် ရှိနေလေသည်။ ထို့နောက် တစ်ကိုယ်တည်း ပြောသကဲ့သို့ "အင်း . . . ဒီလို ခေါင်းမာတဲ့မိန်းမကို နှုတ်ပိတ်ဖို့ ဒီနည်းပဲရှိတယ်" ဟု ရေရွတ်လိုက်လေသည်။

"အစ်ကိုကြီးကလည်း ဘာတွေ စဉ်းစားနေတာလဲ"

"ဘာမျှ မစဉ်းစားပါဘူးနွံ့ရယ်၊ ဆရာဝန်ဆိုတာ ဆေးကုဖို့နဲ့ ငွေရဖို့ပဲ စဉ်းစားရတာပေါ့"

"ဘယ်မလဲ အစ်ကိုကြီး၊ နွံ့ကို ပေးမယ့်ငွေ"

"ရော့ပါဗျာ၊ ယူပါ"

ဦးသာဒင်သည် ရုပ်အင်္ကျီအိတ်ထဲတွင် အသင့်ထည့်ထားသော တစ်ရာတန် ၅ ရွက်ကို နွံနွံ့လက်ထဲသို့ထည့်လိုက်ရာ နွံနွံ့သည် ငွေစက္ကူများကို လှမ်းယူလိုက်ပြီးနောက် မိမိ၏လက်ပွေ့အိတ်ကလေးထဲသို့ ထည့်လိုက်လေ၏။

"အစ်ကိုကြီး၊ အခုတစ်ခါကြည့်ရတာတစ်မျိုးကြီးပဲ၊ ဘာတွေငိုင်နေတာလဲ"

"အရင်တုန်းက နွံနွံ့နဲ့စပြီး တွေ့ခဲ့တဲ့အကြောင်းတွေလည်းပါတာပေါ့ကွ"

"နွံ့တော့ ဘာမျှ မစဉ်းစားပေါင် ပျော်မယ်၊ ပါးမယ်၊ ဝတ်မယ်၊ စားမယ်၊ ကိုယ့်ကိုယ်ကိုယ်လှအောင် ဆင်မယ်၊ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့နွဲ့ရယ်၊ အစ်ကိုကြီးကတော့ ငွေရအောင်ရှာရတဲ့လူ မဟုတ်လား။ ဒီမယ်နွဲ့၊ ဒီကနေ့ည ၁၂ နာရီအထိနော်"

"သဘော သဘော၊ အစ်ကိုကြီးသဘောရှိ၊ ဒါပေမဲ့ နွဲ့ကို ပြန်ပို့ရမယ်နော်"

"ပို့ပါမယ်ဗျာ၊ အစ်ကိုကြီးမှာ ကားပါပါတယ်"

ဦးသာဒင်သည် မတ်တတ်ရပ်လိုက်ပြီးလျှင် နေရာမှထကာ မိမိ၏အပေါ် အင်္ကျီကိုချွတ်၍အင်္ကျီချိတ်တစ်ခုတွင် ချိတ်ထားလိုက်လေ၏။ ထိုအခါ ဦးသာဒင်မှာ ပန်းနုရောင် ပိုးရှပ်အင်္ကျီကလေးဖြင့် ရှိနေလေရာ အသက်(၅၀) မျှပင် ရှိပြီဆိုသော်လည်း ကြံ့ခိုင်သောမျက်နှာ၊ မည်းနက်သောဆံပင်၊ လှပသော အဆင်အပြင်တို့ကြောင့် အတော်ပင်နပျိုသေးသော ရုပ်အဆင်းကို ဆောင်လျက်ရှိလေ၏။ ထို့နောက် ခုတင်ပေါ်သို့သွား၍ထိုင်ရာ နွဲ့သည်လည်း နေရာပြောင်းကာ ဦးသာဒင်နှင့်အတူ ယှဉ်၍ထိုင်လေသည်။

"နွဲ့နဲ့မတွေ့တာ ၂ ပတ်လောက်ရှိသွားပြီနော်"

"ဟုတ်တာပေါ့"

"အစ်ကိုကြီးနဲ့ အခုလိုဖြစ်လာတာ (၃) နှစ်ပြည့်တော့မယ်။ နည်းနည်းကလေးမျှ အလှမပျက်ဘူး။ အရင်ကအတိုင်းပဲ"

"ဒီလောက်မမြှောက်ပါနဲ့ အစ်ကိုကြီးရယ်၊ အစ်ကိုကြီး အိမ်ကဟာလောက် မလှပါဘူး"

"အိမ်ကဟာကြီးလောက်မှလှရင် အစ်ကိုကြီး ဒီကိုလာပါ့မလားနွဲ့ရဲ့"

ဦးသာဒင်မှာ သို့ပင်ပြောရသော်လည်း မေတ္တာနှင့်ပြောခြင်းမဟုတ်၊ ဟန်ဆောင်၍ ပြောရသောစကားလုံးများဖြစ်သဖြင့် ပါးစပ်မှ ချောချောမောမော မထွက်ဘဲ သွေ့ခြောက်ခြောက်နိုင်လှ၏။

ဦးသာဒင်သည် မိမိ၏လက်ဝဲဘက်တွင် ထိုင်နေသော နွဲ့နွဲ့၏ကိုယ်ကလေးကို ခါးမှ ခပ်တင်းတင်းဖက်ထားရာ နွဲ့သည် ခပ်ယိုင်ယိုင်ပါလာလျက် မိမိ၏လက်ဝဲဘက် ပခုံးစွန်းပေါ်သို့ သူ၏ဦးခေါင်းကလေး ခပ်မှီမှီရှိနေသည်ကို တွေ့ရှိရ၏။

"ဒါထက် အစ်ကိုကြီးကို နွဲ့အဟုတ်ချစ်ရဲ့လား"

(မျက်လုံးကလေး ခပ်မှေးမှေးထားလျက်)



www.burmeseclassic.com

www.burmeseclassic.com



"အို အစ်ကိုကြီးကလည်း ဘယ့်နှယ်မေးပါလိမ့်၊ အဟုတ်မချစ်ဘဲ ဒီကို လာပါ့မလား"

"နေပါဦး၊ အစ်ကိုကြီးအရင်တစ်ခါ ပြောဖူးတာ အမှတ်ရသေးလား"

"ဘာလဲ၊ ငွေ ၆၀၀၀ အပြီးယူရမယ်ဆိုတာလား"

"ဟုတ်တယ်၊ ဒီဟာတောင် အစ်ကိုကြီးမှာ အဆင်သင့်ရှိတာမဟုတ်ဘူး။ အလွန်တစ်ရာချစ်တဲ့ သူငယ်ချင်း တစ်ယောက်ဆီက သူ့မိန်းမ လက်ဝတ်လက်စားတွေကိုပေါင်ပြီး ယူပေးရမှာနွဲ့ရဲ့"

ဦးသာဒင်က နောက်ဆုံး သွေးတိုးစမ်းလိုက်ခြင်း ဖြစ်သည်။ ထိုစကားကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် နွဲ့နွဲ့၏ပျော့ပျောင်းသော ကိုယ်ကလေးသည် တောင့်တင်း၍သွားပြီးလျှင် နွဲ့သည် ဦးသာဒင့်ရင်ခွင်မှ ဆတ်ခနဲ ထွက်လိုက်လေ၏။

"အစ်ကိုကြီး ဒီစကား လာပြန်ပြီလား။ ဒီတစ်ခါပဲ ဒီစကားကို ကြားပါရစေ အစ်ကိုကြီး၊ နွဲ့ကိုယ်ကို ခြောက်ထောင်နဲ့ တစ်ခါတည်းရောင်းရမှာလား"

"ရောင်းတယ်လို့ ဘယ်ဟုတ်မလဲနွဲ့ရယ်၊ နွဲ့လည်း တစ်ခါတည်း လုံးလုံးခဲခဲ ရသွားရော၊ အစ်ကိုကြီးမှာလည်း ဒီအပူလုံးကြီးကျသွားရော။ ပြီးတော့ ..."

(စကားမဆုံးမီ ကြားဖြတ်လျက်)

"တော်ပါအစ်ကိုကြီးရယ်၊ ဒီစကား ဒီတွင်ပဲ ရပ်စမ်းပါ၊ နွဲ့ပါးစပ်က ထွက်မိတဲ့ စကားကို နွဲ့တစ်သက်ဘယ်တော့မျှ အလျှော့မပေးဘူးမှတ်ထားပါ"

(တောင်းပန်၍ မရမှန်းသိပြီဖြစ်၍ မျက်နှာကိုချိုသာစွာ ပြောင်းလိုက်ပြီး နောက်) "နွဲ့လာလေ၊ ဒီစကားပြောလိုက်ရင် စိတ်ဆိုးတာချည်းပဲ"

"စိတ်မဆိုးစေချင်ရင် မပြောဘဲနေပါလား"

"ကိုင်း...မပြောတော့ပါဘူးဗျာ"

ဦးသာဒင်သည် နွဲ့နွဲ့အား ပြန်၍ချော့မော့ကာ သေးသွယ်သော ခါးကလေးကို ဖက်လိုက်ပြန်၏။ သို့သော် ထိတွေ့ခြင်းအရသာကို မတွေ့ရဘဲ တောင့်တင်းလျက်ရှိသော ကိုယ်ကိုသာ တွေ့ရ၏။ ပွန်းပီယာပေါင်ဒါတို့ဖြင့် လိမ်းကျံထားသည့် ခပ်မော့မော့ရှိနေသော နဖူးပြင်ကို နမ်းရှုပ်လိုက်၏။ သို့သော် ယခင်ကကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်ကို နှိုးဆွပေးသည့် အနံ့အရသာ အမွှေးအကြိုင်တို့ကို မတွေ့ရဘဲ ပေါက်ပန်းပွင့်ကို ရှုရဘိသကဲ့သို့ရှိ၏။ မေတ္တာစိတ်သည်သာလျှင် အာရုံငါးပါးကို အသေးစိတ်၍ နုနယ်စွာ ခံစားနိုင်ပြီးလျှင် ဒေါသစိတ်မှာမူ အာရုံငါးပါးကို လှည့်စားကာ တစ်မျိုးတစ်ဖုံ ချောက်ချား၍ သွားစေတတ်၏။ ဤအာရုံ ပြောင်းလဲမှုကို အဖိုဓာတ်သာမဟုတ်၊ အမဓာတ်ကလည်း ခံစားရဟန်လက္ခဏာရှိလေသည်။

"အစ်ကိုကြီးလက်ကလည်း တောင့်တောင့်ကြီး၊ တကတဲ"

"နွဲ့စိတ်ထင်လို့ပါ"

"အစ်ကိုကြီး နှာခေါင်းကန်လိုက်တာ"

"နွဲ့ထင်လို့ပါကွယ်"

ဦးသာဒင်သည် နွဲ့၏ မျက်လုံးများနှင့်တကွ တစ်ကိုယ်လုံးခြုံ၍ ကြည့်နေ၏။ နွဲ့၏မျက်လုံးများမှာ နက်မှောင်လှပသည်ဟု ယခင်ကထင်ခဲ့သော်လည်း ယခုအချိန်၌မူ မြွေဟောက်မတစ်ကောင်၏ မျက်လုံးများသို့ မီးတဖျတ်ဖျတ်ထွက်နေသည်ဟု ထင်မိ၏။ မိမိ၏အခြေအနေနှင့်တကွ မိမိ၏အလုပ်အကိုင် ကျဆင်းလာပုံ၊ မိမိအပေါ်တွင် ကြွေးမြီများပုံပုံတို့ကို စဉ်းစားမိ၏။ လကုန်သောအခါ မိမိ၏ လက်အောက်ငယ်သားအလုပ်သမားများအား လခရှင်းပေးရဦးမည်။ ၎င်းတို့မှာ ဒီကရမှဒီကစား ဆိုသူများဖြစ်၍ မိမိ ကိုယ်ရေးကိုယ်တာအတွက် မသုံးစွဲရလျှင်ရှိစေ သူတို့အား မည်သည့်နည်းနှင့်မဆို ရှင်းလင်းပေးရပေမည်။ ဦးသာဒင်မှာ အကျဉ်းအကျပ်ထဲ၌ပင်မိမိ၏အလုပ်သမားများအားလခမှန်မှန်မပေးနိုင်မည်ကို တွေး၍ ပူပန်မိသေး၏။ သို့ဖြစ်ရကား မိမိ၏ဘဝခရီးတွင် ဤမျှလောက် စိတ်မချမ်းသာအောင် ဒုက္ခပေးနေသည့် သတ္တဝါမ၊ မိမိ၏ပျော်ရွှင်မှုကို ဤမျှလောက် နှောင့်ယှက်ဖျက်ဆီးနေသည့်မိန်းမကို မည်ကဲ့သို့ အစတုံးအောင် ပြုလုပ်ရပါမည်နည်းဟု နေ့စဉ်နှင့်အမျှအကြံထုတ်ခဲ့ပုံများကို ယခုပြန်၍စဉ်းစားနေခြင်းဖြစ်လေသည်။ ဦးသာဒင်၏ မျက်လုံးများသည် ဖန်ခွက် ၂ လုံး တင်ထားသော စားပွဲဆီသို့ ရောက်သွားလေတော့၏။

"နေဦး၊ ညဥ့်နက်တော့ နည်းနည်းတောင် အေးလာတယ်"

ဦးသာဒင်သည် စားပွဲဆီသို့ ထသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သောက်ရဦးမှာလား အစ်ကိုကြီးရဲ့"

"ခါတိုင်းလိုပေါ့နွဲ့ရယ်၊ မများပါဘူး။ နည်းနည်းပါ။ ဒါမှလည်း အရက်တန်ခိုးနဲ့ ပျော်ချင်တိုင်း ပျော်နိုင်မှာပေါ့"

ဦးသာဒင်သည် လက်ဝဲဘက်ရှိ ဖန်ခွက်ကို နွဲ့နွဲ့ဘက်သို့ လည်းကောင်း လက်ယာဘက် ဖန်ခွက်ကို မိမိဘက်သို့ လည်းကောင်း အတန်ငယ်ရွှေ့၍ချထားလိုက်၏။ ထို့နောက် ပုလင်းထဲမှ ဝီစကီကို ဖန်ခွက်များထဲသို့ လက်နှစ်သစ်စီခန့် လောင်းထည့်ပြီးလျှင် ဆော်ဒါနှင့် ရောစပ်လေသည်။

"ဩော် ... ဒါထက် ကိုမိုးတစ်ယောက် မမြင်ပါကလား အစ်ကိုကြီး၊ ခါတိုင်း တော့ သူပဲလာပြီး ငှဲ့ပေးတတ်လို့"

"မရှိဘူးနွဲ့ရေ့ ခပ်စောစောကတည်းက သူ့သူငယ်ချင်း တစ်ယောက်နဲ့ တွေ့ရအောင် ဘူတာရုံဘက် ထွက်သွားတယ်။ သောက်နေမှာပေါ့ နွဲ့ရယ်၊ ခု လောက်ရှိ ဘယ်ချောင်ကြားသွားပြီး လဲနေမလဲ မသိဘူး။ ဒီအလုပ်မျိုးမယ် နှစ် ယောက်တည်း အေးအေးဆေးဆေးနေရတာ အကောင်းဆုံး မဟုတ်လားနွဲ့ရဲ့"

ဦးသာဒင်မှာ မိမိ၏ အကြံအစည်ကို တစ်စိတ်တစ်ဒေသ ပေါ်လွင်စေသော စကားအစိပ္ပာယ်မျိုးသက်ရောက်သဖြင့် စိတ်မလုံသည့်ဟန်ဖြင့် နွဲ့နွဲ့၏မျက်နှာ ကို ဖျပ်ခနဲ မော်၍ကြည့်လိုက်၏။ သို့သော် နွဲ့နွဲ့မှာ ထိုစကားသည် တိတ်တဆိတ် တွေ့ဆုံကြသော ယောကျ်ားမိန်းမတို့အတွက် ရိုး၍နေသော စကားမျိုးဖြစ်သဖြင့် ဂရုမစိုက်ဘဲ စီးကရက်ဖွာမြဲဖွာ၍ နေလေသည်။

ထို့နောက် တစ်ယောက်ခါးကို တစ်ယောက်ဖက်ကာ ဖန်ခွက်များကို မြှောက်လျက် ဦးသာဒင်က "အစ်ကိုကြီးရဲ့ အချစ်ဆုံးနွဲ့အတွက်" ဟူ၍ လည်း ကောင်း၊ နွဲ့နွဲ့ကလည်း "နွဲ့ရဲ့အချစ်ဆုံး အစ်ကိုကြီးအတွက်" ဟူ၍လည်းကောင်း ဖန်ခွက်ချင်း ထိလိုက်ပြီးနောက် အရက်များကို မော့ချလိုက်ကြလေ၏။

ဖန်ခွက်များကို စားပွဲပေါ်သို့ပြန်၍ ချထားလိုက်ပြီးနောက် ဦးသာဒင်သည် ငွေဘူးထဲမှ စီးကရက်တစ်လိပ်ကို နှိုက်ယူ၍မီးညှိလေရာ နွဲ့နွဲ့၏မျက်နှာမှာ ကြောက်မက်ဖွယ်ရာ ရုတ်တရက်ပြောင်းလဲသွားသည်ကို တွေ့မြင်ရတော့၏။ မေးရိုးများမှာ အောက်သို့ ကျဆင်းလျက် မျက်လုံးများသည်လည်း မျက်ကွင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ နိမ့်ဝင်သွားပြီးလျှင် အသွေးအရောင်ဟူ၍ မရှိတော့ချေ။ ဦးသာဒင်သည် နွဲ့နွဲ့၏မျက်နှာကို ကြောက်မက်ဖွယ်ကောင်းသော ပြုံးခြင်းမျိုးဖြင့် ပြုံးကာ ခါး ထောက် ကြည့်ရှုလျက်ရှိလေ၏။ နွဲ့နွဲ့က လျှာလေးသံကြီးဖြင့် –

"အစ်ကိုကြီး...အ...အ ...အစ်ကိုကြီး"

"ဟဲ... ဟဲ...ဘာဖြစ်တာလဲ"

"ကျွန်မကို...ကျ...ကျွန်မကို"

တစ်လုံးချင်း မျှထွက်လာသော နွဲ့နွဲ့၏စကားများမှာ မပီတော့ချေ။ နွဲ့နွဲ့ သည် သူ၏လည်မျိုကို လက်နစ်ဖက်ဖြင့်ဖိညှစ်ကာ ကုလားထိုင်ပေါ်သို့ တစောင်း လဲကျသွားပြီးလျှင် အသက်ပျောက်၍ သွားရှာလေ၏။

ဦးသာဒင်သည် ရွံရှာမုန်းတီးသော မျက်နှာဖြင့် နွဲ့နွဲ့၏အလောင်းကို ခါး ထောက်၍ကြည့်ရင်း "အင်း ကိုယ့်ကိုယ်ကိုယ် အင်မတန်ပါးလှပြီ နပ်လှပြီဆိုပြီး ငါ့သွေးသားကိုစုပ်နေတဲ့ မြွေပောက်မတော့ ကိစ္စချောရှာပြီ။ သြော် .. အနိစ္စ အနိစ္စ၊ အင်မတန် မွှေးကြိုင်ပြီး ပွေ့ချင်ပိုက်ချင် နမ်းချင် ရှုပ်ချင်စရာကောင်းတဲ့ ကိုယ်ကလေးဟာ တော်တော်ကြာ အင်းလျားကန်ထဲမှာ ပုပ်ပွပြီး ပိုးလောက်တို့ အစာဖြစ်ရှာရတော့မှာပဲ။ ဒါထက် နေရာကျပုံက အလောင်းကိုတွေ့လို့ ဘယ်လို ပဲခွဲကြည့်ကြည့် အဆိပ်ကို ဘယ်နည်းနဲ့မျှ သူတို့မတွေ့နိုင်ဘူး။ ငါ့အဆိပ်က ကိုယ် ထဲမှာ ၆ နာရီလည်းကြာရော ပျောက်ပျက်သွားရမယ်။ ဒါထက် ဒီလိုနေလို့ မပြီး သေးဘူး။ လုပ်စရာကလေးတွေ ကျန်သေးတယ်"

ဦးသာဒင်သည် ကုလားထိုင်ပေါ်တွင် တစောင်းလဲကျလျက်ရှိသော နွဲ့နွဲ့၏ ကိုယ်ကလေးကို ကြည့်ရင်း စဉ်းစားလျက်ရှိရာမှ အခန်းတံခါးသို့ သော့ခတ်၍ ထားခဲ့ပြီးလျှင် ကားဂိုဒေါင်သို့သွား၍ ကားရှေ့ပိုင်းခုံအောက်တွင် ဝှက်ထား သော ရေကူးဝတ်စုံတစ်စုံကို ယူခဲ့ပြီးလျှင် အလောင်းရှိရာသို့ပြန်လာခဲ့လေ၏။

ဦးသာဒင်သည် နွဲ့နွဲ့အဝတ်များကို ရေကူးဝတ်စုံဖြင့်လဲရန် အလောင်းကို မိမိခုတင်ပေါ်သို့ရွှေ့ပြောင်းတော့မည်ပြုရာတစ်ခြမ်းဟ၍နေသောနံဘေးပြတင်း ပေါက်မှ လေကလေးကချိုသုတ်၍လာသဖြင့် ထိုလေသည် မိမိ၏ ရိုးတွင်းခြင်ဆီ သို့ဝင်ရောက်ကာ ကျောရိုးတစ်လျှောက် စိမ့်၍သွားသည်ဟု အောက်မေ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပြတင်းပေါက်မှနေ၍ကြည့်သောအခါ အပြင်တွင် တစ်စုံတစ်ရာ မမြင်ရသဖြင့် ဟ၍နေသော ပြတင်းတံခါးတစ်ခြမ်းကို ပြန်၍ပိတ်ခဲ့ပြီးလျှင် ထိုအခါမှ အတော်အတန် စိတ်အေးသွားလေသည်။

ဦးသာဒင်သည် ပထမနွဲ့နွဲ့၏ လက်ပွေ့အိတ်ကလေးထဲမှ မိမိပေးထားသော ငွေ ၅၀၀ ကို လောဘတကြီး နှိုက်ယူလိုက်၏။ ထို့နောက် နွဲ့နွဲ့၏ အပေါ်အင်္ကျီနှင့် ဘရာစီယာများ ချွတ်စပြုရင်း "အင်း အခုတော့ လွယ်ပါပြီ၊ ရေကူးဝတ်စုံလဲပေး အင်းလျားက လူပြတ်တဲ့နေရာမှာ တစ်ခါတည်း ပစ်ချလိုက်ရုံပဲ။ ကောင်မက အင်းလျားမှာ မကြာမကြာ ညနေ ရေလာကူးတတ်သတဲ့။ ရေကမြင်းရင်း ရေနစ်သေတာ အဆန်းမှ မဟုတ်ပဲ။ ပြီးတော့ အခုတစ်လော ကောင်မက အင်မတန်လန်းများနေတာ၊ ဟိုတယ်တကာရောက်၊ ကပွဲတကာသွား၊ ကျောင်းသားတွေနဲ့ တွဲလိုတွဲ၊ အရပ်ထဲမှာ ဖြစ်ချင်တိုင်းဖြစ်နေတာ၊ ဒီတော့ သူသေတာကို ငါနဲ့ ဘယ်သူကလာပြီး ဆက်စပ်ကြည့်ဦးမှာလဲ" ဟု စိတ်ထဲက ရေရွတ်လျက် ရှိ၏။

ဦးသာဒင်သည် ရေကူးဝတ်စုံလဲပြီးဖြစ်သော နွဲ့နွဲ့၏အလောင်းကို ပွေ့လိုက်၏။ နွဲ့နွဲ့၏ကိုယ်ကလေးမှာ သေးသေးသွယ်သွယ်ပင် ဖြစ်သော်လည်း လုံးကျစ်သော အသားစိုင်တို့ကြောင့် မိမိထင်သည်ထက်ပို၍ လေးလံနေသည်ကို တွေ့ရ၏။ သို့နှင့် ဦးသာဒင်သည် အလောင်းကို မနိုင့်တနိုင် ကျောပိုးကာ နောက်ဖေးမီးဖိုတံခါးမှ ဒယီးဒယိုင်ထွက်ခဲ့ပြီးလျှင် ကားနောက်ပိုင်း အံဖုံးအတွင်းသို့ သွင်းလေ၏။ နွဲ့နွဲ့၏အဝတ်အစားများကိုလည်း မီးဖိုခန်းအတွင်းမှ ဂုန်နီအိတ် အစုတ်တစ်လုံးဖြင့် ထုပ်၍ ကားနောက်ပိုင်းတွင် ထည့်ထားလိုက်၏။ ထို့နောက် အခန်းထဲသို့ ပြန်၍ဝင်ခဲ့ပြီးလျှင် ဖန်ခွက်ပေါ်မှ နွဲ့နွဲ့၏လက်ရာများကို ဖျောက်ဖျက်ရန် ကျန်နေသေးသဖြင့် နွဲ့နွဲ့သောက်သော ဖန်ခွက်ကို နောက်ဖေးမီးဖိုခန်းထဲသို့ယူခဲ့ပြီးလျှင် ဆပ်ပြာဖြင့်အကြိမ်ကြိမ်ဆေးကြော၍ အဝတ်ဖြင့်သွေ့ခြောက်သည်အထိ ပွတ်တိုက်ပြီးနောက် စင်ပေါ်သို့ နေသားတကျ တင်ထားလိုက်၏။

ဦးသာဒင်မှာ အတော်ပင် မောပန်းနေပြီဖြစ်၍ နဖူးမှ ချွေးများ စီးကျလျက်ရှိရာ လက်ကိုင်ပဝါဖြင့် အထပ်ထပ် သုတ်လိုက်၏။ ထို့နောက် ပုလင်းထဲမှ ဝီစကီအနည်းငယ်ကို ထပ်မံသောက်လိုက်ပြီးလျှင် ကုလားထိုင်ပေါ်၌ တစ်ခဏမျှထိုင်



www.burmeseclassic.com

www.burmeseclassic.com



၍ အမောဖြေရင်း စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်လေ၏။ ထို့နောက် အခန်းတွင်းရှိပစ္စည်း နေသားတကျ ရှိမရှိကို ကြည့်ရှုပြီးလျှင် အခန်းတံခါးကို သော့ခတ်၍အိမ်ရှေ့ဘက်သို့ထွက်ခဲ့လေသည်။

အချိန်မှာ ၉ နာရီ မိနစ် ၄၀ ရှိပြီဖြစ်၍ ဦးသာဒင်သည် အိမ်တံခါးကို အပြင်မှ သော့ခတ် ပိတ်ခဲ့ပြီးလျှင် ကားကိုစက်နှိုး၍ ထွက်ခဲ့လေ၏။ ပြည်လမ်းမကြီး အတိုင်း မောင်းနှင်ခဲ့ပြီးနောက် ကမာရွတ်သို့ အရောက်တွင် အင်းလျားဘက်သို့ သွားသော လမ်းကလေးအတိုင်း ကွေ့ခဲ့လေ၏။ ထိုနေရာများ၌ သည် ၉ နာရီခွဲ ကျော်လျှင် အတော်အတန် လူပြတ်လျက် ကိုယ်ပိုင်ကားများ တစ်စီးတလေမျှ သာ တွေ့ရ၏။ တစ်ကြိမ်တွင် နောက်မှ ခပ်မြန်မြန် မောင်းနှင်လာသော ရဲပိုင်ယာ လက်ကားတစ်စီးကိုမြင်ရသဖြင့် ဦးသာဒင်၏စိတ်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားသေး ၏။ သို့သော် လမ်းဖယ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ရဲကားသည် လျင်မြန် သောအဟုန်ဖြင့် ရှေ့သို့ မောင်းနှင်သွားလေရာ ထိုအခါမှ ဦးသာဒင်လည်း စိတ် အေး၍ သွားလေသည်။

အင်းလျားသို့ ရောက်လာသောအခါ ဦးသာဒင်သည် အရိပ်အာဝါသ ကောင်း၍ လူသူပြတ်လပ်သော နေရာတစ်ခုကို တွေ့ရသည်နှင့် ကန်နံဘေးရှိ သစ်ပင်ရိပ်အောက် တစ်ခုတွင် ကားကိုထိုး၍ ရပ်လိုက်၏။ ထိုနေရာမှာ ရေကူး ကလပ်နှင့် များစွာမဝေးလှဘဲ ရေချိုးဆိပ်တစ်ခု ဖြစ်ကြောင်းကိုလည်း သိရ၏။ အနီးအနားတွင် လူသူလေးပါးဟူ၍ မသိရဘဲ ပတ်ဝန်းကျင်တွင် တိတ်ဆိတ် ငြိမ် သက်လျက်ရှိ၏။ ကမ်းစပ်နှင့် မနီးမဝေးရှိ ချုံပုတ်ကလေးများမှာ လူတစ်ရပ် သာသာမြင့်၍ ရေချိုးဆိပ်ကို လမ်းဘက်မှ မမြင်စေရန် ကာကွယ်၍ပေးသကဲ့သို့ ရှိနေ၏။ ကောင်းကင်၌လရောင်ပင်မရှိသော်လည်းကြယ်ကလေးများ၏အလင်း ရောင်သည် ဦးသာဒင်၏ ပတ်ဝန်းကျင်ရှုမျှော်ခင်းပေါ်သို့ မှေးမှိန်စွာ ကျရောက် လျက်ရှိ၏။

ဦးသာဒင်သည် ကားနောက်ပိုင်း ပစ္စည်းများထည့်သည့် အံဖုံးတံခါးကို ဖွင့်လိုက်၏။ အတွင်း၌ကား နွဲ့နွဲ့၏အလောင်းမှာ ခွေခွေကလေးရှိလျက် မျက်နှာ သည် အပေါ်သို့ အတန်ငယ် မော့လျက် ရှိလေရာ ထိုအခါမှ အလောင်း၏ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

ကို အသေအချာ ကြည့်မိ၏။ မျက်ကွင်းများမှာ အတန်ငယ်ညိုမည်းချိုင့်ဝင်လျက် ရှိသော်လည်း မျက်လုံးများသည် ပုစွန်မျက်လုံးကဲ့သို့ ပြူးထွက်ကာ မိမိအား စေ့စေ့ကြည့်နေ သကဲ့သို့ ရှိနေ၏။ ထိုအခါမှ ဦးသာဒင်လည်း ကြောက်ရွံ့လာသဖြင့် နောက်ထပ် မကြည့်လိုသောကြောင့် အိတ်ထဲမှ လက်ကိုင်ပုဝါကို ထုတ်၍ အလောင်း၏မျက်နှာကို မျက်လုံးများပေါ်မှ ပိတ်၍ စည်းထားလိုက်၏။ ထို့နောက် အလောင်းကို ဖပွေ့ချီ၍ အပြင်သို့ထုတ်ပြီးလျှင် ကျောပိုးရန်ကျောပေါ်သို့ မနိုင့်တနိုင်ချီ၍ တင်လိုက်လေသည်။

ဦးသာဒင်သည် ပတ်ဝန်းကျင်မှ အသံဗလံများကို နားထောင်ရင်း နွဲ့နွဲ့၏ အလောင်းကို ကျောပိုးကာ ကိုက် ၂၀ ခန့်သာ ဝေးသည် ရေစပ်သို့ ဒယီးဒယိုင် သွားလေ၏။ ထို့နောက် ဒူးဆစ်သာသာခန့်နက်သည့် နေရာသို့ အရောက်တွင် ကျောကို ရေနက်ဘက်သို့ လှည့်၍အလောင်းကို ကိုယ်ပေါ်မှ ခွာချလိုက်လေသည်။

ဦးသာဒင်သည် ရေစပ်မှတက်ခဲ့၍ ကားဆီသို့ လာခဲ့ရာ ကားနှင့် ကိုက်အနည်းငယ်မျှ အလိုတွင် ကားအတွင်း နောက်ပိုင်းဆီမှာ ကားတံခါးဖွင့်သံကဲ့သို့ ချောက်ခနဲ အသံတစ်သံကြားလိုက်ရပြီးလျှင် တံခါးပွင့်လာပြီးနောက် လူတစ်ယောက်ထွက်လာ၏။ ထိုသူသည် ကားတံခါးကို ကျောဖြင့် မှီလိုက်ပြီလျှင် အပန်းတကြီး လျှောက်လာသော ဦးသာဒင်ကိုကြည့်ကာ ဟား...ဟား...ဟား ဟု လှောင်ပြောင် ရယ်မောလိုက်လေသည်။ ဦးသာဒင်သည် နဂိုကပင် စိတ်နှလုံး တုန်လှုပ်ချောက်ချားလျက်ရှိသူဖြစ်၍ တစ္ဆေသရဲကို မြင်ရဘိသကဲ့သို့ အမယ်လေး "...ဘုရား ...ဘုရား" ဟု လန့်၍အော်လိုက်၏။ ကြက်သေသေကာ နေရာတွင် ရပ်လျက်ရှိ၏။

ဒင် - "ဘယ်သူလဲ၊ ဘယ်သူလဲ"

အသံ - "ဟား...ဟား ...ဟား"

"မင်း ဘယ်သူလဲ"

"ဘယ်သူမျှမဟုတ်ပါဘူး။ ကျွန်တော်ပါဆရာ"

"ဟိုက် မောင်မိုး... မောင်မိုးပါကလား၊ မင်းဘာဖြစ်လို့"


www.burmeseclassic.com

www.burmeseclassic.com



"ဆရာလုပ်တာတွေ ကျွန်တော်အားလုံး သိပါတယ်ဆရာ၊ ကျွန်တော် အားလုံးမြင်ပြီးပြီ။ ဆရာ့အဆိပ်က တယ်ပြင်းထန်ပါကလားဆရာ"

"မင်းဒါတွေလည်းမြင်ပြီးပြီ ဟုတ်လား"

"ဆရာက အဆိပ်ကျွေးပြီး သတ်လိုက်တော့ ပြတင်းပေါက်အပြင်ဘက် မှောင်ရိပ်က ကျွန်တော် ချောင်းကြည့်နေတာပဲ ဆရာရဲ့။ ဩော် ... ဒါထက် ဒီမယ် ဆရာ"

"ဘာလဲဟေ့ မောင်မိုး"

"ဒီကနေ့ကစပြီး ကျွန်တော်အလုပ်က ထွက်လိုက်ပြီ"

"ဟင် ဘာကွယ့်"

"ဆရာ့အလုပ်က ကျွန်တော် ထွက်လိုက်ပြီ။ ဆရာလုပ်တာ ကိုင်တာတွေ လည်း အားလုံးသိပြီ။ ရေထဲပစ်ချတာအထိ နောက်ဆုံးမြင်ရအောင် ကားနောက် ပိုင်းမှာ တာလပတ်ကို ခေါင်းမြီးခြုံပြီး ကျွန်တော်ပုန်းလိုက်လာခဲ့တာ ဟော အခု မြင်ရပြီ။ ကဲ ... ဒီတော့ ဆရာနဲ့ ကျွန်တော်နဲ့ စာရင်းရှင်းဖို့ပဲ လိုတော့တယ်"

"စာရင်းရှင်းဖို့ ဟုတ်စ၊ ဘာစာရင်းလဲကွ"

"ဒီလိုလေဆရာ၊ ဆရာလွန်မိတာ လွန်မိပြီ။ သေတဲ့လူလည်း ပြန်လာတော့ မယ်မဟုတ်ဘူး။ ဒီတော့ ဆရာရဲ့ဂုဏ်ကိုဆည်ဖို့ပဲ ကျန်တော့တယ် မဟုတ်လား ဆရာ"

ဦးသာဒင်သည် မောင်မိုးအား သေနတ်နှင့် တစ်ခါတည်း ပစ်သတ်လိုလှ၏။ သို့သော် သေနတ်မှာ ခါးတွင်မရှိဘဲ မော်တော်ကား ထိုင်ခုံအောက်ရှိ လွယ်အိတ် ထဲတွင် ကျန်ရစ်ခဲ့၏။ လူချင်း ယှဉ်သတ်ရန်လည်း အရပ်မြင့်၍ ထုထည်ကောင်း လှသော မောင်မိုးအား ဖက်ပြိုင်ရန်မဝံ့ချေ။

"ဆရာ့ဂုဏ်ဆည်ရမယ့်စာရင်း ပြောပေါ့ဆရာရဲ့၊ ဆရာနဲ့ ကျွန်တော်နဲ့ ဘယ်လိုနားလည်မှုထားကြမယ်ဆိုတာ နက်ဖြန် ၁၀ နာရီလောက်ခြံထဲကို ဆရာ လာခဲ့ရုံပေါ့ ဟုတ်လားဆရာ"

ဦးသာဒင်သည် တစ်စုံတစ်ရာ ပြန်၍မပြောနိုင်တော့ချေ။ ဦးခေါင်းကိုငုံ့ကာ အံကြိတ်လျက်ရှိလေသည်။ ထိုအခါ မောင်မိုးက ဆက်လက်၍ "ကျွန်တော် ပြောတာရှင်းပြီ မဟုတ်လားဆရာ၊ ဒီလိုလည်း တစ်ယောက်နဲ့တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အပေးအယူရှိကြဦးမှပေါ့ဆရာရဲ့။ ဒီတော့ ဆရာလုပ်စရာရှိတာ စိတ်အေးလက်အေးလုပ်ပေတော့။ နွဲ့နွဲ့သေသွားပေမဲ့ နွဲ့နွဲ့ရဲ့နေရာကို ကျွန်တော်က ဝင်ပြီး ယူလိုက်တဲ့ အဓိပ္ပာယ်ပေါ့ဆရာ။ ကဲ... ခွင့်ပြုပါဦးဆရာ၊ ကျွန်တော်သွားမယ်"

မောင်မိုးသည် အိတ်ထဲမှ စီးကရက်ဘူးကို မီးညှိသောက်ပြီးလျှင် အလွန်အေးဆေးသော အမူအရာဖြင့် ချုံများထူထပ်ရာနေရာသို့ ထွက်သွားလေရာ ၎င်း၏သဏ္ဍာန်မှာ မှောင်ရိပ်တွင် တဖြည်းဖြည်း ပျောက်ကွယ်၍သွားလေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# သမုဒ္ဒရာ

အောက်တွင် ရေးသားဖော်ပြလတ္တံ့သော ဝတ္ထုအကြောင်းအရာ အတ္ထုပ္ပတ္တိများမှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်ခဲ့ဖူး၍ နှစ်ပေါင်းများစွာကွဲကွာနေသူ ပီမာတင်ဆိုသူက ပြောပြသဖြင့် ၎င်းအတ္ထုပ္ပတ္တိများမှာ အတော်အတန် ထူးဆန်းလှသည့်ပြင် ကျွန်ုပ်မှာလည်း အစဉ်သဖြင့် ထူးဆန်းသောဝတ္ထုများကို ရှာဖွေစုဆောင်းရေးသားလိုသူဖြစ်သည့်အတိုင်း ရေးသားဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

တစ်နေ့သ၌ ကျွန်ုပ်သည် လွန်ခဲ့သောနှစ်ပေါင်းအတော်ကြာလောက်က မိတ်ဆွေဖြစ်ခဲ့ဖူးသူ ၎င်း ပီမာတင်နှင့် ရန်ကုန်မြို့ တစ်ခုသော ဟိုတယ်တွင် တွေ့ဆုံကြရာ၎င်းမှာကျွန်ုပ်နှင့်မိတ်ဆွေဖြစ်စဉ်အခါက ရန်ကုန်မြို့ရေဝန်မင်းကြီးရုံးတွင် ရေငုပ်သမားအဖြစ်ဖြင့် အသက်မွေးမြူနေထိုင်သော်လည်း ၎င်းအလုပ်မှထွက်လိုက်ပြီးလျှင် ယခုအခါ၌မူ အင်္ဂလိပ် အစိုးရမင်းတို့ပိုင် ဩစတြေးလျကျွန်းမြောက်ပိုင်း၊ တစ်ခုသော တံငါရွာကလေးတွင် တံငါအလုပ်၊ ပုလဲငုပ်ခြင်းအလုပ်ဖြင့် အသက်မွေးမြူနေထိုင်လျက်ရှိလေရာ ကျွန်ုပ်နှင့်တွေ့သော အခါ၌မူ ရန်ကုန်မြို့သို့ ကိစ္စတစ်ခုနှင့် လာရောက်ခြင်း ဖြစ်ပေသည်။

မိတ်ဆွေတို့ဘာဝ တစ်ယောက်နှင့်တစ်ယောက် ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောင်း ပြောဆိုကြပြီးနောက် သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



များအကြောင်းနှင့် ပတ်သက်၍ စကားစပ်မိကြရာ မစ္စတာမာတင်က ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် အင်္ဂလန်၊ အမေရိက၊ ဂျာမနီစသော ပြည်ကြီးများတွင် ရိုက်နှိပ်ထုတ်ဝေသော မဂ္ဂဇင်းများကဲ့သို့သော မဂ္ဂဇင်းများ၊ ဂျာနယ်များရှိပါ၏လောဟုမေးမြန်းရာ ကျွန်ုပ်က ရှိပါကြောင်းနှင့် ပြန်လှန်ဖြေဆိုလေ၏။ ၎င်းနောက် မစ္စတာမာတင်ကမြန်မာလူမျိုးများသည်အနောက်နိုင်ငံသားများနှင့်နှိုင်းစာလျှင် စာဖတ်ခြင်း အလေ့အကျင့်များစွာ နည်းပါးသေးကြောင်း၊ ပညာဗဟုသုတ အကြားအမြင်များခြင်းမှာ စာဖတ်ခြင်း အလေ့အထကို လိုက်စားမှသာလျှင်ရနိုင်ကြောင်း၊ ၎င်းအပြင် မြန်မာမဂ္ဂဇင်းများတွင်လည်း အနောက်နိုင်ငံထုတ် မဂ္ဂဇင်းများကဲ့သို့ စာရေးဆရာများ၏ စိတ်ကူးဉာဏ်ဖြင့် ရေးသားသော ဝတ္ထုမျိုးများသာမဟုတ်ဘဲ ထူးဆန်းအံ့ဩဖွယ် ကြောက်ရွံ့တုန်လှုပ်ဖွယ် ထိတ်လန့်စိုးရိမ်ဖွယ်ကောင်းသော အဖြစ်အပျက်တို့နှင့်တွေ့ရသောအခါ ၎င်းအဖြစ်အပျက်များကို လူအများသိရှိကြစေရန် မဂ္ဂဇင်းများတွင် ရေးသားဖော်ပြကြရန်သင့်ကြောင်း။ ဤကဲ့သို့ရေးသားပေးပို့သောအခါလည်း မဂ္ဂဇင်း၊ သတင်းစာ၊ ဂျာနယ်တိုက်များက အထူးအရေးယူ၍ လက်ခံပြီးလျှင် ဆုငွေများကိုလည်း ထိုက်သည့်အားလျော်စွာ ပေးကမ်းချီးမြှင့်ရန် သင့်ကြောင်းဖြင့် ပြောဆိုပြီးလျှင် ၎င်းပြောဆိုမည့် အတ္ထုပ္ပတ္တိများကိုလည်း အမေရိကန် ပြည်သတင်းစာ ကိုယ်စားလှယ်တစ်ဦးထံ ရေးသားပေးပို့မည့် ဆဲဆဲတွင် ကျွန်ုပ်နှင့်တွေ့ရှိ၍သော ချစ်ခင်သော မိတ်ဆွေတစ်ဦးဖြစ်သည့်အပြင်ကျွန်ုပ်မှာစာရေးဆရာလည်းဖြစ်ကြောင်းဖြင့်ပြောပြလေသည်။

သို့ဖြစ်ရကား မစ္စတာပီမာတင်၏ ကိုယ်တိုင်တွေ့ကြုံ ဖြစ်ပျက်ခဲ့သည်များကို ၎င်းပြောဆိုသည့်အတိုင်း ယခု ဤဒဂုန်မဂ္ဂဇင်းတွင် ဝတ္ထုအဖြစ်ဖြင့် ရေးသားဖော်ပြလိုက်ရပေတော့သတည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ကျွန်ုပ်သည် ဇာတိအားဖြင့် ပသျှူးလူမျိုးဖြစ်၍ မြန်မာပြည်တောင်ပိုင်းနှင့် ဆက်သွယ်လျက်ရှိသော ပသျှူးကျွန်းဆွယ်၊ စင်ကာပူမြို့တွင် ဖွားမြင်ပြီးလျှင် ကျွန်ုပ်၏အမိမှာပသျှူးလူမျိုးဖြစ်၍ကျွန်ုပ်၏အဘမှာဥရောပတိုက်သားအင်္ဂလိပ် လူမျိုးဖြစ်လေသည်။ ကျွန်ုပ်သည် အင်္ဂလိပ်ဘာသာစာများကို အတော်အတန် တတ်မြောက်ပြီးသော် ကျွန်ုပ်၏အဘမှာ ဩစတြေးလျကျွန်းတွင် ပုလဲများ ကိုငုပ်ပြီးလျှင် ရောင်းချသော ပုလဲကုန်သည်တစ်ဦး ဖြစ်သည့်အတိုင်း ကျွန်ုပ် အားလည်း ဤအလုပ်အကိုင်ကိုပင် လေ့လာသင်ကြားစေလေရာ ကျွန်ုပ် မှာရေငုပ်ခြင်းအလုပ်၌နဂိုကပင်များစွာဝါသနာပါသူတစ်ဦးဖြစ်ရကား(၆)လခန့် လေ့ကျင့်သင်ကြားမိလေလျှင်၊ ကောင်းမွန်စွာ တတ်မြောက်ခြင်းသို့ ရောက်ရှိပြီး ဖြစ်လေ၏။ ကျွန်ုပ်၏ဖခင်နှင့်(၂)နှစ်ကျော်မျှအလုပ်လုပ်လျက်ရှိလေရာတစ်နေ့ သ၌ မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ဖူးသူ ကျွန်ုပ်၏ မိတ်ဆွေ တစ်ယောက်နှင့် တွေ့သဖြင့် မြန်မာနိုင်ငံတွင် ငွေကြေးရှာဖွေရေး၌ များစွာ လွယ်ကူကြောင်းပြောသဖြင့် ကျွန်ုပ်လည်း မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံစသော နိုင်ငံများသို့ စွန့်စားသွားရောက်ကာ ပစ္စည်းရှာလိုသော စိတ်ရှိရကား ကျွန်ုပ်၏ ဖခင်ထံအခွင့်တောင်းပြီးလျှင် မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီးနောက် ရေဝန်မင်း ကြီးရုံးတွင် (၃) နှစ်တိုင်တိုင် အလုပ်ကို လုပ်ကိုင်ခဲ့လေ၏။ ဤကဲ့သို့ လုပ်ကိုင် လျက်ရှိစဉ် ကျွန်ုပ်၏ဖခင်မှာ ကောင်းစွာ မကျန်းမာခဲ့သဖြင့် ကျွန်ုပ်လည်း ရေဝန် မင်းကြီးအား အကျိုးအကြောင်းကို ပြောပြပြီးလျှင် အလုပ်မှ နုတ်ထွက်ပြီးနောက် နေရပ်သို့ပြန်ခဲ့ပါကြောင်း။

စင်ကာပူမြို့သို့ ရောက်ရှိပြီးနောက် ကျွန်ုပ်မိခင်နှင့် ဆွေမျိုးညာတိများကို နှုတ်ခွန်းဆက်သပြီးလျှင် ဩစတြေးလျကျွန်းတောင်ပိုင်း ကွတ်တောင်း (Cool town) ခေါ် ပင်လယ်ဆိပ်ကမ်းမြို့သို့ ထွက်ခဲ့လေ၏။ ကျွန်ုပ်၏ကံဆိုးသော ဖခင် မှာ ကျွန်ုပ်မရောက်မီပင် ဝမ်းကိုက်သောရောဂါဖြင့် သေဆုံးခဲ့ပြီဖြစ်၍ ကျွန်ုပ်မှာ ပုလဲများရှာဖွေစုဆောင်းသော ရွာငယ်သို့ရောက်ရှိလျှင် ကျွန်ုပ်ဖခင်နှင့် သိကျွမ်း

www.burmeseclassic.com



သော မိတ်ဆွေတို့မှာ ကျွန်ုပ်အား ဝိုင်း၍ ခရီးဦးကြိုပြုကြပြီးလျှင် နောက်တစ်နေ့၌ ကျွန်ုပ်၏ဖခင်အား ထုံးစံရှိသည့်အတိုင်း ဖုတ်ကြည်းသင်္ဂြိုဟ်ခြင်းကို ပြုရလေသည်။ ဤကိစ္စ ပြီးသည့်နောက် ကျွန်ုပ်လည်း အဘဖြစ်သူ ခြေရာကို နင်းပြီးလျှင် ထိုပုလဲငုပ်ခြင်း အလုပ်ကိုပင် ဆက်လက်၍ လုပ်ကိုင်ခဲ့လေရာ ဩစတြေးလျကျွန်းသား မစ္စတာကာဆို ဆိုသူနှင့် တွေ့ရှိ၍ ၎င်းမှာလည်း ကျွန်ုပ်ကဲ့သို့ပင် ဖခင် သေဆုံးပြီးနောက် ပုလဲများကို ရှာဖွေသောလုပ်ငန်းကို ဝါသနာပါသူတစ်ဦးဖြစ်ရကား ကျွန်ုပ်တို့မှာ ကံတူအကျိုးပေးဖြစ်လျက် ထိုလုပ်ငန်းကို ထပ်မံချဲ့ထွင်ပြီးလျှင် အစုစပ်ပါတနာ အဖြစ်ဖြင့် စပ်တူ လုပ်ကိုင်ခဲ့ကြလေ၏။ လူတို့မည်သည် ဆင်းရဲဒုက္ခနှင့် ပက်ပင်းတွေ့ကြုံကြသောအခါမိမိတို့ကဲ့သို့ဒုက္ခတွေ့သောသူများကို ရှာဖွေပြီးလျှင် နီးနှောတိုင်ပင် လုပ်ကိုင် ရှာဖွေကြရသောအခါ အဂန်ငယ် သက်သာရာ ရဘိသကဲ့သို့ ထင်မှတ်ရကား၊ ကျွန်ုပ်တို့နှစ်ဦးမှာ အလုပ်ကလည်း တူသဖြင့် သွားအတူ၊ လာအတူ ချစ်ခင်ကြည်ဖြူစွာ နေကြလေကုန်၏။ မစ္စတာကာဆို မှာ ကျွန်ုပ်ကဲ့သို့ပင် လူပျိုကြီးဖြစ်၍ ရေငုပ်ခြင်း အလုပ်မှာလည်း ကျွန်ုပ်ထက်ပင် ကျွမ်းကျင်လိမ္မာခဲ့သူ ဖြစ်လျက် ဩစတြေးလျကျွန်း အစိုးရထံ ရေငုပ်သမားအဖြစ်ဖြင့်(၅)နှစ်ကျော်၊(၆)နှစ်ခန့်မျှအမှုထမ်းရွက်ခဲ့ဖူးသူဖြစ်လေသည်။သို့ဖြစ်ရကားအောက်တွင်ပြောဆိုရေးသားဖော်ပြလတ္တံ့သောအကြောင်းအရာ အဖြစ်အပျက်များမှာ ကျွန်ုပ်နှင့် မစ္စတာကာဆိုသည် ဩစတြေးလျကျွန်းမြောက်ဘက်ကမ်းခြေတွင် ပုလဲများကို ငုပ်၍ အသက်မွေးမြူ နေထိုင်စဉ်တွေ့ကြုံဖြစ်ပျက်ခဲ့ကြသော အကြောင်းအရာများပင် ဖြစ်ပါကြောင်း။

❖ ❖

## အခန်း(၂)

ကမ္ဘာစစ်ကြီး ဖြစ်ပွားပြီးသည့်နောက်၌ ကျွန်ုပ်တို့ လုပ်ကိုင် ရောင်းဝယ်လျက်ရှိသော ပုလဲဈေးမှာ များစွာပင် ဈေးကျလျက် ရှိလေ၏။ ကျွန်ုပ်တို့၏ ပုလဲ



www.burmeseclassic.com

www.burmeseclassic.com



များကို အများအားဖြင့် အီတလီနိုင်ငံနှင့် ပြင်သစ်နိုင်ငံတွင် ကိုယ်စားလှယ်များထား၍ ရောင်းချလျက်ရှိရာ ထိုအခါ၌ ကိုယ်စားလှယ်များသည် ဈေးကျလျက်ရှိသောကြောင့် ယခင်ကထက် တစ်ဝက်မျှ အရောင်းအဝယ် ဆုတ်ယုတ်ပြီးလျှင် တွင်ကျယ်အောင် မရောင်းနိုင်ဘဲ ရှိလေ၏။ ထိုအခါ ကျွန်ုပ်တို့မှာ များစွာပင် စိတ်ပျက်ကြလျက် ကမ်းခြေမှ အတော်ဝေးသော နေရာများသို့ပင် စွန့်စားသွားရောက်ကာ ကောင်းသည်ထက် ကောင်းသောပုလဲများကို ရရှိစေရန် ရှာကြံလုပ်ကိုင်ရလေ၏။

မစ္စတာကာဆိုသည် ကျွန်ုပ်ထက်ပင် ရေငုပ်ခြင်း၊ ပုလဲရှာဖွေခြင်း အလုပ်၌ကျင်လည် တတ်စွမ်းသူဖြစ်ရကား ကမ်းခြေမှ ခရီးအတော်ကွာဝေးသော အရပ်သို့ပင် ကျွန်ုပ်တို့၏ရွက်သင်္ဘောငယ်ကို လွှင့်လျက် ပုလဲများကို ငုပ်၍ရှာဖွေကြရကုန်၏။ ဤကဲ့သို့ စွန့်စားသွားရောက်ကာ ရှာဖွေကြရသော်လည်း ပုလဲများမှာ တစ်နေ့တခြားသာလျှင် ဈေးကျလျက်ရှိရကား ရှေ့သို့ ဆက်လက်၍ အလုပ်ကိုလုပ်ရန်ပင် စိတ်ပျက်လျက် ရှိကြကုန်၏။

တစ်နေ့သောနံနက်၌ ကျွန်ုပ်တို့ နှစ်ယောက်သည် ကျွန်ုပ်တို့ "တဲ" မှ ခရီးအတော်ဝေးသော နေရာသို့ ကမ်းခြေမှ တဖြည်းဖြည်းလျှောက်ကာ လေညင်းခံရန် ထွက်ခဲ့ကြလေ၏။ စီးကရက်များကို တစ်လိပ်ပြီးလျှင် တစ်လိပ်ရှူရှိုက်ကာ အလုပ်အကြောင်းနှင့်ပတ်သက်၍ တိုင်ပင်နီးနှောရင်းစကားတပြောပြောနှင့်ပင် ခရီးအတော်မျှ ပေါက်ရောက်ခဲ့ကြရာ မစ္စတာကာဆိုသည် သမုဒ္ဒရာဘက်သို့ လှည့်ကာတစ်စုံတစ်ခုကိုမြင်သည့်လက္ခဏာဖြင့်အတန်ကြာအောင်စူးစိုက်တွေဝေကာ ကြည့်ရှုလျက်ရှိလေ၏။ မစ္စတာကာဆိုမြင်ရသော မည်းနက်သော အရာကလေးသည် ပထမ၌ အလွန်သေးငယ်စွာမြင်ရသော်လည်း ကမ်းခြေသို့ တဖြည်းဖြည်းချဉ်းကပ်၍ လာဘိသကဲ့သို့ အတန်ငယ် ကြီး၍ကြီးလာပြီးလျှင် တစ်ခဏမျှကြာလျှင် တလူလူထွက်လျက်ရှိသော မီးခိုးစကလေးကိုပင် မြင်ရလေ၏။

ရင်းနောက်ကျွန်ုပ်တို့လည်းမှန်ပြောင်းဖြင့်ကြည့်ရှုကြပြန်ရာကမ်းခြေဆီသို့ တရွေ့ရွေ့လာလျက်ရှိသော သင်္ဘောမှာ အမေရိကန် အလံကို စိုက်ထူလျက်ထားကြောင်းကို တွေ့မြင်ရလေ၏။ ထိုအခါ မစ္စတာကာဆိုသည် စိတ်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်ပဝါ ၂ ထည်ကို ထုတ်ယူပြီးနောက် ကမ်းခြေသို့ ဆိုက်ကပ်သော အခါ ခရီးဦးကြိုဆိုရန် အသင့်ပြင်ဆင်လျက် ရှိကြောင်း ကျွန်ုပ်တို့မှာ မည်သည့်အရာမဆို ကူညီရန်ရှိက ကူညီရန်အသင့်ရှိသော မိတ်ဆွေကောင်းများ ဖြစ်ကြောင်းကို အလံ အထိမ်းအမှတ် (Flag Signal)ဖြင့် ပြောဆိုလျက်ရှိလေ၏။

အမေရိကန်အလံကိုစိုက်ထူလျက်ရှိသော သင်္ဘောသည် ထိုအခါကမ်းခြေမှ တစ်မိုင်ခန့်မျှ ဝေးကွာသည်ဖြစ်ရာ ၎င်းသင်္ဘောမှ အရာရှိတစ်ယောက်သည် ကျွန်ုပ်တို့ပြသောအထိမ်းအမှတ်ကိုမြင်သည့်လက္ခဏာဖြင့် ၎င်းကလည်း ကျွန်ုပ်တို့အား မိတ်ဆွေဖွဲ့လိုကြောင်း အလံအထိမ်းအမှတ်ဖြင့်ပင် ပြန်လှန် ပြောဆိုလျက်ရှိလေ၏။ တစ်ခဏမျှကြာလျှင် သင်္ဘောသည် ရပ်တန့်၍သွားပြီးနောက် သမ္ဗန်တစ်စင်းကို လျင်မြန်စွာ လျှောချပြီးလျှင် သင်္ဘောအရာရှိများသည် ကျွန်ုပ်တို့ထံ သမ္ဗန်ကို လှော်ခတ်လျက် လာကြောင်းကို တွေ့မြင်ရလေသည်။ သမ္ဗန်သည် ကမ်းခြေသို့ ကောင်းမွန်စွာ ဆိုက်ရောက်လာသောအခါ ကျွန်ုပ်နှင့် မစ္စတာ ကာဆိုသည် သင်္ဘောအရာရှိများကို ခရီးဦးကြိုပြုလျက် ကျွန်ုပ်လည်း ၎င်းတို့ လာရောက်ခြင်း အကြောင်းကို မေးမြန်းလျက်ရှိလေရာ သင်္ဘောကပ္ပတိန်သည် ကျွန်ုပ်အား စိုက်၍ ကြည့်နေပြီးလျှင် အကယ်၍ ကျွန်ုပ်တို့သည် သစ္စာရှိ၍ ဖြောင့်မတ်တည်ကြည်သော သူများဖြစ်ကြလျှင် ၎င်းတို့၏ အကြံအစည်ကို ထုတ်ဖော်၍ပြောမည့်အပြင် ကျွန်ုပ်တို့မှာလည်း ကျေးဇူးခံစားရန် အကြောင်းရှိကြောင်းဖြင့် ပြောသဖြင့် ကျွန်ုပ်တို့လည်း ဤအကြောင်းအရာများနှင့် ပတ်သက်၍ ၎င်း သင်္ဘောအရာရှိတို့နှင့် တိုင်ပင်ဆွေးနွေးရန် ၎င်းညအတွက် ညစာ ထမင်း စားသောက်ရန် ကျွန်ုပ်တို့၏တဲသို့ ၎င်းတို့အား ဖိတ်ကြားလိုက်လေ၏။

ကျွန်ုပ်တို့၏ ညစာစားပွဲ၌ ကျွန်ုပ်သည် သင်္ဘောကပ္ပတိန်အား ၎င်းတို့၏ လာရောက်ကြောင်းနှင့် ပတ်သက်၍ မေးမြန်းလေရာ ၎င်းက သူသည် စစ်စင်အားဖြင့် အမေရိကန်လူမျိုးမဟုတ်၊ ဂျာမန်လူမျိုးဖြစ်၍ သူ၏အဘိုးမှာ ပင်လယ်ဓားပြဗိုလ်ကြီးတစ်ဦးထံတွင် နှစ်ပေါင်း ၃၀ ကျော်မျှ (ဘတ်တလာ) စားပွဲထိုးအဖြစ်ဖြင့် အမှုထမ်းခဲ့ဖူးကြောင်း၊ အဘိုးကြီးသည် ဤကဲ့သို့ အမှုထမ်းပြီးနောက် ၎င်းပင်လယ်ဓားပြဗိုလ်ကြီးသေဆုံးသွားသည့် အချိန်တိုင် ဓားပြဗိုလ်ကြီးသည် မိမိတစ်သက်နှင့် တစ်ကိုယ် စုဆောင်းရှာဖွေခဲ့သော ပစ္စည်းများကို ထည့်၍ထား



www.burmeseclassic.com

www.burmeseclassic.com



သော သေတ္တာကြီးသည် မည်သည့်ပင်လယ် မည်သည့် နေရာလောက်တွင် နစ်မြုပ်သွားသည်ကိုသာ သိရသဖြင့် အဘမှသည်သားသို့တစ်ဆင့် ပြောကြားခဲ့သဖြင့် သိရှိရကာ၊ ယခု လာရောက်ခြင်းကိစ္စမှာလည်း အခြားမဟုတ် ထို ဓားပြ ဗိုလ်ကြီး၏ သေတ္တာကြီးကို ပင်လယ်တွင် နစ်မြုပ်လျက်ရှိရာမှ ရှာဖွေရန် လာရောက်ကြကြောင်း၊ သို့ဖြစ်၍ ကျွန်ုပ်တို့မှာ ဩစတြေးလျ ကျွန်းမြောက်ပိုင်းရှိ ပင်လယ်ကမ်းခြေတွင် ကျင်လည်ကျွမ်းကျင်သော ရေငုပ်သမားများ ဖြစ်သည့် အတိုင်းငင်းတို့အား ဤကိစ္စတွင်တတ်အားသမျှကူညီစေလိုကြောင်း၊အကယ်၍ ထိုရွှေသေတ္တာကြီးကို တွေ့ရှိခဲ့ပါမူ ၎င်းသေတ္တာကြီးတွင် ပါရှိသော ပစ္စည်းများကို သုံးပုံပုံပြီးလျှင် တစ်ပုံကို ကျွန်ုပ်တို့နှစ်ဦးအား ညီတူညီမျှ ခွဲဝေ၍ ပေးမည့်အပြင် အကယ်၍ ၎င်းတို့ အကြံအစည် မထမြောက်ခဲ့ပါမူ ကျွန်ုပ်တို့ ယောက်အားတစ်ယောက်လျှင် ရွှေဒင်္ဂါးပေါင်၁၀၀ကျစီပေးမည်ဖြစ်ကြောင်းဖြင့် ပြောဆိုလေ၏။

ထိုအခါ ကျွန်ုပ်တို့မှာ အလုပ်အကိုင် လွန်စွာညံ့ဖျင်းသောအခါ၌ ဤကဲ့သို့ စွန့်စားရသော အလုပ်မျိုးကို လုပ်ကိုင်စွန့်စားရသော အလုပ်မျိုးကို လုပ်ကိုင်ရန်မှာ များစွာပင် စိတ်ပါလျက် မစ္စတာကာဆိုအား တိုင်ပင်ပြီးလျှင် ကျွန်ုပ်တို့နှစ်ဦးစလုံးသည် ကပ္ပတိန်၏ အကြံအစည်ကို ဝန်ခံလိုက်လေ၏။ ထိုအခါ ကပ္ပတိန်နှင့်တကွ သင်္ဘောမာလိန်ဆရာကြီး၊ ဝိုင်ယာလက် ကြေးနန်းဆရာကြီး၊ အင်ဂျင်နီယာဆရာကြီးမှစ၍ အားလုံးသော အရာရှိများမှာ များစွာဝမ်းမြောက်လျက် ကျွန်ုပ်တို့၏ အကြံအစည် အထမြောက်စေရန် ဘုရားသခင်သည် ကယ်ဆယ်စေရန် အသီးအသီး ဆုတောင်း ပြောဆိုကြပြီးလျှင် ကျွန်ုပ်တို့၏ ညစာစားပွဲကို ရုပ်သိမ်းလိုက်ကြလေ၏။

❖ ❖

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

နောက်တစ်နေ့၌ ကျွန်ုပ်တို့သည် သေတ္တာကြီး နစ်မြုပ်လျက်ရှိသော နေရာကို လိုက်လံရှာဖွေရန် ပြင်ဆင်လျက်ရှိကြရာ ကျွန်ုပ်တို့နေထိုင်သော နေရာမှ အရှေ့မြောက်စူးစူးသို့ သင်္ဘောကို လွှင့်လျက် ရှိကြကုန်၏။ ကျွန်ုပ်တို့မှာ ရေငုပ်ရန် တန်ဆာပလာ အပြည့်အစုံပင် ရှိသော်လည်း သင်္ဘောကပ္ပတိန်၏ အကြံပေးချက်အရ ကျွန်ုပ်တို့၏ အဝတ်တန်ဆာများကို မသုံးမူ၍ ၎င်းတို့တွင် ပါရှိသော ကိရိယာတန်ဆာတို့ကို တပ်ဆင်ကြရမည်ဖြစ်ရာ ဂျာမန်လူမျိုး ကပ္ပတိန်ကလေးသည် ဤကိစ္စအတွက် အလို့ငှာ နောက်ဆုံးပေါ် ရေငုပ်ကိရိယာအဝတ် ၂ စုံမျှ အသင့်ပါရှိခဲ့လေ၏။

ကျွန်ုပ်တို့တွင် ပါရှိသော ရေငုပ်တန်ဆာမှာ အသက်ရှူရန် လေပေးသော အခါ၌ သင်္ဘောပေါ်မှနေ၍ ရှူရှိုက်ရန် လေကို ပေးရသော်လည်း ကပ္ပတိန်တွင် ပါရှိသော တန်ဆာပလာတို့မှာ ကျွန်ုပ်တို့ ပစ္စည်းများထက် များစွာ သာလွန်ကောင်းမွန်ပြီးလျှင် အသက်ရှူရန် လေဘူးသည် ရေငုပ်သူ၏ နောက်ကျောဘက်တွင်ကပ်လျက် တပ်ဆင် ပါရှိလေသည်။ ရေငုပ်သမားတစ်ယောက်သည် ၎င်းရေငုပ်ကိရိယာကို တပ်ဆင်ပြီးလျှင် ၎င်းဓာတ်ဘူးတွင် ပါရှိသော အောက်ဆီဂျင်(Oxygen) ဓာတ်ပါဝင်သည့် လေဘူးမှလေကိုရှူရှိုက်၍ ရေအောက်တွင် ၄၅မိနစ်မျှ နေထိုင်နိုင်လေသည်။

သင်္ဘောသည် ၁၀ မိုင်ကျော်ကျော်မျှ ခုတ်မိလေလျှင် ကျွန်ုပ်တို့သည် ကပ္ပတိန်အား ရှာဖွေရန်နေရာကို မေးမြန်းလျက်ရှိလေရာ ကပ္ပတိန်သည် မီးအာမခံ သေတ္တာကြီးထဲမှ အကြမ်းရေးဆွဲ၍ထားသော မြေပုံတစ်ခုကိုထုတ်လျက် "ဒီလိုကို မစ္စတာမာတင်ရဲ့ ကျုပ်တို့ အဘိုးဟာ ပင်လယ်ဓားပြဗိုလ်ကြီးဆီမှာ ဘတ်တလာ အလုပ်ကိုလုပ်ပြီးနေတာ နှစ်ပေါင်းအတော်ကြာလေတော့ သူ့ကိုအင်မတန်ချစ်တာကိုဗျ။ ပြီးတော့ သူတို့သင်္ဘောကို ဂျာမန်သင်္ဘောတစ်စင်းက လိုက်တဲ့အခါမှာ ဓားပြဗိုလ်ကြီးလည်း သူ့သမီးနဲ့ အစေခံ ဘတ်တလာကိုခေါ်ပြီး လှေကလေးတစ်စင်းနဲ့ ပြေးခဲ့သတဲ့ မစ္စတာမာတင်ရဲ့ နောက်ပြီး အတော်ကြာလို့



www.burmeseclassic.com

www.burmeseclassic.com



မလွတ်မှန်းသိတော့ သားအဖနှစ်ယောက်ဟာ တစ်ယောက်လက်ကို တစ်ယောက် တွဲချီပြီး ဒီပစ္စည်းတွေကို ရန်သူ့လက်ကိုဖြင့် မအပ်ပါဘူး။ တို့နဲ့ အတူတူ မြုပ်ပါစေဆိုပြီးလှေကိုပုဆိန်နဲ့ပေါက်ခွဲပြီးသားအဖနှစ်ယောက်လည်းဒီသေတ္တာ ကြီးနဲ့ အတူတူ ရေမြုပ်ခံကြတာကိုးဗျ။ ဒီတော့ သူ့ဘာတ်တလာကလည်း သခင် များသေလျှင် သူလည်း မနေတော့ပါဘူးဆိုပြီး ရေထဲကို အတင်းခုန်ချမယ် လုပ် တော့ ဓားပြဗိုလ်ကြီးက သူတို့အသက်ကို အသေခံပေမဲ့ အစေခံဘတ်တလာကို မသေစေရဘူးတဲ့ဗျ။ သူတို့၏အဖြစ်အပျက်ကို ကမ္ဘာသူ၊ ကမ္ဘာသားများကို ပြောရစ်ရအောင် နေရစ်ပေတော့၊ ပြီးတော့လည်း ဒီသေတ္တာကြီးကို အခါအခွင့် ကြုံတဲ့အခါ ဆယ်ယူပြီး သုံးစွဲရစ်ဖို့အကြောင်းကိုပြောပြီး သားအဖ ၂ယောက် ဟာ ရန်သူ့လက်မှာတော့ဖြင့် အသေမခံဘူးဆိုတဲ့ သဘောနဲ့ သေတ္တာကြီးမှာ ပတ်ထားတဲ့ သံကြိုးအစမှာ သားအဖ ၂ ယောက်လက်ကိုပူးပြီး သေတ္တာကြီးနဲ့ အတူ အမြုပ်ခံတာကိုးဗျ" ဟု အမြွက်မျှ ပြောပြလေ၏။

သင်္ဘောသည် အရှေ့မြောက်သို့ခုတ်ရာမှ တစ်ဖန် မြောက်စူးစူးသို့ ခုတ်နှင် လျက်ရှိရာ (၂) မိုင်ခန့်မျှ ခုတ်မိလေသော် ကပ္ပတိန်သည် ရပ်တန့်ရန် အမိန့်ပေး ပြီးလျှင် ကျွန်ုပ်ကိုခေါ်၍ မှန်ပြောင်းဖြင့် အရှေ့ဘက်သို့ အကြည့်ခိုင်းသဖြင့် ကျွန်ုပ် လည်း အရှေ့စူးစူးသို့ ကြည့်လိုက်ရာ ခရီးသုံးမိုင်ခန့်မျှ ဝေးကွာသော နေရာတွင် မှိုင်းမှိုင်းညို့ညို့ရှိသော ကျွန်းငယ်တစ်ခုကို မြင်ရသည်နှင့် ထိုအကြောင်းကို ပြောရလေ၏။ ထိုအခါ ကပ္ပတိန်လည်း ဝမ်းမြောက်သည့် လက္ခဏာနှင့် "ဟုတ်ပြီ မစ္စတာမာတင်ရေ။ ဒီနေရာပဲ ပင်လယ်ဓားပြဗိုလ်ကြီးစီးတဲ့ သင်္ဘောနစ်ပြီး သွား တယ်ဆိုတာ။ နေရာကတော့ ကျုပ်တို့ အစုသင်္ဘောရပ်ပြီး နေတဲ့နေရာဗျ။ ဒီနေ ရာက နေပြီးသူတို့ ၃ ယောက်ဟာ အရှေ့စူးစူးကို လှေကလေးနဲ့ ထွက်ပြီး ပြေး တာကိုး။ ပြေးလို့ မလွတ်ပုံပေါ်လာတော့ ကျုပ်တို့ အစုရပ်နေတဲ့နေရာနဲ့ ဟိုကျွန်း ကလေးကြားထဲမှာ လှေကို မြုပ်ပစ်တာပဲ။ လှေနစ်တော့ ကျုပ်အဘိုးက အင်မ တန် ရေကူးသန်တဲ့တစ်ယောက် ဖြစ်လေတော့ သူ့သခင် အမိန့်အတိုင်း ကျွန်း ကလေးဆီကို ရောက်အောင်ကူး၊ နောက် ၄ ရက်မြောက်တဲ့နေ့မှ စပိန်ပြည် သင်္ဘောတစ်စင်းကလာပြီး ကယ်ဆယ်လို့ အသက်ချမ်းသာရ ရခဲ့တာပေါ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ငှင်းနောက် ကပ္ပတိန်လည်း သင်္ဘောကို ကျွန်းရှိရာ အရှေ့ဘက်ဆီသို့ တည့်တည့် ဦးတိုက်လျက် ခုတ်စေပြန်ရာ ၂ မိုင်နီးနီးမျှ ရောက်လေလျှင် သင်္ဘောရပ်တန့်လေ၏။ ထိုအခါ ကပ္ပတိန်သည် မြေပုံကို တစ်ဖန်ကြည့်ပြီးလျှင် ဤနေရာလောက်ပင် ဖြစ်တန်ရာ၏ဟု မှန်းဆလျက် ကျွန်းငယ်မှ တမိုင်သာသာခန့်မျှ ဝေးသောနေရာတွင် ရပ်တန့်စေရာ ကျွန်ုပ်တို့လည်း ရေငုပ်ရန် တန်ဆာပလာများကို အသင့်ပြင်ဆင်လျက် ရှိကြလေ၏။ ကျွန်ုပ်နှင့် မစ္စတာကာဆို ၂ ယောက်ယောက်တို့သည် သင်္ဘောဦးတွင် ကုလားထိုင် ၂ လုံးပေါ်တွင်ထိုင်လျက် သင်္ဘောသားများသည် ကျွန်ုပ်တို့ အဝတ်ဝတ်ဆင်ရာတွင် ဝိုင်းရံကူညီလျက် ရှိကြရာ ကပ္ပတိန်နှင့် အင်ဂျင်နီယာ စက်ဆရာကြီးမှာ ကျွန်ုပ်တို့အား အားပေးစကားပြောကြားလျက်ရှိလေ၏။ ထိုအခါ ကျွန်ုပ်မှာ အကယ်၍ ရွှေသေတ္တာကြီးကို တွေ့ရှိပါက တစ်သက်တွင် ချမ်းသာလောက်အောင် ပစ္စည်းများကို ရမည်ဖြစ်၍ ယခု စွန့်စားရမည့်အလုပ်ကို လွန်စွာပင် စိတ်အားထက်သန်လျက် မစ္စတာကာဆို၏မျက်နှာကို ကြည့်လိုက်ရာ မစ္စတာကာဆိုသည် ယခင်ကနှင့်မတူဘဲ မျက်နှာထားမှာ တစ်မျိုးတစ်မည်အားဖြင့် ပြောင်းလဲလျက် ရှိသည်ဟု ကျွန်ုပ်ထင်မိပါကြောင်း။ အကြောင်းကိုဆိုသော် မစ္စတာကာဆိုသည် ပကတိ နဂိုအားဖြင့် လွန်စွာပင် မျက်နှာချိုလျက် စကားပြောသော အခါများ၌လည်း ပြုံး ပြုံးရွှင်ရွှင် ပြောဆိုတတ်လေရာ ထိုနေ့၌မူ စကားအလွန်နည်းလျက် တစ်စုံတစ်ခုကို နက်နဲစွာစဉ်းစား၍ နေဘိသကဲ့သို့ သုန်သုန်မှုန်မှုန်ရှိပြီးလျှင် ကျွန်ုပ်မေးသော မေးခွန်းများကိုလည်း ခါတိုင်းကဲ့သို့ သွက်လက်စွာ ဖြေကြားခြင်းကို မပြုဘဲ ရှိနေခဲ့လေ၏။

❖ ❖

## အခန်း (၄)

အင်ဂျင်နီယာ စက်ဆရာကြီး ကိုယ်တိုင် ကြိုးလှေကားနှင့်တကွ အရေးအကြောင်းရှိက ရေငုပ်သောသူသည် သင်္ဘောပေါ်မှ လူများအား အထိမ်းအမှတ်



www.burmeseclassic.com

www.burmeseclassic.com



ပေးရန်ထားသောကြိုး (Signal Line) များကို စစ်ဆေး ကြည့်ရှုလေသည်။ ၎င်းနောက် ကျွန်ုပ်တို့ဝတ်သော အင်္ကျီ၏ ကြေးကော်လံကို အလွန်လေးလံသော ခေါင်းစွပ်ကြီး တပ်ဆင်ပြီးလျှင် ကျွန်ုပ်ကို ပထမရေးဦးစွာ သင်္ဘောကုန်းပတ်ပေါ်မှ ရေအောက်သို့ တဖြည်းဖြည်းလျှောချလေရာ မိနစ်အနည်းငယ်မျှကြာလျှင် မစ္စတာကာဆိုလည်း ရေအောက်မြေပြင်သို့ ကောင်းမွန် ချောမောစွာ ရောက်လာလေ၏။

ကျွန်ုပ်တို့သည် အထိမ်းအမှတ်ပေးသောကြိုးစများကိုကိုင်ကာ သင်္ဘော၏ မြောက်ဘက်သို့ တဖြည်းဖြည်းသွားလေရာ ထိုနေရာ၌ကား မြေပြင်သည် လွန်စွာပင် ညီညာလျက် ရေပြင်အောက်ရှိ သဲများမှာ သင်ဖြူးကိုခင်း၍ ထားဘိသကဲ့သို့ ပြန့်ပြူးညီညာလျက် ရှိလေ၏။ ကျွန်ုပ်တို့လည်း ကိုက်ပေါင်း ၁၀၀ ကျော်ခန့်မျှ ပတ်ဝန်းကျင်တွင် လိုက်လံ ရှာဖွေပါသော်လည်း ကျောက်တုံးကြီးများနှင့် သဲတွင်းများကို တစ်ခါတရံ တွေ့ရသည်မှတစ်ပါး အခြားထူးခြားသော အရာဝတ္ထုများကို မတွေ့ဘဲ ရှိလေ၏။ မစ္စတာကာဆိုလည်း ကျွန်ုပ်အနီးဘွင်ပင် ရှိ၍ ကျွန်ုပ်သည် မစ္စတာကာဆိုအား ရှာဖွေ၍ မတွေ့သော အထိမ်းအမှတ်ကို ပြလေရာ မစ္စတာကာဆိုလည်း ၎င်းအထိမ်းအမှတ်ကို ပြန်၍ပြလေ၏။ ထိုအခါ ကျွန်ုပ်တို့သည်သင်္ဘောကုန်းပတ်ပေါ်သို့ဆွဲ၍တင်ရန်ကြိုးစကိုလှုပ်၍အချက်ပေးလိုက်ရာ ကျွန်ုပ်တို့လည်း မကြာမီ သင်္ဘောပေါ်သို့ ရောက်သွားကြလေ၏။

ကျွန်ုပ်တို့သည် သင်္ဘောပေါ်တွင် နေ့လယ်စာ လက်ဖက်ရည်များကို သောက်၍ တစ်နာရီခန့် အမောအပန်း ဖြေပြီးသော် သင်္ဘောကို လက်ဝဲဘက်သို့ အတန်ငယ် ခုတ်စေပြီးလျှင် ဒုတိယအကြိမ် ဆင်းသက်ကြပြန်ရာ ထိုနေရာ၌မူများစွာ မညီညွတ်ဘဲ ကျောက်တုံးများ၊ ကျောက်ဆောင်များ၊ ကျောက်ပန်းကျောက်ခက်များဖြင့် ပြည့်နှက်လျက် ရှိကုန်၏။ သင်္ဘောရှိရာမှ တဖြည်းဖြည်း လျှောက်၍ရှာဖွေသော်လည်း အစအန တစ်စုံတစ်ရာမျှမတွေ့ရသဖြင့် ကျွန်ုပ်လည်း မစ္စတာကာဆိုရှိရာသို့ ကြည့်လိုက်ရာ မစ္စတာကာဆိုမှာလည်း ကျွန်ုပ်ကဲ့သို့ပင် တစ်စုံတစ်ရာမျှ မတွေ့ရဘဲ များစွာစိတ်ပျက်သော လက္ခဏာ အထိမ်းအမှတ်ကို ပြလေ၏။ ထိုအခါ ကျွန်ုပ်တို့သည် သင်္ဘောရှိရာသို့ တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြရာ သဘော်နှင့်ကိုက် ၁၀၀ ခန့်မျှသာဝေးဓဲသော နေရာသို့ ရောက်လျှင် ကျွန်ုပ်တို့ရှေ့တွင် အိမ်တစ်ခန်းစာမျှရှိ၍ သုံးမြှောင့်ပုံသဏ္ဌာန်ရှိသော ကျောက်တုံးကြီးတစ်ခုသည် ကျွန်ုပ်တို့၏ သွားရာလမ်းကို ပိတ်ဆီးလျက်ရှိလေ၏။ ထိုအခါ ကျွန်ုပ်လည်း ထိုကျောက်တုံးကြီးကို လှည့်ပတ်၍ ရှာဖွေလိုသော စိတ်ဆန္ဒသည် ရုတ်တရက် ဖြစ်ပေါ်လာသဖြင့် ကျောက်တုံးကြီး၏ လက်ဝဲဘက်သို့ လှည့်၍သွားလေရာ ကျောက်တုံးနှင့် ၁၀ ကိုက်မျှသာ ဝေးသောနေရာ၌ သဲများထဲတွင် တစ်ဝက်မျှ နစ်မြုပ်လျက် လေးထောင့်ပုံသဏ္ဌာန်ရှိ၍ သေတ္တာနှင့်တူသော အရာတစ်ခုကို ရုတ်တရက် တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်ုပ်မှာ သေတ္တာကြီးရှိရာသို့ သွားရောက်ပြီးလျှင် ကြည့်ရှုရာ အတိုင်းမသိ ဝမ်းမြောက်လျက် ငါတို့၏ ဒုက္ခခံခြင်းသည် ဤနေရာ၌ အပြီးသတ်ချေပြီဟု မည်သို့မျှ မလုပ်နိုင်ဘဲ သေတ္တာဟောင်းကြီးကို ခေးမောကာ ကြည့်ရှုလျက်ရှိလေ၏။ လူတို့မည်သည် ဝမ်းမြောက်ဖွယ်သော အရာဝတ္ထုနှင့် ဖြစ်စေ၊ ဝမ်းနည်း ကြေကွဲဖွယ်သော အရာဝတ္ထုနှင့်ဖြစ်စေ ရုတ်တရက် ပက်ပင်းပါ တွေ့ကြုံကြရသောအခါ အချိန်အနည်းငယ်အတွင်း မည်ကဲ့သို့မျှ မလုပ်နိုင်ဘဲ ကြက်သေသေလျက် ရှိတတ်လေရာ ကျွန်ုပ်မှာ အလွန် စိတ်ခိုင်သူတစ်ယောက် ဖြစ်သော်လည်း ဤနေရာ၌မှုကား များပြားသော ရွှေငွေရတနာတို့ဖြင့် ပြည့်နှက်စွာ ထည့်၍ထားသော သေတ္တာကြီးကို မြင်ရသောအခါ မိမိစိတ်ကိုပင် မချုပ်တည်းနိုင်အောင် ဖြစ်၍သွားလေ၏။

ကျွန်ုပ်သည် တစ်ခဏမျှ ကြက်သေသေလျက် ရှိနေပြီးနောက် မစ္စတာကာဆိုကို ကြည့်လိုက်ရာ၊ မစ္စတာကာဆိုသည် လက်တွင် ဓားမြှောင်တစ်ချောင်းကို ကိုင်လျက် တစ်ခုသော သဲကမူပေါ်ကလေးပေါ်တွင် မိမိ၏ လက်ဝဲဘက်ခြေထောက်ကို နတ်ရန် အပြင်းအထန် ကြိုးစားလျက်ရှိလေရာ ထိုနေရာ၌ ရေသည် လွန်စွာပင် ကြည်လင်လျက်ရှိသဖြင့် ခရီးအတော်ဝေးမျှ ကောင်းမွန်စွာ မြင်ရလေ၏။ မစ္စတာကာဆိုသည် ကျွန်ုပ်ကို မြင်သည်နှင့် တစ်ပြိုင်နက် လက်ယပ်၍ ကူညီရန်ခေါ်သဖြင့် ကျွန်ုပ်မှာ ၎င်း၏အဓိပ္ပာယ်ကို နားမလည်နိုင်ဘဲ လက်ဝဲဘက်ခြေထောက်မှာ အဘယ့်ကြောင့် မြေမှနတ်၍ မရလေသနည်း။ ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိရာသို့ ကြည့်လိုက်ရာ အလွန်ထူးဆန်းသော အခြင်းအရာ တစ်ခုကို တွေ့မြင်ရလေ၏။ အဘယ့်ကြောင့်ဆိုသော် အလွန်ကြီးမားလှသော ပင်လယ်ခရု ကြီးတစ်ကောင်သည် မစ္စတာကာဆို၏ လက်ဝဲဘက်ခြေထောက် စုပ်မျိုလျက်ရှိသည်ကို တွေ့မြင်ရလေ၏။ မစ္စတာကာဆိုသည် သဲများဖုံးအုပ်လျက်ရှိသော ခရုပေါ်သို့ခြေထောက်ကိုမတော်တဆ နင်းလိုက်မိရာ ခရု၏ပါးစပ်ပေါက်ရှိရာသို့ ခြေထောက်ချမိသဖြင့် ခရုသည် အစာဖြစ်သည်ဟု ထင်မှတ်သည့်အတိုင်း မစ္စတာကာဆို၏ လက်ဝဲဘက်ခြေထောက်ကို မျိုခြင်းဖြစ်ဟန် လက္ခဏာ ရှိလေသည်။

မစ္စတာကာဆိုသည် ရေလှိုင်းများ ထသည့်တိုင်အောင် လက်ဝဲဘက် ခြေထောက်ကို ခရု၏ ပါးစပ်တွင်းမှ ထုတ်နှုတ်ရန် အပြင်းအထန် ရုန်းကန်လျက် ရှိလေရာ ကျွန်ုပ်လည်း မစ္စတာကာဆိုနှင့် ၅ ကိုက်ခန့်မျှသာ ဝေးသောနေရာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ် ကိုင်လျက်ရှိသော အထိမ်းအမှတ်ပြကြိုး (Signal Line) မှာ ပြင်းထန်သော အဟုန်ဖြင့် အရှေ့ဘက်စူးသို့ဆွဲ၍ သွားလေရာ ကျွန်ုပ်မှာမတ်တတ်ရပ်လျက်ရှိရာမှမြေပြင်ပေါ်သို့ရုတ်တရက်လဲ၍သွားပြီးလျှင် လျင်မြန်စွာ အဟုန်ဖြင့် ပါသွားလေ၏။ ဤကဲ့သို့ ၁၀ ကိုက်မျှပါ၍သွားပြီးနောက် ရုတ်တရက်ရပ်၍သွားသဖြင့် ကျွန်ုပ်လည်း အထက်သို့ မော်၍ကြည့်လိုက်ရာ လူ၏ကိုယ်လုံးထက် ၃ ဆ မျှကြီးသော ငါးကြီးတစ်ကောင်သည် ကျွန်ုပ်၏ ခေါင်းပေါ်မှ ကြိုးစကိုလျင်မြန်စွာကိုက်၍ ပြေးလွှားသွားသည်ကို မြင်လိုက်ရလေ၏။

ဤကဲ့သို့ ဖြစ်ရခြင်းမှာ ငါးကြီးသည် ပင်လယ်အောက်တွင် ပြေးလွှားပျော်မြူးလျက်ရှိစဉ် ကျွန်ုပ်လက်တွင် ကိုင်၍ထားသော ကြိုးစနှင့် ငြိပြီးနောက် ကြိုးမှာ ငါး၏အင်အားကို မခံနိုင်သဖြင့် ပြတ်ထွက်သွားဟန် လက္ခဏာရှိလေသည်။

ထိုအခါကျွန်ုပ်မှာမြေပြင်ပေါ်တွင်လဲလျက်ပင်ရှိလေရာကိုယ်တွင်သံကိုယ်ချပ်အင်္ကျီများကို ဝတ်ထားရသဖြင့် များစွာလေးလံလျက် ရှိနေသည့်အပေါ်ဩ ရေ၏အလေးကတစ်ဖန် တိုး၍ ဖိနှိပ်လျက် ရှိပြန်သောကြောင့် မထနိုင်ဘဲ ရှိလေ၏။ ကျွန်ုပ်၏ အထိမ်းအမှတ်ပြသောကြိုးမှာ ငါး၏ဘေးရန်ကြောင့် ပြတ်၍သွားပြီဖြစ်၍ အထက်က လူများနှင့်စကားပြောရန် အလျှင်းမတတ်နိုင်ဘဲ ရှိလေရာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ ဤအကြိမ်သည် ငါ၏ နောက်ဆုံးသော အကြိမ်ပေတည်းဟု အောက်မေ့မိလေ၏။ ထိုအခါ ရေသည်လည်း ငါးကြီး ပြေးလွှားပျော်ပါးမြူးထူး၍ သွားသဖြင့် ယခင်ကကဲ့သို့ ကြည်လင်ခြင်းမရှိဘဲ နောက်ကျိလျက် ရှိရကား မစ္စတာကာဆိုသည် မည်သည့်နေရာ၌ မည်ကဲ့သို့ ဖြစ်ပျက်လျက်ရှိသည်ကို မမြင်ဘဲ ရှိလေ၏။ သို့ဖြစ်၍ ကျွန်ုပ်မှာ ငါသည် လောဘ၏နောက်ကို လိုက်စားသဖြင့် ဤကဲ့သို့ စွန့်စားခြင်းကို ပြုရာမှားလေပြီ။ ငါ၏ နောက်ဆုံးသော အချိန်နာရီသည်တဖြည်းဖြည်းနီးကပ်၍လာပြီဖြစ်၍သဘော်ပေါ်ကလူများသည် ငါ၏ကံကြမ္မာကို မသိမီ ငါသည် ဤပင်လယ်အောက်၌ သေခြင်းမလှ သေရတော့အံ့။ သို့သော်လည်း ယောက်ျားတို့မည်သည် ဘေးဥပဒ်နှင့် တွေ့ကြုံသောအခါ တတ်အားသမျှခုခံ၍ မနိုင်သောအခါမှ အရှုံးပေးခြင်းသည်သာလျှင် ယောက်ျားပီပီ သတ္တာသေခြင်းမည်၏ဟု စိတ်၌အောက်မေ့ကာ မတ်တတ်ရပ်ရန် ကြိုးစားလေ၏။ သို့သော်လည်း ဖိနှိပ်လျက်ရှိသော ရေအားမှာ ကြီးလှသည်ဖြစ်၍ မတ်တတ်ရပ်ခြင်းငှာ မတတ်နိုင်ဘဲ ရှိလေ၏။

လူတို့မည်သည် သေရမည်ကို လွန်စွာကြောက်သည့်အတိုင်း စိတ်ကိုတင်းလျက် ကျွန်ုပ်တွင် ရှိသမျှအင်အားတို့ကို ချွေးလုံးကြီးများ ကျသည့်တိုင်အောင် ညှစ်ထုတ်ပြီးလျှင် လက်သည်းများဖြင့် သဲပြင်ပေါ်တွင် ကုတ်ခြစ်ကာ ကြိုးစားလေရာ သုံးကြိမ်တိုင်တိုင် အထမမြောက်ဘဲ နေပြီးနောက် အရိုးများသည် ကျွဲကြေ၍ သွားလုနီးပါး ရှိသမျှသော ခွန်အားဗလတို့ကို အပြီးသတ်စုရုံးပြီးလျှင် တဖြည်းဖြည်း ထပြန်လေရာ စတုတ္ထအကြိမ်၌ ကောင်းမွန်စွာ အထမြောက်ခြင်းသို့ ရောက်ရှိလေ၏။ ထိုအချိန်၌ ရေသည် ကြည်လင်လျက် ရှိသည်ဖြစ်၍ ကျွန်ုပ်၏ ပတ်ဝန်းကျင်သို့ကြည့်ရှုလေရာ မစ္စတာကာဆိုသည် ယခင်ကကဲ့သို့ပင် ရှန်းရင်းဆန်ခတ် ဖြစ်လျက်နေသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်ုပ်လည်း မစ္စတာကာဆိုရှိရာသို့ တစ်ဖန်ပြန်၍ လှည့်ပြီးလျှင် ၎င်းအား ကူညီရန် တဖြည်းဖြည်း ကြိုးစား၍လာခဲ့လေရာ ကျွန်ုပ်မှာ ယခင်ကကဲ့သို့ အားအင်မရှိဘဲ မလဲရန်ကိုပင် များစွာသတိပြုလျက် လာရလေ၏။ မစ္စတာကာဆို၏အနီးသို့ရောက်လျှင်၎င်း၏လက်မှလွတ်လျက်ရှိသောကြိုးစကို



www.burmeseclassic.com

www.burmeseclassic.com



လျှင်မြန်စွာ ယူပြီးလျှင် သင်္ဘောပေါ်ရှိ လူများအား ကျွန်ုပ်တို့သည် ဘေးဥပဒ်ကြီးစွာနှင့် တွေ့နေပြီဖြစ်၍ အမြန်ကယ်ဆယ်ရန်အကြောင်း အထိမ်းအမှတ်ဖြင့် ကြိုးကိုလှုပ်၍ ပြီးသည်နှင့် တစ်ပြိုင်နက် ကြည်လင်လျက်ရှိသော ကျွန်ုပ်၏ မျက်လုံးများမှာ ရုတ်တရက် ဆေးခတ်လိုက်ဘိသကဲ့သို့ အလျှင်းမမြင်ရဘဲ ပြာ၍ သွားပြီးလျှင် ကျွန်ုပ်၏ ကိုယ်၌လည်း အချိန်များစွာ လေးလံသော အလေးကြီးများဖြင့် ဖိနှိပ်၍ ထားသည့်အလား တဖြည်းဖြည်း အသက်ရှူကျပ်၍ သတိ မေ့လျော့သွားလေ၏။

❖ ❖

## အခန်း (၅)

ကျွန်ုပ်သည် သတိရ၍ မျက်လုံးများကို ဖွင့်၍ ကြည့်လိုက်သောအခါ သင်္ဘောအရာရှိများသည် ကျွန်ုပ်အိပ်ရာအနီးတွင် ဝိုင်းအုံကာ ကျွန်ုပ်အား များစွာ ကြောင့်ကြ စိုးရိမ်ဟန်ရှိသည့် လက္ခဏာဖြင့် ကြည့်ရှုစောင့်ကြပ်လျက် ရှိကြောင်းကို တွေ့ရလေ၏။ ထိုအခါ ကျွန်ုပ်လည်း ကောင်းစွာ သတိရလာပြီဖြစ်ရာ ဆရာဝန်၏ တောင်းပန်ချက်ကိုပင် ပမာမပြုဘဲ မစ္စတာကာဆို၏ အကြောင်းကို မေးလေရာ မစ္စတာကာဆိုမှာ ယခုတိုင် သတိမရသေးဘဲ သူ၏အခန်း၌ပင် ရှိနေကြောင်း၊ ခြေထောက်တွင် စုပ်မျိုလျက်ရှိသော ပင်လယ်ခရုကြီးမှာ သင်္ဘောပေါ်သို့ပင် ပါလာ၍ ၎င်းသတ္တဝါကြီးကို ပုဆိန်ဖြင့်ခွဲ၍ မစ္စတာကာဆို၏ ခြေထောက်ကို ထုတ်နုတ်ယူရကြောင်းဖြင့် ပြောလေ၏။ ကျွန်ုပ်လည်း ကပ္ပတိန်အား အလွန်ကြီးမားသော သေတ္တာကြီးတစ်လုံးကို တွေ့ရှိခဲ့ကြောင်း၊ ကျွန်ုပ်၏ကြိုးကို ငါးကြီးသည် မည်ကဲ့သို့ ဖြတ်သွားကြောင်း၊ မစ္စတာကာဆိုဂအား ကယ်ဆယ်ရန် မနည်းပင် အားခဲ၍သွားရပြီးလျှင် ကြိုးကို လှုပ်ပြီးသည်နှင့် တစ်ပြိုင်နက် မြေပေါ်သို့ လဲကျသွားကြောင်း စသည်တို့ကို အကျယ်တဝင့် ပြောပြလေရာ သင်္ဘောကပ္ပတိန်နှင့်တကွ အရာရှိတို့မှာ ပါးစပ်ကိုဟလျက် ကျွန်ုပ် ပြောသည်များကို နားစိုက်လျက် ရှိကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



နို့တစ်ခွက်နှင့် ဘီစကစ်မုန့် အနည်းငယ်ကို စားသောက်ပြီးနောက် ကျွန်ုပ်မှာ အတန်ငယ် မောပန်းသည်မှတစ်ပါး အခြားစိုးရိမ်ရန် မရှိသောအခါ ကျွန်ုပ်လည်း မစ္စတာကာဆို၏ အခန်းသို့ သွားရောက် ကြည့်ရှုလိုက်ရာ မစ္စတာကာဆိုသည် အတန်ငယ် သတိရ၍လာပြီးလျှင် "ကျုပ်မပယ့ူပါဘူးဗျာ။ ခင်ဗျားချည်း ယူပါတော့ဗျာ။ ကျုပ်နဲ့ မထိုက်ပါဘူးဗျာ" စသည်ဖြင့် ယောင်ယမ်း ဟစ်အော်လျက်ရှိလေ၏။ ထိုအခါကျွန်ုပ်မှာမစ္စတာကာဆို၏စကားအဓိပ္ပာယ်များကိုကောင်းစွာနားမလည်နိုင်ဘဲ ရှိနေသဖြင့် မစ္စတာကာဆိုမှာများစွာ မောပန်းလျက် ရှိသည့်ပြင် ခြေထောက်တွင်ရရှိသော ဒဏ်ရာအတွက်လည်း များစွာ နာကျင်လှသည်ဖြစ်၍ ပြောမိပြောရာ ယောင်ယမ်း ပြောဆိုခြင်းမျှသာ ဖြစ်သည်ဟု မှတ်ယူခဲ့လေ၏။

မစ္စတာ ကာဆို၏အခန်းမှထွက်၍ လာခဲ့ပြီးလျှင် ကျွန်ုပ်လည်း ပင်လယ်အောက်တွင် တွေ့ရှိခဲ့ရသော ရွှေသေတ္တာကြီးအကြောင်းနှင့်စပ်လျဉ်း၍ နောက်တစ်နေ့၌ မည်ကဲ့သို့ ငုပ်ယူရန် အကြောင်းများကို နီးနှောတိုင်ပင်လျက် ရှိလေရာ တစ်ခဏမျှကြာလျှင် သဘော်သားတစ်ယောက် ဝင်လာ၍ မစ္စတာကာဆိုသည် ကောင်းမွန်စွာ သတိရလာပြီဖြစ်၍ ကျွန်ုပ်နှင့်များစွာ တွေ့လိုကြောင်းကို ပြောသည်နှင့် ကျွန်ုပ်နှင့် ကပ္ပတိန်သည် မစ္စတာကာဆို၏ အခန်းသို့ ချက်ချင်းပင် သွားရောက်ကြလေ၏။ မစ္စတာကာဆိုသည် ခုတင်ပေါ်တွင် နံဘေးမှ သဘော်သား ၂ ယောက်ဖေးမ၍ ထိုင်လျက်ရှိလေရာ ကျွန်ုပ်ကိုမြင်သည်နှင့် တစ်ပြိုင်နက် မျက်နှာကို အောက်ချပြီးလျှင် -

"မစ္စတာမာတင်၊ ကျုပ်တစ်ခါတည်း သေသွားရင် ကောင်းလေရဲ့ဗျာ"

"မဟုတ်တာဗျာ၊ သတိကို ခင်ဗျားမြဲမြဲထားစမ်းပါ။ ခင်ဗျား ကောင်းကောင်း မမာသေးဘူးဗျ။ တွေ့ကရာတွေချည်း လျှောက်ပြောမနေပါနဲ့။ ခင်ဗျား မောနေပါမယ်"

"ကျုပ်ကောင်းကောင်း သတိရပါတယ်ဗျာ။ ခင်ဗျားကို ကျုပ်တစ်ခု ပြောမယ်နော်။ ကျုပ်တို့ လိုက်ပြီးရှာတဲ့ပစ္စည်းတွေ တွေ့ပြီမဟုတ်လား။ ဒီပစ္စည်းတွေ သုံးပုံတစ်ပုံကို ကျုပ်တို့ ၂ ယောက်ရဖို့ ကတိရှိတယ်နော်။ ဒီတော့ ကျုပ်အတွက်



www.burmeseclassic.com

www.burmeseclassic.com



အစုရှယ်ယာဟာ ကျုပ်ဟာ မဟုတ်တော့ဘူးဗျ။ ခင်ဗျားနဲ့သာ ဆိုင်တော့တယ်။ ယူပေတော့"

"ခင်ဗျားပြောတာ ကျုပ် ကောင်းကောင်းနားမလည်ပါဘူး မစ္စတာကာဆိုရယ်"

"ခင်ဗျားကလည်း တယ်ခက်တာကိုးဗျ။ ဘာ နားမလည်စရာရှိသလဲ။ ကျုပ်အစုကို ကျုပ်မယူတော့ဘူး။ ကျုပ်မယူတော့ဘူး။ ခင်ဗျားပဲယူပေတော့"

"အလို...ဘာပြုလို့လဲဗျာ"

"ခင်ဗျားကို ကျုပ်စိတ်ထဲက မကောင်းကြံစည်မိတယ်ဗျာ။ ဘယ်လိုလည်းဆိုတော့ ခင်ဗျားသေတ္တာကြီးနားမှာ မလှုပ်မယှက် ရပ်နေတော့ ကျုပ်စိတ်ထဲမှာ မနာလိုတဲ့စိတ်ပေါ်လာပြီး ခင်ဗျားကိုသတ်မယ်လို့ ခါးက ဓားမြောင်ကို ချွတ်မိတာကိုးဗျ။ ကျုပ်အကြံက ခင်ဗျားကိုသတ်ပြီး သေတ္တာကြီးကို မတွေ့တဲ့အကြောင်း ပြောရရင်ဖြင့် ဒီပစ္စည်းတွေဟာ ငါချည်းပဲရရဲ့။ သင်္ဘောပေါ်က လူများကိုတော့ ငါးဆင်တစ်ကောင်နဲ့ ထွေးလုံးရစ်ပတ်ပြီး သတ်တဲ့အခါမှာ ခင်ဗျားကို မတော်လို့ ချော်ပြီး ဓားနဲ့ထိုးမိတယ်လို့ပြော၊ နောက်တော့မှ ကျုပ် တစ်ယောက်တည်း လာပြီး သည်ပစ္စည်းတွေကိုယူ ဒီလို ကြံစည်ပြီး ခင်ဗျားဆီကို ဓားနဲ့ထိုးရအောင် လိုက်အလာမှာ ကျုပ်ဘယ်ဘက်ခြေထောက်ဟာ သဲတွေ ဖုံးပြီးနေတဲ့ ပင်လယ်ခရုကြီး မတော်တဆ နင်းမိတာပါပဲဗျာ။ ကိုင်း သည်တော့ ကျုပ်လောက် မကောင်းတဲ့လူ၊ ကျုပ်လောက် သစ္စာမရှိတဲ့လူ၊ ဒီကမ္ဘာမှာရှိကြသေးရဲ့လားဗျာတို့"

"မဟုတ်ပါဘူး မစ္စတာကာဆိုရယ်၊ ခင်ဗျား တကယ်လို့ ကျုပ်အသက်ကို ကြံစည်မိစေကာမူ ခင်ဗျား အစုရှယ်ယာ ခင်ဗျားရထိုက်ပါတယ်ဗျာ"

"ခင်ဗျားကို ကျုပ်ဟာ အလုပ်စပ်ဖက် ပါတနာရယ်လို့ သဘောမထားဘဲ ညီအစ်ကိုအရင်းတမျှ ချစ်ခင်ခဲ့တယ်ဆိုတာ ခင်ဗျား သိပါတယ်ဗျာ။ နို့ပေမဲ့ မနေ့က တစ်နေ့လုံး ဒီရွှေသေတ္တာကြီးကိုချည်း စိတ်စွဲလမ်းပြီး ဘယ်လိုများကျုပ်စိတ်ရူးပေါက်ခဲ့တယ်ဆိုတာ မပြောတတ်ဘူး မစ္စတာမာတင်ရယ်" ဟု ပြောပြီးလျှင် မစ္စတာကာဆိုသည် မိမိတစ်ကိုယ်တည်း ပြောဘိသကဲ့သို့ "ဪ လူများ



www.burmeseclassic.com

www.burmeseclassic.com



လူများ၊ လောဘဆိုတဲ့ တရားကြီးကို တယ်ပြီး သတ်နိုင်ခဲ့ကြတာကလားနော်၊ ဘယ်လောက်ပဲ ချစ်တဲ့လူချင်း ဖြစ်ပေမဲ့ ပစ္စည်းနဲ့စပ်ပြီလားဆို၊ တယ်ပြီး ထိန်းသိမ်းနိုင်ခဲ့ကြတာပဲ။ ဒီတော့ ကျုပ်ကြံစည်မိခဲ့သမျှတွေကို ကျုပ်အပေါ်မှာအမှတ်မထားပါနဲ့တော့ဗျာ။ ကျုပ်က အသက်ကြီးပေမဲ့လို့ တောင်းပန်ပါတယ် မစ္စတာမာတင်ရယ်။ အခုဖြင့် ကောင်းကောင်းကြီး နောင်တတရားရပြီး ခင်ဗျားအပေါ်မှာ အရင်ကထက် ဆယ်ဆ၊ ဆယ်တံပိုးတိုးပြီး ချစ်ခင် အားကိုးမိပါတယ်ဗျာ" ဟု တစ်လုံးချင်းမှုညည်းညှုပြောဆိုလေရာ ကျွန်ုပ်မှာစိတ်သဘောအလွန်ခက်ထန်သူပင် ဖြစ်သော်လည်း စိတ်ကိုမချုပ်တည်းနိုင်ဘဲ များစွာ ဝမ်းနည်းမိပါကြောင်း။

ကျွန်ုပ်မှာ အတန်ကြာ စကားမပြောနိုင်ဘဲ နေပြီးနောက် မစ္စတာကာဆိုဇ်ပြောဆိုသော စကားများမှာ လိမ်လည် လှည့်ဖြားလိုသော သဘောဖြင့် ပြောဆိုသည် မဟုတ်ဘဲ ဝမ်းထဲကပါသဖြင့် လှိုက်လှိုက်လှဲလှဲ နက်နဲစွာ ပြောဆိုခြင်းဖြစ်သည်ကို သိရသောကြောင့် ရန်သူပင် ဖြစ်သော်လည်း အတိအလင်းတောင်းပန် ဝန်ချသောအခါ ကျေရမြဲဖြစ်ကြောင်း မိမိနှင့် မစ္စတာကာဆိုမှာ ရန်သူ မဟုတ်သည့်ပြင် အလွန်ချစ်ခင်သော သူငယ်ချင်း ကုန်စပ်ဖက် ပါတနာပင် ဖြစ်သည်လည်းတစ်ကြောင်း လူတို့မည်သည် လောဘတည်းဟူသော တပ်မက်စွဲလမ်းခြင်းကို မည်သူမျှ မလွန်ဆန်နိုင်သည်ဖြစ်၍ တစ်ခါတစ်ရံ ဤကဲ့သို့ မိုက်မဲဆိုးယုတ်သော စိတ်ပေါ်ပေါက်လျက် လာသောကြောင့် ပြုလုပ်ကြံစည်မိသည်ကို မိမိက မည်သို့မျှ အမှတ်မထားကြောင်းဖြင့် ပြန်လှန် ပြောဆိုလာရလေ၏။

❖ ❖

## အခန်း(၆)

နောက်တစ်နေ့၌ ကျွန်ုပ်တို့သည် သင်္ဘောကို နေရာတကျ ရွှေ့ပြောင်းပြင်ဆင်ပြီးသော် နံနက် (၈) နာရီအချိန်ခန့်တွင် ကျွန်ုပ်သည် ရေငုပ်သည့်အဝတ်တန်ဆာတို့ကိုဝတ်ဆင်ပြီးလျှင်သေတ္တာကြီးကိုသင်္ဘောပေါ်သို့ရွေးယူသူရန်ဆင်း



www.burmeseclassic.com

www.burmeseclassic.com



သက်ခဲ့လေ၏။ မစ္စတာကာဆို၏ လက်ဝဲဘက်ခြေထောက်ဒဏ်ရာမှာ များစွာပင် ဖူးရောင်လျက် ရှိသည်ဖြစ်၍ ကောင်းစွာ လမ်းမလျှောက်နိုင်သောကြောင့် ကျွန်ုပ် တစ်ယောက်တည်းသာလျှင် ဆင်းသက်ရလေ၏။

သေတ္တာကြီးမှာ အလျား လေးပေခွဲ၊ အနံ သုံးပေခွဲမျှရှိ၍ လွန်စွာကောင်း မွန်ချောမောလှသော အသားတစ်မျိုးဖြင့် ပြုလုပ်ထားသည်ဖြစ်ရာ ၎င်းသေတ္တာ ကြီးကိုပတ်ရစ်၍ထားသောသံကြိုးမှာ ခိုင်ခံ့လှသည်ဖြစ်သော်လည်း ရေအောက် ၌ နှစ်လအတော်ပင် ကြာမြင့်ပြီဖြစ်၍ သံချေးများ တက်လျက်ရှိလေ၏။ ကျွန်ုပ် လည်း ကျောက်တုံးများကြားထဲတွင်ညပ်လျက်သဲများဖြင့်တစ်ဝက်ဖုံးအုပ်လျက် ရှိသော သေတ္တာကြီးကို အထပ်ထပ် ပတ်ရစ်လျက်ထားသော သံကြိုး အစကို လိုက်လံ ရှာဖွေလျက်ရှိလေရာ တွေ့သည်နှင့်တစ်ပြိုင်နက် ရုတ်တရက် လန့်၍ သွားပြီးလျှင် သံကြိုးစကို လက်ကလွှတ်၍ ချလိုက်မိလေ၏။ အဘယ့်ကြောင့် နည်းဟူမူ သံကြိုး၏အဖျားတွင် သံကွင်းတစ်ခုလည်း ရှိသည်ဖြစ်ရာ ၎င်းသံကွင်း ၌လူ၏လက်မောင်းရိုးနှင့်တူသော အရိုးနှစ်ခုသည် လူတို့လက်ဖြင့် စွပ်၍ထားဘိ သကဲ့သို့ တင်လျက်ရှိလေ၏။ လက်ရိုးများ၏ အရင်းအဖျားသည် အတော်ပင် ကြီးသည်ဖြစ်၍ လက်ရိုး ၂ ခုမှာ သံကွင်းမှ ပြုတ်ထွက်၍ မသွားဘဲ ရှိနေခဲ့ဟန် လက္ခဏာ ရှိလေသည်။

သေတ္တာကြီးကို ရေပေါ်သို့ ပေါ်စေရန် နာရီဝက်ခန့်မျှ ပင်ပန်းခဲယဉ်းစွာ လုပ် ကိုင်ပြီးနောက် ခိုင်မြဲအောင် ကြိုးများဖြင့် ချည်နှောင်ခဲ့ပြီးလျှင် အပေါ်သို့ တက်ခဲ့ လေ၏။ ၎င်းနောက် ကျွန်ုပ်တို့သည် သေတ္တာကြီးကို များစွာ ပင်ပန်းခဲယဉ်းခြင်း မရှိလှဘဲ တဖြည်းဖြည်း ရေပေါ်သို့ ဆွဲငင်ယူလေရာ ကောင်းမွန်စွာ အထမြောက် လေ၏။ ကပ္ပတိန်နှင့်တကွ ကျွန်ုပ်တို့သည် သေတ္တာထဲတွင်ပါရှိသော အရာတို့ ကို သိလိုလှပြီဖြစ်၍ သေတ္တာပေါ်တွင် ချည်နှောင်၍ထားသော သံကြိုးများကို ဖြတ်ပြီးလျှင် ပုဆိန်နှင့်ခွဲလေရာ သစ်သားမှာ မာကျောလှသည့်အပြင် အသား မှာလည်း ပင်လယ်ရေနှင့် သင့်မြတ်ဟန်ရှိသည့် လက္ခဏာဖြင့် သံမဏိကဲ့သို့ ရှိလေ၏။ ၎င်းနောက် ကျွန်ုပ်တို့လည်း အတွင်းရှိ ပစ္စည်းများကို မထိခိုက်စေရန်



www.burmeseclassic.com

www.burmeseclassic.com



အထူးဂရုစိုက်လျက် တဖြည်းဖြည်း ဖွင့်လေရာ အတန်ကြာလျှင် ပွင့်၍သွားလေ၏။

ထိုအခါ ကပ္ပတိန်သည် များစွာ ဝမ်းမြောက်လာသည်ဖြစ်၍ "ကျုပ်တို့ ဒုက္ခခံပြီး ရှာဖွေရတာ ရှာကျိုးနပ်ပေတာပဲဗျို့ တော်တာပဲဗျို့" ဟု ပြောဆိုကာ ကျွန်ုပ်တို့သည် သေတ္တာတွင်းရှိ ပစ္စည်းများကို ကြည့်ရှုလျက် ရှိကြကုန်၏။ သေတ္တာအတွင်း၌မူ အင်္ဂလိပ်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ အီတလီ၊ စပိန်၊ တရုတ်၊ ယိုးဒယားဂရိ၊ ရုရှား၊ အမေရိကန်မှစ၍ အနိုင်နိုင်ငံသော ထီးဆောင်းမင်းအပေါင်းတို့၏ ဒင်္ဂါးအမျိုးမျိုးတို့သည် လည်းကောင်း၊ များစွာ အရည်ကောင်းလှ၍ အဖိုးထိုက်တန်သော ကျောက်သံပတ္တမြားတို့သည်လည်းကောင်း၊ နံနက်ခင်းနေရောင်တွင် တဖိတ်ဖိတ် တပြောင်ပြောင် အရောင်ထွက်လျက် ရှိကုန်၏။ ထူးခြားသော အရာတစ်ခုမှာ မိကျောင်းရေဖြင့် ပြုလုပ်ထားသော သားရေအိတ်ငယ်တစ်ခု ဖြစ်လေရာ ကပ္ပတိန်သည် အတွင်း၌ မည်သည့်အရာဝတ္ထု ရှိသည်ကို သိလိုလှသည်ဖြစ်၍ ဖွင့်လှစ်ကြည့်ရှုလေရာ စာရွက်များမှတစ်ပါး အခြားဝတ္ထု တစ်စုံတစ်ရာကိုမျှ မတွေ့ရဘဲ ရှိလေ၏။ ၎င်းသားရေအိတ်၏ အပေါ်တွင် အင်္ဂလိပ်ဘာသာဖြင့် (J.D) ဂျေ-ဒီဟူ၍ နာမည် ထိုးထားလေသည်။

၎င်းစာရွက်တို့မှာ ပင်လယ်ဓားပြဗိုလ်ကြီးသည် သေတ္တာကြီးကို နစ်မြှုပ်လိုက်စဉ်အခါ ၎င်း၏ အကြောင်းအရာ အတ္ထုပ္ပတ္တိတို့ကို အတိုကောက်အားဖြင့် အကျဉ်းချုပ် ရေးထားသောစာများ ဖြစ်လေရာ မြန်မာဘာသာ ပြန်ဆိုမည်ဆိုသော် အောက်ပါအတိုင်း အဓိပ္ပာယ် ရရှိလေသည်။

"ကျွန်ုပ်၏အမည်မှာ ဒရိပ် (Drake) ဖြစ်၍ ကျွန်ုပ်မှာ ဇာတိအားဖြင့် စပိန်ပြည်သားဖြစ်လျက် စပိန်ပြည်မက်ဒရစ် (Madrid) မြို့၌ ခရစ်သက္ကရာဇ် ၁၈၆၇ နှစ်တွင် ဖွားမြင်လေသည်။ ကျွန်ုပ်၏အမိမှာ ကမ္ဘာပေါ်တွင် ရုပ်ရည်လှပခြင်းဖြင့် ထင်ရှားကျော်စောသော ကောကေးရှလူမျိုး မင်းသမီးတစ်ဦးဖြစ်၍ ကျွန်ုပ်၏ အဘမှာမူ ရေတပ် ဗိုလ်မှူးကလေးတစ်ယောက် ဖြစ်လေသည်။ ငယ်စဉ်ကပင် ကျွန်ုပ်မှာ စာရေးခြင်းအတတ်ကို များစွာ ဝါသနာပါသူတစ်ယောက် ဖြစ်သည့်အပြင် တိုက်ခိုက်ခြင်းကို အထူးသဖြင့် အထုံပါလေသည်။ ကျောင်းမှ ထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

နောက် ကျွန်ုပ်သည် သတင်းစာတိုက် တစ်တိုက်တွင် လက်ထောက် အယ်ဒီတာ အဖြစ်ဖြင့် ခေတ္တ အသက်မွေးမြူ နေထိုင်လျက်ရှိစဉ် စာရေးခြင်း အတတ်ကို များစွာ ဝါသနာပါသည့်အလျောက် ဥရောပတိုက်နှင့်တကွ အနိုင်နိုင်ငံတို့၏ ရာဇဝင်များကို မှတ်သားလေ့လာလျက် ရှိလေရာ လွန်ခဲ့သော နှစ်ပေါင်းများစွာ က ကမ္ဘာပေါ်တွင် ရဲရင့်သော သူရသတ္တိဖြင့် နာမည် ကျော်ကြားခဲ့ဖူးသော နပိုလီယန်ဘုရင်၊ ရေကြောင်း စစ်ဗိုလ်ချုပ်ကြီး နယ်လ်ဆင်မှစ၍ အခြား နာမည်ကျော် ပုဂ္ဂိုလ်များ၊ ပင်လယ် ဓားပြဗိုလ်ကြီးများ အကြောင်းကို တွေ့ရှိ ရသဖြင့် စာရေးခြင်းအတတ်ကို လေ့လာလိုက်စားသော သူတို့မည်သည် မည် သည့်အရာမဆို သူတစ်ပါးထက် ထူးထူးကဲကဲ စွဲမြဲနှစ်သက်လေ့ ရှိသည့်အတိုင်း ပင်လယ်ဓားပြဗိုလ်များ အကြောင်းကို ဖတ်ရှုရသောအခါ ကျွန်ုပ်ကိုယ်တိုင်ပင် ဖြစ်ပျက်ဘိသကဲ့သို့ လွန်စွာပင် စွဲလမ်းလျက်ရှိလေ၏။

ကျွန်ုပ်မှာ ငယ်စဉ်ကပင် အဘသေဆုံးခဲ့၍ အမိနှင့် နေထိုင်ရသူဖြစ်ရာ ကျောင်းမှထွက်၍ တစ်နှစ်ကျော်ခန့်မျှ ကြာရှိလတ်သော် မိခင်သေဆုံးခဲ့ပြန်လေ ၏။ ထိုအခါ ကျွန်ုပ်မှာ အားကိုးရာမဲ့ ဖြစ်လျက် "ငါသည် ဤကမ္ဘာမြေပေါ်တွင် အသက်ရှင်၍ နေသော်လည်း အကျိုးမရှိပြီ။ သို့သော် မသေမီ ငါ၏ အကြံအစည် အထမြောက်ရန် ကြိုးစားတော့အံ့" ဟု ကျွန်ုပ်၏ အလိုဆန္ဒ ပြီးမြောက်စေရန် ရှိသမျှ ပစ္စည်းတို့ကို ရောင်းချထုခွဲပြီးလျှင် ကံဆိုးသော နေ့တစ်နေ့၌ အိမ်မှထွက် ခဲ့လေ၏။ ပြင်သစ်ပြည်တွင် ရက်ပေါင်းအတော်ကြာ နေပြီးနောက် ဂျာမနီနိုင်ငံ သို့ရောက်ခဲ့လေရာရေကြောင်းဘက်ဆိုင်ရာပညာသင်ကြားသောသိပ္ပံကျောင်း တစ်ကျောင်းတွင် ၃ နှစ်တိုင်တိုင် ပညာ သင်ကြားခဲ့လေသည်။ ၎င်းနောက် အိုးခွက်များကိုအကြီးအကျယ်လုပ်ကိုင်ရောင်းချသောသူဌေးတစ်ဦး၏သမီးနှင့် အကြောင်းပါခဲ့လေရာ ကျွန်ုပ်မှာ ထိုအခါ အတော်အတန် ချမ်းသာလာပြီဖြစ်၍ ကျွန်ုပ်၏ အကြံအစည်မှာ တစ်နေ့နေ့၌ အောင်မြင် အထမြောက်လိမ့်မည်ဟု မျှော်လင့်သည့်အတိုင်း တစ်နေ့သ၌ မစ္စတာစမစ်ဆိုသူ တစ်ယောက်နှင့် တွေ့ သဖြင့် ကျွန်ုပ်၏ အကြံအစည်မှာ အထမြောက်ခဲ့လေသည်။ ၎င်း စမစ်ဆိုသူမှာ အခြားသူမဟုတ်။ ကျွန်ုပ်၏ ဘတ်တလာပင် ဖြစ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ ရုပ်အဆင်းမှာ မိခင်မှ ဆင်းသက်လျက် ကျွန်ုပ်၏ သတ္တိမှာမူ ဖခင်၏ဘက်မှ ဆင်းသက်လာဟန် လက္ခဏာရှိလေသည်။ ကျွန်ုပ်သည် ပိုက်ဆံကြေးငွေကြွယ်ဝသော သူဌေးသမီးနှင့်ရသော်လည်း ကျွန်ုပ်၏အကြံအစည်ကိုမလျော့ဘဲ နေ့စဉ်ပင်ကြံစည် လျက်ရှိလေရာ (၇) နှစ်ခန့်မျှ ကြာသောအခါ ကျွန်ုပ်တို့ အကြံအစည်သည် အထမြောက်ခြင်းသို့ ရောက်လေ၏။ သင်္ဘောငယ် တစ်စင်းကို ဝယ်ယူပြီးနောက် သူရသတ္တိနှင့် ပြည့်စုံ၍ လူ၏အသက်ကို မြူမှုန်ခန့်မျှ ပမာမထားသော လူများကို လိုက်လံရှာဖွေပြီးသော်။ ညတစ်ည၌ ကျွန်ုပ်တို့သည် ဂျာမနီပြည် ပင်လယ်ဆိပ်ကမ်း မြို့တစ်မြို့မှ ထွက်ခွာသွားလေသည်။ ကျွန်ုပ်၏ မိန်းမ သင်္ဘော ထွက်သွားသောအခါမှ ကျွန်ုပ်၏ အကြံအစည်ကို ပြောပြသဖြင့် သိရသောကြောင့် သင်္ဘောမတူဘဲ အိမ်သို့ပြန်ပို့ရန် အကြိမ်ကြိမ် တောင်းပန်ပြောဆိုလာရာ မိန်းမတို့မည်သည် မည်မျှပင် စိတ်ခက်ထန်စေကာမူ ယောက်ျားတို့၏ လှည့်ပတ်မပြောဆို ချော့မော့ခြင်းကို မခံနိုင်ဘဲ မီးနှင့်တွေ့သော ဖယောင်းသည် အရည်ပျော်၍ သွားဘိသကဲ့သို့ နောက်ဆုံး၌ ကျွန်ုပ်၏ အကြံအစည်ကို လိုက်ပါသင်္ဘောတူရရှာလေ၏။

မကြာမီပင် ကျွန်ုပ်တို့၏ သင်္ဘောငယ်ကလေးကို စွန့်ပစ်၍ အမေရိကန်သင်္ဘောတစ်စင်းကို တိုက်ခိုက်သိမ်းယူပြီးလျှင် လူသစ်များကိုလည်း ထပ်မံရှာဖွေ စုဆောင်းရလေသည်။ နောက်များ မကြာမီ ကျွန်ုပ်၏မိန်းမမှာ ကိုယ်လက်မပေါ့မပါး ဖြစ်လျက်ရှိလေရာ ကျွန်ုပ်တို့လည်း သားယောက်ျားကလေး မွေးရန်ဘုရားသခင်ထံ အတန်တန် ဆုတောင်းသော်လည်း ဇွနှလစေ့၍ ဖွားမြင်သောအခါ ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသော သမီးမိန်းကလေး တစ်ယောက်ကို ဖွားမြင်သဖြင့် များစွာစိတ်ပျက်လျက်ရှိသော်လည်း မိဘဟူ့မည်သည် သားသမီးအပေါ်၌ မည်သည့်အခါမျှ မုန်းတီးသော စိတ်မရှိနိုင်ရကား သားယောက်ျားကလေးကဲ့သို့ပင် ချစ်ခင်ကြရကုန်၏။ ကျွန်ုပ်၏မိန်းမမှာ တစ်လမျှကြာသောအခါကလေးမျက်နှာမြင်သော မီးယပ်ရောဂါနှင့်ပင် အနိစ္စ ရောက်ရှာလေ၏။ ထိုအခါ ကျွန်ုပ်မှာ ကျန်ရစ်ခဲ့သော နို့စို့အရွယ်လူမမည် သမီးကလေးကို မိခင်သဖွယ်ကျွေးမွေးသုတ်သင်လျက် သွားလေသူမိခင်ကို တမ်းတကာ နေ့ရက်များကို ကုန်



www.burmeseclassic.com

www.burmeseclassic.com



လွှန်စေလေ၏။ သမီးငယ်သည်(၃)နှစ်ရှယ်ခန့်မျှကြာရှိသောအခါပင်လယ်တွင် မွေးဖွားသော သတို့သမီးဖြစ်၍ အမည်ကို မရီနာ ဟူ၍ အမည်တွင်စေလေ၏။

ဤအတောအတွင်း၌ ကျွန်ုပ်သည် တိုက်ခိုက်ခြင်း၌ ရပ်နားခြင်းမရှိဘဲ၊ ကမ္ဘာပေါ်ရှိ လူအမျိုးမျိုးတို့၏ ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားများကို တိုက်ခိုက်လုယူခဲ့လေရာ ကျွန်ုပ်မှာ ရဲစွမ်းသတ္တိလည်းရှိပြန်၊ ကုသိုလ်ကံကလည်း ကောင်းပြန် ဆိုဘိသကဲ့သို့ လေးဖက်လေးတန် စုံလင်သူတစ်ယောက် ဖြစ်သည်နှင့် ဘေးဥပဒ် အမျိုးမျိုးတို့နှင့် တွေ့ကြုံသောအခါ ကျွန်ုပ်ကသာလျှင် အရေးသာခဲ့လေသည်။ သို့သော် လောက၏ ဓမ္မတာအတိုင်း မည်မျှပင် တက်သော မီးပုံးပျံဖြစ်စေကာမူ တစ်နေ့နေ့ မြေသို့မချမလွှဲပြန်၍ ဂျာရအဲ့ဟု စကားပုံတစ်ခုရှိသည့် အတိုင်း၊ မည်မျှပင် အတိုက်အခိုက်ကောင်း၍ သူရသတ္တိရှိသူ မှန်သော်လည်း နောက်ဆုံး၌မူ ရန်သူ၏လက်တွင်းသို့ ကျရောက်လေသည်။

အကြောင်းကိုဆိုသော် မရီနာသည် သူ၏မိခင်နှင့် များစွာတူသဖြင့် ကျွန်ုပ်မှာ သွားလေသူ မိခင်ကို လွမ်းဆွတ်သောအခါများ၌ သမီး၏မျက်နှာကို ကြည့်၍ ဖျော်ဖြေရလေသည်။ မရီနာသည် ၁၈ နှစ်အရွယ်သို့ရောက်လတ်သော် ကျွန်ုပ်၏ သင်္ဘောတွင် ဒုတိယ မာလိန်ဖြစ်သော မစ္စတာအင်ဂျလီ ဆိုသူနှင့် ကလေးချင်း ဘာဝ စုံမက် ချစ်ခင်လျက်ရှိကြရာ ကျွန်ုပ်မှာ ကိုယ့် အကြောင်းရင်း ဇာစ်မြစ်ကို မသိရသည်နှင့် ပထမ၌ သဘောမတူဘဲ ရှိနေသော်လည်း မိတဆိုးကလေး ဖြစ်သော မရီနာ အားများစွာ အလိုလိုက်ခဲ့သည်တစ်ကြောင်း။ ငယ်ရွယ်သော သူတို့၏ ချစ်ခြင်းမေတ္တာကို မခွဲလိုသည် တစ်ကြောင်း၊ လွန်ပြီးအမှုကို လွန်စေတော့ဟု သဘောထားလျက်ရင်းတို့အားအတင့်အတယ်ပင်ထိမ်းမြားလက်ထပ်၍ ပေးရလေ၏။ မရီနာ၏ လက်ထပ်ခြင်းသည် ကျွန်ုပ်ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်သော သစ်ပင်ကြီး၏ ရေသောက်မြစ်သဖွယ် ဖြစ်လေသည်။

မရီနာနှင့်အကြောင်း သင့်မြတ်ပြီးသော် မစ္စတာအင်ဂျလီသည် ကျွန်ုပ် ထင်မြင်သည့်အတိုင်း လူကောင်းတစ်ယောက် မဟုတ်ဘဲ သူလျှိုဖြစ်ကြောင်းကို နောက်မှ သိရှိရလေသည်။ ညတစ်ည၌ ကျွန်ုပ်သည် ညစာစားပွဲ၌ထိုင်လျက်ရှိစဉ် ကျွန်ုပ်၏ အခန်းထဲတွင် လူရိပ်လိုလို မြင်ရသည်နှင့် ချက်ချင်း သွားရောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုရာ မစ္စတာအင်ဂျလီနှင့် အခန်းဝတွင် ပက်ပင်းပါ တွေ့ရသည်နှင့် အကြောင်းမရှိဘဲ ကျွန်ုပ်၏ အခန်းတွင်းသို့ အဘယ်အတွက် ဝင်ရသနည်းဟု မေးမြန်းလေရာ အခန်းတွင်း၌ မရီနာ ရှိမည်အထင်နှင့် လာရောက်ကြည့်ရှု ပါကြောင်းပြောပြပါသဖြင့် ကျွန်ုပ်လည်း ချမ်းသာပေးလိုက်ပြီးလျှင် ဤအခါမှ စ၍ ၎င်းအပေါ်၌ သက်ာမကင်း ဖြစ်ခဲ့လေသည်။ ၎င်းနောက်တစ်ကြိမ် ရက်ပေါင်း အတော်ကြာရှိသောအခါ ပင်လယ်ရေပုံနှင့် သင်္ကေတပ်တူသော စာရွက်တစ်ရွက် ကိုမစ္စတာအင်ဂျလီသည်သူ၏အခန်းတွင်း၌ဖတ်လျက်ရှိစဉ်ကျွန်ုပ်လည်းအရေး ကြီးသောကိစ္စတစ်ခုရှိသောကြောင့် အခန်းတွင်းသို့ရုတ်တရက်ဝင်ရောက်သွား သည်နှင့် ပက်ပင်းပါတွေ့လေရာ မစ္စတာအင်ဂျလီသည် ကျွန်ုပ်ကိုမြင်သည်နှင့် တစ်ပြိုင်နက် ရုတ်တရက် မျက်နှာပျက်၍ သွားပြီးလျှင် အိတ်တွင်းသို့ ဝှက်လိုက် လေ၏။

ထိုအချိန်အခါကမ္ဘာစစ်ကြီးသည်ဖြစ်လျက်နေရာကျွန်ုပ်မှာယခင်ကထက် သတိဝီရိယဖြင့် ရှောင်ရှားတိမ်းဖယ်၍ နေရလေ၏။ မစ္စတာ အင်ဂျလီအပေါ်၌ သက်ာမကင်းရှိခဲ့သည် မှန်သော်လည်း ၎င်း၏ အကြံအစည်မှာ မည်သို့မည်ပုံ ဖြစ်သည်ကို တပ်အပ် သေချာသိလိုသည်တစ်ကြောင်း၊ တပ်အပ်သေချာ မဆင် ခြင်မစူးစမ်းဘဲ စိတ်ရှိသည်အတိုင်း ပြုလုပ်လိုက်ပါက ကျွန်ုပ်၏ ငယ်သားများ သည် ကျွန်ုပ်အား အထင်အမြင် သေးမည်ကို စိုးရိမ်သဖြင့် တစ်ကြောင်း၊ မရီနာကို စိမ်မချမ်းသာ မဖြစ်စေရန် မျှော်လင့် တောက်ထားသဖြင့်တစ်ကြောင်း လက်ဆုပ်လက်ကိုင် ပိုင်နိုင်စွာ မိသောအခါမှ ၎င်းအား စစ်ဆေးပြီးလျှင် တရား အတိုင်း စီရင်မည်ဟု ကြံ့ခြွေမပျက် နေခဲ့လေ၏။ စစ်ကြီးအတွင်း ဖြစ်ရကား ဂျာမန်ရေငုပ်သင်္ဘောနှင့် ကာရှဇာခေါ် စစ်သင်္ဘောများသည် ကျွန်ုပ် ကျက်စားရာ အရပ် အနီးအပါးတွင် မကြာမကြာပင် ရုတ်တရက် မမျှော်လင့်ဘဲ ပေါ်ပေါက်၍ လာတတ်သည့်အပြင် တရုတ်ပြည်ကမ်းခြေ၊ ပသျှူးကျွန်းဆွယ်၊ အိန္ဒိယနှင့်မြန်မာ နိုင်ငံ၊ ဘင်္ဂလားပင်လယ်အော်စသောအရပ်၌ အင်မဒင်ခေါ် ဂျာမန် စစ်သင်္ဘော တစ်စင်းသည် ငုပ်ချည် ပေါ်ချည်၊ ခေါက်တုံ့ခေါက်ပြန် လှုးလာ ကျက်စားလျက် ရှိကြောင်းဖြင့် သတင်းရရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

ဤကဲ့သို့ ဖြစ်ပျက်နေစဉ်အတွင်း ကျွန်ုပ်သည် တရုတ်ပင်လယ်နှင့် အရှေ့အိန္ဒိယကျွန်းစု (East Indies) ပင်လယ်၌သာ တစ်ခါတစ်ရံ တရုတ်သင်္ဘော၊ ယိုးဒယား သင်္ဘောတို့ကို အနည်းငယ် တိုက်ခိုက်ရလေသည်။ ကျွန်ုပ် သင်္ဘောသားများမှာ အမေရိကန်၊ ဂျာမန်၊ ပြင်သစ်၊ ရုရှား၊ အီတာလျံစသော ဥရောပတိုက်သား လူအမျိုးမျိုးတို့ ပါဝင်၍ မစ္စတာအိုင်ဂျလီမှာ ဂျာမန်လူမျိုး ဖြစ်ဟန်လက္ခဏာ ရှိလေသည်။ ကျွန်ုပ်၏ငယ်သားများတို့သည် ကျွန်ုပ်တို့ကဲ့သို့ပင် ရဲရင့်တည်ကြည်ကြလျက် ဘေးဥပဒ်နှင့် တွေ့ကြုံက မိမိတို့အသက်ကိုစွန့်ရန် အသင့်ရှိကြလေသည်။

တစ်နေ့သ၌ ကျွန်ုပ်သည် ဩစတြေးလျကျွန်း၏ မြောက်ဘက်၊ မိုင်အနည်းငယ်မျှသာ ဝေးသော ပင်လယ်တွင် သင်္ဘောလွှင့်လျက်ရှိစဉ် ထိုညဉ့်မှာ အထူးသဖြင့် မှောင်သော ညဉ့်ဖြစ်၍ ကောင်းကင်တွင် ပိုးစုန်းကြူးသဖွယ် တောက်ပလျက်ရှိသော ကြယ်ကလေးများ၏အလင်းရောင်မှတစ်ပါး အခြားအလင်းရောင်မရှိချေ။ ကျွန်ုပ်၏ မြေပုံတွင်ပါရှိသော ကျွန်းငယ်ကလေး တစ်ကျွန်း၌ ထိုနေ့ညဆိုက်ကပ်၍ စခန်းချရန် ကြံစည်ပြီးလျှင် ထိုကျွန်းငယ်ရှိရာ အရှေ့မြောက်စူးစူးသို့ သင်္ဘောကို ဦးတိုက်ပြီးလျှင် တဖြည်းဖြည်း ခုတ်နှင်လျက် ရှိလေရာ ညဉ့် ၁၂ နာရီကျော်ကျော်မျှ ရှိလတ်သော် ဖြည်းညင်းစွာ ခုတ်လျက်ရှိသော သင်္ဘောစက်သံမှတစ်ပါး လွန်စွာပင် တိတ်ဆိတ်လျက် ရှိလေ၏။ အထူးသဖြင့် သန့်ရှင်းအေးမြသော ပင်လယ်လေသည် ဖြန်းသုတ်လျက်ရှိလေရာ ကျွန်ုပ်လည်း သင်္ဘောဦးတွင် ထိုင်ကာ ကျွန်ုပ်၏ အတ္ထုပ္ပတ္တိများကို ရေးလျက် ရှိလေ၏။ ကျွန်ုပ်၏ အကြံမှာ နောင်လာနောက်သားများသည် ကျွန်ုပ်၏ အတ္ထုပ္ပတ္တိကို ဖတ်ရခြင်းအားဖြင့် နည်းယူခြင်း၊ မှတ်သားခြင်း၊ ရှောင်ကြဉ်ခြင်း၊ ပြုလုပ်ခြင်းစသည်ဖြင့် ကောင်းသော အပြုအမူတို့ကို နည်းယူမှတ်သား၍ မကောင်းသော အလေ့အကျင့်တို့ကို ရှောင်လွှဲစေရန် ရေးခဲ့ပြီးလျှင် ကျွန်ုပ် သေသောအခါ ကျွန်ုပ် အလောင်းနှင့်အတူ ဤစာကို မြှုပ်နှံမည်ဟု စိတ်ကို ပိုင်းဖြတ်ခဲ့လေသည်။ (အကယ်၍ တစ်စုံတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သော သူသည် ဤသေတ္တာကြီးနှင့်တကွ ဤစာကို တွေ့ရှိပါက ထိုသူမှာ မစ္စတာစမစ်၏ အဆက်အနွယ်ဖြစ်လိမ့်မည်ဟု ကျွန်ုပ် ယုံကြည်မိလေသည်။)

(စကားချပ်။ ။ ဤနေရာမှစ၍ မစ္စတာဒရိပ်ဆိုသူ ပင်လယ်ဓားပြဗိုလ်ကြီးရေးခဲ့သောစာများမှာ အမြန်သော့၍ရေးရသည့်လက္ခဏာဖြင့် လက်ရေးများမှာ ကောင်းစွာမပီသဘဲရှိလေရာ တတ်နိုင်သမျှ ရှင်းလင်းပြန်ဆိုရသည့်အတိုင်း ဆက်လက်၍ ရေးသားဖော်ပြရပေအံ့။)

ထိုည၌ ၁ နာရီကျော်ကျော်ခန့်မျှ အချိန်တွင် ကျွန်ုပ်၏ အတ္ထုပ္ပတ္တိများကို ရေးလျက်ရှိစဉ် ကျွန်ုပ်လည်း အတန်ငယ် ညောင်းညာ၍ သင်္ဘောဦးတွင် ခေါက်တုံ့ခေါက်ပြန် စင်္ကြံ လျှောက်လျက်ရှိစဉ် ကံအားလျော်စွာ သင်္ဘော၏ အပေါ်ဆုံး ထပ်တံတားဆီမှမိတ်ချည်လင်းချည်ပြုလုပ်လျက်ရှိသောအလင်းရောင်ကလေး တစ်ခုကို မြင်ရလေ၏။ ပထမ၌ ကျွန်ုပ်သည် တစ်စုံတစ်ယောက်သော သူသည် လက်နှိပ်ဓာတ်မီးဖြင့် တစ်စုံတစ်ရာကို ရှာဖွေနေသည်ဟု ထင်မှတ်မိသော်လည်း မစ္စတာအင်ဂျလီအပေါ်တွင် သက်ာမကင်းသော စိတ်များသည် ရုတ်တရက် ပေါ်ပေါက်၍လာပြီးလျှင် အခန်းတွင်းမှအသင့်ယမ်းထိုး၍ထားသော (၆) လုံးပြူး သေနတ်ကိုယူ၍ သင်္ဘောအပေါ်ထပ်သို့ ခြေသံမကြားအောင် တက်၍ သွားလေ၏။ ထိုအခါ သင်္ဘော၏ ပဲ့ပိုင်းတွင် ဖဲကစား၍နေသော သင်္ဘောသား (၃) (၄) ယောက်သည် ကျွန်ုပ်ကိုမမြင်ဘဲရှိလေရာ ကျွန်ုပ်လည်း ညဉ့်အချိန်၌ အမြဲဝတ်လေ့ရှိသော အင်္ကျီရှည်ကြီးကိုပင်ဝတ်လျက် လက်တွင်သေနတ်ကို အသင့်ကိုင်ကာ တက်၍သွားလေ၏။ မီးရောင်ရှိရာသို့ ရောက်သောအခါ ကျွန်ုပ်၏ ထင်မြင်ချက်များသည် မှန်ကန်လျက် ရှိကြောင်းကို တွေ့ရလေ၏။ အကြောင်းမူကား မစ္စတာအင်ဂျလီသည် စာအုပ်တစ်အုပ်ကိုအနီးတွင် ချကာ အဝေးမြင်နိုင်သော ဓာတ်မီးအိမ်တစ်ခုကို လက်ဖြင့်ဖွင့်ချည် မိတ်ချည် ပြုလုပ်လျက် ရှိသည်ကို တွေ့မြင်ရလေ၏။ ထိုအခါ ကျွန်ုပ်လည်း ၎င်းကြည့်၍နေသော ပင်လယ်ဘက်သို့ ကြည့်လိုက်ရာ အနောက်ဘက် အတော်ဝေးသောနေရာမှ မိတ်ချည် ဖွင့်ချည်ပင် ပြုလုပ်လျက်ရှိသော မီးရောင်ကလေးတစ်ခုကို မြင်ရသည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မစ္စတာအင်ဂျလီသည် ရန်သူများနှင့် စကားကမ်းလှမ်း ဆက်သွယ်လျက် ရှိသည်ကို တွေ့ရလေ၏။

ကျွန်ုပ်လည်း သေနတ်ဖြင့် ချိန်ရွယ်လျက် လက်မြှောက်ရန် အမိန့်ပေးပြီးသော် ခရာကို မှုတ်လိုက်ရာ ထိုခဏ၌ နောက်မှ ခြေသံကြားသည်နှင့် လှည့်ကြည့်လိုက်ရာ မိန်းကလေးတစ်ယောက်သည် ဓားမြှောင်ကို ကိုင်ကာ ကျွန်ုပ်၏ နောက်မှကပ်လျက် ရပ်နေသည်ကို တွေ့ရလေ၏။ ထိုမိန်းကလေးမှာ အခြားသူမဟုတ် ကျွန်ုပ်၏ သမီးရင်း မရီနာပင် ဖြစ်လေသည်။ ကျွန်ုပ်လည်း မရီနာလက်မှ ဓားမြှောင်ကိုလုယူလိုက်ပြီးလျှင် ကျွန်ုပ်အား တိုက်ခိုက်ရန် အသင့် ပြင်ဆင်လျက်ရှိသော အင်ဂျလီအား ယခင်က အတိုင်းပြန်၍ လက်မြှောက်စေလျက်ရှိရာ ထိုခဏ၌ သင်္ဘောသားများနှင့်တကွ အရာရှိများသည် လက်နက်များကို ကိုယ်စီ ကိုယ်င စွဲကိုင်ကာ ကျွန်ုပ်အနီးသို့ ရောက်ရှိပြီး ဖြစ်ကြလေ၏။

သင်္ဘောသားများအား အင်ဂျလီ အကြောင်းနှင့် ပတ်သက်၍ အကျဉ်းချုပ်မျှ ပြောဆိုပြီးသော် ၎င်း၏ဘက်သို့လှည့်၍ "သင့်မှာ အပြစ်ရှိသလား" ဟု မေးလိုက်ရာ "အပြစ်ရှိပါသည်။ ကျွန်ုပ်သေရန် အသင့်ပြင်ဆင်ပြီး ဖြစ်ပါသည်" ဟု ရဲတင်းစွာ ပြန်ပြောလေသည်။ ထိုအခါ ကျွန်ုပ်လည်း ရက်စက်မှု ကြေကွဲသည် ဆိုသည့် စကားအတိုင်း ကျွန်ုပ်၏ သေနတ်နှင့်ပင် အားလုံး သင်္ဘောသားများ၏ ရှေ့၌ အင်ဂျလီ၏ ဦးခေါင်းကို ဖောက်ခွဲလိုက်လေ၏။ (၆) လုံးပြူး ကျည်ဆန်အားလုံးတို့သည် သစ္စာမဲ့သော ဒုတိယ မာလိန်အင်ဂျလီ၏ ဦးနှောက်များကို ညှာတာခြင်းမရှိဘဲ ထုတ်ချင်းခတ်၍သွားလေရာ ၎င်း၏သွေးနှင့် ဦးနှောက်တို့သည်သင်္ဘောကုန်းပတ်ပေါ်တွင်ပြန့်ကျဲလျက်ရှိကုန်၏။ထိုခဏ၌မရီနာသည် ပြင်းထန်စွာ ငိုကြွေးလျက်ရှိရာမှ မိန်းမောတွေဝေကာ သတိမေ့၍ သွားလေ၏။

မရီနာမှာ ကျွန်ုပ်၏ ရန်သူပင်ဖြစ်သော်လည်း ၎င်းအား သတ်ရန် ကျွန်ုပ် သည် မတတ်နိုင်ဘဲ ရှိလေသည်။ မိဘများ၏မေတ္တာသည် သားသမီးများအပေါ်၌ မည်မျှလောက် ကြီးမားသည်ကို ဤနေရာ၌ ကြည့်ရှုခြင်းအားဖြင့် သိသာနိုင်လေသည်။ အင်ဂျလီ၏ အလောင်းကို သင်္ဘောသားများသည် ဝမ်းမြောက်စွာ သင်္ဘောပေါ်မှ ပင်လယ်ထဲသို့ခြေဖြင့် ကန်၍ ချလိုက်ပြီးနောက် ကျွန်ုပ်သည်း



www.burmeseclassic.com

www.burmeseclassic.com



ရန်သူ့သင်္ဘောရှိရာသို့ ကြည့်လိုက်ရာ ထိုအခါ၌ကား ရန်သူ့သင်္ဘောသည် ဆပ်ချလိုက် (Search light) ခေါ်မာတ်မီးကို ကျွန်ုပ်တို့ သင်္ဘောရှိရာသို့ တည့်တည့်ထိုးလျက် ကျွန်ုပ်တို့နောက်သို့ လိုက်လာကြောင်းကို သိရလေ၏။

ထိုအခါ ကျွန်ုပ်သည် စက်ဗိုလ်အင်ဂျင်နီယာကြီးအား သင်္ဘောကို အစွမ်းကုန်စတ်ရန် အမိန့်ပေးပြီးသော်သင်္ဘောကိုလည်းအထက်တွင်ဖော်ပြခဲ့ပြီးသော ကျွန်းဆီသို့ မဟုတ်ဘဲ မြောက်စူးစူးသို့လှည့်၍ ပေးလိုက်လေ၏။ ရန်သူ၏ သင်္ဘောသည် ကျွန်ုပ်တို့ထက် လျင်မြန်လှသည်ဖြစ်ရာ ကျွန်ုပ်တို့သည် စက်ကုန်လွှတ်၍ စတ်သော်လည်း ရန်သူနှင့် တဖြည်းဖြည်း နီးကပ်လျက် လာကြောင်းကို တွေ့ရှိရလေ၏။ ယင်းကဲ့သို့ရန်သူ၏လက်တွင်းမှမလွတ်နိုင်ကြောင်းကိုသိသော အခါ ကျွန်ုပ်လည်း သင်္ဘောသားများ အားလုံးတို့ကိုခေါ်၍ ရန်သူ၏လက်တွင် သေခြင်းမလှ သေရခြင်းနှင့် မိမိကိုယ်ကို မိမိသတ်၍ သေရခြင်းသည် မည်သည့်က မြတ်သနည်းဟု မေးလေရာ သင်္ဘောသား အားလုံးတို့သည် မိမိကိုယ်ကိုယ် မိမိသတ်လျှင်သေခြင်းက မြတ်ပါသည်ဟု တစ်ပြိုင်နက် ဖြေဆိုကြလေ၏။ ၎င်းနောက် သင်္ဘောအရာရှိများနှင့် တကွ ကျွန်ုပ်၏ ဘတ်တလာ "မစ္စတာ စမစ်" ၏ အထပ်ထပ်တောင်းပန် တိုက်တွန်းချက်အရအသက်ကယ်သမ္ဗန်ကိုလျင်မြန်စွာ ချစေပြီးလျှင် သင်္ဘောသားများ၏ အကူအညီဖြင့် နှစ်ပေါင်း ၃၀ ခန့်မျှ စုဆောင်းရာတွေ့ခဲ့သော ပစ္စည်းများ သိုလှောင်ထားရာ သေတ္တာကြီးကို လှေပေါ်သို့ ပင်ပန်းကြီးစွာနှင့် တဖြည်းဖြည်း လျှောချကြလေ၏။

ကျွန်ုပ်သည် ပထမ၌ သင်္ဘောပေါ်၌ပင် သင်္ဘောသားများနှင့်အတူ အသက်ကိုခြွေမည်ဟုကြံစည်မိသော်လည်း ဤမျှလောက်ပင်ပန်းကြီးစွာ နှစ်ရှည်လများ စုဆောင်းခဲ့ရသော ပစ္စည်းများကို ရန်သူ၏လက်သို့ မအပ်နှင်းလိုလှသည်ဖြစ်၍ ကျွန်ုပ်၏ပစ္စည်းများကို ရန်သူများ မတွေ့ရှိစေရန် ဤကဲ့သို့ လှေငယ်ဖြင့် ထွက်ခွာသွားခြင်းဖြစ်လေသည်။ ထိုအခါ ကျွန်ုပ်တို့နားမှ ထပ်ကြပ်မကွာ လိုက်လာသော သင်္ဘောသည် ကိုက်ပေါင်းအနည်းမျှသာ ဝေးတော့သည်ဖြစ်၍ ကျွန်ုပ်၏ သင်္ဘော ရပ်စေရန် အထိမ်းအမှတ်အဖြစ်ဖြင့် အမြောက်သံပေးသည်ကို ကြားလိုက်ရလေသည်။ သင်္ဘောသားများနှင့်တကွ သင်္ဘောအရာရှိများအားလက်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ပြီးသော် မရီနာကို ပထမဦးစွာ လေ့ပေါ်သို့ လျှောချပြီးနောက် ကျွန်ုပ်လည်း ဆင်းသက်လေရာ ကျွန်ုပ်၏ ဘတ်တလာစမစ်လည်း အခြားယူငင်ရန် ပစ္စည်းအနည်းငယ်ကို ယူဆောင်၍ သင်္ဘောသားများအား ဦးထုပ်ကိုချွတ်၍ နှုတ်ဆက်ပြီးသော် လှေပေါ်သို့ ဆင်းလေ၏။

ကျွန်ုပ်တို့သည် ကိုက် ၅၀ မျှ လှေငယ်ကို လှော်ခတ်၍ သွားမိလေသော် သင်္ဘောပေါ်မှ အလွန်ပြင်းထန်လှသော အသံကြီးတစ်ခုကို တစ်ပြိုင်နက် ကြားလိုက်ရသည်နှင့် ကျွန်ုပ်၏လူများမှာ မိမိတို့ကိုယ်ကို မိမိတို့ စီရင်လိုက်ကြောင်း သိရလေသည်။ ရန်သူ၏ သင်္ဘောမှာ ကျွန်ုပ်၏ သင်္ဘောကွယ်၍နေသဖြင့် ကျွန်ုပ်တို့ လှေငယ်ကို မမြင်ဘဲရှိလေရာ သင်္ဘောနှင့် ကိုက် ၁၀၀ ကျော်မျှဝေးသည်နှင့် တစ်ပြိုင်နက် ရန်သူ၏သင်္ဘောမှ မာတ်မီးရောင်သည် ရုတ်တရက် ကျွန်ုပ်တို့ မျက်နှာပေါ်သို့ ထိန်လင်းစွာ ထိုးလိုက်ပြီးနောက် လှေရှိရာသို့ ဦးတိုက်ပြီးလျှင် အားကုန် ခုတ်နှင်၍ လိုက်လာလေ၏။ ထိုအခါ ကျွန်ုပ်သည် စာရေးခြင်းကို ခေတ္တ ရပ်လိုက်ပြီးနောက် မှန်အိမ်ကို မီးငြိမ်းလိုက်ပြီးလျှင် မရီနာကို ကြည့်လိုက်ရာ မေရီနာမှာ ကျွန်ုပ်ကဲ့သို့ပင် သေရန် အသင့် ရဲရင့်တည်ကြည်သောမျက်နှာဖြင့် –

ဤနေရာသို့ရောက်လျှင် ပင်လယ်ဓားပြဗိုလ်ကြီး ဆက်လျက် ရေးခဲ့သော စာမှာ ရုတ်တရက် ပြတ်၍သွားလေ၏။

သင်္ဘောကပ္ပတိန်၏ အဘိုးတော်စပ်သူမှာ မစ္စတာစမစ် ပြောဆိုသည့် အတိုင်း ဓားပြဗိုလ်ကြီးသည် ရန်သူ၏ သင်္ဘောနှင့် နီးကပ်လှပြီဖြစ်၍ ၎င်း၏ အတ္ထုပ္ပတ္တိများကိုရေးလျက်ရှိရာမှ ရုတ်တရက်အပြီးသတ်လိုက်ရဟန်လက္ခဏာ ရှိလေသည်။

ကျွန်ုပ်မစ္စတာမာတင်သည် ကပ္ပတိန် ကတိရှိသည့်အတိုင်း သေတ္တာကြီးတွင် ပါရှိသော ပစ္စည်းများ၏ သုံးပုံတစ်ပုံကို ရရှိလေရာ မစ္စတာကာဆိုကိုလည်း ထက်ဝက်မျှဝေခွဲ၍ ပေးပါကြောင်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## သူဦးဝတ္ထုစာရေးဆရာ

ထိုအခါက ကျွန်တော်သည် ဆောင်းဦးပေါက်တွင် အင်းစိန်မြို့သို့ အလုပ်အကိုင်ရှာဖွေရင်း ရောက်ရှိနေပါသည်။ ကျွန်တော်တတ်သောအလုပ်မှာလည်း မော်တော်ကားနှင့် မော်တော်ဘိုင်စကယ်များ ပြင်ခြင်းအလုပ်ဖြစ်၍ အခြားအလုပ်ကို နားမလည်ပါ။ ကျွန်တော်၏နေရပ်ဇာတိဖြစ်သော အင်းမရွာ (ပြည်ခရိုင်) မှထွက်၍ မီးရထားလမ်းတစ်လျှောက် အလုပ်ရှာရင်း လာခဲ့ရာ မည်သည့်နေရာတွင်မျှ အလုပ်အကိုင်အပေါက်အလမ်း မတည့်ခဲ့သဖြင့် နောက်ဆုံး ဤမြို့သို့ ရောက်လာခြင်းဖြစ်ပါသည်။ လမ်း၌မူ တွေ့ရာနေရာတွင်အိပ်၊ တွေ့ရာနေရာ၌ စားပြီးလျှင် မည်သည့်အလုပ်မဆိုဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ သို့သော် ကျွန်တော်တတ်သောပညာနှင့် သင့်လျော်သည့်အလုပ်ကို နေရာတကျ မတွေ့ခဲ့ရပါ။ သို့ဖြင့် ရန်ကုန်ဘက်သို့ တစ်စတစ်စနီး၍ လာပြီးလျှင် နောက်ဆုံး အင်းစိန်တွင် ခေတ္တမျှသောင်တင်နေခြင်းဖြစ်ပါသည်။

အင်းစိန်မြို့ကို ကျွန်တော်ကြောက်လည်းကြောက် မုန်းလည်းမုန်းခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် အင်းစိန်ထောင်တွင် တစ်ကြိမ် ကျွန်တော် အကျဉ်းခံခဲ့ရဖူးသောကြောင့်ဖြစ်ပါသည်။ သို့သော် ထိုအမှုအကြောင်းကို ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ယခု ရေးသားဖော်ပြရန် လိုမည်မထင်ပါ။ အင်းစိန်ထောင်၌ နေခဲ့ဖူးသည့် အဖြစ်ကိုကား ဝန်ခံရပါမည်။

အင်းစိန်သို့ရောက်သောအခါ ခါးတွင် ဝတ်ထားသော အဝတ်မှတစ်ပါး ချည်လုံချည်ဟောင်းတစ်ထည်နှင့် မျက်နှာသုတ်ပဝါကလေးတစ်ထည်သာ ပါပါတော့သည်။ အိတ်ထဲတွင်လည်း ငွေ ၇ ကျပ်သာရှိတော့၏။ သို့နှင့် ကျွန်တော် ဘူတာရုံထဲတွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ထိုင်ကာ တစ်နေ့လုံး အကြံထုတ်လျက်ရှိ၏။ တစ်နေ့လျှင် တစ်ကျပ်ဖိုးကျ ထမင်းစား၍သွားလျှင် ၇ ရက်ကြာပြီးနောက် အကယ်၍ အလုပ်အကိုင်မတွေ့ခဲ့သော် ထမင်းငတ်ဖို့သာရှိတော့၏။ ဆေးလိပ်ဖိုးလက်ဖက်ရည်ဖိုးက လိုသေး၏။ ဆေးလိပ်လည်း မသောက်ဘဲ မနေနိုင်၊ လက်ဖက်ရည်ကလည်း တစ်နေ့လျှင် အနည်းဆုံး တစ်ခွက်လောက်သောက်ရမှ ကျေနပ်ပါ၏။

သို့အကြံထုတ်နေစဉ် တဖြည်းဖြည်း မိုးချုပ်လာသဖြင့် ဘူတာရုံအတွင်းရှိ မြန်မာထမင်းဆိုင်တစ်ဆိုင်တွင် ထမင်းသုံးမူးဖိုးစား၍ ဆေးလိပ်တစ်ပဲဖိုး ဝယ်လိုက်၏။ ထမင်းစားပြီးနောက် ဆေးပြင်းလိပ်တစ်လိပ်ခဲ၍ အကြံထုတ်နေမိ၏။

ထမင်းဆိုင်ရှင် အဘိုးကြီးမှာ အသက် ၅၀ ကျော်ခန့်ရှိပြီဖြစ်၍ ဗဟုသုတနှင့် အတော်အတန်ပြည့်စုံပြီးလျှင် စကားပြောလည်း အတော်ကောင်းသူတစ်ယောက်ဖြစ်၏။ သို့နှင့် ကျွန်တော်လည်း ထမင်းစားပြီးနောက်ရတ်တရက် မထသေးဘဲ အဘိုးကြီးနှင့်စကားကောင်းလျက် ရှိလေ၏။ ထိုအခါက မီးရထားဘူတာရုံအတွင်းတွင် ကန်ထရိုက်ဆွဲ၍ရောင်းချသော ကုလားထမင်းဆိုင်၊ မြန်မာထမင်းဆိုင်များရှိရာ ၎င်းတို့မှာ မီးရထားဆိုက်ချိန်၌သာ လူများတိုး၍မပေါက်အောင် စည်ကားပြီးလျှင် အခြားအချိန်များတွင် လူရှင်းလျက်ရှိ၏။ သို့နှင့် ကျွန်တော်လည်း အဘိုးကြီးနှင့် အတော်အတန် စကားပြောမိသောအခါ ကျွန်တော်၏ နေရေးထိုင်ရေးအတွက် တီးခေါက်စုံစမ်းလေတော့၏။

ဆိုင်ရှင် အဘိုးကြီး၏အမည်မှာ ဦးဘိုကြီးဖြစ်၍ ဘူတာရုံနှင့် မနီးမဝေး၌ သုပိုင်အိမ်ကလေးတစ်လုံးရှိ၏။ အိမ်အပေါ်ထပ်အဘိုးကြီးလင်မယားနေထိုင်း၍စေသောတူမကလေးတစ်ယောက် နေထိုင်၍ အောက်ထပ်တွင် မီးရထားမမီလိုက်



www.burmeseclassic.com

www.burmeseclassic.com


သော ခရီးသည်များ အချိန်မတော်တွင် ဆိုက်လာသော မီးရထားများမှ ခရီးသည်များကို အကာယ်၍ သူ၏ထမင်းဆိုင်၌ ထမင်းစားခဲ့သော် အခမဲ့နေခွင့်ပြု၏။ ဤသို့ကြားသိရခြင်းမှာ ကျွန်တော့်အတွက် အခွင့်အရေးကောင်းတစ်ခုပင် ဖြစ်တော့၏။

သို့နှင့် ကျွန်တော်လည်း ဆိုင်ရှင်ဦးဘိုကြီးနှင့် စကားလက်ဆုံကျကာ ကျွန်တော့်မှာ အင်းစိန်မြို့တွင် အသိအကျွမ်းဟူ၍ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အင်းစိန်တွင်လေးငါးရက်မျှနေ၍ အလုပ်အကိုင် ရှာလိုကြောင်း၊ လက်ထဲတွင်လည်း ငွေလေးငါးကျပ်မျှသာ ပါရှိရကား ထိုအတွင်းဦးဘိုကြီးထမင်းဆိုင်၌သာ စားမည်ဖြစ်၍ အိမ်အောက်ထပ်တွင် ကျွန်တော့်အား ခေတ္တတည်းခိုခွင့်ပြုပါမည်ဖြစ်ကြောင်းနှင့် တောင်းပန်ရလေရာ နောက်ဆုံး၌ တစ်နေ့လျှင် နံနက်စာ ညစာအတွက် တစ်ကျပ်ကျပေး၍ အောက်ထပ်၌ အခမဲ့နေထိုင်ရန် သဘောတူလေ၏။

သို့နှင့် ကျွန်တော်လည်း ဦးဘိုကြီးဆိုင်ပိတ်ရာတွင် ကူညီလုပ်ကိုင်ပေးပြီးလျှင် အိမ်သို့သယ်ယူရန်ရှိသည့် ပန်းကန်ခွက်ယောက်စသော ပစ္စည်းများကိုလည်း ကူညီ၍ သယ်ယူခဲ့၏။ အိမ်သို့ရောက်သောအခါ ဦးဘိုကြီးသည် ကျွန်တော့်အား တည်းခိုရန် နေရာသာမက သင့်ဖြူး၊ ခေါင်းအုံးနှင့် စောင်ကလေးများပင် ပေးရှာ၏။

ဦးဘိုကြီး၏ အိမ်၌တည်းခိုကာ အလုပ်အကိုင်ရှာဖွေလျက်ရှိရာ မည်သည့်နေရာတွင်မျှ အပေါက်အလမ်းမတည့်ဘဲ ၆ ရက်မြောက်သောနေ့၌ ကျွန်တော်၏လက်ထဲတွင် ငွေတစ်ကျပ်မျှ ကျန်ရှိတော့၏။ နောက်တစ်နေ့အတွက် ထမင်းဖိုးပေးပြီးခဲ့သော် ကျွန်တော်၏ဘဝမှာ လမ်းဆုံးသို့ ရောက်ပေတော့မည်။ ငွေဆိုသည်မှာ လက်ထဲတွင် အမြောက်အမြား ကိုင်နေရသောအခါ တန်ဖိုးကိုမသိသော်လည်း ကျွန်တော်၏ အခြေအနေမျိုးကဲ့သို့ ကုတ်ကတ်စွာ ရှာဖွေရသောအခါ၌မူ ၎င်း၏တန်ဖိုးကို တိကျစွာ သိရတော့၏။ တစ်ပဲ၏တန်ဖိုး၊ တစ်မူး၏တန်ဖိုး၊ တစ်မတ်၏တန်ဖိုးတို့ကို ကောင်းစွာ နားလည်တော့၏။


www.burmeseclassic.com

www.burmeseclassic.com

ထိုည၌ ကျွန်တော်လည်း ရုတ်တရက် အိပ်မပျော်နိုင်သေးသည်နှင့် လက်ဖက်ရည်ကြမ်းကို ဆေးပြင်းလိပ်နှင့်မြည်းကာ ကျွန်တော်၏ ဆိုးရွားသောကံကြမ္မာနှင့် ရှေးဟောင်းနှောင်းဖြစ်များကို စဉ်းစားလျက် ရှိလေ၏။ ထိုအချိန်၌ ဦးဘိုကြီးသည် ကျွန်တော့်အိပ်ရာအနီးသို့ ရောက်လာပြီးလျှင် လက်ဖက်ရည်ကြမ်းတစ်ခွက်ကို သောက်ပြီးနောက် ကျွန်တော့်အား အလုပ်အကိုင်အကြောင်းနှင့် ပတ်သက်၍ မေးမြန်းလျက်ရှိရာ ကျွန်တော်ကလည်း မည်သည့်နေရာတွင်မျှ မရရှိသေးကြောင်းဖြင့် ဟုတ်မှန်သည့်အတိုင်း ဖြေဆိုရလေ၏။

ထိုအခါ ဦးဘိုကြီးသည် တစ်စုံတစ်ရာကို တွေးတောနေသည့်ဟန်နှင့် ဆေးပေါ့လိပ်တိုကို မီးညှိ၍ သောက်ပြီးနောက် -

"အင်း ငွေဆိုတာ ရှားတဲ့လူမှာလည်း ဆေးဖော်ရမလောက်ရှားပြီး ပေါတဲ့လူမှာတော့ ကျိုကျိုတက်အောင် ပေါတာပါပဲလေ။ မောင်ဘထက် ဆင်းရဲတာမြင်ရတော့ ရွှေဒင်္ဂါးတွေချည်းစုပြီး ချမ်းသာတဲ့ ဦးဘတိုးကို ကျုပ်ကသွားပြီး သတိရလို့"

"ဦးဘတိုးဆိုတာက ဘယ်သူလဲခင်ဗျ"

"ကျုပ်တို့မြို့က အငြိမ်းစားဝန်ထောက်ကြီး ဦးဘတိုး ဆိုတာပေါ့။ ငွေသားတော့ ဘယ်လောက်ရှိတယ်ဆိုတာမပြောတတ်ဘူး။ သူစုထားတဲ့ရွှေဒင်္ဂါးချည်းပဲ ကျုပ်စိတ်ထင် ခွက် ၅၀ ထက် နည်းမယ်မထင်ဘူး"

"ဘယ်လို စုနည်းလဲခင်ဗျ"

"ဒီလိုမောင်ဘထက်ရဲ့ သူက နဂိုကတည်းက ပစ္စည်းဥစ္စာနဲ့လည်း ပြည့်စုံပြန်၊ နိုင်ငံခြားတွေလည်း ရောက်ဖူးပြန်တော့ အနောက်နိုင်ငံကဆိုရင်လည်း အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှား၊ ဂျာမနီ ပြီးတော့ တခြားနာမည်တွေတော့ ကျုပ် မခေါ်တတ်ပါဘူးဗျာ။ နိုင်ငံငယ်ကလေးတွေကရော ဟို ရှေးရောမလူမျိုးတွေရဲ့ လက်ထက်က ရွှေဒင်္ဂါးတွေတောင် သူ့ဆီမှာ ရှိသေးသတဲ့၊ အရှေ့တိုင်းကဆိုရင့်လည်း တရုတ်ပြည်၊ ဂျပန်ပြည်၊ ပသျှူး၊ ယိုးဒယား၊ စင်ကာပူက ရွှေဒင်္ဂါးအမျိုးမျိုးတွေ၊ ကျုပ်တို့ မြန်မာပြည်ကဆိုရင်လည်း ဟိုးရှေးက ရွှေဒင်္ဂါးတွေ ရွှေဘယက်ခွက်တွေ ရွှေဒေါင်းရုပ်တွေကို သူက ခုနစ်၊ သက္ကရာဇ်အစီအစဉ်တွေနဲ့ တစ်ခါတည်း စုဆောင်းလာတာကို မောင်ဘထက်ရဲ့"


www.burmeseclassic.com

www.burmeseclassic.com



"ဒီဟာလည်း ဝါသနာတစ်မျိုးပေါ့ခင်ဗျာ"

"ဝါသနာလည်းပါလို့၊ ပိုက်ဆံလည်း ချမ်းသာလို့ စုနိုင်တာပေါ့လေ"

"သူ့ကုသိုလ်နဲ့သူ ဖြစ်လာတာပခင်ဗျာ"

"ကုသိုလ်ဆိုတာလည်း ဟုတ်တာပေါ့ မောင်ဘထက်ရဲ့။ ဒါပေမဲ့ ကုသိုလ်ရှိတဲ့လူက ရှာထားတဲ့ပစ္စည်းကို၊ ဉာဏ်ရှိတဲ့လူက ကြံပြီး ယူရင်ကော မရနိုင်ဘူးလား"

"ဟာ ရနိုင်တာပေါ့ခင်ဗျ"

"ပိုက်ဆံသာ ချမ်းသာတယ်။ အိမ်မှာ ဒရဝမ်မထားဘူး။ အစောင့်အရှောက်မရှိဘူး။ သူတို့လင်မယား နှစ်ယောက်နဲ့ အိမ်မှာနိုင်းတဲ့လူတစ်ယောက် နှစ်ယောက်ပဲရှိတယ်။ ပြီးတော့ တိုက်ကလည်း တိုက်အိုကြီးအောက်ထပ် ပြတင်းပေါက်တွေမှာ သံတိုင်တောင်မရှိဘူး။ ကြံမယ်ဆိုရင် တကယ် အဝင်ရလွယ်တဲ့အိမ်ပေါ့ မောင်ဘထက်ရယ်"

"ဘယ်နားကတိုက်လဲခင်ဗျ"

"ဘူတာရုံသွားတဲ့လမ်း ဟိုထောင့်ကွေ့က တိုက်အိုကြီးပေါ့"

"ဪ..."

"ပြီးတော့လည်း မောင်ဘထက်ရယ်၊ ဝန်ထောက်ကြီးက အသက် ၅၅ နှစ် ၅၆ နှစ်လောက်ရှိပြီ။ မင်းကတော်ကလေးက အစိတ်လောက်ပဲ ရှိဦးမယ်"

"ငွေရှိရင် မိန်းမ အသက်ငယ်ငယ် ချောချောရနိုင်တာပေါ့ခင်ဗျာ"

"ဒီဟာတင် မကသေးဘူး မောင်ဘထက်ရဲ့။ မင်းကတော်ကလေးက အစက အပြိမ့်သမဆို ထင်ပါရဲ့၊ နောက်ဆုံးပြောကြပါစို့ရဲ့၊ ဝန်ထောက်ကြီးမှာ ပစ္စည်းချမ်းသာပေမဲ့ မင်းကတော်လေးကို စိတ်မချနိုင်တာက ဒုက္ခတစ်ခုပဲတဲ့"

"အရွယ်ကြီးမှ အသက်ငယ်ငယ်နဲ့ မယားချောချောရတဲ့လူများ ဒီလိုပေါ့ခင်ဗျာ"

"အေးလေ...ကြမ်းကြားလေကြားသူများအကြောင်းပြောရတာမကောင်းပါဘူး"

ဦးဘိုကြီး ထွက်သွားသောအခါ ကျွန်တော်လည်း ကျွန်တော့်လက်ရှိအခြေအနေကို ပြန်၍စဉ်းစားမိ၏။ နောက်တစ်နေ့တွင် ဦးဘိုကြီးအား ငွေတစ်



www.burmeseclassic.com

www.burmeseclassic.com



ကျပ်ပေးပြီးနောက်ကျွန်တော့်လက်ထဲတွင်တစ်ပြားတစ်ချပ်မျှကျန်ရှိတော့မည်မဟုတ်ပေ။

ထိုအခါ ကျွန်တော်၏စိတ်များသည် ငါဘာပဲဖြစ်ဖြစ် ငွေရအောင်လုပ်မယ်ဟူ၍ အကျိုးအကြောင်း ဆင်ခြင်စဉ်းစားတတ်ခြင်း တရားများ လက်လွှတ်ကာ မည်သည့်နေရာမဆို လုပ်ရဲကိုင်ရဲသောစိတ်မျိုး ပေါ်ပေါက်၍ လာလေတော့၏။ မိမိ၏ ကမ္ဘဝစရိုက်ဘုသိလ်က အကျိုးပေးကို မစဉ်းစားတော့ဘဲ "ချမ်းသာအောင် လုပ်ရင် ချမ်းသာရမည်။ ပိုက်ဆံကြေးငွေကို တရားသဖြင့် ရှာဖွေ၍ မရခဲ့သော် မတရားသောနည်းလမ်းဖြင့် ရှာဖွေရမည်။ ငတ်၍အသေခံမည်လော၊ ချမ်းသာသောသူ၏ အိမ်ကိုဝင်၍ ကိုက်ခိုက်ခိုးယူမည်လော။ လူကို မဆိုထားဘိဦး တိရစ္ဆာန်သော်မှပင် ငတ်လျှင်ခိုး၍ စားသောက်၏။ ငါသည် လူတစ်ယောက်ဖြစ်၏။ လူဖြစ်လျက်နှင့်အငတ်မခံတော့ပြီ၊ ငတ်၍သေရခြင်းထက် ထောင်ထမင်းကိုစားရခြင်း၊ သံခြေချင်းကိုဝတ်ရခြင်းတို့က ပို၍မြတ်၏" ဟု အောက်မေ့မိ၏။

ကျွန်တော်သည် ရုတ်တရက် အိပ်မပျော်နိုင်သေးဘဲ ဦးဘိုကြီးပြောသော စကားများကိုပြန်လှန် စဉ်းစားလျက်ရှိ၏။ "ပိုက်ဆံချမ်းသာတယ်၊ အိမ်မှာ ဒရဝမ်မထားဘူး။ အစောင့်အရှောက် မထားဘူး။ သူတို့လင်မယား နှစ်ယောက်နဲ့ ခိုင်းတဲ့ လူတစ်ယောက်နှစ်ယောက်ပဲ ရှိတယ်။ ပြီးတော့ တိုက်ကလည်း တိုက်အိုကြီး အောက်ထပ် ပြတင်းပေါက်တွေမှာ သံတိုင်တောင် မရှိဘူး။ ကြံမယ်ဆိုရင် တကယ် အကြံရလွယ်တဲ့အိမ်ပေါ့ မောင်ဘထက်ရယ်" ဟု ရေလာမြောင်းပေး ပြောလိုက်သော ဦးဘိုကြီး၏ စကားများကို နားနားတွင် နောက်တစ်ကြိမ် ထပ်၍ ပြောနေဘိသကဲ့သို့ ကြားယောင်လျက် ရှိလေ၏။ သို့နှင့် ကျွန်တော်လည်း အတော်ညဉ့်နက်မှ အိပ်ပျော်သွားလေသည်။

❖ ❖

နောက်တစ်နေ့သည်ကား ကျွန်တော်၏ဘဝတွင် အစွန့်စားရဆုံးအလုပ်တစ်ခုကို လုပ်ရမည့်နေ့ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် နံနက်ခင်း၌လည်းကောင်း၊ နေ့လယ် လူပြတ်ချိန်၌လည်းကောင်း၊ တိုက်နံဘေးရှိ သော်ကချုံများဘေးမှကပ်၍ လျှောက်ကာ တိုက်နေပုံ၊ ပြတင်းပေါက်များရှိနေပုံ၊ လူနေအိပ်ခန်းများနှင့် မီးဖိုခန်းထားပုံ၊ ခြံတွင်းသို့ဝင်နိုင်သော စည်းရိုးများ ပျက်နေသည့်နေရာမှစ၍ လမ်းမာတ်မီးတိုင်နှင့် အကွာအဝေးများ၊ မှောင်ရိပ်ရှိနေမည့် နေရာများကို တစေ့တစောင်း ကြည့်ရှုမှတ်သားလျက်ရှိလေ၏။

ကျွန်တော်သည် သူခိုးတစ်ယောက်ပင် မဟုတ်စေကာမူ သူခိုးတို့မည်သည်မိမိတို့ ဝင်ရောက်ခိုးယူမည့် အိမ်ကို အတွင်းအပြင်ကြည့်၍ ထားရခြင်း၊ အဝင်အထွက်ကို သိရခြင်း၊ ဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရခြင်း စသည်တို့ကိုပြုလုပ်ထားရမည်ဟု နားလည်ပြီး ဖြစ်၏။

ထိုညသည်ကား ဆီးနှင်းများအတော်ပင်ကျသောည ဖြစ်သဖြင့် အချိန်မှာ ၁၀ နာရီထိုးပြီးနောက် လမ်းများ၌ လူပြတ်လျက် ရှိနေလေပြီ။ ပြည်စာပို့ရထားမှာ ၁၁ နာရီ ကျော်ကျော်ခန့်တွင် ထွက်သွားပြီဖြစ်၍ ခရီးသည်များ မီးရထားမှဆင်းပြီးနောက် ဆိုင်တံခါးများမှာပိတ်လျက် ဘူတာရုံတစ်ဝိုက်၌ပင် အတော်ရှင်းလင်းလျက် ရှိနေ၏။ ကျွန်တော်သည် အင်းစိန်-ရန်ကုန် လမ်းမကြီးဘက်မှလျှောက်လာကာ အငြိမ်းစားဝန်ထောက်ကြီး ဦးဘတိုးခြံအနီးသို့ ရောက်သောအခါ လမ်းဘေးရှိ သစ်ပင်ရိပ်တစ်ခုအောက်သို့ ဝင်ပြီးလျှင် သစ်ပင်ကို ကပ်လိုက်လေ၏။ ကျွန်တော်၏အကြံမှာ ထိုသစ်ပင်ရိပ်သည် ခြံ၏ စည်းရိုးပျက်နေသောနေရာတစ်ခုနှင့် အနီးဆုံးဖြစ်သဖြင့် လူအပြတ်ဆုံးသောအချိန်၌ ခြံတွင်းသို့ထိုအပေါက်မှ ဝင်ရန်ဖြစ်လေသည်။ မကြာမီ မီးရထားဘူတာရုံဘက်မှ ၁၂ နာရီထိုးချောင်းခေါက်သံကို ကြားရ၏။

လမ်းဘက်နှင့် အဝေးဆုံး ပြတင်းပေါက်မှာ မှန်များတပ်ထားပြီးလျှင် မှန်တစ်ချပ်၊ နှစ်ချပ် ကွဲနေသည်ကို ကျွန်တော် နေ့လယ်ကပင် တွေ့မြင်ထားပြီးဖြစ်၏။ ကျွန်တော်ဝင်မည့် ပြတင်းပေါက်မှာ ထိုပြတင်းပေါက်ဖြစ်၍ ထိုပြတင်းပေါက်နှင့် ၁၀ ပေခန့်အကွာတွင် ရွက်လှပင်အုပ်ကြီး ရှိ၏။

အချိန်မှာ ၁၂ နာရီထိုးပြီးပြီဖြစ်၍ ပတ်ဝန်းကျင် တစ်ခုလုံးသည် တိတ်ဆိတ်လျက်ရှိရာ ခြံတွင်းမှ ပိုးမွှားများမြည်သံကို လည်းကောင်း၊ သီချင်းဆိုသံကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ကွဲပြားစွာကြားရ၏။ ကျွန်တော်သည် တောင်မြောက်လေးပါးကို ကြည့်ပြီးနောက် သစ်ပင်ရိပ်အောက်မှ ခြံစည်းရိုးသို့ကပ်ကာ သော့ကချိုအပေါက်မှ အတွင်းသို့ဝင်လိုက်၏။ ထို့နောက် ခေတ္တရပ်တန့်ပြီးလျှင် ရှက်လုပင်ဆီသို့ပြေး၍ ကပ်လိုက်၏။

ဤနေရာတွင် တစ်ခဏမျှ ရှိနေပြီးနောက် ကျွန်တော်သည် မှောင်ရိပ် အကျဆုံးသောနေရာမှပြတင်းပေါက်ဆီသို့တဖြည်းဖြည်းချဉ်းကပ်လေ၏။ ထိုအချိန်၌ ကျွန်တော်သည်အိတ်ဆောင်မောင်းချဓားကြီးကိုဖွင့်လိုက်လေပြီ။ ပြတင်းပေါက်မှာ မှန်ပေါင်များပင် ဆွဲမြည့်နေပြီဖြစ်၍ မြောက်လက်ချထားသော နေရာနှင့် အနီးဆုံးမှ မှန်ချပ်ပေါင်ကို ရှေးဦးစွာ ဓားဦးဖြင့်ကပ်၍ လိုးဖြတ်လေရာ မကြာမီ ပေါင်လေးဖက် ပြုတ်သွားသည်နှင့် မှန်ချပ်ကို အလွယ်တကူ ထုတ်ယူနိုင်လေ၏။ အလုပ်ကား ထက်ဝက်ခန့် ပြီးမြောက်လေပြီ။ ထို့နောက် ကျွန်တော်သည် အတွင်းသို့ လက်လျှိုကာ မြောက်လက်ကိုချလိုက်ရာ ပြတင်းပေါက်လည်း ပွင့်၍ သွားလေ၏။

တိုက်အတွင်း၌ကား ခေါင်းရင်းဘက်တွင် အတန်ငယ် လင်းလျက်ရှိ၏။ သို့သော် အလင်းရောင်မှာ လွန်စွာ မှေးမှိန်လျက်ရှိပြီးလျှင် ထူထဲသော ခန်းစီး တစ်ခုလည်း ကာထားသဖြင့် ပြတင်းပေါက်ဘက်တွင် မှောင်နှင့်မည်းမည်း ရှိနေ၏။ ကျွန်တော်သည် သူခိုးတို့ထုံးစံအတိုင်း အထဲသို့ ရုတ်တရက်မဝင်သေးဘဲ အိမ်တွင်းမှ အသံများကို နားထောင်လျက်ရှိရာ တစ်အိမ်လုံးမှာ ဆိတ်ငြိမ်လျက် ရှိသည်ကို တွေ့ရ၏။ ဝင်း၏အပြင်မှ ခွေးဟောင်သံတစ်သံကိုကြားရသဖြင့် အုတ်နံရံအကွယ်တွင် ခေတ္တ စောင့်ဆိုင်းနေသေး၏။ သို့သော် မကြာမီ ခွေးဟောင်သံ တိတ်သွားသဖြင့် ကျွန်တော်လည်း အိမ်တွင်းသို့ ပေါ့ပါးစွာခုန်၍ ဝင်လိုက်လေ၏။

မှောင်ရိပ်တွင် တစ်ခဏမျှ စောင့်ဆိုင်းနေပြီးနောက် ခေါင်းရင်းဘက်မှ ခန်းဆီးကို လက်နှင့် ဖယ်ရှားလိုက်လေ၏။

"လာသာလာပါ…မျှော်နေပါတယ်"

ကျွန်တော်၏နောက်မှ ဖြည်းညှင်းသာယာသော အသံတစ်သံကိုကြား လိုက်ရသဖြင့် ကျွန်တော်သည် တန့်ခနဲဖြစ်၍သွားကာ ကိုယ်ကိုအုတ်နံရံနှင့်ကပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ကျွန်တော်၏ တစ်သက်တွင် ဤမျှလောက် တစ်ကြိမ်မျှ တုန်လှုပ်သွားဖူးသည် မရှိချေ။ အသံကြောင့် ကျွန်တော်နောက်သို့ လှမ်း၍ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် မီးလင်းလျက်ရှိသော ဖယောင်းတိုင် တစ်တိုင်ကို ကိုင်ကာ ညဉ့်ဝတ်အင်္ကျီအဖြူကို ဝတ်၍ထားသော မိန်းမတစ်ယောက်၏ ပုံသဏ္ဍာန်ကို မြင်ရ၏။ မိန်းမမှာ အရွယ်အားဖြင့် ၂၅ နှစ်ထက် ကြီးမည်မဟုတ်ဘဲ ကျွန်တော်၏နောက်ရှိမလွယ်ပေါက်တစ်ပေါက်ထွက်လာဟန်ရှိလေသည်။ မြှောက်၍ထားသော ဖယောင်းတိုင်ကလေးမှာ ဖွေးဖွေးဖြူသော သူ၏ လက်ကလေးထဲတွင် အတန်ငယ်တုန်လျက် ရှိလေ၏။ မျက်နှာမှာ ကြောက်စိတ်နှင့် ဖြူဖပ်ဖြူရော်ရှိနေပြီးလျှင် မျက်လုံးနှစ်လုံးမှာလည်း သန်းခေါင်ယံအချိန်ကဲ့သို့ မည်းမှောင်နက်ကြုတ်ကာ အတိုင်းမသိ နက်လှသော ချောက်နှစ်ခုနှင့် တူလှပေ၏။ ဖြူဖတ်ဖြူရော်မျက်နှာနှင့် ဖြူဆွတ်သော အဝတ်များဝတ်ကာ ခပ်မှိန်မှိန်ရှိနေသော အလင်းရောင်၌ ရပ်နေသော သူမ၏သဏ္ဍာန်မှာ လူစင်စစ်မှုပင် ဟုတ်ပါလေ၏လောဟု ထင်မှတ်လောက်ပေ၏။ ကျွန်တော်လည်း ကြက်သေသေသကာသူကဲ့သို့ပင် ကြောက်ရွံ့တုန်လှုပ်လျက် ရှိရကား အကယ်၍ ကျွန်တော်၌သာ ထွက်ပြေးနိုင်စွမ်းရှိက မုချ ထွက်ပြေးမည်ဖြစ်၏။ ကျွန်တော့်မှာ နေရာမှမရွေ့လျားနိုင်လောက်အောင်ပင် တုန်လှုပ်လျက်ရှိနေ၏။

ထို့နောက် တစ်ခဏကြာမှ ကျွန်တော်တို့မှာ အသီးသီးပြန်၍ သတိရလာဟန်တူလေသည်။

"မကြောက်ပါနဲ့ရှင်...ရွက်လှပင်အုပ်ကလေးနားမှာရှင်ကပ်နေကတည်းက ကျွန်မအိပ်တဲ့အိပ်ရာ ပြတင်းပေါက်ကနေပြီး ကျွန်မမြင်လိုက်လို့ အောက်ဆင်းလာတာပဲ။ ရှင်သာ ခဏစောင့်နေမယ်ဆိုရင် ကျွန်မက ပြတင်းပေါက် ဖွင့်ပေးမလို့ပဲ၊ ဒါပေမဲ့ အပြင်ကနေပြီး ရှင်က ဓားနဲ့ ကလန့်ဖွင့်တာကို"

သူကား အိမ်ရှင်မဖြစ်ဟန်ရှိ၍ အိမ်ရှင်မတစ်ယောက်က သူခိုးအား ဤကဲ့သို့ ပြောနေသည်မှာ ကျွန်တော်၏နားကိုပင် ကျွန်တော် မယုံကြည်နိုင်သကဲ့သို့ ရှိတော့၏။ အသွားတစ်မိုက်ခန့်ရှိသော မောင်းချဓားကြီးလည်း ကျွန်တော်၏လက်ထဲ၌ပင်ရှိနေသေး၏။ ကျွန်တော့်မှာကာကီရုပ်အင်္ကျီခပ်စုတ်စုတ်နှင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ တနင်္ဂနွေတစ်ပတ်ခန့်မျှ မရိတ်မဖြတ်ဘဲ ထားရသည့် မုတ်ဆိတ်မွေးများဖြင့် လည်းကောင်း၊ တွန့်လိမ်ကောက်ကျစ်လျက် ပြောင်းဖူးမွေးကဲ့သို့ ရှိနေသော ဆံပင်ဖြင့်လည်းကောင်း ရှိနေရာ ကြောက်မက်ဖွယ်ကောင်းသော ရုပ်သွင်ကိုဆောင်၍နေပေမည်။ သို့ပင်ဖြစ်လင့်ကစား အိမ်ရှင်မိန်းမသည် ချစ်သူနှင့် ချိန်းချက်တွေ့ဆုံသော မိန်းမပျိုကလေး တစ်ယောက်ကဲ့သို့ ကျွန်တော်၏ မျက်နှာကို ရွှန်းရွှန်းစားစားကြည့်လျက် ရှိနေလေသည်။ ထို့နောက် ကျွန်တော်၏ ရုပ်အင်္ကျီကို ဖြည်းညင်းစွာဆွဲ၍ အခန်းတွင်းသို့ ခေါ်သွားလေရာ ကျွန်တော်လည်း တစ်စုံတစ်ရာ မပြောနိုင်ဘဲ လိုက်ပါသွားရလေ၏။

BURMESE CLASSIC

ကျွန်တော်မှာ စိတ်ကောင်းသူ ဖြစ်သော်လည်း ကြမ်းသင့်သည့် အခါ၌မူ ကြမ်းနိုင်၏။ သို့နှင့် ကျွန်တော်လည်း ခက်ထန်မာကျောသောအသံဖြင့်

“ဘာလဲဗျ ဒီဟာက ဘာလုပ်တာလဲ။ ကျုပ်ကို တစ်ပတ်ရိုက်မယ်များတော့ မကြံနဲ့နော်။ ခင်ဗျား သေသွားမယ်။ ဟောဒီမှာ ကျုပ်လက်ထဲက ဓားကြည့်စမ်း”

“တစ်ပတ်ရိုက်တာမဟုတ်ပါဘူးရှင်။ ကျွန်မက ရှင့်မိတ်ဆွေပါရှင့်။ တစ်ပတ်မရိုက်တဲ့အပြင် ရှင့်ကိုတောင် ကူညီဦးမလို့ပါ”

“ဒီလိုဆိုရင် ကျွန်တော်ပြောမိတာ စိတ်မရှိပါနဲ့ခင်ဗျာ။ နေပါဦးခင်ဗျာ။ ကျွန်တော့်ကို ဘာကြောင့် ကူညီချင်ရတာလဲ”

“ဒါကတော့ ကျွန်မအကြောင်းရှိလို့ပေါ့ရှင်”

အိမ်ရှင်မ၏ စူးရှနက်မှောင်သော မျက်လုံးများမှာ အရောင်တဖိတ်ဖိတ်တောက်၍နေဘိသကဲ့သို့ ရှိလေ၏။ ထို့နောက် သူက ဆက်လက်၍-

“သူ့ကို မုန်းလို့ပေါ့ရှင့်...မုန်းလို့... မုန်းလို့။ သူ့ကိုမုန်းလို့ကဲ သိပြီလား”

ထိုအခါ ကျွန်တော်လည်း ထမင်းဆိုင်ရှင် ဦးဘိုကြီးပြောသော စကားများကို ချက်ချင်း ပြန်၍ အမှတ်ရမိ၏။ အိမ်ရှင်မ၏ နက်ရှိုင်းသော မျက်လုံးအိမ်အတွင်းမှ မျက်လုံးအစုံကို ကြည့်ရတာဖြင့် ယုံကြည်ကိုးစားလောက်ပေ၏။ သူသည် လင်ဖြစ်သူအား မုန်းတီးသည့်အတွက် လက်စားချေလိုဟန်တူ၏။ ပျင်းမက်သော လင်ယောကျ်ားအား ပစ္စည်းကို မတရားဖြုန်းတီးပစ်ခြင်းဖြင့် လက်စားချေလိုဟန်တူ၏။ လင်ဖြစ်သူအား ခါးခါးသီးသီး မုန်းတီးခြင်းကြောင့်သာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကဲ့သို့ သူခိုးတစ်ယောက်အား"မာန်ချကာ ခယပြောဆိုခြင်း ဖြစ်ပေမည်။ မုန်းတီးသော သူ၏ဒေါသကို ထိုအခါမှ ကျွန်တော်သည် သူ၏ တောက်ပြောင်သော မျက်လုံးများထဲတွင် ကောင်းစွာ မြင်ရလေသည်။ သူ မျက်လုံးအစုံကား လူကို ပေါက်အံ့ဆဲဆဲ ရှိနေသည့် မြွေဟောက်မ မျက်လုံးများပေတည်း။

အိမ်ရှင်မသည် ကျွန်၏ရှပ်အင်္ကျီကို လည်ပင်းနားမှ ယုယစွာ ဆွဲလိုက်ပြီးနောက် ချိုသာလှသောအသံဖြင့် -

"ကျွန်မကို ယုံပြီမဟုတ်လားဟင်"

"ယုံပါပြီ မင်းကတော်"

"ဒါဖြင့် ကျွန်မဘာယ်သူဆိုတာ ရှင်သိပြီပေါ့"

"ဟုတ်ကဲ့ ကျွန်တော်ခန့်မှန်းမိပါပြီ"

"ကျွန်မဟာဒီအဘိုးကြီးလက်ထဲမှာဝင်္ခံနေရတယ်ရှင့်။သူ့မှာအချစ်လည်း မရှိဘူး။ မေတ္တာစိတ်လည်း မရှိဘူး။ လောကမှာ သူသိတာ တစ်ခုတည်းရှိတယ်၊ ဘာလဲ သိလား။ ရွှေ၊ ရွှေ၊ ရွှေ၊ သူ့ရွှေလောက်ပဲ သူသိတယ်၊ ဒီလောက်မက်လှတဲ့ ရွှေတွေကို ဒီည ရှင်လိုချင်သလောက် ယူသွားပေါ့။ ရှင့်လက်ထဲကို ထည့်လိုက်မယ်။ ရှင့်မှာ ထည့်စရာ အိတ်ပါသလား"

"မပါဘူး မင်းကတော်"

"ရှင့်နောက်က တရုတ်ကတ်တွေ ပိတ်လိုက်ဦးလေ။ အပြင်ကနေပြီး မီးရောင်ကို မြင်ရတယ်။ ကိုင်း၊ လာရှင် မကြောက်ပါနဲ့တော့။ ရှင်ဘေးကင်းပါပြီ။ ပြီးတော့ အစေခံတွေလည်း ဟိုဘက်ဆုံးအခန်းမှာ အိပ်နေကြပါတယ်။ ဘာမှ စိုးရိမ်စရာမရှိဘူး။ သည်တော့ အဖိုးတန်ပစ္စည်းတွေကို ကျွန်မပြမယ်။ အဖိုးအထိုက်ဆုံးကို ရှင် ရွေးယူပေါ့"

ကျွန်တော် ရောက်ရှိနေသော အခန်းမှာ အမိုးနိမ့်လျက် အတော်ရှည်လျားသော အခန်းရှည်ကြီး ဖြစ်၏။ ကြမ်းပြင်မှာ အရောင်တင်၍ထားလျက် တစ်ဖက်နံရံတွင် ကျားရေ၊ ကျားသစ်ရေ၊ ဝက်ဝံရေ၊ သမင်ချိုနှင့် ပြောင်ချိုများကို ဆွဲချိတ်ထား၏။ အခြားနံရံ၌မူ ငွေဓားများ၊ ပန်းဖွားတပ်သည့် လှံရှည်ကြီးများ၊ ဒိုင်းများ



www.burmeseclassic.com

www.burmeseclassic.com

ရှိ၏။ အခန်းထောင့်တွင် သေတ္တာကြီးငယ်များနှင့် လွယ်အိတ်များ ရှိ၏။ မင်းကတော်လေးသည် ရွက်ဖျင်လွယ်အိတ်တစ်လုံးကို ကောက်ယူကာ-

“ဒီလွယ်အိတ်ဆိုရင် တော်လောက်ပါပြီ။ ရော့ . . . ယူထား၊ လာ . . . ကျွန်မနောက်က လိုက်ခဲ့ပေတော့။ ရွှေတွေ ဘယ်မှာရှိတယ်ဆိုတာ ပြမယ်”

ကျွန်တော့်မှာ အိပ်မက်ထဲတွင် ဝိညာဉ်တစ်ခုနောက်သို့ လိုက်ပါသွားရဘိသကဲ့သို့ အိမ်ရှင်မ၏ နောက်မှ လိုက်ပါသွားလေ၏။ စိတ်ထဲတွင် အံ့ဩလည်း အံ့ဩလှ၏။ ရယ်လည်း ရယ်ချင်လှ၏။ သို့သော် ချောမောလှပသော မျက်နှာမှ တန်ခိုးကြီးလှသော သူ၏ မျက်လုံးများကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ရယ်ချင်စိတ်များမှာ တစ်ခါတည်း ပျောက်ကွယ်၍ သွားတော့၏။ သို့နှင့် ဖြူဖွေးသော သဏ္ဌာန်သည် ကျွန်တော့်ရှေ့မှာ ရှေ့ဆောင်၍ သွားလေရာ ကျွန်တော်တို့လည်း ပြတိုက်ကဲ့သို့ရှိနေသောအခန်းရှည်ကြီးအဆုံးတံခါးတစ်ခုသို့ရောက်လာလေ၏။

ထိုတံခါးမှ ဝင်ခဲ့ပြီးနောက် ကျွန်တော်တို့သည် အခန်းကလေး တစ်ခုသို့ ရောက်လာခဲ့ရာ ထိုအခန်းကလေးမှာ ကျဉ်းမြောင်းသော်လည်း လျှာထိုးပျဉ်များဖြင့် ပတ်လည်ကာရံထားသဖြင့် အတော်ပင် လုံခြုံသော အခန်းကလေးဖြစ်လေသည်။ အတွင်း၌ကား ရုပ်ဆိုင်များတွင် အလှဖန်းပြထားသည့် မှန်သေတ္တာကဲ့သို့ နံရံတွင်ကပ်၍ထားသော မှန်သေတ္တာများကို တွေ့ရ၏။ ထိုသေတ္တာများမှာ အလွန်ထူထဲချောမွေ့သော သစ်သားဖြင့် ခိုင်ခံ့စွာ ပြုလုပ်ထားလျက် အပေါ်ဘက်၌သာမှန်များကပ်၍ထားလေသည်။အတွင်း၌ကားကတ္တီပါအနက်ခံလျက် သူ့နေရာနှင့်သူ တပ်ဆင်ထားသော ရွှေဒင်္ဂါးကြီးငယ်များကို မြင်ရ၏။ ဒင်္ဂါးများမှာ တံဆိပ်အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးရှိလျက် ကတ္တီပါအနက်ကို နောက်ခံထားကာ ဖယောင်းတိုင်မီးရောင်တွင် ဝင်းပြောင် တောက်ပလျက် ရှိလေ၏။ ကျွန်တော်၏လက်များမှာမှန်ဗီရိုကိုဖွင့်လိုလှသောဆန္ဒဖြင့်ယားယံလျက်ရှိလေရာ မောင်းချခြားသွားဖြင့် သော့ခတ်ထားသော တံခါးတစ်ချပ်ကို ဖွင့်မည်ပြုလေသည်။

အိမ်ရှင်မိန်းမသည် ကျွန်တော်၏ ဓားကိုင်ထားသော လက်ကို အသာအယာ ဆွဲကိုင်လိုက်ပြီးနောက်-


www.burmeseclassic.com

www.burmeseclassic.com



"အို...ခဏနေပါဦးလေ။ သည့်ထက်ကောင်းတဲ့နည်းရှိပါတယ်"

"မင်းကတော်က အခုလို ကူညီတယ်ဆိုတာ သိပ် ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"နေဦး...ကျွန်မ တစ်ခု ပြောဦးမယ်။ ဒီဒင်္ဂါးတွေက နိုင်ငံမျိုးစုံက ရွှေဒင်္ဂါးတွေ၊ ရှားတာတစ်ခုပဲ ရှိတယ်။ သုံးရင် သည်လောက် အဖိုးမတန်လှဘူး။ ဒီမှာ သုံးတဲ့ ရွှေဒင်္ဂါးရရင် သာပြီး မကောင်းဘူးလား"

"ရရင် အကောင်းဆုံးပေါ့ခင်ဗျာ"

"ကျွန်မတို့ အခုနေတဲ့နေရာရဲ့ အပေါ်တည့်တည့်မှာ ကျွန်မယောက်ျား အိပ်တဲ့ ခုတင်ပဲရှင့်။ သုံးထစ်ရှိတဲ့ လှေကားကလေးက တက်သွားရင် ရောက်တာပေါ့"

"ဟုတ်လား"

"ဟုတ်တယ်ရှင့်။ အဲဒီ သူအိပ်တဲ့ အိပ်ရာအောက်က သံသေတ္တာကလေး ထဲမှာတော့ ကျွန်မတို့ မြန်မာပြည်သုံး ရွှေဒင်္ဂါးချည်းပဲ။ ရှင့်လွယ်အိတ်တစ်လုံး တော့ ပြည့်လောက်ပါတယ်"

"ဒါပေမဲ့ သွားယူရင် သူနိုးမှာပေါ့ခင်ဗျာ"

(ခက်ထန်သောမျက်နှာနှင့်) "နိုးတော့ ဘာဖြစ်လဲရှင့်။ မအော်နိုင်အောင် ရှင်မလုပ်တတ်ဘူးလား"

(လန့်၍သွားလျက်) "မဟုတ်တာခင်ဗျာ။ ကျွန်တော်ဒီလို မလုပ်ချင်ပါဘူး"

"ဒါတော့ ရှင့်သဘောပေါ့လေ။ ရှင့်ကြည့်ရတာ သတ္တိအတော်ကောင်းပုံ ရတယ်လို့ အောက်မေ့မိတာ ကျွန်မ အကဲခတ် မှားတာပေါ့။ သူခိုးလုပ်နေပြီး အဘိုးကြီးတစ်ယောက်ကို လုပ်ရမှာများ ကြောက်သလား။ ဒါနဲ့လည်း ရွှေကို လိုချင်ရသေးတယ်။ ဒါကတော့ ရှင့်အလုပ် ရှင်အသိဆုံးပေါ့လေ။ ဒီလောက်မှ မစွန့်ဝံ့ရင် ရှင်ဟာ ကုန်သည်လုပ်စားဖို့ပဲ ကောင်းတယ်"

"လူသတ်ရမယ့်အလုပ်တော့ ကျွန်တော် မလုပ်ဝံ့ပါဘူးခင်ဗျာ"

"ဘာပြောတယ်ရှင့်။ ကျွန်မက သတ်ရမယ် ပြောသလား။ မနိုင်ရင်နိုင်တဲ့ နည်းနဲ့ လုပ်ဖို့သာ ပြောတာ။ ရွှေဒင်္ဂါးသေတ္တာက သူ့အိပ်ရာအောက်မှာရှိတယ်။ နို့ပေမဲ့ ရှင်စိတ်မနိုင်ရင် မယူဘဲနေရုံပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မင်းကတော်သည် ကျွန်တော့်အား သူရဲဘောကြောင်သူ တစ်ယောက်ဖြစ်ကြောင်း လှောင်ပြောင်လိုသည့်မျက်နှာမျိုးဖြင့် ကြည့်ရှုလျက်ရှိလေ၏။ သူသည် ဝန်ထောက်ကြီး၏ အဖိုးတန်ပစ္စည်းများကို ယူစေရုံမျှမက ဝန်ထောက်ကြီးကိုပင် လက်စားချေလိုဟန်ရှိရာ ကျွန်တော့်အား သူ၏ လက်နက်သဖွယ် အသုံးပြုလိုဟန်ရှိ၏။ သူပြောသည့်အတိုင်း ရွှေသေတ္တာကို သွားရောက်ယူငင်က အဘိုးကြီးကိုသော်လည်း အနာတရ ပြုလုပ်ရပေမည်။ သို့မဟုတ် ကျွန်တော်ပင် အမိခံရပေမည်။ ကျွန်တော့်မှာ ဤနည်းလမ်း ၂ ခုအနက် ကြိုက်ရာတစ်ခုကိုသာ ရွေးချယ်ရပေတော့မည်။

"အပေါ်တော့ ကျွန်တော် မတက်ဘူးခင်ဗျာ။ ကျွန်တော် လိုချင်တာတွေ အောက်မှာရှိသားပဲ"

ထိုအခါ မင်းကတော်သည် ကျွန်တော့်အား ရွံရှာစက်ဆုပ်သော မျက်နှာထားနှင့် ကြည့်လိုက်၏။

"ကောင်းပြီ၊ ဒီမှန်ဗီရိုထဲက ရွှေဒင်္ဂါးတွေပဲ ယူပေတော့။ အရှည်ကျိုလိုက်ရင်တော့ မထူးပါဘူးလေ။ နို့ပေမဲ့ ကမ္ဘာပေါ်မှာ ဒုံရှားဆုံးပစ္စည်းတွေမို့ ဒီဟာတွေကို အဘိုးကြီးက သူ့အသက်ထက် ချစ်သေးတယ်။ နေပါဦးလေ ဓားနဲ့ ကော်ပြီး မဖွင့်ပါနဲ့ဦး။ ဒီဘက်မှာ ခလုတ်ရှိပါတယ်"

မင်းကတော်ကလေးသည် မှန်ဗီရိုနံဘေးတွင် ကပ်လျက်ရှိသော ခလုတ်ကလေးတစ်ခုကို နှိပ်လိုက်ရာ မှန်ချပ်ကလေးသည် အောက်မှ သံပတ်ခံ၍ တပ်ထားသဖြင့် အပေါ်သို့ ပွင့်သွားလေ၏။

ထိုအခါ၌ကား ကျွန်တော်သည် ရွှေဒင်္ဂါးများကိုပင် လက်ဖြင့် ကိုင်တွယ်ကြည့်ရှုနိုင်လေပြီ။

"ဟောဒီဘက်က စပြီးတော့ ယူပေတော့။ ဟော နားထောင်စမ်း၊ ဘာသံလဲ"

မင်းကတော်သည် ကျွန်တော့်အား သတိပေးသည့်ဟန်နှင့် လက်ညှိုးတစ်ချောင်းကိုထောင်ကာ တိုးတိုးပြောရာ ကျွန်တော်လည်း နားစွင့်၍ ထောင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com


ဆိတ်ငြိမ်လှသော အိမ်တစ်နေရာမှ အဝတ်များကို တိုက်ဆွဲလာသကဲ့သို့လည်းကောင်း၊ တစ်လှမ်းချင်း နင်းလာသော ခြေသံကဲ့သို့ လည်းကောင်း အသံတစ်သံကို ကြားရလေ၏။ မင်းကတော်သည် မှန်တံခါးကို ချက်ချင်းပြန်၍ ပိတ်လိုက်လေသည်။

(လေသံဖြင့်) "ဟုတ်ပါတယ် . . . သူ့ခြေသံပါပဲ။ ဒါပေမဲ့ မကြောက်နဲ့နော်၊ ကျွန်မ ကြည့်လုပ်မယ်။ နားလည်လား။ ဟိုဘက်က လိုက်ကာနောက်ဝင်လိုက်။ မြန်မြန်လုပ် . . . မြန်မြန်"

သို့ ပြောပြောဆိုဆိုနှင့်ပင် မင်းကတော်ကလေးသည် ကျွန်တော်၏ ပခုံးကို တွန်းလိုက်ရာ ကျွန်တော်လည်း လက်ထဲတွင် လွယ်အိတ်ကိုကိုင်လျက် လိုက်ကာနောက်သို့ရောက်သွားလေ၏။မင်းကတော်သည်ဖယောင်းတိုင်ကိုကိုင်ကာ ကျွန်တော်တို့ လာခဲ့သော အခန်းရှည်ကြီးဘက်သို့ ကူးသွားလေသည်။

"အစ်ကိုကြီးလား . . . ဟင်"

"အေးဟုတ်တယ်"

ခြေသံများသည် တဖြည်းဖြည်း နီးကပ်လာပြီးနောက် တံခါးဝသို့ ရောက်လာသော လူတစ်ယောက်၏ မျက်နှာကို ကျွန်တော် ပုန်းအောင်းနေရာမှ မြင်ရလေ၏။ မျက်နှာမှာ အရေများ တွန့်လိပ်ပြီးလျှင် ဆံပင်များလည်း ဖွေးဖွေးဖြူလျက် ရှိနေသော အဘိုးကြီးတစ်ယောက်၏ မျက်နှာဖြစ်၍ ကြက်တူရွေးနှုတ်သီးနှင့်တူသော နှာခေါင်းကောက်ကြီးပေါ်တွင် ရွှေကိုင်းမျက်မှန်ကိုပင် တပ်ဆင်ထားသေး၏။ အတော်ဝသော လူတစ်ယောက်ဖြစ်ပြီးလျှင် ဗိုက်ရွှဲရွှဲ မျက်နှာပြုံးရှိနေရကားသေးသွယ်လှပ၍နုပျိုလှသောမင်းကတော်ကလေးနှင့်နှိုင်းစာသော် မင်းသမီးနှင့် ဘီလူးကဲ့သို့ ရှိချေ၏။ သူသည် ဖယောင်းတိုင်ကို လက်ဖြင့်ကိုင်ကာ မင်းကတော်အား မနာလိုသော မျက်လုံးများဖြင့် စိန်းစိန်းကြည့်လျက် -

"မင်းစိတ် ဘာဖြစ်နေပြန်ပြီလဲကွယ့်။ အခုထက်ထိ မအိပ်သေးဘူးလား အနင်းရယ်"

"အိပ်လို့မပျော်သေးလို့ရှင့်"

(ယခင်က ပြောင်လှောင်သည့် လေသံမျိုးနှင့်ပင်)


www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ထင်တာ ပြောရမလား။ စိတ်ထဲမှာ သန့်ရှင်းတာဟာ အကောင်းဆုံး အိပ်ဆေးပဲ အနှင်းရဲ့"

"မဟုတ်တာရှင့်၊ ရှင်က သိပ်အိပ်ပြီးတော့"

"အင်းလေ မင်းကိစ္စတော့ မင်းအသိဆုံးပေါ့။ အများလုပ်မိမှကို အနှင်းရဲ့ ဒီတော့ သူ အကျိုးပေးသမျှပေါ့"

"ဒါကတော့ နှစ်ယောက်စလုံး မှားတာပဲ"

"ဒါပေမဲ့ မင်းက ညည်းဖနေစရာ မဟုတ်ပါဘူးကွယ်။ ငါက အမြင့်က အနိမ့်ကို ကျတယ်။ မင်းက အနိမ့်က အမြင့်ကို တက်တယ်"

"ကျွန်မလားရှင်၊ အနိမ့်က အမြင့်ကိုတက်တာ"

"ဟုတ်တယ်လေ၊ အငြိမ့်သမဘဝက မင်းကတော် ဖြစ်လာတာဟာ အနိမ့်က အမြင့်ကို တက်တာမဟုတ်ရင် ဘာလဲ။ ငါပဲ မှားပါတယ်ကွာ"

"မှားရင်လည်း မကွာပဲကိုရှင့်"

"ဒါကတော့ လူသိနတ်ကြား ဖြစ်တာထက် တိတ်တိတ်ပုန်း ကြိတ်မှိတ်ခံရတာကတော့သေးရဲ့လို့အောက်မေ့လို့ပဲအနှင်းရဲ့၊ပြီးတော့လည်းမင်းကိုငါ့မျက်စိအောက်မှာ ထားချင်လို့ပေါ့။ အခုတော့ ဟိုအကောင်ဆီ မင်း ပြန်မသွားနိုင်တော့ဘူး မဟုတ်လား"

"လူယုတ်မာကြီး။ ဟဲ့ တဏှာရူးကြီး"

"ဟုတ်ပါတယ်ဗျာ။ ကျုပ်က လူယုတ်မာကြီးပါ။ တစ်ခု ပြောလိုက်ပါပေရဲ့ မင်းကတော်၊ ဘသန်းဆီကို မင်းပြန်သွားရင် သူတောင်းစားလို ပြန်သွားရမယ် သိလား။ ငါ့ပစ္စည်းကိုတော့ ငါသေပြီကောလို့ နင်တို့ရမယ်များ မအောက်မေ့နဲ့။ ဟဲ့ ဟိုတရုတ်ကတ်က ဘာကြောင့် ဖွင့်နေတာလဲ"

"အိုက်လွန်းလို့ ဖွင့်ထားတာပါ"

"အချိန်မတော်မှာ ဖွင့်ရသလား အနှင်းရယ်။ လူဆိုးသူခိုးဆိုတာ စိတ်မချရဘူးမဟုတ်လား။ ပြီးတော့ အလုံခန်းတံခါးလည်းပွင့်လို့"

"ဒါကတော့ ကျွန်မဝင်လို့ ပွင့်နေတာပါ အစ်ကိုကြီးရဲ့၊ ကျွန်မဒီမှာ ရှိနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ မင်း ဒီရောက်နေတယ်ဆိုတာ ငါသိပါတယ်။ မှန်သေတ္တာထား တဲ့ အခန်းထဲက မင်းအသံကြားတာနဲ့ ငါဆင်းလာတာပဲ။ နေပါဦး၊ မင်းဒီမှာ ဘာ လုပ်နေရတာလဲ"

"ရွှေဒင်္ဂါးတွေ ကြည့်နေတာပေါ့ အစ်ကိုကြီးရဲ့၊ သည့်ပြင် ဘာလုပ်ရဦးမှာ လဲ"

"အခုမှ အဆန်းလုပ်ကြည့်နေရတာ အံ့သြစရာပဲဟေ့"

ဝန်ထောက်ကြီးသည် မယုံသင်္ကာ ရှိသည့်ဟန်ဖြင့် မင်းကတော်အား ကြည့်ပြီးလျှင် အတွင်းခန်းသို့ဝင်လာရာ မင်းကတော်လေးသည်လည်း သူ့အနား မှကပ်၍ လိုက်ပါလာလေ၏။

သို့ရှိစဉ် ကျွန်တော်လည်း လိုက်ကာအကြားမှ ချောင်းမြောင်းကြည့်ရှုလျက် ရှိရာ မှန်သေတ္တာ တစ်လုံးပေါ်တွင် ကျွန်တော်မေ့၍ ကျန်ရစ်ခဲ့သော ပွင့်နေသည့် မောင်းချဓားကြီးကို မြင်လိုက်ရသဖြင့် "ဒီတစ်ခါဖြင့် ကိစ္စချောပေပြီ" ဟု အောက် မေ့လိုက်မိ၏။ ဒူးများ တဆတ်ဆတ်တုန်ကာ ရင်ထဲမှ အသည်းနှလုံးများသည် ပါးစပ်သို့လာ၍ ဆို့သကဲ့သို့ ထင်မိလေ၏။ သို့သော် မင်းကတော်လေးသည် မောင်းချဓားကို ကျွန်တော့်အရင် မြင်ဟန်ရှိလေသည်။ သူသည် မိန်းမတို့မာယာ ဖြင့် ဖယောင်းတိုင်ကို ဓားရှိသောနေရာနှင့် ဝန်ထောက်ကြီး၏ မျက်စိများကြား သို့ ရောက်အောင် လက်ယာဘက်သို့ပြောင်း၍ ကိုင်လိုက်လေ၏။ ထို့နောက် ကိုယ်နှင့် အနည်းငယ်ကွယ်ပြီးလျှင် လက်ဝဲဘက် လက်ကလေးဖြင့် ဓားကို ဆွဲယူကာ ညဝတ်အင်္ကျီရှည်ကြီးနှင့် ကပ်၍ ထားလိုက်လေ၏။ ဝန်ထောက်ကြီး သည် မြည်တွန်တောက်တီးရင်း မှန်သေတ္တာများကို ကြည့်ရှုပြီးနောက် တစ်စုံ တစ်ရာ လက်ရာမပျက် ရှိနေသည်ကို တွေ့ရသဖြင့် အလုံခန်းမှ ခန်းမကြီးဘက် သို့ ထွက်သွားလေ၏။

အခန်းဝနှင့် မနီးမဝေး၌ လေးထောင့်စားပွဲတစ်လုံးရှိရာ ဝန်ထောက်ကြီး သည် သူ၏ဖယောင်းတိုင်ကို စားပွဲထောင့်စွန်း၌ စိုက်လိုက်ပြီးလျှင် ကုလားထိုင် ပေါ်၌ အေးဆေးစွာ ထိုင်လိုက်လေ၏။ သို့သော် ကျွန်တော် ရောက်ရှိနေသော နေ ရာမှာ စားပွဲနှင့် ဖယောင်းတိုင်ကိုသာ မြင်နိုင်၍ သူထိုင်သော နေရာကို မမြင်ရ



www.burmeseclassic.com

www.burmeseclassic.com



ချေး၊ မင်းကတော်ကလေးကား သူ၏နံဘေးမှ သူထိုင်သော ကုလားထိုင်နောက်သို့ နေရာပြောင်းလိုက်လေ၏။ ကျွန်တော်မှာ မင်းကတော်ကိုပင် မမြင်ရသော်လည်း နံရံပေါ်တွင် ကျရောက်လျက်ရှိသော သူ၏အရိပ်ရှည်ကြီးကို မြင်ရသဖြင့်သာ သိရလေ၏။

ထိုအချိန်၌ ဝန်ထောက်ကြီးသည် ရွှေဒဂါးသေတ္တာများအကြောင်း တံခါးများ ပွင့်နေပုံများအကြောင်းကို မပြောတော့ဘဲ ဘသန်းဆိုသူ၏ အကြောင်းကိုသာ တတွတ်တွတ်ရေရွတ်ကာ မင်းကတော်ကလေးအား စွပ်စွဲလျက် ရှိတော့၏။

ဝန်ထောက်ကြီး၏ နှုတ်ထွက်စကားများမှာ ခက်ထန်ခြင်း၊ မာနကြီးခြင်း၊ ဝန်တိုမစ္ဆရိယရှိခြင်း အစရှိသော လေသံများဖြင့် ပြည့်လျက်ရှိလေရာ ပထမ၌ မင်းကတော်သည် တစ်ကြိမ်တစ်ကြိမ်တွင် ခပ်ဆတ်ဆတ်ပြန်၍ ပြန်သေး၏။ ဝန်ထောက်ကြီးစကားများကား လူတစ်ယောက်၏ အသည်းကို လှံဖြင့်ခွ၍ပေးသကဲ့သို့ နာကြည်းလောက်ပေ၏။ သို့သော် မင်းကတော်မှာ တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်ချက်သား ကောင်းလှပေ၏။

သို့ရှိစဉ် ဝန်ထောက်ကြီး၏ အသံဖြင့် -

"အောင်မယ်လေး သေပါပြီဗျ" ဟု အော်လိုက်သံနှင့်အတူ ပျော့သောအရာတစ်ခုထဲသို့ ချွန်ထက်မာကျောသော အရာတစ်ခုကို ထိုးသွင်းလိုက်သကဲ့သို့ စွပ်ခနဲ အသံတစ်သံကို ကြားလိုက်ရ၏။

"အောင်မယ်လေး ဓားနဲ့ထိုးပါပြီဗျာ။ ဟဲ့ ခွေးမ တိရစ္ဆာန်မ၊ ငါ့ကို နင်သတ်ပြီး အောင်မယ် အောင်မယ်"

ထို့နောက် ကြမ်းပေါ်သို့ လူရောကုလားထိုင်ပါ လဲကျသွားသကဲ့သို့ ဒုန်းခနဲ အသံကြီးတစ်သံကို ကြားပြီးနောက် ဆိတ်ငြိမ်၍သွားလေ၏။ ထိုအခါ ကျွန်တော်လည်း မနေသာတော့ပြီဖြစ်၍ ပုန်းကွယ်ရာမှ ထွက်လာခဲ့ပြီးလျှင် ခန်းမကြီးထဲသို့ ပြေးဝင်သွားလေ၏။ ကြမ်းပြင်ပေါ်၌ကား ဝန်ထောက်ကြီးသည် စားပွဲခြေရင်း၌ အလျားမှောက်ကာလဲနေပြီးလျှင် သူ၏ရှပ်အင်္ကျီကျောဘက်၌လည်း သွေးကွက်ကြီးတစ်ကွက်မှ သွေးများသည် ကြမ်းပေါ်သို့ပင် စီးဆင်းလျက် ရှိနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မင်းကတော်၏မျက်နှာမှာ ယခင်ကထက် သွေးရောင်များ လွှမ်းကာ နီမြန်းလာလျက် မျက်လုံးများမှလည်း အရောင်တဖိတ်ဖိတ်ထွက်ကာ ယခင်ကထက် နက်မှောင် တောက်ပ၍လာလေ၏။ ခန္ဓာကြီးထည်ဝါသော ရုပ်သွင်ကိုဆောင်ကာ မင်းကတော်လေးသည် ကျွန်တော့်ဘက်သို့ မျက်နှာမူလိုက်လေ၏။ ထိုအခါ ကျွန်တော်လည်း ပြောမိပြောရာ နှုတ်မှ ထွက်သွားလေ၏။

"ခင်ဗျား သတ်လိုက်ပြီပေါ့လေ ဟုတ်လား၊ ရက်စက်လိုက်လေဗျာ"

"လူယုတ်မာတစ်ယောက် ကမ္ဘာပေါ်မှာ ပျောက်သွားလို့ ဘာဖြစ်ဦးမှာလဲ"

"လူယုတ်မာပဲထားပါဦး၊ ဥပဒေက မနေဘူးဗျ"

"အမယ်လေး ကျွန်မအတွက် ပူမနေပါနဲ့ရှင်၊ ကျွန်မ သေသေရှင်ရှင် အရေးမကြီးပါဘူး။ ဒါနဲ့ တစ်ဆိတ် ကူစမ်းပါဦးရှင်။ ဒီဟာကြီး ကြမ်းပေါ်မှာက်လျက်နေတာမကောင်းဘူး"

မင်းကတော်သည် အလောင်းကို ထူမလေရာ ကျွန်တော်မှာ ကြောက်ရွံ့သော်လည်း မနေသာတော့ပြီဖြစ်၍ ပွေ့ချီရာတွင် ကူညီရလေ၏။ ထိုအခါ ကျွန်တော်၏လက်နှင့် အဝတ်များမှာ သွေးများ စွန်းထင်းလေတော့၏။

"ကိုင်း တော်လောက်ပါပြီ။ အခန်းထဲက ရွှေဒင်္ဂါးတွေ လိုချင်သလောက် ယူပြီး သွားပေတော့"

"ဟာ ကျွန်တော် မယူချင်တော့ပါဘူး ခင်ဗျာ။ သွားပါရစေတော့၊ အခုလို တစ်ခါမျှလည်း မဖြစ်ဖူးဘူး။ ကျွန်တော့်ဖြင့် သိပ်စိတ်မကောင်းတာပဲ ခင်ဗျာ"

"သိပ်မိုက်တဲ့လူပဲ၊ လာတုန်းက ယူရအောင်လာတာ မဟုတ်လား။ အဆင်သင့် ရှိနေပြီဟာ။ လိုချင်သလောက် ယူသွားရောပေါ့။ မယူနဲ့လို့ ရှင့်ကို ဘယ်သူတ ပြောလို့လဲ"

လွယ်အိတ်မှာ ကျွန်တော့်လက်ထဲတွင် အသင့်ရှိနေသဖြင့် ထိုအခါ ကျွန်တော်လည်း မှန်ဗီရိုအတွင်းမှ ရွှေဒင်္ဂါးအမျိုးမျိုးကို လွယ်အိတ်အတွင်းသို့ စုရုံးထည့်သွင်းလေရာ မင်းကတော်ကပါ တတ်နိုင်သမျှ ကူညီထည့်ပေး၏။ ကျွန်တော်ထည့်ခဲ့သော ရွှေဒင်္ဂါးများမှာ ကျွန်တော့်စိတ်ထင်အားဖြင့် အပြည့်ဖြစ်ရာမှ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် နောက်ထပ် ကြာရှည်နေရန်စိတ်များ လေးလံလာသဖြင့် ကျွန်တော်လည်း လွယ်အိတ်ကို လွယ်ကာ ကျွန်တော်ဝင်ခဲ့သော ပြတင်းပေါက်မှ ခုန်ဆင်းလိုက်လေ၏။ နောက်သို့ ပြန်၍ လှည့်ကြည့်လိုက်ရာ မင်းကတော်၏ လှပ ခန့်ညားသောမျက်နှာကို မီးရောင်တွင် ထင်ရှားစွာ မြင်ရသေး၏။ ကျွန်တော့်အား သနားဟန် အမူအရာဖြင့် ညှိုးငယ်စွာကြည့်ရှုကာ အနည်းငယ် ပြုံးယောင်ယောင်ပင် ရှိနေ၏။

သို့သော် သူ၏အပြုံးကား လွန်စွာအဓိပ္ပာယ်ပါလာသည်ကို ခြေငါးလှမ်းမျှ ကျွန်တော် မလှမ်းရသေးမီ သိရတော့၏။ မင်းကတော်ကလေးသည် အိမ်ထဲသို့ ပြန်၍ ဝင်သွားပြီးနောက် တစ်ဖန်ပြန်၍ ပြတင်းပေါက်မှ ကိုယ်တစ်ပိုင်းထွက်၍ လာပြီးလျှင် -

"သူခိုး သူခိုး သူခိုး သူခိုးပါရှင့်။ ကယ်တော်မူကြပါ။ ဝန်ထောက်ကြီးကိုလည်း သတ်သွားပါတယ်" စသည်ဖြင့် အစွန်းပေါင်းများစွာ ဟစ်အော်လေတော့၏။ ထိုအခါမှ ကျွန်တော်လည်း မိန်းမတို့၏ မာယာတစ်သိန်းအပလီန်းအနန္တဆိုသော ပညာရှိစကားများကို ယုံကြည်မိတော့၏။ မင်းကတော်ကလေးအနင်းသည် ရွှတ်တွအိုမင်းသော အဘိုးကြီးကိုစွန့်၍ မိမိချစ်သူနှင့် တစ်သက်လုံး စံစားနိုင်ရန် ကျွန်တော် ဝင်ရောက်ခိုးယူခြင်းကို အခွင့်အရေးယူကာ လင်ကြီးအား သုတ်သင်လိုက်လေပြီ။ သို့ပြုလုပ်ရာ၌ သူ၏အပြစ်ကို ကျွန်တော်၏ ဦးခေါင်းပေါ်တွင် လုံးလုံးပုံ၍ချလေပြီ။ ဩော်...မိန်းမ မိန်းမ အင်မတန် ကြောက်စရာကောင်းတဲ့ အမျိုးပါကလား။ ငါ အမိခံရတော့မယ်။ ငါ ဘယ်လိုလုပ်ပြီး ထုချေမလဲ။ ငါ့လက်ထဲမှာလည်း ရွှေဒင်္ဂါးအိတ်ကြီးနဲ့၊ သတ်တာကလည်း ငါ့ မောင်းချများကြီးနဲ့၊ မောင်းချများပေါ်မှာလည်း ငါ့နာမည်၊ ငါထုချေလို့ကော ဘယ်ရုံးမင်းက ယုံကြည်ဦးမှာလဲစသည်ဖြင့်အပ်ချည်အမျှင်တန်းကဲ့သို့အဆက်မပြတ်နိုင်ဘဲ စဉ်းစားရင်း ခြေဦးတည့်ရာ လျှောက်၍ ပြေးရတော့၏။ သို့သော် နောက်ကျခဲ့လေပြီ။

သို့ရှိစဉ် တိုက်နောက်ဘက်မှာ စူးစူးဝါးဝါး အသံများ၊ တိုက်နံဘေးမှ ခြေသံများ၊ တိုက်နံဘေးမှ ခြေသံများ၊ အခြားဘက်မှ ခွေးဟောင်သံများကို ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း သော်ကချုံ ခြံစည်းရိုးပေါက်မှ ထွက်ကာ လမ်းပေါ်သို့ ရောက်ခဲ့လေပြီ။ မည်သည့်ဘက်သို့ ပြေးရမည်ကို စဉ်းစားလျက်ရှိ၏။

"သူခိုးဗျို့...သူခိုး သူခိုး။ ဝန်ထောက်ကြီးပါ သတ်သွားလို့ လိုက်ကြပါ လိုက်ကြပါ"

အသံများမှာ ခြံထဲမှာလည်းကောင်း၊ ခြံနံဘေးမှလည်းကောင်း ထွက်ပေါ်လာ၏။ ထိုအချိန်၌ ဘုတာရုံဘက်မှ ရှည်လျားစွာ ဆွဲ၍မှုတ်လိုက်သော ပုလိပ်ခရာသံကို ကြားရပြီးလျှင် တခေါက်ခေါက် ပြေးလာသော လူ ၂ယောက်ကို မြင်ရ၏။ ၎င်းတို့မှာ ပုလိပ်သားများ ဖြစ်ဟန်ရှိလေသည်။ ကျွန်တော်၏နောက်မှ ခြေသံများလည်း နီးကပ်လာလေပြီ။

မကြာမီ နောက်ဆီမှာ လူတစ်ယောက်သည် ကျွန်တော်ရှိရာသို့ ၂ လုံးပြူး သေနတ်ဖြင့် ချိန်ရွယ်လျက် -

"ဟေ့အကောင် မပြေးနဲ့၊ လက်မြှောက်လိုက်"

"ဖမ်းဟ ဖမ်းဖမ်း"

"သတိထားနော်၊ ဓားပါတတ်တယ်"

"မပါပါဘူး။ သူ့ဓားက အိမ်ထဲမှာ ကျန်ရစ်တာပဲ၊ ဖမ်းကြပါရှင်၊ ဖမ်းကြပါ။ ကျွန်မ ယောကျ်ားသတ်သွားတဲ့အကောင် မလွတ်ပါစေနဲ့"

နောက်ဆုံးကြားရသော အသံမှာ မင်းကတော်ကလေး၏ အသံဖြစ်၍ ကျွန်တော်လည်း တစ်စုံတစ်ရာ မတတ်နိုင်တော့ဘဲ နောက်ဆုံး၌ အဖမ်းခံရတော့၏။ မကြာမီ ကျွန်တော်သည် ပုလိပ် ၂ ယောက်လက်ထဲသို့ ရောက်သွားတော့၏။ ဤသို့ ရောက်သွားသဖြင့်သာ အရိုက်အနက် ခံရခြင်းမှ သက်သာရာရတော့၏။

ပုလိပ်တစ်ယောက်က မင်းကတော်အား -

"သူပဲလား မင်းကတော်"

"ဟုတ်ပါတယ်ရှင်...သူပါပဲ၊ ကျွန်မမျက်စိအောက်က ထွက်ပြေးတာပဲ၊ ဒါနဲ့ ကျွန်မယောကျ်ား လှည့်ကြည့်ပါဦးရှင်။ ကျွန်မဖြင့် အသက်ရှိတော့မယ် မထင်ပါဘူး တောက်... မိုက်လိုက်တဲ့သူရှင်၊ ပစ္စည်းယူသွားရုံမကဘူး။ ဝန်ထောက်မင်းကို ဓားနဲ့ ထိုးပစ်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျွန်တော်လည်း တတ်နိုင်သမျှ ရှင်းလင်း ပြောဆိုလိုသဖြင့် -

"မဟုတ်ရပါဘူးခင်ဗျာ။ နေပါဦး မင်းကတော်ရယ် ကျွန်တော်..."

သို့ရှိစဉ် အသံများက "ပါးချလဟယ်...သည်လောက် မိုက်လှတဲ့အကောင် ထိုးစမ်းကွာ၊ အဲ ဟုတ်ပြီချပေး"

ကျွန်တော်လည်း နောက်ထပ် မပြောဝံ့တော့သဖြင့် ဆိတ်ဆိတ်သာ နေရတော့၏။ ထို့နောက် ပုလိပ်သားနှစ်ယောက်တို့သည် ကျွန်တော့်အား ပုလိပ်ဌာနသို့ ချုပ်နှောင်ခေါ်သွားရာ မင်းကတော်အိမ်မှ လူအချို့နှင့် အရပ်သားများပါ ကျွန်တော့်နောက်မှ လိုက်၍လာကြပါသည်။

ဇာတ်လမ်းမှာ ဤနေရာ၌ ရုတ်တရက် ပြတ်၍သွားပြီးလျှင် ဒုတိယစာပိုဒ်ကို အောက်ပါအတိုင်း စလေသည်။

❖ ❖

အထက်ပါ အကြောင်းအရာများမှာ ကျွန်တော်မျိုးအပေါ်၌ စွပ်စွဲခြင်းခံရသော လူသတ်မှုတွင် အစအဆုံး ဖြစ်ပျက်ခဲ့သည့်အတိုင်း ရေးသား ဖော်ပြချက် ဖြစ်ပါသည်။ အောက်ရုံးတွင်လည်း ဤအတိုင်းပင် အတိုချုပ်အားဖြင့် ထွက်ဆိုခဲ့ပါသည်။ (အောက်ရုံးထွက်ချက်ကိုပြန်၍ ရှုစားစေလိုပါသည်)

ကျွန်တော်မျိုးသည် ကြီးမိန့်ကျပြီးသူ ဖြစ်သည်အတိုင်း သေသည်ရှင်သည် မထူးတော့ပါ။ သတ်လျှင်ဖြစ်စေ လွှတ်လျှင်ဖြစ်စေ ဤအတိုင်းပဲ ထွက်ဆိုပါသည်၊ ဤအတိုင်း မှန်လည်းမှန်ပါသည်။ တစ်စုံတစ်ရာ လုပ်ကြံ၍ ပြောရန်လမ်းသည် မရှိပါ။ ပြောလည်း မပြောတတ်ပါ။ မင်းကတော် အနှင်းအား ဝန်ထောက်ကြီးက စွပ်စွဲခဲ့သော ဘသန်းဆိုသူတစ်ယောက်ကို ရုံးတော်က ရှာဖွေစစ်ဆေးလျှင် အမှုမှန်သို့ရောက်ပါလိမ့်မည်။ ကျွန်တော်မျိုးမှာ ခိုးဝံ့သောသတ္တိရှိသော်လည်း သွေးအေးအေးနှင့် လူတစ်ယောက်အား အပ်နှင့်ထိုးဝံ့သော သတ္တိမရှိပါ။

ကျွန်တော်မျိုး လျှောက်ထားသည့်အတိုင်း ဘသန်းကိုရှာဖွေစစ်ဆေး၍ မင်းကတော်နှင့် မည်သို့မည်ပုံ အဆက်အသွယ်ရှိသည်ကို လည်းကောင်း၊ မိမိတို့၏ တစ်သိန်းမကများမြောင်လှသော မာယာများကိုလည်းကောင်း လျှောက်ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ကျွန်တော်မျိုး ယခုတင်ပြသော အဖြစ်အပျက်မှန်နှင့် ထောက်ထား ဆက်စပ်ကာ အရှင်ဘုရားဉာဏ်ဖြင့် နှိုင်းချိန် စဉ်းစားစေလိုပါသည်။ ကျွန်တော်မျိုး၏ ထွက်ချက်ကို လေးနက်စွာ ယုံကြည်စေလိုပါသည်။ ကျွန်တော်မျိုးသည် မမှန်ကန်သောအမှုတွင် ချမှတ်သော မှားယွင်းသော အောက်ရုံးများ၏ စီရင်ချက်ကို ပယ်ဖျက်ရန်သာ တောင်းဆို၍ မှန်ကန်သော နိုးမှုပြစ်ချက်အတွက် စိုးစဉ်းမျှ လျော့ပေါ့ရန် တောင်းဆိုခြင်းမဟုတ်ပါ။

သို့ဖြစ်ပါ၍ ကျွန်တော်မျိုးအား လူသတ်မှုတွင် အပြစ်မှလွှတ်၍ နိုးမှုအတွက်မှု အကြီးလေးဆုံးသော အပြစ်ဒဏ်ကို ပေးတော်မူပါဘုရား။

❖ ❖

အထက်ပါလျှောက်လွှာမှာ စစ်မဖြစ်မီ ၄ နှစ်ခန့်က အင်းစိန်ထောင်အတွင်း ရှိ ကြိုးမိန့်ကျပြီး တရားခံတစ်ဦးက ဘုရင်ခံထံတင်သော နောက်ဆုံး အသနားခံလွှာနှင့်တူသည်ထက် ဝတ္ထုကလေးတစ်ပုဒ်နှင့် ပို၍တူလေသည်။

ဘုရင်ခံသည် အထက်ပါ အသနားခံလွှာကို ကြည့်ရှု စစ်ဆေးပြီးနောက် အသနားခံလွှာ တင်ဆက်သော တရားခံ၏အရေးအသားများမှာ လွန်စွာစိတ်ဝင်စားဖွယ်ကောင်းကြောင်း၊ တစ်ဦးတည်းသော မျက်မြင်သက်သေမှာ သေသူ၏ ဇနီးဖြစ်၍ သေသူနှင့် အကျိုးအပတ်သက်ဆုံး လူတစ်ယောက် ဖြစ်သည် ဆိုခြင်းမှာ မှန်ကန်ကြောင်း၊ သို့သော် ဓားမှာ တရားခံ၏ဓားဖြစ်၍ သွေးစသွေးနများကိုလည်း တရားခံ၏ ကိုယ်ပေါ်မှ တွေ့ရကြောင်း၊ ဓားပေါ်၌ မင်းကတော်၏ လက်ရာများကို တွေ့ရသည်ဟု သက်သေခံရှိသော်လည်း ၎င်းတို့မှာ မင်းကတော်က ဓားကိုဆွဲနုတ်ရန်ကြိုးစားရာတွင်စွန်းထင်းကျန်ရစ်သည်ဟုယူဆရန်အကြောင်း ရှိကြောင်း၊ ဤအချက်တွင် အပြစ်ပေးသော တရားသူကြီး၏ ယူဆချက်ကို စွက်ဖက်ရန် အကြောင်းမရှိကြောင်း၊ ယေဘုယျနည်းအားဖြင့် ကြည့်လျှင်လည်း အိမ်ရှင်သည် မိမိ၏ပစ္စည်းကို နမြောစုံမက်လိမ့်မည်ဖြစ်၍ သူခိုးအား တစ်စုံတစ်ရာ လုပ်လိမ့်မည်ဟု ယူဆရန်ရှိသည့်အပြင် သူခိုးကလည်း မိမိကို ဖမ်းရန်ဆီးမည့်သူအား မည်သည့်နည်းနှင့်မဆို မည်သည့်အရာကိုမျှ မထောက်

www.burmeseclassic.com



ထားဘဲ ကိုယ်လွတ်ရုန်းမည်မှာ မချလောက်နိုးပါး မှန်ကန်သည့် လောက၏ သဘာဝတရားကြီးဖြစ်ကြောင်း တရားခံ၏ အသနားခံလွှာမှာ ဝတ္ထု ကလေး တစ်ပုဒ်သဖွယ် ဖတ်ရှု၍ ကောင်းလှသည့်အပြင် ဆင်ပြင်ပုံမှာလည်း အဆီ အလျော်တည့်လှသဖြင့် ကျွန်ုပ်ကိုယ်တိုင်ပင် စိတ်ပြောင်းလုနီးပါးမျှ ဖြစ်၍သွား ကြောင်း သို့သော် အသနားခံသူမှာ ဝတ္ထုအရေးကောင်းလှသော ဝတ္ထုရေးဆရာ သူခိုး တစ်ယောက်၊ သို့မဟုတ် သူခိုးဝတ္ထုစာရေးဆရာမျှသာ ဖြစ်၍ အောက်ရုံး တရားသူကြီး၏ အတိအကျ ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ တစ်စုံတစ်ရာ ဝင် ရောက်စွက်ဖက်ရန် လုံလောက်သော အကြောင်းအချက် မရှိသဖြင့် အောက်ရုံး စီရင်ချက်ကို တည်စေကြောင်းဖြင့် အမိန့်ချမှတ်လေ၏။

စာတတ်သူများသည် ဘုရင်ခံအမိန့်ချမှတ်နှင့် သဘောချင်း တူညီလေသ လော။သို့မဟုတ်မောင်ဘထက်၏အသနားခံလွှာ၌ပါသည့်အတိုင်းပင်ယုံကြည် လေသလော။

စာရေးသူကမူ ခိုးမှုမှတစ်ပါး အပြစ်ကင်းမဲ့သောသူတစ်ယောက် လူသတ် မှုကို လုံးဝ မကျူးလွန်သူတစ်ယောက်သည် မိန်းမတစ်ယောက်၏ မာယာဖြင့် လှည့်ဖြား သွေးဆောင်မှုကြောင့် ကြိုးဒဏ်ခံ၍ သွားရလေပြီဟု ယခုတိုင် စိတ် မကောင်းဖြစ်မိပါကြောင်း။

❖ ❖ ❖

(သွေးသောက်မဂ္ဂဇင်း၊ ၁၉၅၂ နိုဝင်ဘာလ)

www.burmeseclassic.com

www.burmeseclassic.com

## ပေါ်မှုန်းပင်

ပထမကမ္ဘာစစ်ကြီး မဖြစ်မီ တစ်နှစ်ခန့်လောက်က ကျွန်တော်သည် အီ(စ်) အေရှာတစ်မိုင်းနင်း ကုမ္ပဏီပိုင် အဖြိုက်နက် သတ္တုတွင်း တစ်တွင်းတွင် ဒုတိယ မန်နေဂျာ အဖြစ်ဖြင့် လုပ်ကိုင်လျက်ရှိ၏။ ကျွန်တော် အလုပ်လုပ်သော သတ္တုတွင်းမှာ ရမည်းသင်းမြို့နှင့် လွယ်လုံနယ် ဇော်ဘွားနယ်ခြားဖြစ်သော ထင်းရှူးတောင်စခန်းဖြစ်၍ထိုအခါက ထိုနေရာများသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းသည်ပင် စွန့်စားမှုတစ်ခုကဲ့သို့ ယူဆကြလေသည်။

အိုင်အေ အထက်တန်းတွင် ကျရှုံးခဲ့သဖြင့် စိတ်ပျက်ကာ မြန်မာနိုင်ငံတစ်ခန်းလုံးသို့ လှည့်လည်ခဲ့ရာ ထားဝယ် သတ္တုတွင်းများတွင် စာရေးအဖြစ်ဖြင့်လည်းကောင်း၊ ရုံးအုပ်ဖြင့် လည်းကောင်း၊ နှစ်ပေါင်းအတော်ကြာ လုပ်ခဲ့ပြီးနောက် အဆိုပါကုမ္ပဏီသို့ နောက်ဆုံး ရောက်ရှိလာခြင်းဖြစ်လေသည်။

အီ (စ)အေရှာတစ်မိုင်းနင်း ကုမ္ပဏီ (East Asiatic Mining Company) မှာ ထိုဒေသတွင် ၅ နှစ်ကျော်မျှ အလုပ်လုပ်ခဲ့ပြီဖြစ်ရာ တန်ပေါင်းများစွာသော ခဲနှင့် သတ္တုများကို တူးဖော်ရရှိခဲ့ပြီး ဖြစ်သည့်အတိုင်း အမြတ်ငွေကြေးငွေ အမြောက်အမြားလည်း ရရှိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကုမ္ပဏီသည် ရပ်ရွာဒေသအား ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် ရွာနီးချုပ်စုပ်ရှိရွာသူရွာသားများနှင့်အလုပ်သမားများအကျိုးငှာဆေးရုံကလေး တစ်ရုံကို လည်းကောင်း၊ ထိုနယ်တွင် အစဉ်အမြဲ နှိပ်စက်နေသည့် ငှက်ဖျားရောဂါကို နှိမ်နင်းကာကွယ်ရန် စုံစမ်း ရှာဖွေရေးဆေးခန်း တစ်ခုကို လည်းကောင်း ဆောက်ပေးရန် စီစဉ်လေသည်။ ဆေးခန်းမှာ ခေတ်မီဆေးများကို ဖော်စပ်ရန် ထိုနယ်တစ်ဝိုက်ရှိ ငှက်ဖျားရောဂါ ဖြစ်ပွားစေတတ်သော ခြင်ကောင်များကို အထူးစုံစမ်းရန် ရည်ရွယ်လေသည်။ ထိုစခန်းကို သာမန် ဆောက်လုပ်ရုံမျှမက ဆေးဆရာဝန်များ ထားရှိရေးနှင့် ကိရိယာတန်ဆာပလာများ ဝယ်ခြမ်းရေးများကိုပါ အစိုးရအကူအညီမယူဘဲ ကုမ္ပဏီ၏စရိတ်ဖြင့် ထားရှိရန် ဖြစ်လေသည်။

ဆေးရုံကို ရှေးဦးစွာဆောက်လုပ်ပြီးနောက် ဆေးပညာစူးစမ်းရှာဖွေခန်းကို နောက်မှ တည်ဆောက်လေသည်။ ထိုဆေးခန်း ပြီးသောအချိန်၌ ရန်ကုန်မှ စီမော်တင် ဆိုသူ ဆရာဝန်တစ်ဦး ရောက်ရှိလာ၏။ စီမော်တင်မှာ M.B,B.S ဘွဲ့ရသူဖြစ်၍ စကော့လူမျိုး ကပြားတစ်ယောက် ဖြစ်လေသည်။ ရန်ကုန်ဆေးရုံကြီးတွင် ၅ နှစ်မျှ အလုပ်လုပ်ကိုင်ခဲ့ဖူးသူ ဖြစ်၍ မြန်မာစကားကိုလည်း ရေလည်စွာပြောတတ်၏။ အသက်မှာ ၄၀ ခန့်မျှသာရှိသေး၍ ရှေ့သို့တိုးတက်ရန်လမ်းများ စွာရှိသော်လည်း ရှုပ်ထွေးပွေလီလှသော ရန်ကုန်မြို့၏ ဘဝကြီးကို စွန့်ပစ်ကာ အလုပ်မှတစ်ခါတည်းနုတ်ထွက်လျက် မိမိဝါသနာပါသည့်ငှက်ဖျားပိုးများရှာဖွေသော လုပ်ငန်းတွင် စိတ်ဝင်စားသည့်အတိုင်း လခငွေ ၈၀၀ မျှဖြင့် လာရောက် လုပ်ကိုင်ခြင်းဖြစ်လေသည်။

သတ္တုတွင်းမှာ အင်္ဂလိပ်လူမျိုးများ ဗိုလ်ကပြားများ၊ ဘင်္ဂါလီနှင့် မဒရာစီ ကုလားလူမျိုးများသာ များသဖြင့် အင်္ဂလိပ်စာတတ် မြန်မာလူမျိုးဟူ၍ အထက်တန်း အရာရှိအဖြစ်ဖြင့် ကျွန်တော် တစ်ဦးတည်းသာရှိရာ မစ္စတာမော်တင် ရောက်ပြီးနောက် တစ်လခန့်မျှကြာသောအခါ ကျွန်တော်တို့မှာ အတော်ပင် ရင်းနှီးသော အဖြစ်သို့ ရောက်ရှိကြလေပြီ။

မစ္စတာမော်တင်သည် ဆေးရုံသို့ တနင်္လာနှင့် သောကြာနေ့များတွင် လာရောက်၍ အခြားနေ့များတွင် လက်ထောက် ကုလားဆရာဝန်နှင့် လွှဲထား၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းကဲ့သို့ အားလပ်သော နေ့များ၌ သူသည် အမဲပစ် ထွက်တတ်သည်မှတစ်ပါး ငှက်ဖျားရောဂါ ဖြစ်စေတတ်သော ခြင်ကောင်များ၊ ဥများ၊ ပိုးလောက်လမ်းကောင်များ၊ ပိုးလုံးများစသဖြင့် ဥမှအကောင် ဖြစ်သည်အထိ သဘာဝအတိုင်း အဆင့်ဆင့် ဖြစ်ပေါ်လာသည့် အခြေအနေကို စုံစမ်းခြင်း၊ ယင်းတို့ကို ဆေးခန်းသို့ ယူဆောင်လာပြီးလျှင် ဆေးစိမ်ခြင်း၊ ဆေးထိုးခြင်း၊ ခွဲစိတ်ခြင်း စသည်တို့ဖြင့် အချိန်ကို ကုန်လွန်စေ၏။ ကျွန်တော်မှာမူ ဆေးဘက်တွင် များစွာ စိတ်ပါဝင်စားခြင်းမရှိသဖြင့် ယင်းကဲ့သို့ သူစုဆောင်း ရှာဖွေနေသည့်အခါတွင် ငှက်ပစ်သေနတ် တစ်လက်ဖြင့်သာ အချိန်ဖြုန်းခဲ့၏။

ဤသို့ဖြင့် မစ္စတာမော်တင်သည် သတ္တုတွင်းနှင့် မိုင်ပေါင်း အတော်အတန်ဝေးသည့် တောနက်ကြီးများ၌ လည်းကောင်း၊ ခြင်များ အလွန်ပေါများသည် ရွှံ့နွံ ရေအိုင်ကြီးများ၌ လည်းကောင်း လှည့်လည်ကာ သူ၏ စုဆောင်းရှာဖွေခြင်းအလုပ်ကိုလုပ်၍ ၎င်းတို့ကို ဓာတ်ခွဲခန်းသို့ ယူဆောင်ကာ စူးစမ်းရှာဖွေခြင်းအလုပ်ကို လုပ်လေသည်။

ယင်းကဲ့သို့ တောနက်များထဲတွင် ကိုယ်တိုင်ရှာဖွေခြင်း၊ ဓာတ်ခွဲခန်းတွင် ကိုယ်တိုင်စမ်းသပ်ခြင်း၊စူးစမ်းရှာဖွေခြင်းအလုပ်များကိုလုပ်ရသောအခါမစ္စတာမော်တင်မှာ ကျောင်းသင်ခန်းစာများကို စိတ်ဝင်စားနေသည့် ကျောင်းသားကလေးတစ်ယောက်ကဲ့သို့ မည်သည့်အရာကိုမျှ သတိမရဘဲ မေ့လျော့တတ်၏။

ဤကဲ့သို့ရှိစဉ် ထူးဆန်းသော အဖြစ်အပျက်တစ်ခုသည် အောက်ပါအတိုင်း ဖြစ်ပေါ်လာလေသည်။

တစ်နေ့သ၌ မစ္စတာမော်တင်သည် ကျွန်တော်၏ရုံးခန်းသို့ အလည်အပတ်ရောက်လာရာ ကျွန်တော်လည်း လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံပြီးနောက် စီးကရက်များ တည်ခင်းကာ စကားစမြည် ပြောဆိုလျက် ရှိလေသည်။

တင် - "ဘယ့်နယ်လဲ ဦးထွန်းစိန်၊ သိပ်အလုပ်များနေမှတ်တယ်"

စိန် - "မများလှပါဘူးဗျာ၊ မှန်မှန်ပါပဲ၊ ဒါထက် ခင်ဗျားအခု တစ်ပတ်သွားတာ ၅ ရက်တောင် ကြာတယ်ဆိုပါကလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျ၊ ဒီတစ်ခါ နယ်စပ်အထိ ကျုပ် ရောက်ခဲ့တယ်။ အင်မတန် သာယာတာကလားဗျာ။ သစ်ပင်မျိုးစုံ ပန်းမျိုးစုံ တွေ့ခဲ့ရတယ်။ နို့ပေမဲ့ ကျုပ်က တော့ ဒီဟာတွေ တယ် ဂရုမစိုက်လှပါဘူး။ ကျုပ်လိုချင်တာ များများစားစား ရှာ ဖွေရရင်ပြီးတာပဲ"

"ခင်ဗျားလိုချင်တာက ခြင်္သေ့ကောင်နဲ့ ခြင်္သေ့ဥပဲ မဟုတ်လား"

"ဒါပေါ့ဗျာ။ နို့ပေမဲ့ ဒီတစ်ပတ်ရလာခဲ့တဲ့ ကြောင်ကြီးကဖြင့် အတော် ထူးဆန်းသပဗျာ။ ကျုပ်ဖြင့် တစ်သက်နဲ့တစ်ကိုယ် တစ်ခါမျှမတွေ့ဖူးဘူး"

"ဘာကြောင်လဲဗျ၊ တောကြောင်လား။ အိမ်ကြောင်လား"

"မပြောတတ်ဘူးဗျာ။ အိမ်ကြောင်နဲ့ ခပ်ဆင်ဆင်ပဲ"

"ဘယ်လောက်ကြီးလို့လဲ"

"ရှစ်ပေရှိတယ်"

"မဟုတ်တာဗျာ၊ ကြောင်ရှစ်ပေရှိတယ်လို့ ဘယ်မှာ ကြားဖူးသလဲ၊ ကျား ထင်ပါရဲ့"

"ဒီတောတစ်ပိုက်မှာ ကျားမရှိဘူးလို့ ကချင်တွေက ပြောပါကလား ဦးထွန်းစိန်ရဲ့။ ခင်ဗျားလည်း ဒီကို ကျုပ်အရင်ရောက်နေတာ သိမှာပေါ့"

"ဟုတ်ပါတယ်။ ဘယ်လိုတွေ့ပုံလဲဗျ။ ပြောစမ်းပါဦး"

"မနေ့ကမနက် နယ်စပ်က ကညင်ပင် ရွာကလေးရဲ့ အရှေ့မြောက်ဘက် ရွာနဲ့ ၂ မိုင်လောက်အကွာ စမ်းအိုင်ကြီး တစ်ခုနံဘေးမှာ ကချင်တွေ တွင်းနဲ့ ထောင်ဖမ်းပြီး ဝါးချွန်နဲ့ ထိုးသတ်လိုက်ကြတယ်။ ကျုပ်လည်း အဲဒီ စမ်းအိုင်ကြီး နားမှာ စတည်းချနေတုန်း တောထဲက ဆူဆူညံညံ ကြားတာနဲ့ ကျုပ်တပည့် ကလေး တစ်ယောက်လွှတ်ပြီး အကြည့်ခိုင်းတော့ ကချင် သုံးလေးယောက်ဟာ တွင်းထဲကျနေတဲ့ အဲဒီ ကျားကြီးပဲ ပြောပါတော့ဗျာ၊ ကျားကြီးကို ဝိုင်းပြီး ဝါးချွန် တွေနဲ့ ထိုးသတ်နေကြတာကိုဗျ။ ဒါနဲ့ ကျုပ်လည်း လိုက်သွားပြီး ကြည့်တော့ သေနေလို့ တွင်းပေါ်ဆွဲတင်ပြီးပါပြီ။ ကချင်မုဆိုးကို မေးကြည့်တော့ ဒီအကောင် ဟာ ကျားမဟုတ်ဘူးလို့ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျားမဟုတ်ရင် ဘာကောင်ဖြစ်မှာလဲ မစ္စတာမော်တင်၊ ကျားမဟုတ်ရင် ကျားသစ်ရင်လည်းဖြစ်ရမယ်။ ဒါမှမဟုတ်ရင် တောကြောင်ကြီး ဖြစ်ကောင်းဖြစ်မလားပဲ။ အဲလေ ထားပါတော့၊ ကချင်တွေက ဘာပြောသလဲ"

"ဒီလိုတဲ့ဗျ။ ကညင်ပင် ရွာကလေးရဲ့အစွန်မှာ နေတဲ့ မြုံလုပ်စားတဲ့ ကရင်ကြီးမှာ အခုတစ်လော ညတိုင်းလိုပဲ ကြက်တွေဘဲတွေဟာ သူ့မြုံထဲက ပျောက်ပျောက်သွားသတဲ့ဗျ။ နောက်ဆုံး ဝက်တစ်ကောင်တောင် ဆွဲသွားတယ်ဆိုပဲ။ အဲဒီလိုပျောက်တဲ့ ညတိုင်းမှ ကြောင်အော်သံလို ကြားရသတဲ့၊ ဒါနဲ့ ခြေရာခံကြည့်တဲ့အခါ ကျားခြေရာလောက်ကြီးတဲ့ ခြေရာတွေ့တော့ တောထဲကဖြတ်ပြီး စမ်းအိုင်ကြီးကို သွားတဲ့လမ်းမှာ တွင်းကြီးတူးပြီး ထောင်ဖမ်းကြတာပဲ"

"နို့ပေမဲ့ ကျားနဲ့တူပါတယ်ဗျာ။ ကြောင် ဒီလောက်ကြီးနိုင်ပါ့မလား"

"လာလေဗျာ။ ကျုပ်ဆေးခန်းကို လိုက်ခဲ့ပါ။ ကျားလားကြောင်လားဆို တာခင်ဗျားကိုယ်တိုင်မြင်တဲ့အတိုင်းကြည့်ပြီး ဆုံးဖြတ်ပေါ့။ ငွေ၅၀နဲ့ဒီအကောင်ကြီး ကျုပ်ဝယ်လာတယ်။ ကျုပ်ဆေးခန်းကိုအရောက် ပို့တဲ့အခကာ ၁၀ ပေးရတယ်"

ထို့နောက် တစ်ခဏမျှ ကြာသောအခါ ကျွန်တော်လည်း ဒေါက်တာမော်တင်၏ ဆေးခန်းသို့ သူနှင့်အတူ လိုက်ပါသွားလေသည်။

ဆေးခန်းမှာ ကျွန်တော်၏ အလုပ်ရုံနှင့် မိုင်ဝက်ခန့်ဝေး၍ ဆေးရုံနှင့် ကိုက် ၂၀၀ ခန့်မျှ ဝေးလေသည်။ အလျားပေ ၁၀၀ အနံပေ ၄၀ ခန့်ရှိ အဆောက်အအုံ အလေးတစ်ခုဖြစ်၍ အတွင်းအပြင် ဆေးဖြူသုတ်ကာ တရုတ်ကတ်များ၊ မှန်ပြတင်းများဖြင့် လုပစွာ တပ်ဆင်ထား၏။ ထိပ်မှ လှေကားတစ်ခု၊ ဘေးတစ်ဖက်တင်ချက်တွင် လှေကား ၂ ခုစီရှိပြီးလျှင် ဘေးပတ်လည် တစ်လျှောက်၌ ဝရန်တာရှိလေသည်။

မစ္စတာမော်တင်သည် လက်ထောက်ဆရာဝန်အား ဆေးခန်းကို သော့ဖွင့်ပေးပြီးလျှင် ပျဉ်ချပ်ကြီးတစ်ခုပေါ်မှာ တင်ထားသော ကျားသေကို ပြလေရာ ကျွန်တော်လည်း နီးနီးကပ်ကပ် ကြည့်ရှုလေသည်။

www.burmeseclassic.com



၎င်းမှာ မစ္စတာမော်တင် ပြောသည့်အတိုင်း ကိုယ်နေကိုယ်ထားသာမက မျက်နှာပင် ကြောင်နှင့် တူလေသည်။ မျက်နှာမှာ အလွန်နန္ဒ တစ်နည်းအားဖြင့် ပြောရမည်ဆိုသော် တောကြောင်အငယ်ကလေး တစ်ကောင်ကို မှန်ဘီလူးနှင့် ကြည့်သောအခါ မြင်ရသကဲ့သို့ ရှိ၏။ သို့သော် နာခေါင်းဖျားမှ အမြီးဖျားထိ ၈ ပေ ၄ လက်မရှိ၍ မည်သည့်နည်းနှင့် ကြောင် ဖြစ်နိုင်ပေမည်နည်း။ အမွေးမှာ နီ၍ မွေးညှင်းကလေး များများလေရကား အရွယ်ကြီးသော သတ္တဝါများကဲ့သို့ ရင့်ရော်ခြင်းသဘောပေါ်ခြင်းမရှိချေ။ဦးခေါင်းမှာပကတိကြောင်ကလေးတစ်ကောင်၏ ဦးခေါင်းဖြစ်၏၊ ခြေလက်များမှာလည်း ကြန်အင်္ဂါမစုံသေးသော ကြောင်ကလေးများသဖွယ် ရှိနေလေသည်။

ကျွန်တော်သည်ထိုကျားသေ၏လက်တစ်ဖက်နှင့်ခြေနှစ်ဖက်ကိုသာမြင်ရ၏။ (လက်တစ်ဖက်မှာ မစ္စတာမော်တင် ဖြတ်တောက်ခွဲစိတ်ထားပြီးဖြစ်သည်။)

အခြားစားပွဲတစ်လုံးပေါ်၌ကားလွှကလေးတစ်စင်း၊ဓားနှင့်ညှပ်ကတ်ကြေး စသည့် ခွဲစိတ်ဖြတ်တောက်သော ကိရိယာတန်ဆာပလာများ တင်ထား၏။ ထိုစားပွဲပေါ်၌ဖြတ်တောက်ထားသည့်ကျားလက်တစ်ဖက်ရှိရာမစ္စတာမော်တင် သည် ထိုလက်ကို အလယ်မှ အလျားလိုက်ခွဲ၍ တင်ထားလေသည်။ ဒေါက်တာ မော်တင်က လက်ရိုးကိုကိုင်ပြရင်း "ကိုင်း ဦးထွန်းစိန် ဟောဒီ လက်ဖျံရိုးကိုသာ ကြည့်ပေတော့၊ ခြင်ဆီအိုးဟာ အပေါ်မှာနေပြီး အခုမှ တဖြည်းဖြည်း မာမယ် ကြံခါ ရှိသေးတယ်ဗျ။ အ...ယ်ကစပြီး တဖြည်းဖြည်း ထုံးဓာတ်ဝင် အရိုးရင့်လာ တာကြည့်စမ်း"

ဆေးပညာကို နားမလည်သော်လည်း ကျား၏လက်ရိုးမှာ အကောင်း ထည်နှင့် မလိုက်အောင် နုနယ်နေကြောင်း တွေ့ရ၏။

"အလွန်ဆုံး ၂ လသား ၃ လသားပဲ ရှိဦးမယ်ဗျ"

"ဟုတ်ကဲ့"

"ကြောင်ဆိုတာ တစ်နှစ်သားလောက်ကျမှ ကိုယ်လုံး ကိုယ်ဖန်ရ တယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကောင်ဟာ ကြီးတာမဟုတ်ဘဲ သက်သက်ထွားတာပဲ ဦးထွန်းစိန်"

"ကျုပ်က ဆေးပညာမတတ်လို့ ကောင်းကောင်း နားမလည်ပါဘူး ဒေါက်တာ"

"ဘာနားမလည်စရာရှိသလဲဗျ။ လူမှာလည်း အသက်ငယ်ငယ်နဲ့ ကိုယ်လုံး ကိုယ်ပေါက်ကြီးနိုင်ပြီး ထွားတာရှိတယ်မဟုတ်လား"

"ရှိတာပေါ့ဒေါက်တာ"

"ဒါကြောင့် အရွယ်ရင့်လို့ ကြီးလာတာနဲ့ နုနုနဲ့ ထွားကျိုင်းကျ အရိုးကို မြင်ရုံနဲ့ သိနိုင်တာပေါ့"

"ဒီဟာ ဘာကြောင့်လဲ ဒေါက်တာ"

"ဒီဟာကို ကျုပ်တို့ ရှာဖွေရမှာပေါ့ ဦးထွန်းစိန်။ ကျုပ်တို့ရဲ့ ခန္ဓာကိုယ်မှာ ဂလင်းဆိုတဲ့ သွေးအိတ်ကလေးတွေ မရေတွက်နိုင်အောင် ရှိတယ်ဗျ။ ဥပမာ သိုင်းရွိက် (Thyroid) ဆိုတဲ့ သွေးအိတ်ကလေးတွေ လည်ပင်းမှာရှိတယ်၊ ပီကျူတာရီ (Pituitary) ဆိုတဲ့ သွေးအိတ်ကလေးတွေက ဦးနှောက်မှာရှိတယ်၊ အာဒရီနယ် (Adrenals) ဆိုတဲ့ ကျောက်ကပ်မှာရှိတဲ့ သွေးအိတ်တွေလည်း ရှိတယ်။ ဒီဟာတွေက (Hormones) ခေါ်တဲ့ ကြီးထွားစေတတ်တဲ့ ဓာတ်ကိုပေးလို့ ကျုပ်တို့ဟာ အမိဝမ်းတွင်းငယ်ငယ်ကလေးက အခုလိုအရွယ် ဖြစ်လာအောင်ကြီးထွားလာကြတာပေါ့။ အဲဒီနောက်ဆုံး ကျုပ်ပြောတဲ့ အာဒရီနယ် ဆိုတဲ့ သွေးအိတ်ကလေးတွေဟာ လူများရဲ့ ရဲစွမ်းသတ္တိကို ပေးနိုင်တဲ့ သတ္တိရှိတယ်ဦးထွန်းစိန်ရဲ့"

"ဩော် ဟုတ်လား၊ ဆေးပညာဟာ သိပ်ဆန်းကြယ်တာပဲနော်"

"ဆန်းကြယ်တာပေါ့ ဦးထွန်းစိန်၊ ဒီဟာ အားလုံး သိပ္ပံခေါ်တဲ့ လောကဓာတ်ပညာတွေပေါ့။ ဒါကြောင့် ဟော်မုန်းခေါ် ကြီးထွားစေတတ်တဲ့ ဓာတ်ကိုပေးတဲ့ သွေးအိတ်တွေကို အခုဒီအကောင်ကြီးရဲ့ ကိုယ်ထဲက ထုတ်ပြီး သွေးကို ကျုပ်ထိုးထားမယ်။ ဒီတော့မှ နောက်ကို ကိုယ့်သဘောအတိုင်းစမ်းသပ်ကြည့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် ဒေါက်တာမော်တင်သည် ကျွန်တော်အား နာရီဝက်ခန့်မျှ ဆက်လက် စကားပြောဆိုလျက်ရှိရာ ကျွန်တော်လည်း ရုံးပိတ်ရန် အချိန်နီးသည်နှင့် နှုတ်ဆက်ပြန်ခဲ့လေ၏။

နောက် ၄ ၅ရက်ခန့်ကြာသောအခါ ကျွန်တော်လည်း အတန်ငယ် အလုပ်အားသည်နှင့် ဆရာဝန်ကြီးဒေါက်တာ စီမာတင်၏ ဆေးပညာ စူးစမ်းရှာဖွေခန်းသို့ရောက်သွားရာ ဖန်ရေကန်တစ်ခုနံဘေး၌ပျင်းရိစွာအလုပ်လုပ်လျက်ရှိသော ဒေါက်တာမော်တင်ကို တွေ့ရ၏။ ဖန်ရေကန် အတွင်း၌ကား ငါးကလေး မြောက်မြားစွာရှိ၍ ရွှေလျားမျောပါလျက်ရှိသော ကျောက်စက်ပင်တစ်ပင်နံဘေးတွင် ကူးခတ်လျက်ရှိကုန်၏။

တင်- "ဂမ်ဘူရှာဆိုတဲ့ ငါးကလေးမျိုးပေါ့ဗျာ။ ခြင်ဥကို စားဖို့ သက်သက် မွေးထားရတယ်။ ဒီအနားက ခြင်ပေါတဲ့ ရေအိုင်တွေမှာ ဒီငါးနဲ့သွားပြီး တစ်နေ့ စမ်းကြည့်ရဦးမယ်"

ဒေါက်တာမော်တင်သည် ရေအပုပ်အစပ်များ ပြည့်လျက်ရှိသည့် ကန်၏ အခြားဘက်သို့ သွားရောက်ကာ ကျောက်ပြားချပ်ပေါ်ရှိ ဖိုးလောက်လမ်းကောင် အကွက်တစ်ကွက်ကိုပြ၏။ အစုအအုပ်ကလေးမှာ တစ်ခုတည်းသာ ရှိနေ၍ ရေမျက်နှာပြင်တွင် တွန့်လိမ်လှုပ်ရှားလျက် ရှိလေသည်။

"တချို့သေပြီ ဦးထွန်းစိန်ရဲ့။ တချို့လည်း တစ်ကောင်ကိုတစ်ကောင် နိုင်ရာ စားလို့ကုန်ပြီ။ ဒီမှာ ခင်ဗျားကြည့်စမ်း။ အကောင်တစ်ကောင်ပဲ ကျန်တော့တယ်။ ဒီအကောင်ကတော့ ခြင်ဖြစ်ပြီးသားပဲ။ အဲဒီခြင်ကို အနိုဖလီဘာ ဘီရိုစထရစ် (Anopheles barbirostris) ခေါ်တာပေါ့ ဦးထွန်းစိန်ရဲ့"

"ဩော်...ဟုတ်ကဲ့၊ ခြင်မျိုးကလည်း တယ်များပါကလား"

"များတာပေါ့ဗျာ"

သူ၏ မျက်လုံးများသည် ကျွန်တော့်ကို ကြည့်နေရာမှ ဆေးပုလင်းများ သီးသန့်ထားသည့် စင်ပေါ်သို့ ရောက်သွားလေသည်။

"ဒါထက် ဦးထွန်းစိန်ကို ပြောရဦးမယ်။ ဟိုတစ်နေ့က ကျုပ်ရခဲ့တဲ့ကြောင် ကြီးကို အဆိပ်ထုတ်လိုက်ပြီဗျ။ ဟိုက ပုလင်းအပြာကြီး သုံးလုံးပဲအင်း သတ္တု



www.burmeseclassic.com

www.burmeseclassic.com



များဟာ နောက်ဆုံးကျတော့ အဆိပ်နဲ့ အရိုးပဲ ကျန်တော့တာပဲနော်။ ကျွဲတစ်နေ့တော့ ပူးကလေးတွေကစပြီး စမ်းသပ်ကြည့်ရဦးမှာပဲ"

သို့ပြောပြီးနောက်ဒေါက်တာမော်တင်သည်စင်မြင့်ပေါ်တွင်တင်ထားသော ပုလင်းကြီးသုံးလုံးကို လက်ညှိုးထိုးပြလေသည်။

ဒေါက်တာမော်တင်သည် နောက်တစ်နေ့၌ပင် တောသို့ ထွက်သွား၏။ သို့နှင့် နောက် ၄ ရက်ခန့်ကြာသောအခါ အောက်ပါအတိုင်း ထူးဆန်းသော အကြောင်းတစ်ခု ဖြစ်ပေါ်လာပြန်သည်။

ထိုည ၉ နာရီ အချိန်လောက်၌ ကျွန်တော်သည် အိပ်ရာသို့ ဝင်တော့မည် ပြုစဉ် လက်ထောက်ဆရာဝန် ဒေါက်တာ ဂုပတားက ဆေးရုံသို့ အမြန်လာစေလိုကြောင်း တယ်လီဖုန်းဖြင့် အလုပ်ရုံမှ တစ်ဆင့် ပြောကြားလိုက်သဖြင့် ကျွန်တော်လည်း ဆေးရုံသို့ သွားရောက်ရလေသည်။ ဆေးရုံသို့ ရောက်သောအခါ တရင် ဆရာမကလေး တစ်ယောက်သည် မျက်လုံးမျက်ဆန်ပြူးကာ တရုတ်ကပြား လူနာမကလေး တစ်ယောက်၏ အဖြစ်အပျက်ကို လက်ထောက်ဆရာဝန်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းပြန်ပြောလေသည်။

တရုတ်ကပြား လူနာမိန်းကလေးမှာ အသက်၁၈ ၊ ၁၉ နှစ်ခန့်သာရှိသေး၍ ရောဂါမှာ သာမန်ဝမ်းကိုက်ရောဂါဖြစ်ကြောင်း၊ သို့သော် ကလေး၏ညှို့ဝတ်အကျီရှည်အဖြူကလေးပေါ်တွင်လတ်လတ်ဆတ်ဆတ်သွေးစက်များရှိနေသည်ကို တွေ့ရကြောင်း ပြောပြ၏။ ကျွန်တော်လည်း အကျီဖြူကလေးကိုလှန်၍ ကြည့်ရာ ကလေး၏လက်ဝဲဘက်ညှပ်ရိုးအောက်တွင် ချွန်ထက်သောအရာဝတ္ထုတစ်ခုဖြင့် ထိုးထားသကဲ့သို့သော ဒဏ်ရာတစ်ခုကို တွေ့ရသည်။

ဆရာမသည် ခြင်ထောင်ကိုချပြီးလျှင် သုံးမြှောင့်ပုံသဏ္ဍာန်ရှိ အပေါက်ကလေးတစ်ပေါက်ကိုပြလျက် ထိုအပေါက်မှာ လွန်ခဲ့သော တစ်နာရီခန့်က မရှိကြောင်းပြောပြ၏။ သို့နှင့် ကျွန်တော်က ဆရာမအား -

"ဘယ်လိုဖြစ်ရတာလဲ ဆရာမရယ်၊ ပြောစမ်းပါဦး"

"မသိပါဘူး အစ်ကိုကြီးရှင်။ တခြား လူမမာတွေ အပြောကတော့ ကျွန်မ မရှိတဲ့အခိုက် ဝရန်တာဆီက ဒီဟီ ဟီ ဆိုတဲ့ အသံကြီး ကြားလိုက်ရပြီး ကလေးဟာ ...ခနဲ အခုလို ဖြစ်သွားရတာပါပဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဟာကို လူမမာတွေက ဘာထင်သလဲ"

"သူတို့ ကချင်တွေ အပြောကတော့သရဲလို့ ပြောတာပဲ။ မကောင်းဆိုးဝါးလို့ သူတို့ ယူဆကြတယ်။ ပြီးတော့ အလို ဆရာမကလေး အယ်နီပါကလား။ ဘာဖြစ်လာသလဲ မပြောတတ်ဘူး ပျာယီးပျာယာနဲ့"

ထိုအချိန်၌ အယ်နီဆိုသူ ဆရာမကလေးသည် အခန်းတွင်းသို့ အသက်မျှ မရှူနိုင်ဘဲ ပျာယီးပျာယာနှင့် ဝင်လာပြီးနောက် -

"ဒေါက်တာ မော်တင်လေ၊ ဒေါက်တာ မော်တင် ဆရာဝန်ကြီးလေ"

"ဒေါက်တာ မော်တင်ဘာဖြစ်သလဲ၊ အယ်နီပြောစမ်းပါဦး"

"ဘာဖြစ်မှန်းမသိဘူး . . . အစ်မရယ်၊ ဒီက အစ်ကိုကြီးနဲ့ ဒေါက်တာလည်း သွားလိုက်ကြပါဦး။ ကျွန်မ ပြေးလာတော့ သူသတိလုံးလုံးမရသေးဘူး"

"အခု ဘယ်မှာလဲ"

"အရာရှိတွေတက်တဲ့ ဆေးရုံဘက်မှာ"

သို့နှင့် ကျွန်တော်လည်း ဒေါက်တာ ဂူပတာကို ခေါ်ပြီးလျှင် အရာရှိဆေးရုံ ဘက်သို့ ပြေးသွားကြရာ ဆရာမအယ်နီသည် ကျွန်တော်တို့နောက်မှ လိုက်လာလေသည်။

ကုလားအစေခံတစ်ယောက်နှင့် ချာပရာစီနှင့် ညဉ့်စောင့်ဒရဝမ်တို့ ဝိုင်းနေသော အခန်းတစ်ခန်းသို့ ရောက်သောအခါ သံခုတင်တစ်လုံးပေါ်တွင် သတိမေ့ လျက်ပင်ရှိသေးသော ဒေါက်တာမော်တင်ကို တွေ့ရလေသည်။ သူ၏နောက် ကျောတွင် သုံးထောင့်ပုံသဏ္ဍာန်ရှိ တစ်လက်မခန့်နက်သော ဒဏ်ရာမှ သွေး များ ထွက်လျက်ရှိရာ ဒဏ်ရာနံဘေးတွင်လည်း နီညိုညို အရောင်ဖြစ်ကာ ဖူးရောင်လျက် ရှိလေသည်။ ဒေါက်တာ ဂူပတာသည် ဒဏ်ရာကို ဆေးထည့်ပေး ပြီးနောက် ဆရာမအယ်နီတို့လည်း ဝိုင်းဝန်းပြုစုကြရာ မကြာမီသတိရလာသည်။ သို့သော် ဒေါက်တာ ဂူပတာ၏ အကြံပေးချက်အရ စကားများစွာ မပြောစေ သေးသဖြင့် နို့တစ်ခွက်တွင် အိပ်ဆေးအနည်းငယ်ထည့်၍ တိုက်လိုက်ရာ ဒေါက်တာမော်တင်လည်း မကြာမီ အိပ်ပျော်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်စောင့်အရဝမ်အလီမှာ ဒေါက်တာမော်တင်အား သတိမေ့၍လဲနေရာမှ မခံ့နှင့်ထမ်း၍ ယူလာခဲ့သူ ဖြစ်သဖြင့် ကျွန်တော်လည်း ၎င်းအား မေးမြန်းကြည့်ရာ အောက်ပါအတိုင်း ပြောပြလေသည်။

"ဒေါက်တာဆပ်ဟာ ကျွန်တော့်အနားက ဖြတ်ပြီး သူ့ဆေးခန်းသို့သွားတဲ့အခါ ကျွန်တော်က အရိုအသေပေးတော့ ကျွန်တော့်ကိုတောင် ပြုံးပြီးကြည့်သွားပါသေးတယ်။ ကျွန်တော်လည်း ဆေးရုံနောက်ဖေးက တဲထဲမှာ လက်ဆွဲမီးအိမ်ပြင်နေတုန်း ဆေးခန်းဆီက ဒေါက်တာဆပ်ရဲ့အော်လိုက်သံ ကြားရပါတယ်။ ဒါနဲ့ ကျွန်တော် ပြေးသွားလို့ သူ့အနားရောက်ခါနီးမှာ ဒီ...ဟီ...ဟီ...ဟီ ဆိုတဲ့အသံကြီးတစ်ခု ကြားလိုက်ရပြီး ဒီအသံကြီးဟာ မိန်းမနဲ့ကလေး ဆေးရုံဘက်ဆီ ရောက်သွားပြီး အသံပျောက်သွားပါတယ်။ ဆေးခန်းပြင်ဘက်နား ရောက်တော့ ဆေးခန်းတံခါးလည်း ပွင့်ပြီး ဆပ်ဟာ လှေကားရင်းမှာ မှောက်လျက်သား သတိမေ့နေတာတွေ့ရတော့ ကျွန်တော်ကျောပိုးပြီးအရာရှိများထားတဲ့အခန်းဘက်ကို ယူခဲ့တာပါပဲ"

ထိုစကားကို ကြားရသောအခါ ကျွန်တော်လည်း ဒေါက်တာမော်တင်ရှိရာ ဆေးခန်းသို့ ချက်ချင်းပင်သွားရောက်ကြည့်ရှုလေသည်။ ဒေါက်တာမော်တင်၏ ဆေးခန်းတံခါးမကြီးမှာ ပွင့်နေ၍အတွင်း၌ ဓာတ်မီးတစ်ပွင့်လည်း လင်းလျက်ရှိလေသည်။ အခန်းတွင်းသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲလျက်ရှိသော ဖန်ဘူးဖန်ခွက်ကွဲများကို တွေ့ရ၏။ ရေများ အချို့နေရာတွင် စိုရွှဲလျက်ရှိ၏။

ငါးကန်မှာ သူ့နေရာတွင် အခြေမပျက် ရှိနေသော်လည်း ငါးများမရှိတော့ချေ။ ကန်ပေါင်ပေါ်၌ကား ရေဆွတ်၍ထားသော စောင်စုတ်တစ်ခုကဲ့သို့ ညှိုသန်းသန်း အရာဝတ္ထုတစ်ခု တင်လျက်ရှိရာ မည်သည့်အရာဝတ္ထု ဖြစ်လေသနည်းဟု ကျွန်တော်လည်း တွေးတောအံ့ဩမိ၏။ တိရစ္ဆာန်တစ်ကောင်မှ ကျွတ်၍ကျန်ရစ်ခဲ့သော အရေပြားတစ်ခု ဖြစ်ရမည်ဟုလည်း တွေးမိ၏။

ထို့နောက်ယခင်ကဒေါက်တာမော်တင်ပြဖူးသောသီးသန့်ဆေးပုလင်းများထင်ထားသည့် စင်မြင့်ကလေးကို လှမ်း၍ကြည့်မိရာ စင်ကလေးနှင့် ပုလင်းများ



www.burmeseclassic.com

www.burmeseclassic.com



မှာ နဂိုအတိုင်း ရှိနေသော်လည်း ပုလင်းတစ်လုံး၏ နေရာမှ လစ်လပ်လျက် ရှိနေ-ကြောင်း သတိထားမိလေသည်။ ပုလင်းသုံးလုံးထဲတွင် တောကြောင်ကြီး၏ အဆီများ ထည့်ထားကြောင်း မစ္စတာမော်တင် ပြောဖူးသည်ကို ကျွန်ုပ်ပြေး၍ သတိရမိ၏။ ထိုပုလင်းသုံးလုံးအနက်မှ တစ်လုံး၏ နေရာမှာ လစ်လပ်လျက် ရှိလေသည်။ ခြင်ဥများ ထည့်ထားသောကန်မှာ ခြောက်သွေ့လျက် ရှိနေသဖြင့် မကြာမီပေါက်တော့မည်ဟုမော်တင်ပြောဖူးသောခြင်ဥကြီးလည်းမရှိတော့ချေ။ သို့နှင့် ကျွန်တော်လည်း အထက်ပါ အခြင်းအရာများမှတစ်ပါး တစ်စုံတစ်ရာ ထူးခြားခြင်း မရှိသော နေရာမှ ပြန်၍ထွက်ခဲ့၏။

နောက်နှစ်ရက် ကြာသောအခါမှ ဒေါက်တာ မော်တင်လည်း ပကတိ အခြေအနေမျိုးသို့ ပြန်၍ ရောက်ရှိလာရာ ကျွန်ုပ်တော့အား အောက်ပါအတိုင်း ပြောပြလေသည်။

“ဒီနေ့က ကျုပ်တောက ပြန်လာတာ နည်းနည်း မိုးချုပ်သွားတယ်ဗျ။ ဒါနဲ့ တောထဲဝတ်တဲ့ အဝတ်အစားတွေ အိမ်မှာ ချွတ်ထားခဲ့ပြီး ခြင်ဥကလေးပေါက်သွားပလားဆိုတာ သိချင်တာနဲ့ ဓာတ်ခွဲခန်းကို ကျုပ်လာခဲ့တာကိုဗျ။ ဟို ခွေးမသား အဇီဆိုတဲ့အကောင်ကို ကျုပ်တောတက်နေတဲ့အချိန် ဆေးခန်းကို အမြဲသန့်သန့်ရှင်းရှင်းဖြစ်အောင် သုတ်သင်ဖို့ မှာခဲ့တယ်။ ဒါနဲ့ ကျုပ်လည်း အခန်းထဲသော့ဖွင့်ဝင် ရေနွေးက ဖယောင်းတိုင် ရှစ်တိုင်အား ဓာတ်မီးပွင့်ကလေး ဖွင့်လိုက်တော့ နားထဲမှာ ဒီ ဟီ ဟီ ဆိုတဲ့ အသံကြီးတစ်ခု ကြားလိုက်ရတယ်။ အခန်းထဲကလိုလို အခန်းပြင်ကလိုလို တောထဲက ပုစဉ်းအော်တဲ့အသံလို ကြားရတယ်။ ကျုပ်လည်း ပထမတော့ ဂရုမစိုက်မိဘူး။ ဒါနဲ့ စင်ကလေးလှမ်း ကြည့်လိုက်တဲ့အခါ ပုလင်းတစ်လုံး ကျကွဲနေတာ တွေ့ရတာကိုဗျ။ ကန်ထဲ ကြည့်လိုက်တော့ ငါးတွေလည်းမရှိတော့ဘူး။ ပြီးတော့ ကန်ပေါင်ပေါ်မှာ ငါးရေပြားလိုလို သားရေပြားလိုလို အဝတ်စုတ်ကို ရေဆွတ်ပြီး ဖြန့်တင်ထားသလို တွေ့ရတယ်။ အဲဒီနောက် အခန်းထောင့်တစ်ခု မှောင်ထဲက ပန်ကာများကို အရှိန် ပြင်းပြင်းနဲ့ ဖွင့်လိုက်သလို ဝီခေါ်သွားတဲ့အသံကြီးတစ်ခုကို ကြားရတာကို ဦးထွန်းစိန်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အဲဒီခဏမှာပဲ မှောင်ထဲက မည်းမည်းကြီးတစ်ခုဟာ ကျုပ်ဆီကို ကောင်းကင်က ဝဲလာတာပါပဲဗျာ။ ဒီတော့ ကျုပ်လည်း ကြောက်အားလန့်အားနဲ့ တံခါးပေါက်ဆီ အတင်းထွက်လာ လှေကားထိပ်နဲ့ ခလုတ်တိုက်မိပြီး အောက်ကို ကျွမ်းထိုး ကျသွားတာပါပဲ ဦးထွန်းစိန်ရယ်။ သတိလစ်မသွားခင် တစ်ချက် အော်လိုက်မိသေးတယ် ထင်တယ်။ အသံကြီးဟာ ကျုပ်နားနား ကပ်လာပြီး နောက်ကနေ ဓားနဲ့ထိုးလိုက်သလို ထင်လိုက်မိတာပဲဗျို့။ သတိလစ်သွားတာ ကတော့ တံခါးပေါက အကျမှာ အောက်ဆုံးက လက်ရန်းတိုင်နဲ့ ခေါင်းနဲ့ချမိလို့ပဲ။ ကျုပ်က ဒီအသံကြီး နားနားကပ်လာလို့ မျက်နှာကို လက်နဲ့အကွယ်လိုက်မှာ ကျုပ်လက်နဲ့ စမ်းလိုက်မိသေးတယ် ဦးထွန်းစိန်ရဲ့ ပျော့စိစိနဲ့ အမွေးအမှင် တွေလို ကျုပ်စိတ်ထဲ ထင်လိုက်မိတာပဲ။ အဲဒါကို နောက်ဆုံးသတိရပြီးတဲ့နောက် ကျုပ်မျက်စိထဲမှာ ဝင်းခနဲဖြစ်ပြီး ကျုပ်လည်း နောက်ထပ် ဘာမှ မသိတော့ဘူး"

ဆေးရုံတွင် ကပြားမကလေး၏ အဖြစ်အပျက်ကို ဒေါက်တာမော်တင်အား ကျွန်တော်ပြန်၍ မပြောရချေ။

❖ ❖

နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်တော်သည် အိပ်ရာမှထလျှင်ချင်း ဒေါက်တာမော်တင်က ဆေးရုံမှ တယ်လီဖုန်းဆက်ခေါ်သဖြင့် ချက်ချင်းပင် သွားရောက်လေရာ ညဥ့်စောင့် ဒရဝမ်အလီအား စစ်မေးလျက်ရှိသော ကျွန်တော့်မိတ်ဆွေ မစ္စတာမော်တင်ကို တွေ့ရလေသည်။ ဒေါက်တာမော်တင်သည် ကျွန်တော့်အား နေရာထိုင်ခင်းပေးပြီးနောက် အလီအား -

"ဟေ့အလီ၊ မင်းပြောတာ ဟောဒီက ဦးထွန်းစိန်ကြားရအောင် ပြန်ပြောစမ်းပါဦး"

လီ - "ဒီလိုပါဆပ်၊ မနေ့ညက ည ၁၂ နာရီသံချောင်းခေါက်ပြီးတော့ ကျွန်တော်လည်း ဆေးရုံနောက်ဖေးခြံထောင့်မှာရှိတဲ့ ကျွန်တော့်အိမ်ကလေးကို ခဏ ကျွန်တော်ပြန်ပါတယ်။ ပြန်တဲ့အကြောင်းကတော့ တခြား မဟုတ်ပါဘူးဆပ် အသာက မေ့ကျန်ရစ်လို့ပြန်တာပါပဲ။ ဒါဆပ်သိတဲ့အတိုင်း အနောက်ဘက်တော



www.burmeseclassic.com

www.burmeseclassic.com



စပ်နားအရောက်မှာ ဒီး ဟီး ဟီး ဟီး ဆိုတဲ့ အသံကြီး ဟိန်းလာပြီး အကောင်ကြီးတစ်ကောင်ဟာ ကျွန်တော့်ဆီကို တစ်ခါတည်း တစ်ဟုန်ထိုး ပျံလာတယ်ဆပ်"

ကျွန်တော် - "ပျံလာတယ်ဆိုတာ မိုးပေါ်က ပျံလာတာလား၊ ဘာကောင်လဲကွ"

"လူတစ်ရပ်သာသာလောက် မြင့်ပါတယ်ဆပ်၊ အကောင်ကြီးက မည်းမည်းကြီး၊ ဘာကောင်ရယ်လို့တော့ ကျွန်တော် မပြောတတ်ဘူး"

"ကိုင်း ဆက်ပြောစမ်းပါဦး"

"ဒါနဲ့ ကျွန်တော်လည်း နံဘေး အသာရှောင်လိုက်ပြီး ကြောက်အားလန့်အားနဲ့ တအားလွှဲပြီး လက်ထဲပါတဲ့လက်က တီး (တုတ်ရှည်ကြီး) နဲ့ တအားရိုက်လိုက်တာ ဝီ...အီ...အီ ဆိုတဲ့ အသံကြီးပျောက်သွားပြီး ခြံဟိုဘက်က ကိုင်းပင်တွေကြားထဲ ထိုးကျသွားသလို ထင်လိုက်ရတာပါပဲဆပ်၊ ဆေးရုံက လူတွေ ပြောနေကျတဲ့ မကောင်းဆိုးဝါးဆိုတာလား မပြောတတ်ပါဘူးဆပ်။ နို့ပေမဲ့ ခပ်ပျော့ပျော့ဟာတစ်ခုကို ရိုက်မိသလို ကျွန်တော့်စိတ်ထဲမှာ ထင်လိုက်ရတယ်"

ထိုအခါ ဒေါက်တာ မော်တင်ကကြားဖြတ်၍ -

"ဒါဖြင့် မင်းရိုက်ချလိုက်လို့ ဒီအကောင်ကြီး ကျသွားတာပေါ့"

"အသေအချာတော့ ကျွန်တော် မပြောနိုင်ပါဘူးဆပ်။ နို့ပေမဲ့ ဒီအတိုင်းပဲ ကျွန်တော် ထင်ပါတယ်"

"ကိုင်း...ဦးထွန်းစိန် အလီကိုခေါ်ပြီး သူပြောတဲ့ နေရာ ကျုပ်တို့ သွားကြည့်ရအောင်ဗျာ"

ကျွန်တော်တို့လည်း ကျယ်ဝန်းလှသော ဆေးရုံဝင်းခြံ၏ အနောက်ဘက်ထောင့်စွန်းအနီးသို့ ရောက်သောအခါ အလီသည် ခြံအပြင် ကိုင်းတောများရှိသောနေရာကို ပြသဖြင့် ကျွန်တော်တို့လည်း ဝင်းထရံများကို ကျော်ကာ သဲချောင်းကလေး တစ်ခုကိုဖြတ်၍ ကိုင်းတောသို့ လှမ်းခွဲ၍ ဝင်ရောက် ရှာဖွေကြလေ၏။

နွေအခါဖြစ်သဖြင့် ကိုင်းတောမှာ အတော်အတန် ရှင်းလင်းလျက်ရှိရကား ကိုက် ၂၀ ၊ ၃၀ ခန့် သွားမိသောအခါ ဒေါက်တာမော်တင်သည် ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



အား လှမ်း၍ခေါ်သဖြင့် ကျွန်တော်နှင့် အလီတို့လည်း ပြေးသွားကြရာ ကိုင်းပင် အုပ်တစ်ခုကြားတွင် ခပ်မည်းမည်းအရာဝတ္ထုတစ်ခုကို တွေ့မြင်ကြရ၏။ သို့ သော် ခြေပေါ်သို့ ပုရွက်ဆိတ်များ တက်သဖြင့် ချက်ချင်းပင် နောက်သို့ ပြန်၍ ဆုတ်ရလေသည်။

ဒေါက်တာမော်တင်က အလီအား တုတ်ရှည်ကြီးဖြင့် ထိုးကြည့်စေရာ ခြင် ကောင်ကဲ့သို့လည်းကောင်း၊ အလွန်ကြီးမားသောပိတုန်းကောင်ကြီးတစ်ကောင် ကဲ့သို့ လည်းကောင်း ပုံသဏ္ဍာန်ကို ခန့်မှန်းတွေ့ရှိရ၏။ သို့သော် ထောင်သောင်း မကသော ပုရွက်ဆိတ်များသည် အသေကောင်ကို လျင်မြန်စွာ စားသောက် ပြီးကြလေပြီ။ အနီးတွင် လကြေးများကဲ့သို့ အရောင်တောက်လျက် ရှိသော အမှုန်ကလေးများနှင့် အပိုင်းအစကလေးများကိုပင် တွေ့ရသေး၏။

၎င်းသည်ပင် အထက်ပါရှုပ်ထွေးသည် ပြဿနာကြီးတစ်ရပ်ကို ဖြေရှင်း ပေးသည့် အချက် ဖြစ်တော့၏။

ဒေါက်တာမော်တင်က ကြည်လင်သောမျက်နှာဖြင့် -

"ဟုတ်ပါပြီ ဦးထွန်းစိန်၊ ကျူပ်ထင်တဲ့ အတိုင်းပါပဲ"

"ဘာထင်တာလဲ ဒေါက်တာ"

"ဒီအကောင်ကြီးကို ခင်ဗျား ဘာကောင်ထင်သလဲ"

"ဘာကောင်လဲ မသိပါဘူး။ ပိတုန်းကြီးပဲလား၊ ဒါမှမဟုတ်ရင် ကြီးမားလှပါ တလား ဒေါက်တာ"

"ပိတုန်းမဟုတ်နိုင်ဘူးပေါ့ဗျာ။ အနိုဖလီဘာတီရိုစထရစ်ခေါ်တဲ့ခြင်ကောင် ကြီးဖြစ်မှာပေါ့"

"ခြင်ကောင်...ဟုတ်လားဒေါက်တာ၊ အံ့ဖွယ်သရဲကြီးမားလွန်းလှပါကလား ဒေါက်တာ"

"ကြီးတာပေါ့ ဦးထွန်းစိန်၊ ကြီးထွားစေတတ်တဲ့ ဓာတ်ရည်ကို အဆမတန် သောက်ပြီး သူလည်း အဆမတန် ကြီးထွားသွားတာ ဖြစ်မှာပေါ့"

"သြော် ...ဒေါက်တာထားတဲ့ ဆေးပုလင်းသုံးလုံး"

(စကားမဆုံးမီ) "ဟုတ်ပါတယ် ဦးထွန်းစိန်၊ ကြောင်ကြီးကို အဆီထုတ်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ပုလင်းသုံးလုံးထဲက တစ်လုံးကွဲသွားလို့ ဖြစ်ရတာပဲ။ ဒီအဆီက ကျုပ်ပြဖူးတဲ့ခြင်ဥက ခြင်ကောင်ပေါက်အလာမှာ အဆင်သင့်တွေ့တော့ တစ်နေ့နဲ့ တစ်ညလောက် အဝသောက်လိုက်တဲ့ လက္ခဏာပေါ့"

"အံ့ဩစရာ ကောင်းလိုက်လေ ဒေါက်တာ"

"အင်း... အဆင်သင့်ချင်တော့ ကြုံဖန်ပြီးဖြစ်တာပေါ့ ဦးထွန်းစိန်၊ ကျုပ်တစ်ခါ ခင်ဗျားကို ပြောဖူးတဲ့ ပေဟ်မုန်းခေါ်တဲ့ သတ္တဝါများကို ထွားစေတတ်တဲ့ ဓာတ်တစ်မျိုးရဲ့တန်ခိုးသတ္တိပေါ့"

"ဒါဖြင့် ခင်ဗျားအဆိထုတ်တဲ့ အကောင်ဟာလည်း ကျားမဟုတ်ဘူးပေါ့"

"ကျား မဟုတ်ဘူးဗျ။ ကြောင် . . . ကြောင်တောင်မှ သိပ်မကြီးသေးဘူး။ အလွန်ဆုံး ၂လ ၃ လသားပဲရှိမယ်"

"ဘယ်လိုကြောင့် ဒီလောက် အံ့ဩစရာ ကောင်းလောက်အောင် ထွားရတာလဲ ဒေါက်တာ"

"အင်မတန် ထူးဆန်းတဲ့ ပေဟ်မုန်းပင်ဆိုတာ ရှိတယ်၊ ဦးထွန်းစိန်ရဲ့ ဒီမြန်မာနိုင်ငံမှာတော့ ပေါက်တယ်လို့ မကြားဖူးပါဘူး။ တောင်အမေရိကတိုက်မှာတော့ တစ်ပင်တလေရှိတယ်ဆိုတာ စာထဲမှာ တွေ့ဖူးတာပဲ။ ကိုယ်တွေ့တော့ မဟုတ်ပေဘူး။ ဒီအပင်ထဲက အရည်ကို နည်းနည်းကလေး သောက်မိရင် ကိုယ်အင်္ဂါဟာ အဆမတန် ကြီးထွားလာနိုင်တယ်"

"အင်း၊ တကယ် အဖိုးတန်တဲ့ အပင်ပဲ"

"အဖိုးတန်တဲ့ နေရာတန်ပြီး ဘေးဥပဒ် ဖြစ်စေတတ်တဲ့ နေရာမှာဖြစ်တာပေါ့ ဦးထွန်းစိန်ရဲ့ အခုဖြစ်ရတဲ့ ကိစ္စကြည့်ပါလား။ ပြီးတော့ ဒီလို ထူးဆန်းတဲ့ ဓာတ်သဘာဝ ဆိုတာလည်း ကျုပ်တို့ရဲ့ဆေးပညာအရ သာမန်တွေရှိရုံလောက်နဲ့ ဒီလောက် အဖိုးမတန်ဘူး။ သူ့ကို အုပ်ထိန်းနိုင်တဲ့ သဘောတရားကို နားလည်မှ အဖိုးတန်တာကိုဗျ။ ဒါထက် ကျုပ် ဒီအကောင်ကို ဆေးရည်စိမ်ဖို့မရ လိုက်တာနာတာပဲ ဦးထွန်းစိန်။ အလီက တုတ်နဲ့ရိုက်လိုက်လို့ တစ်ကိုယ်လုံးကြေသွားတဲ့အထဲမှာ ပုရွက်ဆိတ်တွေက တစ်ညလုံး စားထားတော့ ဘယ်မှာရစရာ ရှိတော့သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းသို့ ရောက်သောအခါ ဒေါက်တာမော်တင်သည် လေးပေခန့်နက်သော တွင်းတစ်တွင်းကို အလီအား တူးစေပြီးနောက် ကြောင်ကြီး၏ ကိုယ်ထဲမှ ထုတ်ယူထားသည့် အဆီပုလင်းနှစ်လုံးကို သွန်ချစေ၏။ ထိုနောက် စက္ကူစုတ်များကို ထည့်ပြီးလျှင် အပေါ်မှ အရက်ပြန်နှင့် ဓာတ်ဆီများ လောင်းထည့်ပြီးလျှင် မီးရှို့စေပြီးနောက် တွင်းကို ပြန်၍ဖို့စေ၏။

ဒေါက်တာမော်တင်သည် စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်ပြီး နောက်

"သဘာဝဆိုတာ တယ်ထူးဆန်းတာကလား ဦးထွန်းစိန်၊ နို့ပေမဲ့ ကျုပ်ပြောတဲ့အတိုင်း ဓာတ်သဘာဝတစ်ခုကို အုပ်ထိန်း ထားဆီးနိုင်တဲ့ တန်ခိုးသတ္တိကို မတွေ့သေးသမျှလူကို ဘေးဥပဒ်ပေးမှာချည်းပဲဗျ။ ဒီဓာတ်သဘော ကျုပ် မစမ်းသပ်သေးခင် အခုလို မီးရှို့လိုက်ပြီး မြေကြီးသြဇာ ဖြစ်သွားတာလည်း ခပ်ကောင်းကောင်းပဲ"

"ဟုတ်တာပေါ့ဗျာ"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# တစ်မိနစ်

မော်တင်လမ်းနေ သူဌေး ဦးဆံဖြူသည် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူ တစ်ယောက် ဖြစ်သည့်အတိုင်း ၎င်း၏ အလုပ်အကိုင်များမှာ မော်တော်ကားများကို ရောင်းဝယ်ခြင်း၊ မိမိပိုင် ရုပ်ရှင်ကုမ္ပဏီထွက်ကားများကို ငှားရမ်းခြင်း၊ သွပ် သံစက် ကိရိယာများကို ရောင်းချခြင်းများဖြစ်ရာ ဌာနအသီးသီးတို့၌ မင်းစေ၊ စာရေး၊ မန်●နေဂျာမှစ၍ အသီးသီး ငှားရမ်းထားရ၏။

ဦးဆံဖြူသည် မိမိ၏ အလုပ်အကိုင်များတွင် အထူးအားဖြင့် မြန်မာလူငယ် လူရွယ်ကလေးများကို သုံးတတ်သဖြင့် အချို့ခေတ်ခံသိသော လူမျိုးခြားများ၏ မျက်စိတွင် မနာလိုဝန်တိုစိတ် ရှိကြသော်လည်း ၎င်း၏ ပင်ရင်းစိတ်ဓာတ်ကို သိသောသူများမှာ နှုတ်ဖြင့်ပင် ဝန်မခံသော်လည်း စိတ်ထဲ၌ ချီးမွမ်းကြရလေသည်။ အချို့နိုင်ငံရေးသမား၊ ဝံသာနုသမား၊ ပါတီသမားတို့မှာ လူအများမြင်သော စင်မြင့်ပေါ်တွင် လက်သီးလက်မောင်းတန်းကာ မြန်မာနိုင်ငံကြီးနှင့်တကွ မြန်မာ လူမျိုးများ၏ ကောင်းစားရေးအတွက် အသက်ကိုသော် လည်းကောင်း၊ မိမိတို့ စည်းစိမ်ကိုသော် လည်းကောင်း စွန့်ပါမည်ဟု ကြွေးဝါကြသော်လည်း အလှူ စာရင်းတွင် ဦးဆံဖြူနှင့် နှိုင်းယှဉ် ကြည့်လိုက်သောအခါ ၎င်းတို့၏ နာမည်မှာ ဦးဆံဖြူ၏အောက် ၆ လက်မခန့် ကျလျက်ရှိကြောင်း တွေ့ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကိုင်နှင့် ပတ်သက်၍ ဦးဆံဖြူမှာ အလုပ်၏ စည်းကမ်းတကျရှိမှု၌လည်းကောင်း၊ အချိန်ကိုရိုသေမှု၌လည်းကောင်း၊ ငယ်သားများအပေါ်တွင် စနစ်တကျပြုလုပ်တတ်သဖြင့် ပျင်းရိသောသူ၊ အလုပ်ကို မရိုသေသောသူ၊ အချိန်ကို မလေးစားသူတို့မှာ ဦးဆံဖြူနှင့် မတည့်ဘဲ အလုပ်၌ မတည်မြဲတတ်ကြချေ။ ၎င်းတို့မှာ လိပ်ပတ်မလည်မီ မိမိတို့ဆရာအပေါ်တွင် မကျေနပ်ကြသော်လည်း အရည်လည်၍ လာသောအခါ မိမိတို့အား တစ်နည်းအားဖြင့် ဆုံးမလိုက်သော သူဌေးအား ကျေးဇူးတင်မိကြ၏။

အချို့သူများမှာ အများအားဖြင့် သူဌေးကတော်ကို ကပ်ရပ်၍လည်းကောင်း၊ လက်ဆောင်ပဏ္ဏာနှင့်သော် လည်းကောင်း၊ အလုပ်အကိုင်ကို ရှာဖွေတတ်ကြကုန်ရာ ဦးဆံဖြူမှာ အောက်သက်ကျေပြီးသူ တစ်ယောက် ဖြစ်သည့်အတိုင်း ထိုအလုပ်သမားမျိုးကို မည်သည့်အခါမျှ လက်မခံဘဲ လျှောက်ထားသူ၏ ဂုဏ်ပညာအရည်အချင်း၊ စိတ်နေသဘောထားတို့ကို စေ့စပ်စွာ ဆင်ခြင်စဉ်းစားပြီးမှသာလျှင် အလုပ်၌ လက်ခံလေ့ရှိ၏။

သို့ဖြစ်ရကား ဦးဆံဖြူ လက်အောက်ရှိ အလုပ်သမားများမှာ သူ့နေရာနှင့်သူ အရည်အချင်းနှင့် ပြည့်စုံကြလျက် ၎င်းထံတွင် တစ်ကြိမ် အလုပ်လုပ်ဖူးက အခြားနေရာတွင် အလုပ်လုပ်ရန် မခဲယဉ်းတော့ချေ။ တိုက်တစ်တိုက်လုံး၏ လုပ်ပုံကိုင်ပုံ၊ စီမံခန့်ခွဲမှု ပုံအနေအထားများမှာ အခြားတိုက်ကြီးများနှင့် ကုမ္ပဏီကြီးများကပင် အတုယူလောက်သော အခြေအနေနှင့် ပြည့်စုံပေ၏။

အထက်ပါ လုပ်ငန်းများအပြင် ဦးဆံဖြူသည် မိမိ၏ အလုပ်အကိုင် တိုးချဲ့လျက် နိုင်ငံရေး စာအုပ်စာတမ်းများ၊ ကာလပေါ်ဝတ္ထုများကို ကိုယ်ပိုင်ပုံနှိပ်စက်ဖြင့် ရိုက်နှိပ်ထုတ်ဝေသည့်ပြင် ဂျာနယ်တစ်စောင်ကို ထုတ်ဝေပြီးနောက် ဤမျှနှင့်ပင် တင်းတိမ်ရောင့်ရဲခြင်း မရှိသေးဘဲ တိုင်းပြည်အား မိမိစိတ်တိုင်းကျ အကူအညီ ပေးစေနိုင်ခြင်းငှာ နေ့စဉ် သတင်းစာကြီးတစ်စောင် ထုတ်ဝေရန် စီမံလျက်ရှိလေ၏။ သို့ဖြစ်ရကား သတင်းစာအတွက် ဦးစီးအယ်ဒီတာ တစ်ယောက် အလိုရှိကြောင်းဖြင့် ကြော်ငြာ ထည့်လိုက်လေသည်။ ကြော်ငြာရက် ပိတ်သော အခါ လျှောက်လွှာပေါင်း ၂၃ စောင်ရရှိသည့်အနက် ၎င်းအထဲမှ ၇ ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ရွေးချယ်ပြီးလျှင် ၎င်းတို့ထံသို့ သောကြာနေ့တွင် လာရောက် တွေ့ဆုံရန် အသီးသီး စာပြန်ကြားလိုက်၏။

သောကြာနေ့သို့တိုင် ရောက်လတ်သော စာရေးသူ ၈ ယောက်တို့သည် သူဌေးဦးဆံဖြူနှင့် လာရောက် တွေ့ဆုံကြရာ ဦးဆံဖြူသည် တစ်ယောက်လျှင် ၁၅ မိနစ်ခန့်စီမျှ အချိန်ပေး၍ လက်ခံ စကားပြောဆိုလေသည်။

ထိုသူ ၈ ယောက်စလုံးပင် ပညာအရည်အချင်းနှင့် ပြည့်စုံကြသူများဖြစ်ရာ ဦးဆံဖြူလည်း ၎င်းတို့အထဲမှ ၂ ယောက်ကို တနင်္ဂနွေ နေ့လယ် ၁၂ နာရီတွင် ထပ်မံလာရောက်ရန် ချိန်းဆိုလိုက်ပြန်၏။ ထိုသူ ၂ ယောက်စလုံးကိုပင် ၎င်းတို့၏ အရည်အချင်းကို သဘောကျပြီး ဖြစ်သည့်အတိုင်း ၎င်းတို့အနက်မှ တစ်ယောက်ကိုရွေး၍ ယူမည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်လေသည်။ ဦးဆံဖြူနှင့် လာရောက်တွေ့ဆုံကြသောလူ ၈ ယောက်စလုံးပင်တစ်ယောက်ကိုတစ်ယောက် မတွေ့ကြချေ။ အဘယ့်ကြောင့်ဆိုသော် ဦးဆံဖြူသည် ၎င်းတို့အား တွေ့ဆုံရန် ချိန်းဆိုရာ၌ တစ်ဦးလျှင် အချိန်တစ်မျိုးစီ ပေး၍ထားသည့်အပြင် တစ်ဦးနှင့် တစ်ဦးကိုလည်း နာရီဝက်ခန့်စီမျှ အချိန်ခွာ၍ ချိန်းထားသောကြောင့်ပေတည်း။

❖ ❖

ဦးဆံဖြူသည် အချိန်ကိုလွန်စွာ ရိုသေသူတစ်ယောက်ဖြစ်ရာ မည်မျှ လောက် ရိုသေသနည်းဆိုမူ လူတစ်ယောက်အား ဥပမာအားဖြင့် နံနက် ၈ နာရီ တွင် ချိန်းဆိုထားလျှင် ထိုသူကို ချိန်းချက်ထားသည့် အချိန်ထက် ၅ မိနစ်မျှပို၍ စောင့်ဆိုင်း၏။ အကယ်၍ ထိုသူသည် ၎င်းအား စောင့်ဆိုင်းသော ၅ မိနစ်အတွင်း မျှ မလာရောက်ခဲ့သော် ၎င်းသည် မည်မျှလောက် ခရီးဝေးမှ လာရောက်စေကာ မူ ထိုနေ့အဖို့ ဦးဆံဖြူအား တွေ့နိုင်တော့မည် မဟုတ်ချေ။ ထိုနည်းအတူ ဦးဆံဖြူ ကလည်း အခြားသူများအား ချိန်းဆိုလျှင် အချိန်နာရီအပိုင်းအခြားနှင့် ချိန်းဆို ပြီးနောက် ချိန်းဆိုသည့်အတိုင်းလည်း ရောက်အောင် သွားလေသည်။ သို့ဖြစ်၍ ဦးဆံဖြူသည် အချိန်ကို မိနစ်ပိုင်းအထိ ရိုသေသူတစ်ယောက်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညသ၌ သူဌေးဦးဆံဖြူတိုက်သို့ အိမ်နီးချင်းဖြစ်သူ ဦးဘရှိန်ဆိုသူ ရောက်လာပြီးလျှင် အယ်ဒီတာအဖြစ် ရွေးချယ်ခြင်းနှင့် ပတ်သက်၍ စကားစပ်မိလျက်ရှိကြရာ ဦးဘရှိန်က -

"ဒါဖြင့် ဒီ ၈ ယောက်ထဲက ထိပ်သီး ၂ ယောက်ကို ရွေးထုတ်လိုက်တာပဲ မဟုတ်လား။ ဟို ၆ ယောက်အကြောင်း ပြောစမ်းပါဦးဗျ။ ၄ ယောက်ကိုတော့ သူတို့ရဲ့ ပညာအရည်အချင်းကို ကျွန်တော် တီးခေါက်ကြည့်လို့ ကြိုက်ပါရဲ့။ နို့ပေမဲ့ သူတို့ရဲ့ပါဆင်နယ်လတီကို ကျွန်တော် သဘောမကျဘူးခင်ဗျ"

"၄ယောက်ကတော့ဟုတ်ပါပြီ။ ၂ယောက်ကိုပယ်လိုက်တာကကောကိုယ့်အချင်းချင်းမို့ပြောရဦးမယ်။ ခင်ဗျားတစ်ယောက်ကဖိနပ်စီးလာတာနောက်ပိတ်ဖိနပ်ခင်ဗျ။ နို့ပေမဲ့ တစ်ဖက်က ဖိနပ်ကြိုးမတပ်ဘူး။ တစ်ယောက်က ဝတ်ထားတဲ့ အပေါ်အင်္ကျီက ပိုးအင်္ကျီပါပဲ။ နို့ပေမဲ့ ကြယ်သီးကို တစ်လုံးကျော် တပ်ထားတယ်။ ဒီဟာတွေက အဆုံးမှာတော့ ကပျာကယာ လာရလို့ဖြစ်တာတွေ မဟုတ်လားဦးဘရှိန်။ အချိန်ကိုမရှိသေကြောင်းသူတို့အဝတ်အစားကပဲသက်သေခံနေပြီကောခင်ဗျာ"

"တယ်လည်း စေ့စပ်တဲ့ လူပဲဗျာ။ ဒါကြောင့်မို့လည်း ခင်ဗျား နာမည်ကြီးတာပဲ။ ကျွန်တော်လည်း ဒီလိုအချိန်ကို ရှိသေလို့ ဒီလို ကြီးပွားလာတယ်ဆိုတာ ဦးဘရှိန်တို့အသိပဲ မဟုတ်လားခင်ဗျ"

"မှန်ပါတယ် မှန်ပါတယ်"

"ဒါဖြင့် နက်ဖြန် ဟို ၂ ယောက်ထဲက တစ်ယောက်ကိုပဲ ရွေးဖို့ရှိတော့တယ်ဆိုပါတော့"

"ဟုတ်ကဲ့ ဒီလူ ၂ ယောက် ဘယ်သူကပိုပြီး အချိန်ကို ရှိသေသလဲဆိုတာ ကြည့်ရမှာပဲ"

❖ ❖

နောက်တစ်နေ့ ၁၂ နာရီထိုးရန် ၅ မိနစ်မျှသာ လိုတော့၏။ ဦးဆံဖြူသည် အိတ်ပေါ်မှ ဆင်းလာပြီးနောက် အလုပ်စားပွဲတွင် ထိုင်ကာ ချိန်းဆိုထားသော



www.burmeseclassic.com

www.burmeseclassic.com



သူ ၂ ယောက်အား စောင့်ဆိုင်းလျက်ရှိလေသည်။

ချိန်းဆိုထားသူ ၂ ယောက်အနက် တစ်ယောက်မှာ ယခင်က သတင်းစာတိုက်တစ်တိုက်ကို ဦးစီးလုပ်ကိုင် ဆောင်ရွက်ခဲ့သော ဦးအောင်မြဆိုသူဖြစ်၍ အခြားတစ်ယောက်မှာ ကိုယ်ပိုင်မဂ္ဂဇင်းတစ်စောင်ကို နှစ်ပေါင်းအတော်ကြာ ထုတ်ဝေခဲ့ဖူးသော စာရေးဆရာကြီး ဦးတင်မောင်ဆိုသူ ဖြစ်လေသည်။ ထိုသူ ၂ ယောက်အနက် ဦးဆံဖြူ၏ စိတ်မှာ စာရေးဆရာကြီး ဦးတင်မောင်ဘက်သို့ အတော်အတန် ညွှတ်လျက်ရှိလေ၏။

၁၂ နာရီထိုးသည်နှင့် တစ်ပြိုင်နက် လူတစ်ယောက်သည် တိုက်တွင်းသို့ ဝင်လာပြီးလျှင် ဦးဆံဖြူရှိသော စားပွဲသို့ လာရောက်လေရာ ဦးဆံဖြူသည် ၎င်းအား နေရာထိုင်ခင်းများပေး၍ စီးကရက်များဖြင့် ဧည့်ခံစကား ပြောဆိုလျက်ရှိ၏။ ထိုသူမှာ ဦးအောင်မြဖြစ်လေသည်။ ၁၂ နာရီနှင့် ၄ မိနစ်၌ ဦးဆံဖြူသည် မိမိလက်ယာဘက်စားပွဲတွင်ထိုင်နေသောစာရေးထံမှလက်နှိပ်စက်နှင့်အသင့်ရိုက်ပြီးခန့်စာစာရွက်ကိုတောင်းယူပြီးလျှင်နာမည်နေရာ၌ဦးအောင်မြဟုထည့်သွင်းရေးသားလိုက်ပြီးလျှင် ၁၂ နာရီနှင့် ၅ မိနစ်တိတိ၌ မိမိကိုယ်တိုင် လက်မှတ်ရေးထိုး၍ ဦးအောင်မြအား ပေးလိုက်လေ၏။ ထိုအချိန်အထိ စာရေးဆရာဦးတင်မောင်ကား မပေါ်လာသေးချေ။

❖ ❖

ခန့်စာရသည်နှင့် တစ်ပြိုင်နက် ဦးအောင်မြသည် နောက်တစ်နေ့ အလုပ်ဆင်းပါမည့်အကြောင်းနှင့် ပြောဆိုကာ ထွက်သွားလေ၏။

၎င်းထွက်သွားသည်နှင့် တစ်ပြိုင်နက် ကြွေ့ရှင်းသပ်ရပ်စွာ ဝတ်စားထားသော လူတစ်ယောက်သည် တိုက်ထဲသို့ ပျာယီးပျာယာ ပြေးဝင်လာရာ ၎င်းမှာ အခြားသူမဟုတ်။ ဦးဆံဖြူ ရည်ရွယ်ထားသော စာရေးဆရာကြီး ဦးတင်မောင်ပင် ဖြစ်လေသည်။ အချိန်ကား ၁၂ နာရီနှင့် ၆ မိနစ်မျှ ရှိပြီဖြစ်၍ ဦးတင်မောင်မှာ နောက်ကျခဲ့ချေပြီ။

ဦးဆံဖြူလည်း ဦးတင်မောင်အား နေရာထိုင်ခင်းများ ပေးပြီးနောက် "ဝမ်းနည်းပါတယ်ဆရာ၊ ဆရာ့ကို အလုပ်ပေးဖို့ ကျွန်တော် ရည်ရွယ်ချက်ရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ နို့ပေမဲ့ ဆရာနောက်ကျသွားလို့ အခြားလူတစ်ယောက် ကျွန်တော်ခန့်လိုက်ရပြီ"

"ကျွန်တော်ဘယ်လောက်များ နောက်ကျလို့လဲခင်ဗျာ"

"များများမဟုတ်ဘူးဆရာ တစ်မိနစ်ပဲ"

"ဩော် ဟုတ်လား"

၂ ယောက်စလုံးပင် တိုင်ကပ်နာရီကြီးကို မော့၍ ကြည့်ကြ၏။ ထိုအခါမှ ဦးတင်မောင်မှာ မိမိသည် ကျုံးလမ်းဘက်မှ လမ်းသစ်ထဲသို့ ချိုး၍အဝင်တွင် စီးကရက် သောက်ချင်သဖြင့် ကုလားဆိုင်တစ်ဆိုင်သို့ဝင်၍ စီးကရက်တစ်ဘူး ဝယ်ယူရာ မိမိ၌ အကြွေမပါသဖြင့် ဆိုင်ရှင်ကုလားသည် အခြားဆိုင်တစ်ဆိုင်သို့ သွားပြီးလျှင် အကြွေများ အမ်းသည်ကို တစ်ခဏမျှ စောင့်ဆိုင်းနေခဲ့ရကြောင်း၊ ထို့ပြင်လည်း ဆိုင်မှ စီးကရက်တစ်ဗူးကို သောက်၍ ထွက်အလာ၌ လူတစ်ယောက် လမ်းဘေးတွင် ဆေးလိပ်ချင်း မီးကူးသည်ကို တစ်ခဏမျှ စောင့်ဆိုင်းနေရကြောင်းများကို အမှတ်ရ၏။ မိမိကိုယ်ကိုယ် မိမိအပြစ်တင်၏။ မိမိသာ မဟုတ်။ မိမိကဲ့သို့ အချိန်အရေးကြီးသောသူများ၌ သဘာဝအတိုင်း တွေ့ကြုံဖြစ်ပျက်တတ်သော အရေးကြီးသောအနှောင့်အယှက်ကလေးများသည် တစ်ခါတစ်ရံမည်မျှ အရေးပါ အရာရောက်သည်ကို တနင့်နင့် စဉ်းစားမိ၏။

ဦးဆံဖြူသည် စာရေးဆရာကြီး ဦးတင်မောင်အား ကရုဏာသက်သော ချာလုံးများဖြင့် ကြည့်ပြီးလျှင် -

"ဟုတ်တယ်ဆရာ၊ ဆရာ့ကိုခန့်ထားဖို့ ကျွန်တော် စိတ်ထဲမှာ ပိုင်းဖြတ်ပြီး ခဲ။ နို့ပေမဲ့ ဆရာက နောက်ကျသွားတာကို ဆရာရဲ့။ မစောင့်နိုင်တော့ဘူး။ ကျွန်တော့်မှာ အလုပ်က များလေတော့ အချိန်ဟာ ကျွန်တော့်အတွက် အင်မတန် အရေးကြီးပါတယ်"

"သိပါတယ်လေ၊ ဦးဆံဖြူအကြောင်း ကျွန်တော် အသိသားပဲ။ အခု ဖြစ်ရတာ တခြားသူအပြစ် မဟုတ်ပါဘူး ကျွန်တော့်အပြစ်ပါ"

"ဝမ်းနည်းပါတယ် ဦးတင်မောင်"



www.burmeseclassic.com

www.burmeseclassic.com



"အခုမှဖြင့် ဝမ်းမနည်းပါနဲ့တော့လေ၊ အပြစ်ရှိတဲ့လူခံတမ်းပဲ။ ခင်ဗျားဆီမှာ အလုပ်မရပေမဲ့ ကျွန်တော့်မှာ တစ်ခုရတယ်ဗျို့"

"ဘာရတာလဲဗျို့"

"အချိန်ကို ရိုသေရမယ်ဆိုတဲ့ သင်ခန်းစာတစ်ခု ရတာပေါ့။ ကိုင်းသွားလိုက်ဦးမယ်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ပျက်အစဉ်

ကန်တော်ကလေးတိုက်နယ် လူစည်ကားသော လမ်းတစ်လမ်း၌ မြန်မာရပ်ကွက် တစ်ကွက်ရှိရာ ထိုနေရာတွင် ကုန်သည်များ နည်းပါး၍ အစိုးရအရာရှိနှင့် လခစား စာရေးစာချီက များလေသည်။ အရာရှိကတော်၊ မင်းကတော်၊ စိုးကတော်မှစ၍ နောက်ဆုံး ပုလိပ်သားကတော်၊ မင်းစေကတော်အထိ မိမိတို့ကိုယ်တိုင် ငွေဝင်အောင် တစ်စုံတစ်ရာ လုပ်ကိုင်နိုင်ခြင်းမရှိ။ မိမိတို့လင်ယောကျ်ားများ၏ လစာငွေဖြင့်သာ တင်းတိမ်ရောင့်ရဲကြပြီးလျှင် မည်သူ့ယောကျ်ားက လခပို၍ရသည်၊ မည်သူက အောက်ဆိုက်ပို၍ ရသည်ဖြင့် ဂုဏ်ပြိုင်ကာ ရှိနေကြသော ရပ်ကွက်ဖြစ်၏။ အဝတ်အစား ဝတ်ရာ၌လည်း သူ့ပိုးတွန့်လုံချည်ဝတ်လျှင်ဝတ်ချင်း၊ နိုင်လွန်ဝတ်လျှင်လည်းဝတ်ချင်း၊ ဂုဏ်တုဂုဏ်ပြိုင်ဝတ်ဆင်ကြရာ ထိုလခစား အရာရှိစာရေး စာချီကတော်များမှာ မည်မျှလောက်မိမိတို့လင်ယောကျ်ား လခကောင်းစေကာမူ တစ်ပြားတစ်ချပ်မျှ စုဆောင်းမိသည်ဟူ၍ မရှိဘဲ တစ်လနှင့်တစ်လ အလျင်မီအောင် အကြွေးဆပ်နိုင်သူကိုသာ ငွေကြေးချောင်ချိသည်ဟူ၍ အသိအမှတ် ပြုတတ်၏။ ဤအထဲတွင် ယောကျ်ားများ အလုပ်သွားချိန်၌ အိမ်မှနေ၍ ပိုကာဆွဲခြင်း၊ ကိုးမီးကစားခြင်း၊ အချင်းချင်း ဂျိုကာဆွဲခြင်းစသော အလုပ်များကလည်း ရှိသေးရာ အချို့မှာ လင်ယောကျ်ား

www.burmeseclassic.com



မသိအောင် မိမိတို့ လက်ဝတ်လက်စားအချို့ကိုပင် အတိုးကြီးစွာဖြင့် ပေါင်တတ်ကြသေး၏။ သို့နှင့် ရပ်ကွက်တစ်ခုလုံး သူနှင့်ငါ အတူတူနှင့်အနူနူ ကဲ့သို့ ရှိနေသော်လည်း ရှေ့နောက် မြော်မြင်တိုင်းထွာတတ်သော လူများလည်း အချို့ရှိကြသေး၏။

တစ်နေ့သ၌ ရုံးဝန်ထောက်ကတော် ဒေါ်ခင်မြနှင့် စာရေးကြီးကတော် မသန်းမြင့်တို့သည် ဗိုလ်ချုပ်ဈေးသို့သွား၍ မယ်ညိုပုဒ္မှာ တစ်အုပ်ကို ၇၂ ကျပ်နှင့် နှစ်ယောက် စပ်ဝယ်ယူကြပြီးနောက် အပြန်တွင် ဝန်ထောက်ကတော် ဒေါ်ခင်မြက တက္ကသိုလ် သမဝါယမတွင် နို့ဆီဘူး၊ သကြား၊ ထောပတ်ဘူး၊ သွားတိုက်ဆေး၊ ဆပ်ပြာစသည်တို့ကို လက်ဝင်းပေး၍ ဝယ်ယူခဲ့ပြီးလျှင် ဆီကိုလည်း အိမ်က အစေခံ သူငယ်ကလေးအား ချက်ချင်း လွှတ်လိုက်ပါမည်ဟု အရောင်းစာရေးကလေးထံ စာရင်းပေးခဲ့၏။

ဈေးမှ ဆိုက်ကားဖြင့် ပြန်လာကြပြီးနောက် ဒေါ်ခင်မြသည် အိမ်သို့ရောက်သောအခါ မသန်းမြင့်အား "မပြန်ပါနဲ့ဦးအေ၊ လက်ဖက်ရည်သောက်ပြီးမှ ပြန်တာပေါ့" ဟုပြောသဖြင့် မသန်းမြင့်သည် အိမ်ရှေ့ဧည့်ခန်း၌ထိုင်နေရ၏။ ဧည့်ခန်းမှာ ကော်အောတစ်ချပ်ပေါ်တွင် ကုလားထိုင်စုံများဖြင့် လှပစွာ ပြင်ထားသည့်အပြင် ဘုရားစင်မှာလည်း လှပသော သစ္စာပန်းများဖြင့် ဝေဝေဆာဆာရှိကာ လွန်စွာ ကြည်ညိုဖွယ် ကောင်းလှ၏။ မကြာမီ ဒေါ်ခင်မြ ထွက်လာပြီးနောက် အစေခံ သူငယ်ကလေးသည် လက်ဖက်ရည်နှစ်ခွက်နှင့် ပေါင်မုန့်ထောပတ်သုတ်များကို ငွေလင်ပန်းတစ်ချပ်ပေါ်၌ တင်ကာ ရိုသေစွာ ပေးလာ၏။

မသန်းမြင့်သည် လက်ဖက်ရည်သောက်ရင်း ခမ်းနားသော အိမ်ရှေ့ခန်းနှင့် တကွ ဒေါ်ခင်မြ၏ ကျစ်လျစ်သိပ်သည်းသော အနေအထိုင်တို့ကို စိတ်ထဲက ချီးကျူးလျက် ရှိ၏။ မိမိအိမ်မှ စုတ်ပြတ်နံ့ရှာသော အိမ်ရှေ့ဧည့်ခန်းနှင့် နှိုင်းစာ၍ ကြည့်မိ၏။ ဒေါ်ခင်မြ၏ ယောက်ျားမှာ ရုံးဝန်ထောက်ဟု အခေါ်ခံရသော်လည်း ပင်ရင်းလစာငွေ ၃၃၀ နှင့် ရှားပါးစရိတ်သာ ရရှိသဖြင့် မိမိယောက်ျားနှင့် မတိမ်းမယိမ်းမျှသာ ကွာခြား၏။ သို့သော် မသန်းမြင့်သည် အသုံးအစွဲကို မဆင်မခြင် စည်ကမ်းစနစ်မထား၊ အိမ်ထောင်ကိုလည်း များစွာ ဂရုမစိုက်သဖြင့်သာ အနေ



www.burmeseclassic.com

www.burmeseclassic.com



အထိုင် အဆင့်အတန်းခြင်း ကွာခြားသကဲ့သို့ ရှိနေလေသည်။

ဒေါ်ခင်မြမှာ အသက် ၃၅ ခန့်ရှိ၍ မသန်းမြင့်က ၂၄ နှစ်သာ ရှိသေးရာ စကားပြောသောအခါ မသန်းမြင့်က အစ်မကြီးဟု ရင်းရင်းနှီးနှီး ခေါ်လေ့ရှိ၏။

"အစ်မကြီးအိမ်များ ကြည့်ရတာ သိပ်ကျက်သရေရှိတာပဲ"

"ကျက်သရေရှိအောင် အိမ်ရှင်မက ဖန်ဆင်းရင် ဖြစ်တာပေါ့ ညီမရယ်။ ယောက်ျားဆိုတာ အိမ်ထောင်ရေး ဘာနားလည်တာ လိုက်လို့။ အလုပ်လုပ်ဖို့ရယ်၊ အိပ်ဖို့စားဖို့ရယ် သူတို့ဒါလောက် နားလည်တာပဲ"

"အစ်မကြီးတို့ကတော့ ဝန်ထောက်ရင့်မကြီးကို အစ်မကြီးရဲ့ လုပ်နိုင်မှာပေါ့"

"မသန်းမြင့် ... ဒီလိုထင်ရင် မှားမှာပေါ့။ ဝန်ထောက်ဆိုပေမဲ့ ကိုသောင်းစိန် လခက ဘာရတာမှတ်လို့။ ညည်းယောက်ျားနဲ့ ဘာကွာသလဲ၊ မောင်တင်မောင်ကော ၃၅၀ လောက်ရတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ရှားပါးစရိတ်နဲ့ ဘာနဲ့ ၃၅၀ လောက်တော့ ရပါတယ်"

"ဒါဖြင့် တို့က ၇၀ တည်း ပိုပါတယ်။ ဒါပေမဲ့ အစ်မကြီးက အတော်ကျစ်ကျစ်လျစ်လျစ်နေပြီး ဘယ်နေရာမဆို တစ်ကျပ်ပဲ သက်သာသက်သာ၊ ငါးမူးပဲ သက်သာသက်သာ စုဆောင်းခဲ့တယ်"

"ဒါကြောင့် အစ်မကြီးဟာ သိပ်တော်တာပဲလို့ ကိုတင်မောင်နဲ့ မကြာမကြာ ပြောမိပါတယ်"

"အခုကြည့်လေ၊ တက္ကသိုလ်သမဝါယမမှာ ငွေ ၁၀၀ ဝင်ထားတော့ အခု ဈေးဝယ်ခဲ့တာ ကြည့်စမ်း။ နို့ဆီ ၆ လုံးကို ၇ ကျပ် ၁၂ ပဲ ပေးရတယ်။ သကြား တစ်ပိဿာက နှစ်ကျပ်တစ်မတ်၊ သွားတိုက်ဆေးက ကိုလီနိုးအငယ် ၁ ကျပ် ၆ ပဲပေးရတယ်။ အပြင်မှာ တစ်ကျပ်ခြောက်မူး မဟုတ်လား။ ဒီတော့ အားလုံး ပေါင်းလိုက်ရင် ၁၀ ကျပ် ၆ ပဲကျတယ်။ အပြင်ဈေးနဲ့တွက်ကြည့်ရင် အနည်းဆုံး ငွေ ၃ ကျပ်ကျော်ကျော်လောက် သက်သာပြီ။ ဒီလိုအတွက်ရှိရတယ် မသန်းမြင့်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မကြီးပြောတာ မှန်တာပဲ။ ကျွန်မတို့အိမ်များဖြင့် နို့ဆီဘူးလိုချင်မှ သွားဝယ်၊ သကြားလည်း တစ်နေ့က အပြင်မှာ အစိတ်သား သွားဝယ်တာ တစ်ကျပ်ပေးခဲ့ရတယ်။ ဒီတော့ လေးကျပ် ဈေးကျတာပေါ့"

"ဒါကြောင့် မဟုတ်လား။ အဲဒီ သမဝါယမမှာ ၅၀ လောက်ထည့်ထားလိုက်ပါ။ အကျိုးမယုတ်ပါဘူး။ တစ်နှစ်နေရင် ကျေပါတယ်။ ပြီးတော့ တစ်နှစ်မှာ အသားတင်အမြတ် ၁၂ ပဲရတဲ့အပြင် ဝယ်တဲ့ကုန်ဖိုး ဘောက်ချာတွေပေါ်မှာ အားလုံးပေါင်းပြီး ငွေတစ်ရာမှာ ၆ ကျပ် ၄ ပဲနှုန်းပြန်ပြီး ပေးသေးတယ်"

"ဒါဖြင့် တယ်ပြီး နေရာကျပါကလား အစ်မကြီးရဲ့"

"ဒါကြောင့် မသန်းမြင့်ကို တိုက်တွန်းတာပေါ့။ ဒီလ ဝင်လိုက်ပါလား"

"ငွေမပိုသေးပါဘူး အစ်မကြီးရယ်။ ဝင်တော့ ဝင်ချင်ပါတယ်"

"ကိုင်း မသန်းမြင့်၊ အစ်မကြီးပြောတဲ့စကားတစ်ခွန်း နားထောင်စမ်းပါ"

"နားထောင်ပါ့မယ် အမကြီးရယ် ပြောပါ"

"မသန်းမြင့်တို့အိမ်မှာ ပိုကာဝိုင်း မထားပါနဲ့။ ကျက်သရေလည်း မရှိဘူး။ လာဘ်လည်း ကိတ်တယ်။ ပြီးတော့ တကယ့်ဧည့်ကောင်း စောင်ကောင်း လာလို့မှ မတင့်တယ်ဘူး။ အစ်မကြီးပြောတာ မဟုတ်ဘူးလား။ စဉ်းစားကြည့်စမ်း"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ကျွန်မလည်း ဝါသနာပါလှလို့တော့ မဟုတ်ပါဘူး အစ်မကြီးရယ်။ အိမ်မှာ လုပ်စရာကိုင်စရာ မရှိတာနဲ့ ပျင်းပျင်းရှိလို့ လုပ်ရာက စပြီး အကျင့်ဖြစ်သွားတာပါပဲ"

"အေးလေ ဟုတ်ပါတယ်။ နို့ပေမဲ့ ပျက်အစဉ် ပြင်ခဏဆိုတဲ့ စကားရှိသားပဲ။ ပြီးတော့ တစ်ကျပ် နှစ်ကျပ် အပျော်ကစပြီး တော်တော်ကြာတော့ ငါးဆယ် တစ်ရာကြေးကြီး ဖြစ်သွားရော။ နောက်ဆုံးမှာ စီးပွားရေးကို တကယ် ထိခိုက်လာရင် အသက်ကိုတောင် ရန်ရှာတတ်တယ်"

"ဟုတ်ကဲ့"

"ပြီးတော့လည်း အစ်မကြီးပြောသလို ငွေကို ကြိုးစားပြီးစုစမ်းပါ။ ဥပမာ ဝက်သားငါးဆယ်သား ဝယ်မယ့်နေရာမှာ အစိတ်အဝက်ဝယ်၊ ဒိဘီ ၃ ခါပေးမယ့် နေရာမှာ ၂ ခါပေး၊ ဒီလိုပေါ့ ဘယ်နေရာမျိုးမဆို တစ်မတ်သုံးမှုက စပြီးခြိုးခြံ



www.burmeseclassic.com

www.burmeseclassic.com



စုမိတာပေါ့။ ပြီးတော့ ဒီကနေ့ကစပြီး လာပေးယူတာတို့ လာခေါ်ပေါင်တာတို့ ရှောင်နိုင်သမျှရှောင်။ လက်ငင်းဝယ်တော့ မျက်နှာလည်းရှိတယ်။ ကိုယ်ဆစ်ချင်သလို ဆစ်လို့ရတော့ သက်သာတာပေါ့။ အဲဒီလို အကွက်ရှိတော့ ပိုက်ဆံလည်းပိုလာမယ်။ စိတ်လည်း ချမ်းသာရာရတယ်"

"အစ်မကြီးပြောတာ သိပ်မှန်တာပဲ အစ်မကြီးရယ်"

"အင်း . . . ပါးစပ်က မှန်တယ်ပြောရုံနဲ့ မပြီးဘူး မသန်းမြင့်၊ လက်တွေ့လုပ်ကြည့်မှ ကျေးဇူး ခံစားရတယ်။ များများမဟုတ်ဘူး။ အစ်မကြီးပြောတာ ၃ လ တည်း စမ်းကြည့်စမ်း"

"ကောင်းပါပြီ အစ်မကြီးရယ်"

ဒေါ်ခင်မြနှင့် သိကျွမ်းကြသည်မှာ အတော်ကြာပြီ ဖြစ်သော်လည်း အိမ်အပေါ်ထပ် ဧည့်ခန်းသို့ ယခုတစ်ကြိမ်သာ ရောက်ဖူးသဖြင့် မသန်းမြင့်သည် ဒေါ်ခင်မြအိမ်ခန်း အခြေအနေ၊ ထားပုံသိုပုံကို မြင်ရ၍ ဒေါ်ခင်မြ၏ ဆုံးမပဲ့ပြင်သော စကားများကို ကြားရသောအခါ အစ်မအရင်းတစ်ယောက်ကဲ့သို့ ဒေါ်ခင်မြအပေါ်တွင် ယခင်ကထက် လေးစားကြည်ညို၍လာခဲ့၏။ ဒေါ်ခင်မြကဲ့သို့ သားနားသပ်ရပ်စွာ နေထိုင်လိုသော စိတ်များ ပေါ်ပေါက်လာခဲ့၏။

ထိုနေ့မှစ၍ မသန်းမြင့်အိမ်မှာ အကြီးအကျယ် ပြောင်းလဲ၍သွားတော့၏။ ပိုကာနှင့် ဂျိုကာဝိုင်းများကို ဗေဒင်ယာယီက ဟောသဖြင့် မလုပ်တော့ကြောင်း အိမ်နီးပါးချင်းများအားစကားလွှင့်ကာ အိမ်ကိုလည်းရေမိုးဆေး၍တတ်နိုင်သမျှ သပ်သပ်ရပ်ရပ် ပြင်ဆင်လေ၏။ မီးဖိုဆောင်ဘက်မှ တတ်နိုင်သမျှ ချွေတာရန် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့ကို တစ်လစာဖူလုံအောင် ဝယ်၍ထား၏။ အသုံးအစွဲကို တတ်နိုင်သမျှ ကျစ်လျစ်အောင် ကြိုးစား၏။ ဖဲကစား၍ကုန်မည့် အချိန်များ၌ အဝတ်လျှော်ခြင်း၊ အစုတ်အပြတ် ဖာထေးခြင်း၊ မီးပူတိုက်ခြင်း အိမ်အတွင်းအိမ်ပြင်အမှိုက်သရိုက်ရှင်းလင်းခြင်းများကိုပြုလုပ်လေ၏။ယခင်ကဂျိုကာ ပိုကာဝိုင်းများဖြင့် စည်းမရှိကမ်းမရှိ ဖြစ်နေသော အိမ်မှာ ယခုအခါ ဘုရားစင်တွင် လတ်ဆတ်သော ပန်းများ၊ အမှိုက်သရိုက်ကင်းသော မျက်နှာကြက်နှင့် ပြောင်လက်သော ကြမ်းပြင်များ၊ ပိတ်ဖြူစွပ်ကလေးများ စွပ်ထားသည့်ကုလား



www.burmeseclassic.com

www.burmeseclassic.com


ထိုင်များဖြင့် သာယာသောအိမ်၏ ကျက်သရေကို ဆောင်လျက်ရှိ၏။ ယောကျ်ားဖြစ်သူ မောင်တင်မောင်ကလည်း သူ့ဇနီး၏ပြောင်းလဲခြင်းများကို အံ့အားသင့်မိတော့၏။

အရပ်ထဲ၌ အများအားဖြင့် အိမ်တစ်အိမ်က သစ်ပင်စိုက်လျှင်၊ အခြားတစ်အိမ်ကလည်း သစ်ပင်စိုက်တတ်၏။ အိမ်တစ်အိမ်က အိမ်ကိုလှပသာယာအောင် ပြုပြင်လျှင် အိမ်နီးချင်းအိမ်များကလည်း ၎င်းကို အတုယူ၍ ပြုလုပ်တတ်၏။ လူနှင့်လူချင်း ရောဂါသာ ကူးစက်တတ်သည်မဟုတ်။ အလေ့အထအကျင့်သိက္ခာများသည်လည်း ကူးစက်တတ်လေရာ အထူးသဖြင့် မိန်းမများက ယောကျ်ားများထက် ပို၍ အတုခိုးမြန်လေသည်။

စာရေးကတော် မသန်းမြင့်မှာ ရုပ်ရည်လှပသော မိန်းကလေးတစ်ယောက်ဖြစ်လေရာ၊ သူ့ဝတ်ပုံစားပုံနေပုံထိုင်ပုံကို အမြဲအတုယူလျက်ရှိသော မျက်နှာချင်းဆိုင်အိမ်မှ ရာဇဝတ်အုပ်ကတော် မတင်တင်သည်လည်း မသန်းမြင့်၏အပြောင်းအလဲကို မြင်ရသောအခါ တစ်နေ့တွင် မသန်းမြင့်အိမ်ဘက်သို့ ကူးလာ၍ စကားစမြည် ပြောရင်း အနေအထိုင်ကို အကဲခတ်လျက် ရှိလေသည်။

"မြင့်အိမ်က တယ်လှနေပါကလားဟေ့။ ဒီလိုဆိုတော့ ကိုတင်မောင်က သိပ်သဘောကျမှာပဲ"

"အို . . . တင်တင်ကလည်း မိန်းမဆိုတာ ယောကျ်ားသဘောကျအောင် လုပ်ဖို့ ဝတ္တရားရှိတယ် မဟုတ်လား။ ဪ... ဒါထက် တင်တင်တို့ လခထုတ်လို့ ဈေးဝယ်ရင် ဘယ်ကဝယ်သလဲ"

"လမ်းထိပ် ကုလားဆိုင်ကပေါ့ မြင့်ရဲ့ ကုလားကလေးက သဘောထား ကောင်းသနဲ့။ ဘာဖြစ်ဖြစ်သူ့ဆိုင်က လိုချင်တာရနေတယ်မဟုတ်လား။ လက်မှတ် လို့ ဆပ်လိုက်ရင် ပြီးတာပဲ"

"အကြွေးယူလို့ရတာတော့ ဟုတ်ပါရဲ့ တင်တင်ရယ်။ ဒါပေမဲ့ ဈေးက ကြီး... သကွယ်။ မြင့်ဖြင့် လမ်းထိပ်က အစ်မကြီးမခင်မြ အားကျတာနဲ့ အိမ်ကို သ... ရပ်ရပ်ဖြစ်အောင်ထား အိမ်မှုကိစ္စတွေလုပ်။ တင်တင်မြင်တဲ့အတိုင်း ... တစ်နေ့ ဒီအလုပ်နဲ့ပဲ ရှုပ်နေတာပဲ။ ပြီးတော့လည်း ဈေးဝယ်တာ ...ခရင်...


www.burmeseclassic.com

www.burmeseclassic.com



အကြွေးမဝယ်တော့ဘူး။ အံ့ရင်က အကြွေးဟောင်းကို တစ်ဝက်ဆပ်ပြီး တစ်ခါတည်း လက်ငင်းပေးပြီး ဝယ်လိုက်တယ်။ ပြီးတော့လည်း တက္ကသိုလ်သမဝါယမမှာ ငွေ ၅၀ ဖိုး အစုဝင်လိုက်တယ်။ သေသေချာချာ စဉ်းစားကြည့်ရင် သေသေချာချာ သက်သာတာပဲ တင်တင်ရေ။ ဒါကြောင့်မို့ မြင့်မြင့် မရှိမဲ့ ရှိမဲ့ ရွှေကြိုးကလေး ရောင်းပြီး တစ်ခါတည်း အစုဝယ်လိုက်တယ်"

"ဘယ်လိုသက်သာပုံလဲမြင့်ရဲ့...ပြောစမ်းပါဦး"

"လက်ငင်းဝယ်ပြီး စားတာဟာ ဘယ်အခါအဆို အကြွေးဝယ်ယူတာထက် သက်သာတယ် မဟုတ်လား။ သည့်အပေါ် သူတို့လက်မှတ်နဲ့ ဝယ်ပြန်တော့ အပြင်မှာဝယ်ရတဲ့ဈေးထက် ငွေ ၁၀ ကျပ်မှာ အနည်းဆုံး တစ်ကျပ်ငါးမတ်တော့ သက်သာတာပဲ"

သို့နှင့် မသန်းမြင့်သည် ရာဇဝတ်အုပ်ကတော် မတင်တင်အား လက်ငင်းဝယ်ခြင်း၏ အကျိုးကျေးဇူးနှင့်တကွ အပြင်ဆိုင်များတွင် ဖြစ်ကတတ်ဆန်း ဝယ်ယူရာ၌ နစ်နာပုံများ၊ လက်လီကုန်ဆိုင်ရှင်များက လဆိုင်းအကြွေးယူသူများအပေါ်တွင် မတန်အတန်ဈေးတင်၍ ရောင်းချပုံများကို ဒေါ်ခင်မြ ဟောပြသည့်အတိုင်း ပြောပြလေ၏။ မသန်းမြင့်ပြောသော စကားများမှာ စိတ်ဝင်စားဖွယ်ကောင်းလှပေ၏။

"တင်တင်လည်း နက်ဖြန်ကစပြီး မြင့်ပြောသလို ဖြစ်အောင် စီမံတော့မယ်"

"လုပ်စမ်းပါ တင်တင်ရယ်၊ မြင့်ပြောတဲ့အတိုင်းသာ လုပ်လာရင် ဘယ်အကြွေးတောင်းတဲ့လူမျှ အိမ်မှာ မလာတဲ့အပြင် တစ်လကို နစ်ဆယ်မျိုးအစိတ်နဲ့ ဦးမလာဘူးဆိုတော့ မြင့်ကို ပြောချင်တိုင်းပြောပါ။ ကျပ်လှရင် အလွန်ဆုံး တစ်လလောက်ပေါ့"

မတင်တင်သည် မသန်းမြင့်အား နှုတ်ဆက်၍ ပြန်လာခဲ့ပြီးနောက် ထိုနေ့မှ မသန်းမြင့်ပြောလိုက်သည့်အတိုင်းစမ်းသပ်လုပ်ကိုင်စပြုလေ၏။ လခထုတ်သည့်နေ့၌ ဆန်ကို တစ်အိတ်လုံး ဝယ်ထားခြင်း၊ ဆီ၊ မီးသွေး၊ ထင်း၊ နို့ဆီ၊ သတ်ခ်ျှ ချွတ်၊ ကြက်သွန်၊ ဆပ်ပြာမှစ၍ မရှိလျှင်မဖြစ်သော ပစ္စည်းများကို



www.burmeseclassic.com

www.burmeseclassic.com



သိမ်ကြီးဈေးသို့သွား၍ လက်ကားဆိုင်တစ်ဆိုင်မှ ဝယ်ယူ၍ ပြန်ခဲ့လေ၏။ ယခင်က ကြွေးဟောင်းများကိုလည်း တစ်ဝက်တစ်ပျက် ပေးဆပ်လေသည်။ သို့နှင့် နောက်တစ်လတွင် အကြွေးဟောင်းများအားလုံး ကြေသွားပြီးနောက် တတိယလသို့ရောက်သောအခါငွေ ၃၀ ကျော်မျှအသားတင် စုဆောင်းမိလေ၏။ နောက်လ၌ သမဝါယမအသင်းသို့ အစု ၅၀ ဖိုးဝင်နိုင်ပြီးလျှင် ကုလားထိုင် သစ်ကလေးများကိုပင် ဝယ်နိုင်၍ ယခင်က ဖြစ်သလို နေထိုင်ခဲ့သော အိမ်ရှေ့ဧည့်ခန်းကလေးသည် မသန်းမြင့်အိမ်လောက်နီးပါး ပြောင်ပြောင်လက်လက် ဖြစ်၍လာ၏။ ယခင်က သူများအိမ်သို့ နေ့စဉ် အလည်အပတ်သွား၍ စကားပြောခြင်းဖြင့် အချိန်ကုန်ခဲ့သော မတင်တင်သည် ထိုအခါ၌ အိမ်မလည်တော့ဘဲ အိမ်မှုကိစ္စများဖြင့်သာအချိန်ကုန်တော့၏။ သို့နှင့် ဒေါ်ခင်မြ၏ဟောပြောမှုကြောင့်ယခင်က သတိတရားမရခဲ့သော အိမ်ရှင်မနှစ်ယောက်သည် ကြီးစွာသော ပြောင်းလဲခြင်းသို့ ပြောင်းလဲ၍ သွားလေ၏။

❖ ❖

ဆယ်လခန့်မျှ ကြာရှိသောအခါ တစ်နေ့သော နေ့လယ်ခင်း တစ်နာရီထိုးအချိန်ခန့်၌ ရာဇဝတ်အုပ်ကတော် မတင်တင်၏ အခန်းတွင် မိန်းမ ၈ ယောက် ၉ ယောက်ခန့်တို့သည် စည်းဝေးတိုင်ပင်လျက်ရှိရာ မတင်တင်က ကော်ဖီကိတ်မုန့်များသည် ဧည့်ခံလျက် ရှိ၏။ မိန်းမအားလုံးမှာ စာရေးစာချီ အရာရှိကတော်များဖြစ်ကြ၍ ရုပ်ရည်အသွင်အပြင်အားဖြင့် သားနား သပ်ရပ်သူများဖြစ်လာသည်။

အစည်းအဝေးမှာ ဒေါ်ခင်မြက ကြီးမှူး၍ လျှို့ဝှက်စွာ ဖိတ်ခေါ်သော အစည်းအဝေးဖြစ်၏။ လူစုံလတ်သော် ဒေါ်ခင်မြက အောက်ပါအတိုင်း ပြောပြလေသည်။

"ကျွန်မတို့ အခု အစည်းအဝေးကို ခေါ်ရတာဟာ ကျွန်မတို့ခင်ပွန်းများသည် စေဘဲ ကျွန်မတို့ချည်း လွတ်လွတ်လပ်လပ် တိုင်ပင်နိုင်အောင် ယောင်္ကျားလည်း ယောက်ျားလည်း တောတက်သွားတဲ့အခိုက် သူ့အိမ်မှာ ဖိတ်ခေါ်ရခြင်းဖြစ်

www.burmeseclassic.com



တယ်။ အခုလို ကော်ဖီများ၊ ကိတ်မုန့်များနဲ့ ပြုစုတာကိုလည်း ကျွန်မနဲ့တကွ အားလုံး ကြွရောက်တဲ့ ပရိသတ်ကပါ များစွာ ကျေးဇူးတင်ရပါတယ်။ အစည်းအဝေး ဖိတ်ခေါ်ရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ကျွန်မတရားပြောတာ နားဝင်ပြီး မသန်းမြင့်နဲ့ မတင်တင်တို့ဟာ ဗိုလ်ချုပ်ဈေးက တက္ကသိုလ် သမဝါယမထဲကို အစုဝင်ပြီး အပြင်အမြတ်ကြီးစားတဲ့ လက်လီဆိုင်တွေက မဝယ်ဘဲ သမဝါယမကပဲ ကုန်ပစ္စည်းများကို ဝယ်ယူ သုံးစွဲလာကြပါတယ်။ သည့်အပြင်လည်း အိမ်မှာ အနေအထိုင် အိမ်တွင်းမှုလုပ်ကိုင်ဆောင်ရွက်ရေး အသုံးအစွဲ အဝယ်အခြမ်းမှစ၍ အစစအရာရာ ဆင်ခြင်တိုင်းထွာပြီး စည်းနဲ့ကမ်းနဲ့ ကုလားနားနဲ့ လုပ်လာကြတော့ ဈေးနှာဝယ်ခြမ်းရာမှာ အဖိုးနှုန်းသက်သာလို့ ငွေပိုလာတဲ့ အပြင် လခစား စာရေးစာချီတို့ ရင်ဆိုင်တွေ့ကြုံနေရတဲ့ စာရေးနဲ့ကြွေးဆိုတဲ့ ပြဿနာကြီးကို ဖြေရှင်းနိုင်ကြပါတယ်။ ပထမ ၂ လ ၃ လမှာတော့ အတော်အတန် ကြိတ်မှိတ်ပြီး ခံရပါတယ်။ ကြွေးဟောင်းကိုဆပ်ပြီး လက်ငင်းဝယ်နိုင်ဖို့ဟာ မနည်းကြိုးစားခဲ့ရပါတယ်။ ကြွေးဆိုတာ မီးပွားကလေးလိုပဲ။ သေးငယ်တယ်လို့ ဂရုမစိုက်ဘဲထားခဲ့ရင် တော်တော်ကြာတော့ မြို့ရွာကို ပြာကျစေနိုင်ပါတယ်။ ထို့အတူ ကြွေးများဟာလည်း ဘယ်တော့မျှ လျော့သွားတယ် မရှိဘူး။ တဖြည်းဖြည်းတိုးတိုးသာ လာတာပါပဲ။ သူ့ကြွေးကို တစ်ခါယူမိလို့ရှိရင် သူ့လက်တွင်းက ရုန်းထွက်ဖို့ မတတ်နိုင်တော့ပါဘူး။ ကြွေးရှင်ဆိုတာ ကျွန်မတို့ လည်ကုပ်ကို အမြဲခွစီးနေတဲ့ ဘီလူးကြီးပါပဲ။ ကျွန်မတို့ရဲ့ လည်မျိုက သွေးကို အမြဲဖောက်သောက်နေတဲ့ သွေးစုပ်ကောင်ကြီးပါပဲ။ ပြီးတော့ တစ်ခုလည်း စဉ်းစားကြည့်ကြပါ။ လက်လီဆိုင်တွေမှာ လဆိုင်းနဲ့ အကြွေးယူပြီးစားရတာဟာ သူ့ပစ္စည်းမကောင်းလည်း အကြွေးပေးတဲ့ မျက်နှာထောက်ပြီး မျက်စိမှိတ် ယူရတာပဲ၊ တစ်မူးတစ်မတ်ဈေးနှုန်းသိလည်း ဖွတ်မှိတ်ရတာပဲ။ ဘယ်လောက်များ အောက်ကျနောက်ကျဖြစ်သလဲဆိုတာ စဉ်းစားကြစမ်းပါ။ ဒီတော့ ကျွန်မက အခု ဘယ်လို စိတ်ကူးမိသလဲဆိုရင် သမဝါယမဆိုင်တွေမှာ အစုဝင်ပြီး လက်မှတ်နဲ့ ဝယ်ရတာတောင် အားမရနိုင်ဘဲ ကျွန်မတို့တစ်တွေဟာ အခုအခြေအနေထက်ပြီး သက်သာ

Quality Publishing House

www.burmeseclassic.com



ချောင်ရှိရလေအောင် ကျွန်မတို့ကိုယ်တိုင် သမဝါယမ ဆိုင်တစ်ဆိုင် ထူထောင်ချင်တယ်၊ ငွေကိုလည်း ကျွန်မတို့ မိန်းမသားချည်းပဲ စုပြီး မတည်မယ်။

ထိုအခါ မလှမေဆိုသော မိန်းမတစ်ယောက်က ကြားဖြတ်၍ -

"မတည်တာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ငွေရင်းမထည့်နိုင်တာက ခက်တယ်"

"မခက်အောင် ကျွန်မ စီမံပေးပါမယ်။ ကျွန်မ စကားမဆုံးသေးပါဘူး"

(အသံတစ်သံ) "မရှိ...ရှိတာ ပေါင်ထည့်မယ်...ပြောသာပြောပါ"

(အခြားအသံ) "လက်ဝတ်လက်စားရှိတာ ထုခွဲတာပေါ့"

ထိုအခါ မတင်တင်က စကားမဆုံးမီ ကျေးဇူးပြု၍ စကားဖြတ်မပြောရန် တောင်းပန်ပြောဆိုလေရာ ဒေါ်ခင်မြက သူ၏စကားကို ဆက်ပြန်လေသည်။

"ကျွန်မ အစီအစဉ်က ဒီလိုပါ။ အခု ကြွရောက်လာတဲ့ လူထဲက အိမ်ထောင်တစ်ခုဟာ တစ်နေ့ကို ပိုက်ဆံ ငါးမူး စုနိုင်ပါတယ်။ ဒီလိုဆိုရင် တစ်လကို ၁၅ ကျပ်စုဆောင်းမိမယ်၊ ဒီတော့ အစိတ်ရရော မဟုတ်လား။ လူတစ်ယောက် ၂၅ ကျပ်ရရင် လူ၁၀ ယောက်ကို ၂၅၀ ကျပ်ရမယ်။ လူ ၁၀ ယောက်အတွက် တစ်ယောက် တစ်ဆယ်စီ စိုက်ပြီးထည့်ဖို့ ကျွန်မက တာဝန်ခံတယ်။ အဲဒီလို တစ်လ ၂၅၀ စီရရင် တစ်နှစ်မှာ ငွေ ၃၀၀၀ ရမယ်။ တခြား ကျွန်မတို့နဲ့ စိတ်တူကိုယ်တူ အသင်းဝင်မယ့် အသင်းသားများရှိရင်လည်း ပြောကြပါ။ စုဆောင်းကြပါ။ နောက်တစ်နှစ်အကြာမှာ ကျွန်မတို့ ဆိုင်တစ်ဆိုင်ကောင်းကောင်း ထူထောင်နိုင်ပါတယ်။ အခု ကျွန်မပြောတာ သဘောကျရင် ဒီကနေ့ပဲ အသင်းဖွဲ့စီမံအုပ်ချုပ်မယ့် အမှုဆောင်လူကြီးတွေ ရွေးချယ်ပြီး ဒီကနေ့ပဲ အလုပ်စကြရပါလိမ့်မယ်၊ သို့သော်တစ်ခု ကျွန်မပြောလိုတာက ကျွန်မတို့ အခုလုပ်မယ့်ကိစ္စကို ကျွန်မတို့ ခင်ပွန်းသည်များ မသိစေချင်ဘူး။ နောက် အထမြောက်သွားတဲ့အခါကျမှ ကျွန်မတို့ မိန်းမသားတွေဟာ ဘယ်နေရာမဆို ယောကျ်ားတွေလောက် စွမ်းဆောင်နိုင်တယ်၊ ယောကျ်ားတွေလောက် အရည်အချင်း လုပ်ရည်ကိုင်ရည် ရှိကြတယ်၊ သူတို့လောက် ဈေးကို အမျှော်အမြင်ကြီးတယ်ဆိုတာ အံ့အားသင့်သွားအောင် ကျွန်မတို့က ပြရမယ်။ အခုလောက်ပြောရင် သဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



လောက်ပါပြီ။ ဒါကြောင့် ကျွန်မပြောတာ သဘောကျရင် အခုစတင်ပြီး ဖွဲ့ဖို့ပါဲ" ဟု ပြောကာ စကားကို နိဂုံးချုပ်လေ၏။

ထိုအခါ အားလုံးကပင် ဒေါ်ခင်မြပြောသည်ကို သဘောမကျစရာ မရှိကြောင်းဖြင့် ထောက်ခံကြပြီးလျှင် အဖွဲ့ဖွဲ့စည်းကြလေ၏။ အချို့ကလည်း ဒေါ်ခင်မြ၏ အကူအညီမလိုဘဲ တစ်လလျှင် ၂၅ ကျပ်ကျ ပါဝင်ထည့်သွင်းရန် တာဝန်ယူကြ၏။ သို့နှင့် အဖွဲ့ဖွဲ့စည်းရာတွင် ဒေါ်ခင်မြက ဥက္ကဋ္ဌအဖြစ်ဖြင့် လည်းကောင်း၊ မတင်တင်က အကျိုးဆောင် အတွင်းရေးမှူးအဖြစ်ဖြင့် လည်းကောင်း၊ ပစ္စည်း ဥစ္စာနှင့် အတော်အတန်ပြည့်စုံသူ မင်းကတော် မပုဆိုသူက ငွေထိန်းအဖြစ်ဖြင့် လည်းကောင်း၊ မသန်းမြင့်က ဆော်ဩသူအဖြစ်ဖြင့် လည်းကောင်း ဆောင်ရွက်ရန် အများသဘောတူ ရွေးကောက်ကြလေသည်။ အတွင်းရေးမှူးက အားလုံး၏ လက်မှတ်များကို ယူပြီးလျှင် အသင်းကို ထိုနေ့မှစ၍ စတင်ဖွဲ့စည်း လိုက်လေတော့၏။

ထိုနေ့မှစ၍ မသန်းမြင့်၏ ဆော်ဩမှုကြောင့် အသင်းသားများသည် တဖြည်းဖြည်း တိုး၍လာ၏။ အချို့အိမ်ရှင်မများမှာ နဂိုစိတ်ကပင် မပါသော်လည်း အပေါင်းအသင်း ကောင်းသောကြောင့်သာ ပိုကာဆွဲခြင်း၊ အိမ်ပေါက်စေ့လည်၍ အတင်းပြောခြင်း၊ အိမ်ထောင်မှုကို မသိမ်းဆည်းဘဲ ပေါ့ပေါ့တန်တန်နေခြင်းများကို ပြုလုပ်ခဲ့ကြရာ မသန်းမြင့်၏ မနေမနား ကြိုးစားအားထုတ်၍ ဟောပြောသောအခါ အမြင်မှန်ကိုရ၍ လာကြကုန်၏။ မကောင်းသောဘက် သို့ စိတ်ဝင်စားသလောက် မကောင်းသောဘက်သို့ ပြန်၍ စိတ်လည်လာကြ ကုန်၏။ ဈေးအဝယ်အခြမ်း ပစ္စည်းအသုံးအစွဲမှစ၍ ဒေါ်ခင်မြ၏ နည်းစနစ်ကို အတုခိုးကာ ချွေတာသုံးစွဲ၍လာကြ၏။ သို့နှင့် ယခင်က လခ ၁၅၀ ကျပ်ခန့်သာ ရ၍ ကြွေးပတ်လည် ဝိုင်းနေသူများပင် တဖြည်းဖြည်း အကြွေးကင်း၍ လာကြ၏။ လခ ၂၀၀ နှစ်ရာကျော်ရသူတို့မှာ သက်သာချောင်ချိ၍ လာ၍ လခ ၂၅၀ မှ [illegible]တ်သို့ရသော သူတို့မှာ တစ်လလျှင် နှစ်ဆယ်အစိတ်ခန့်မျှ စုဆောင်းနိုင် [illegible] ၅၀၀ ကျော် ၆၀၀ ခန့်ရသူတို့မှာကား ရွှေတွဲလွဲ ငွေတွဲလွဲပင်ဖြစ်၍ [illegible] ဤအချိန်များ အတွင်း၌လည်း ဒေါ်ခင်မြဦးစီးသော မိန်းမ[illegible]ဝါယမ



www.burmeseclassic.com

www.burmeseclassic.com



အသင်းကြီးမှာ ငွေကို တဖြည်းဖြည်း လစဉ်လတိုင်း မှန်မှန်ကြီး စုဆောင်းလာနိုင်ပြီးလျှင် လျှို့ဝှက်သော အသင်းသားများသည် တဖြည်းဖြည်း တိုး၍လာတော့၏။ သို့နှင့် ၉ လကျော် ၁၀ လခန့် ကြာသောအချိန်တွင် ငွေ ၇၀၀၀ ကျော်ခန့် စုဆောင်းလာနိုင်ပြီးလျှင် လျှို့ဝှက်သော အသင်းသားများသည် တဖြည်းဖြည်း တိုး၍ လာတော့၏။

အသင်းသားများမှာ မိမိတို့ ခင်ပွန်းသည်များအား အသိမပေးဘဲ လွန်စွာ သေဝပ်ပိပြားပြီးလျှင် ငွေများကို အကျိုးဆောင် အတွင်းရေးမှူး မတင်တင်က လျှို့ဝှက်စွာ စုဆောင်းပြီးလျှင် ငွေထိန်း မပု၏လက်သို့ အပ်၏။ မပုကမှ တစ်ဆင့် စာတိုက်တွင် စုဆောင်းလေသည်။

ဤသို့ဖြင့် အချိန်သည် တဖြည်းဖြည်းကုန်၍လာရာ တစ်နှစ်နှင့်နှစ်လခန့် ကြာသောအခါ ငွေ ၁၀၀၀၀ ကျော်ကျော်မျှ ရရှိလာ၏။

တစ်နေ့၌ ပဲခူးသွားဘတ် (စ်) ကားနှစ်စီးပေါ်တွင် ရွှေမော်ဓောဘုရားသို့ ဘုရားဖူးသွားရောက်သည့် မိန်းမကြီးငယ် ၃၀ ခန့်ကို တွေ့မြင်လေသည်။ သူတို့ ကားဒေါ်ခင်မြကြီးမှူးသောလျှို့ဝှက်စွာငွေများစုဆောင်းလျက်ရှိသည့်ငွေစုသင်း မှ အသင်းသူများဖြစ်လေသည်။ ဒေါ်ခင်မြတို့ကား ဘုရားဖူးရန် သက်သက်သာ သာမဟုတ်။ လိပ်ဥတူးရန်လည်း လာရောက်ကြခြင်းဖြစ်လေသည်။

ဘုရားများ လှည့်လည်ဖူးကြ၍ နံနက်စာကို ပျော်ရွှင်စွာ စုရုံးစားသောက် ကြပြီးသော် အတော်အတန် လှပြတ်လတ်သော တန်ဆောင်းတစ်ခုတွင် စုရုံး မိကြ၏။

ထုံးစံအတိုင်း ဒေါ်ခင်မြအား အစည်းအဝေး၏ သဘာပတိ တင်မြှောက်ပြီး သော် ရှေးဦးစွာ အတွင်းရေးမှူးက အသင်းသားတစ်ယောက်စီ၏ စုဆောင်းရရှိ ငွေအားလုံးပေါင်း စုမိသောငွေ၊ စာတိုက်နှစ်တိုက်တွင် ခွဲ၍အပ်ထားသော ငွေ၊ ငွေထိန်းလက်၌ရှိသည့်ငွေ၊ မိမိလက်ထဲတွင် အသေးဖွဲ့သုံးရန်ထားရှိသည့် ငွေစာရင်းများကို တွက်ချက် ရှင်းပြရလေသည်။

ထို့နောက် ဥက္ကဋ္ဌက မိမိတို့ အသင်းသားများသည် ချွေတာသုံးစွဲသည့် စနစ်ကို မတည်ကာ မိမိတို့နေ့စဉ်သုံး အိမ်စရိတ်ထဲမှ တစ်လလျှင် အနည်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



၂၅ ကျပ်မှ အများဆုံး ၅၀ ကျပ်အထိ စုဆောင်းလာကြရာ ယခုအချိန်တွင် လက်ထဲ၌ ငွေတစ်သောင်းကျော်မျှပင် ရှိနေပြီဖြစ်၍ ကုန်စုံဆိုင်တစ်ဆိုင်ကို ခမ်းနားသပ်ရပ်စွာ တည်ခင်းနိုင်ပြီ ဖြစ်ကြောင်း၊ ယခုနေ့ထိ အသင်းဝင် မိန်းမ ၃၁ ယောက် ရှိနေပြီဖြစ်၍ ဤအသင်းကို စနစ်တကျ တည်ထောင်နိုင်ရန် မိမိ၏ အစ်ကိုတစ်ဝမ်းကွဲ တော်စပ်သူ ရှေးအင်္ဂလိပ်ခေတ်က သမဝါယမ ဝန်ထောက်ဟောင်းတစ်ဦးအား စည်းမျဉ်းရေးဆွဲပေးရန် တိုင်ပင်ပြောဆိုပြီး ဖြစ်ကြောင်း။ မူလ တည်ထောင်မတည်သူများမှာ မိန်းမချင်းဖြစ်၍ ဤအသင်းကို လေဒီ (စ်) ကွန်ကိုးဟူ၍ အမည်ပေးမည်ဖြစ်ရာ နောင်ဆိုင်ဖွင့်ပြီးနောက် အစုရှယ်ယာများ ခေါ်သော အခါ၌လည်း မိန်းမတည်ထောင်သည့် အသင်းဖွင့်၍ မိန်းမများကိုသာ၍ အခွင့်အရေးပေးမည် ဖြစ်ကြောင်း၊ ဆိုင်ဖွင့်ပြီးသည့်နောက် နောက်ထပ် အစုရှယ်ယာများ စုဆောင်းသည့်အချိန်ထိ ဤအလုပ်ကြီးကို မိမိတို့ ခင်ပွန်းကိုပင် အသိမပေးဘဲ လျှို့ဝှက်ထားရမည် ဖြစ်ကြောင်း၊ ဤသို့ ပြုလုပ်ထားခြင်းဖြင့် ဆိုင်ဖြစ်ထွန်း၍ ကြီးပွားလာသောအခါ မိန်းမများသည် ယောက်ျားများကဲ့သို့ သမဝါယမလုပ်ငန်းကို စွမ်းစွမ်းတမန် ဆောင်ရွက်နိုင်သည်ကို ပြလျက် မိမိတို့လင်သားများကို အံ့အားသင့်၍သွားအောင် ပြုလုပ်ရမည်ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောဆိုလေ၏။

ထိုအခါ မစောတင်ဆိုသူ စာရေးကတော်ကလေး တစ်ယောက်က ဥက္ကဋ္ဌ၏ မိန့်ခွန်းကို အလွန်သဘောကျ၍ မိမိက လုံးစေ့ပတ်စေ့ ထောက်ခံကြောင်း။ သို့သော် အရေးအကြီးဆုံးမှာ ဆိုင်တွင်အုပ်ချုပ်ရန် မန်နေဂျာ ရွေးချယ်ခန့်ထားရာ၌ ရိုးသားဖြောင့်မတ်၍ သမာသမတ်နှင့် ပြည့်စုံမည့်သူကို အထူးသတိပြု၍ ရွေးချယ်စေလိုပါကြောင်းဖြင့် ပြောကြား၏။

ထို့နောက် အသင်းသူ ၂ ဦး ၃ ဦးတို့က အကြံပေးဉာဏ်ပေး စကားများ ပြောကြားရာ၊ ဒေါ်ခင်မြက မိမိသဘောအရဆိုသော် ယခု ကြွရောက်သော အသင်းသူများထဲမှပင် ဆိုင်အလုပ်ကို နေကုန်ထိုင်၍ လုပ်နိုင်သူ အမျိုးသမီး တစ်ယောက်ကို အလိုရှိကြောင်း။ ဤကိစ္စ၌ လူရွေးချယ်ရာတွင် မျက်နှာမလိုက်

www.burmeseclassic.com



မှုမှုတတ ဖြစ်စေရန် အများသဘောကျ လျှို့ဝှက်မဲပေးခြင်း ဖြင့် ရွေးချယ်စေလို ကြောင်းဖြင့် ပြောကြား၏။

ဤသို့ရွေးချယ်ရန်အများသဘောတူသည့်အတိုင်းလျှို့ဝှက်သောမဲဖြင့်ရွေး ချယ်ကြရာစာရေးကတော်မခင်သောင်းမှာမဲအများဆုံးရ၍ရွေးချယ်ခြင်းခံရလေ သည်။ မခင်သောင်းမှာ အင်္ဂလိပ်စာ ၁၀ တန်းအောင်ပြီးသည့်အပြင် ယခင်က လည်း နယ်သမဝါယမဆိုင်တစ်ဆိုင်တွင် ပထမ စာရေးကြီးအဖြစ် လုပ်ခဲ့ဖူး၏။ ရိုးသားဖြောင့်မတ်ကြောင်း အရပ်က သိသည့်အပြင် သားသမီးလည်း မရှိသဖြင့် သမဝါယမ အသင်းဆိုင်ကို အချိန်ပြည့် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အရည်အချင်းရှိသောကြောင့်မဲအများဆုံးဖြင့်ရွေးချယ်လိုက်ခြင်းဖြစ်လေသည်။

ထိုအခါ မခင်သောင်းက မိမိအား ယုံကြည်သဖြင့် ရွေးချယ်သည်ကို အထူး ကျေးဇူးတင်ကြောင်း သို့သော် ဤကိစ္စမှာ မိမိခင်ပွန်းအား အသိပေးမှ ဖြစ်မည် ဖြစ်ကြောင်းနှင့် ပြောဆိုလေသည်။ ထိုအခါ ဒေါ်ခင်မြက –

"ဟုတ်ပါတယ်လေ၊ ဒီအချက်ကို အစ်မကြီးလည်း အရင်ကတည်းက တင်ကြိုပြီး စဉ်းစားထားပါတယ်။ လူမှာ သစ္စာတစ်ခုပဲ အရေးကြီးပါတယ်။ မခင် သောင်းဟာ ဒီအကြောင်း ကိုညွန့်ဖေကို ရေရေလည်လည် ပြောပြပြီး တိုင်ပင် နိုင်ပါတယ်။ အဆုံးမှာ ကိုညွန့်ဖေနဲ့ မခင်သောင်းတို့နှစ်ယောက်က ပထမနှုတ် လုံဖို့ပဲ အရေးကြီးပါတယ်"

"ကောင်းပါပြီရှင်၊ ကျွန်မ ကျေးဇူးတင်ပါတယ်။ အချိန်မတိုင်ခင် ဘယ်သူ့ကို မှ မပေါက်ကြားရဘူးဆိုတာ ကျွန်မယောက်ျားအတွက်ပါ ကျွန်မ တာဝန်ခံပါ တယ်"

ထို့နောက် စာရေးမကလေးတစ်ယောက်နှင့် ကုန်များချိန်တွယ်ရောင်းချ သူငယ်မတစ်ယောက်ကို ရွေးချယ်ကြပြန်၏။ နောက်ဆုံးတွင် လက်ကို လက် တောင်းအကြမ်းခိုင်းရန် ယောကျ်ားကလေးတစ်ယောက် လိုအပ်၍ ဤကိစ္စကို နောင်မှ မန်နေဂျာသဘောအတိုင်း ရွေးချယ်ခန့်ထားရန် ဆုံးဖြတ်လိုက်ကြ ထို့နောက် ဆိုင်နေရာရရှိရေး၊ ဗဟိုသမဝါယမနှင့် ဆက်သွယ်ရေးဘက်တွင် ရှေ



www.burmeseclassic.com

www.burmeseclassic.com



များကို လွှဲပြောင်းအပ်နှံရေးမှစ၍ အခြားအသေးအဖွဲ့ကိစ္စများကို အကြမ်းဖျင်း စီစဉ်ကြပြီးလျှင် အစည်းအဝေးလည်း ဆုံးခန်းတိုင်ရောက်လေသည်။

❖ ❖

နောက်တစ်လခန့်ကြာရှိသောအခါ ထိုအရပ်ရှိ လမ်းထောင့် အိမ်တစ်အိမ်အောက်ထပ်လမ်းမကြီးနှင့် မျက်နှာမူလျက်ရှိသော ထောင့်ခန်းတစ်ခု၌ လေဒီ(စ်) ကွန်ကိုး ဟူသောအမည်ဖြင့် အတော်ပင် သားနားသပ်ရပ်သော ဆိုင်တစ်ဆိုင်ကို တွေ့မြင်ရ၏။ တစ်စုလျှင်တစ်ကျပ်ကျနှင့် လူတစ်ယောက်လျှင် အနည်းဆုံး ၁၀ စု အများဆုံး အစု ၁၀၀ ဝင်နိုင်ကြောင်း ကြေညာပြီးလျှင် မခင်သောင်းက အစုများကို လက်ခံလျက်ရှိလေသည်။

ဆိုင်မှာ ပျဉ်ထောင်သွပ်မိုးအိမ်ပင်ဖြစ်သော်လည်း အတွင်း၌ သဘော်ဆေးများသုတ်ကာ ရှီးကော့ခေါ် အလုပြဗီရိုများ၊ နံရံကပ်ဗီရိုများ၊ မန်နေဂျာအခန်း၊ စာရေးရောင်းသည့် ကောင်တာအပေါက်၊ လက်လီကုန်ချိန်သည့်နေရာ၊ ဝယ်သူများ ခေတ္တထိုင်ရန်တန်းလျားရှည်နှင့် ကုလားထိုင်များဖြင့် သားနားသပ်ရပ်စွာ ပြင်ဆင်ထားရှိ၏။

ရောင်းချသည့် ကုန်ပစ္စည်းများမှာလည်း နေ့စဉ်အိမ်သုံးပစ္စည်းများသာ [illegible] ဆေးဝါးအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုး၊ ထီး၊ ဖိနပ်၊ လွယ်အိတ်၊ ကလေး [illegible]စရာ၊ အိုးခွက် သံကိရိယာအရျို့မှစ၍ စုံနိုင်သမျှ စုံလင်အောင်ထားရှိ၏။ [illegible]စားနား၌လည်း အခြား သမဝါယမဆိုင်ကြီးများတွင် ရောင်းချသည့် [illegible]နှုန်းအတိုင်း ရောင်းချနိုင်ရာ လက်မှတ်များ ထုတ်ပေး၍ ပစ္စည်းဝေရာ၌ [illegible]ည်း မျက်နှာကြီးငယ်မလိုက် မှန်ကန်စွာ ဝေ၏။ အထူးသဖြင့် အပြင်မှောင်ခို [illegible]တွင် ဈေးကြီးပေး၍ ဝယ်မှရမည့် နို့ဆီ၊ သကြား၊ ဆီစသည့် ပစ္စည်းများကို [illegible]အတူ စာရင်းလုပ်ပြီးလျှင် မန်နေဂျာကိုယ်တိုင် လက်မှတ်တွင်ပါသည့် [illegible]အတိုင်း ဉစ္စာရှင်၌ရမရကို စစ်ဆေး၏။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ၃ လခန့်ကြာလပ်သော် ဈေးသက်သာသည်၊ ကုန်ပစ္စည်းမှန်မှန်ရသည်၊ အချိန်မှန်သည်၊ မျက်နှာလိုက်ခြင်းမရှိ ဟူသော နာမည် တဖြည်းဖြည်း ထွက်လာလျက် အစုများကို မရမက ဝယ်ကြ၏။ ရောင်းရာတွင် ရောင်းသူ တစ်ယောက်နှင့် မလုံလောက်သဖြင့် နောက်ထပ် အရောင်းစာရေးတစ်ယောက်နှင့် စာရင်းကိုင်ငွေထိန်းတစ်ယောက်ကို အာမခံယူ၍ အသစ်ခန့်ထားရ၏။ ထိုအခါ အရောင်းစာရေးများမှာ လက်မလည်နိုင်အောင်ရှိပြီးလျှင် ရောင်းရငွေမှာလည်း တစ်နေ့လျှင် ၁၀၀၀ ကျပ်မှ ၁၅၀၀ ကျပ်အထိရ၍လာတော့၏။

ဒေါ်ခင်မြသည် အရောင်းအဝယ် အလုပ်အကိုင် သဘော၌သူ၏အစ်ကို တစ်ဝမ်းကွဲနှင့် တိုင်ပင်ပြီးလျှင် သူ၏ညာလက်ရုံးမသန်းမြင့်၊ မှတ်တင်တို့နှင့် စီမံခန့်ခွဲကာ အသင်း၏နောက်ပိုင်းမှ ကြိုးဆွဲလျက်ရှိလေရာ အစီအမံကောင်း သဖြင့် တစ်ကြောင်း၊ အုပ်ချုပ်သူ၏ သမာဓိရှိမှုကြောင့် တစ်ကြောင်း၊ တစ်နေ့ တခြား ဒီရေအလားကဲ့သို့တက်၍သာလာတော့၏။

❖ ❖

ထိုအချိန်ထိ အသင်းသူများ၏ ခင်ပွန်းများသည် ဤဆိုင်များမှာ မိမိတို့ ဇနီးများ၏ အစုငွေရင်းဖြင့် မတည်ဖွင့်လှစ်သောဆိုင်ကြီးဖြစ်ကြောင်း မရိပ်မိ မသိရှိကြသေးချေ။ အခြားသာမန်အစုရှင်များကဲ့သို့ ၁၀ စု ၁၅ စုခန့်သာ ပါဝင် သည်ဟု ယုံကြည်လျက် ရှိကြလေသည်။ မခင်သောင်းမှာ အစ်မတစ်ယောက် သေဆုံးသွားသဖြင့် ထိုအစ်မထံမှ အမွေရလိုက်သဖြင့်သာ ဤဆိုင်ကို မတည် ဤဖွင့်နိုင်သည်ဟု တွေးကြ၏။ အချို့ကလည်း ဒေါ်ခင်မြမှာ လင်မသိအောင် စုဆောင်းသိုဝှက်ထားသည့် လက်ဝတ်လက်စားအတွင်းပစ္စည်းများရှိရာ ၎င်း တို့ကို သူ၏အစ်ကိုဝမ်းကွဲနှင့်တိုင်ပင်၍ ဤဆိုင်ကို မတည်၍ ဖွင့်သည်ဟု ပြော ကြ၏။ သို့သော် မည်သူကပင် မည်မျှလောက် ထင်ကြေး ပေးစေကာမူ အသင်း သူများကား သူတို့၏လျှို့ဝှက်ချက်ကို ထိုအချိန်ထိ တစ်စွန်းတစ်စမျှ မပေါ် ကြားအောင် ထိန်းသိမ်း၍ ထားနိုင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ဥက္ကဋ္ဌဒေါ်ခင်မြထံသို့ လျှို့ဝှက်သော တိုင်စာတစ်စောင်ရောက်လာ၏။ ထိုစာမှာ အောက်ပါအတိုင်းဖြစ်လေသည်။

ထံမှ

မခင်သောင်း၊

မန်နေဂျာ၊

လေဒီ (စ်) ကွန်ကိုး။

ရှိသေစွာ အစီရင်ခံပါသည် ဥက္ကဋ္ဌကြီးရှင့်၊

အကြောင်းမှာ ယမန်နေ့က ဆိုင်တွင် မဖျော်လင့်သော အကြောင်းတစ်ခု ဖြစ်ပေါ်လာပါသည်။ အရောင်းစာရေးမ မစောရင်သည် အစုရှင်တစ်ဦးအား နို့ဆီဘူး ၁၂ လုံးပေးရမည့်အစား သုံးလုံးပို၍ ၁၅ ဘူးပေးကြောင်းကို ကျွန်မ ကိုယ်တိုင် ဖမ်းမိပါသည်။ စာရင်းကို ချက်ချင်းစစ်ကြည့်ရာ မနေ့ဆိုသူမိန်းမတ မဝယ်သူဖြင့် ပိုနေကြောင်း တွေ့ရပါသည်။ မနေ့နှင့်လည်း ကျွန်မတွေ့ဆုံပြီးပါပြီ။ တစ်ပတ်လျှင် ဆိုင်၌ နို့ဆီဘူးအလုံး ၂၀၊ ၂၅ လုံးခန့်အပတ်စဉ်ပို၍နေရာ ကျွန်မ သဘောအတိုင်း မရှိဆင်းရဲ၍ အစုမဝင်နိုင်သေးသူများအား တစ်အိမ်လျှင်တစ်လုံးကျ ကျွန်မဝေ၍ ရောင်းပါသည်။ ဤကိစ္စကို ယခုည ကျွန်မအိမ်၌ ဆုံးဖြတ်ပေးစေလိုပါကြောင်း။

(ပုံ) ခင်သောင်း

ထိုည ၇ နာရီအချိန်၌ မခင်သောင်းအိပ်ခန်းတွင် ဥက္ကဋ္ဌဒေါ်ခင်မြ၊ အကျိုးဆောင်မတင်တင်၊ ဆော်ဩသူ ကော်မတီမသန်းမြင့်၊ ငွေထိန်းမင်းကတော် မပုတို့ပါ စုဝေးရောက်လာကြ၏။ တရားခံ မစောရင် ကိုယ်တိုင်လည်း မန်နေဂျာ အမိန့်အရခေါ်ထားသဖြင့် ရောက်ရှိလျက်ရှိရာ ချောင်တစ်ချောင်တွင် မျက်နှာအောက်ချကာ မျက်ရည်များ ဝဲလျက်ရှိ၏။

ဒေါ်ခင်မြက မခင်သောင်း၏တိုင်ချက်ကို ဖတ်ကြားပြီးနောက် မခင်သောင်းက မိမိတွေ့ရှိပုံကို ခရေစေ့ရေတွင်းကျ ပြောပြလေသည်။ ထိုအခါ ဥက္ကဋ္ဌဒေါ်ခင်မြက မစောရင်ဘက်သို့လှည့်၍ "ဘယ့်နယ်လဲ မစောရင်၊ ဘာများ စောဒကတက်ချင်သေးသလဲ။ မခင်သောင်း ပြောတဲ့အတိုင်း မှန်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



- "မှန်ပါတယ် ဉက္ကဋ္ဌကြီးရှင်၊ ဒါပေတဲ့ ကျွန်မနောင်တရပါပြီ။ ကျွန်မ ဒီလို လုပ်ရတာဟာ အင်မတန် ရှက်စရာကောင်းတယ်ဆိုတာ တွေးတိုင်းတွေးတိုင်း ယူကျုံးမရ ဖြစ်မိပါတယ်။ အမှန်တော့ ကျွန်မမှာ လခ ၁၀၀ နဲ့မစားလောက်လို့ ဒီလို လုပ်မိတာပါပဲ။ ကျွန်မမှာ မုဆိုးမ၊ ကလေးနစ်ယောက်၊ မျက်မမြင်အမေအို ကြီးအပြင် မောင်ကလေးတစ်ယောက်ကိုလည်း ကျောင်းလခထောက်ရပါ သေးတယ်"

"ကောင်းပြီ၊ ကောင်းပြီ သည်လောက်ပြောရင် အစ်မကြီးသိပါပြီ၊ ဒီတော့ ညည်းတစ်ခု စဉ်းစားကြည့်စမ်း။ ညည်းလုပ်တဲ့အပြစ်ဟာ သာမန်ကြည့်ရင် နို့ဆီ ၃ လုံး၊ မိုက်ဆံကလည်း သုံးမတ်၊ ဘာမျှဖြစ်လောက်တာ မဟုတ်ဘူး။ ဒီဆိုင်ရဲ့ အကျိုးစီးပွားကိုလည်း ဘာမျှ ထိခိုက်စရာမရှိဘူး။ ဒါပေမဲ့ ညည်းရဲ့အတုကို သည့်ပြင်လူကခိုးပြီး ဆိုင်တွင်းကပစ္စည်းတွေကို အခုလို မတရားတဲ့နည်းတွေ နဲ့ထုတ်ဖို့ညည်းလုပ်တာဟာ လမ်းကြောင်းပြတာနဲ့ အတူတူပဲ။ ဒါကြောင့် ညည်း ကို သနားပေမဲ့ ဒီအပြစ်ကို ဘယ်နည်းနဲ့မျှ ချမ်းသာမပေးနိုင်ဘူး"

"သနားပါဦးအစ်မကြီးရယ်၊ ကျွန်မကို သနားတောင် မျက်စိမမြင်တဲ့ အမေ အိုကြီးနဲ့ ကလေးတွေမျက်နှာကို ထောက်ပါဦးအစ်မကြီးရယ်"

"သနားတော့ သနားပါတယ်ညီမရဲ့၊ ဒါပေမဲ့ မတတ်နိုင်ဘူး။ အလုပ်ဝတ္တရား ဟာ အလုပ်ဝတ္တရားပဲ။ ဒီတော့ အစ်မကြီးစိတ်ကို ပိုင်းဖြတ်ပြီးပြီ။ အမှန်လုပ်ဖို့ ကတော့ အလုပ်ရှာဖို့လခတစ်လတွက် အပိုပေးပြီး အလုပ်က ထုတ်ပစ်လိုက်ရုံ မှဲ့ရှိတယ်။ ဒါပေမဲ့ ဒီလို ဖြစ်မှုကျူးလွန်တဲ့အတွက် နောင်မှတ်လောက်အောင် အပြစ်ပေးရလိမ့်မယ်။ လခထဲက ဒဏ်ငွေ ၅၀ ဖြတ်တယ်။ ဒါဟာ ညီမကို သနား တဲ့အတွက်ပေးတဲ့အသေးဆုံးအပြစ်ဒဏ်ပဲ"

"ဖြတ်ပါ အစ်မကြီးရယ် . . . အစ်မကြီး သဘောအတိုင်းသာဖြတ်ပါ။ အစ်မ ကြီးပေးတဲ့ အပြစ်ဒဏ်ကို ကျွန်မခံဖို့ အသင့်ရှိပါတယ်။ ကျွန်မကို အလုပ်က ထုတ်မပစ်ဘူးဆိုရင်ပဲ ကျေးဇူးတင်လှပါပြီ။ အစ်မကြီးရယ်"

"ကိုင်း . . . ကိုင်း . . . သွားပေတော့၊ မမှားမိတဲ့ လူဆိုတာ မရှိဘူးပေါ့"

အချိန်များ တဖြည်းဖြည်း ကုန်လွန်၍လာရာ ယခင်က ငွေရှာတင်၍



www.burmeseclassic.com

www.burmeseclassic.com



မတည်ခဲ့သော အသင်းသူများ၏ ငွေကိုပင် မစုံရစေကာမူ ချွေတာသုံးစွဲသည့် စနစ် ကျန်ရစ်ခဲ့၏။

တစ်နေ့သ၌ ဒေါ်ခင်မြသည် မိမိ၏အမှုဆောင်အသင်းသူအချို့နှင့် တိုင်ပင်ကာ မန်နေဂျာ မခင်သောင်းအား ဆိုင်မှစာရင်းများအားလုံးကို ရှင်းလင်း၍ အမြတ်များကို တွက်ချက်စေပြီးသော် အစုရှင်များအား ညစာခံမိတ်ဆက်သည့်ပွဲကို ပြုလုပ်လေ၏။ တစ်နေ့သော ညနေခင်းတွင် ဆိုင်ရှေ့ရှိမြက်ခင်းများပေါ်၌ လက်ဖက်ရည်စားပွဲများကို ချထားကာ ဆိုင်တစ်ခုလုံးကိုလည်း အလံကလေးများ၊ မီးပုံးများ၊ ဓာတ်မီးလုံးများ၊ ပန်းများ၊ သစ်ရွက်စိမ်းများဖြင့် လှပစွာ တန်ဆာဆင်ထားစေ၏။ အဖြူရောင် အပြာစလွယ်များ ဝတ်ဆင်ထားသည့် ဘွိုင်ကုလားများသည် လက်ဖက်ရည်၊ ကိတ်မုန့်၊ အိုက်(စ်)ကရင်များကို ချထားလျက်ရှိရာ သာယာငြိမ့်ညောင်းသော တူရိယာသံများသည်လည်း မနီးမဝေးအရပ်မှ တီးမှုတ်လျက်ရှိလေသည်။ ပိုးဖဲကတ္တီပါများဖြင့် တောက်ပစွာ ဝတ်ဆင်ထားသည့် ပရိသတ်များလည်း တဖွဲဖွဲရောက်လာဆဲဖြစ်၏။

အားလုံး ပရိသတ်များစုံလင်သောအခါ ဆိုင်အုပ်ချုပ်ရေးမှူး မခင်သောင်းက စာရင်းများကို ရှင်းလင်းပြပြီးလျှင် ဆိုင်တွင်းရှိကုန်လက်ကျန်၊ ဘဏ်တိုက်၌ထားသောငွေ၊ ခွဲမပေးရသေးသော အမြတ်ငွေမှစ၍ တွက်ချက်ပြသ၏။ နောက်ဆုံး၌ ဤအသင်းဆိုင်ကြီးကို စတင်တည်ထောင်ခဲ့သော သူများအကြောင်းကို ကျွန်မတို့အသင်းဥက္ကဋ္ဌ ဒေါ်ခင်မြက ရှင်းလင်းပြောပါလိမ့်မည်ဟု စကားကို အဆုံးသတ်လိုက်၏။

ထိုအခါ ဒေါ်ခင်မြက မတ်တတ်ရပ်၍ ကြွလာသောပရိတ်သတ်များအား ကျေးဇူးတင်စကားပြောပြီးလျှင် ဤအသင်းကြီးကို ပထမစ၍ တည်ထောင်ခဲ့သည်မှာ ၂ နှစ်ရှိပြီဖြစ်၍ အသင်းဆိုင်ကို ဖွင့်လှစ်ခဲ့သည်မှာ ယခုနေ့ ၆ လတိတိရှိပြီဖြစ်ကြောင်း စတင်တည်ထောင်ခဲ့သူများမှာ ယောကျ်ားများမဟုတ် မိန်းမများချည်းသာဖြစ်၍ စတင်တည်ထောင်ခဲ့ရသော ငွေမှာလည်း လုံးလုံးခဲခဲရသည်မဟုတ်။ အိမ်ရှင်မများစွာတို့က မိမိတို့ခင်ပွန်းသည်များကို အသိမပေးဘဲ မိမိတို့အိမ်သုံးစရိတ်၊ နေ့စဉ်ဈေးဖိုးထဲမှ ချွေတာစုဆောင်း၍ လာခဲ့ရာ ဤသို့လုပ်ခဲ့ပြီးနောက် မတည်မည့်အသင်းသူတို့သည် တစ်နှစ်နှင့် နှစ်လည်ဆိုင်တိုင်



www.burmeseclassic.com

www.burmeseclassic.com



တက်ညီ၊ လက်ညီစုဆောင်းလာခဲ့ကြရာ ၁ နှစ် ၃ လခန့်ကြာသောအခါ ငွေ ၁၀၀၀၀ ကျော်မျှစုဆောင်းခဲ့မိ၍ ၎င်းမှ မတည်ကာ ဤဆိုင်ကြီးကို စတင်ဖွင့်လှစ်ခဲ့ကြောင်း ပြောပြီးလျှင် အသင်းသူများ၏အမည်နှင့် သူတို့စုဆောင်းဝယ်ယူပြီး အစုရှယ်ယာများနှင့် ၆ လအပေါ်တွင် ရသင့်ရထိုက်သည့် မခွဲဝေရသေးသော အမြတ်ငွေများကို ဖတ်ပြရာ ထိုအခါမှ ယောက်ျားများသည် မိမိတို့ချစ်ဇနီးများ၏ ကျစ်လျစ်သိုသိပ်ပုံကို အံ့ဩချီးကျူးမိကြလေ၏။

ထို့နောက် ဒေါ်ခင်မြက ဆက်လက်၍ ဤအသင်းဖွင့်လှစ်ခြင်းဖြင့် မိမိတို့ အရပ်နှင့်တကွ ပတ်ဝန်းကျင်ရှိဆင်းရဲသူဆင်းရဲသားများပါ သက်သာချောင်ချိကြ၍ အကယ်၍ ဆိုင်၌ အချို့ကုန်များ ပိုလျှံနေခဲ့သော် အမြတ်တင်၍ မှောင်ခိုဈေး (သို့မဟုတ်ဘဲ)အသင်းမဝင်ရသေးသူ ဆင်းရန္တမ်းပါးသူအချို့အား သမဝါယမ နှုန်းထားဖြင့် ညီတူညီမျှပေးဝေကြောင်း မိမိမှာဥက္ကဋ္ဌဖြစ်၍ အပေါ်မှစီမံခန့်ခွဲရသော်လည်း အမှန်အားဖြင့် ဆိုသော် ဆိုင်ကိုဦးစီး၍ အုပ်ချုပ်သူ မခင်သောင်း၏ လိမ္မာသော အရည်အချင်း၊ ဖြောင့်မတ်သော မှန်ကန်သော စိတ်နေသဘောထားကြောင့်ဖြစ်ကြောင်း။ ဆိုင်တစ်ဆိုင်၏ကြီးပွားမှုမှာ လူတစ်ယောက်၏ ပညာအရည်အချင်းထက် ထိုသူ၏ ရိုးသားဖြောင့်မတ်မှုအပေါ်တွင် တည်ကြောင်း။ ထို့ပြင် အိမ်ရှင်မများ၏ အကျင့်စာရိတ္တ၊ အိမ်ရှင်မများ၏ အနေအထိုင် အသုံးအစွဲမှာလည်း ယခင်ကကဲ့သို့ ပေါ့ပေါ့တန်တန်မဟုတ်တော့ဘဲ လုံးလုံးပြောင်းလဲလာကြသည်ကို ခင်ပွန်းသည်များအား အသိဆုံးဖြစ်လိမ့်မည်ဖြစ်ကြောင်းနှင့် နိဂုံးချုပ်စကား ပြောကြားလေ၏။

နောက်ဆုံး၌ ဒေါ်ခင်မြက "မခင်သောင်းဟာ မထမလခ ၁၅၀ နဲ့စပြီး လုပ်ခဲ့ရပါတယ်။ သူအုပ်ချုပ်မှုကောင်းတဲ့အတွက် ဆိုင်ဟာ ယခုအခြေအနေအထိ တိုးပွားလာလို့ ဒီကနေ့စပြီး မခင်သောင်းကို လခ ၅၀ တိုးပြီး ချီးမြှင့်ပါတယ်" ဟု ပြောလိုက်ရာ အစုရှင်များနှင့်တကွ အားလုံးပရိသတ်ကပါ လက်ခုပ်လက်ဝါးတီး၍ ဩဘာပေးကြ၏။ ပရိတ်သတ်ထဲတွင် မခင်သောင်းမျက်နှာကို ကြည့်၍ ဩဘာအပေးဆုံးသူမှာ အခြားသူမဟုတ်၊ သူ၏ခင်ပွန်းသည်ကိုညွန့်ဖေပင်ဖြစ်လေသတည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ဝိဇ္ဇာစိန်

အလွန်အေးမြသော ပြာသိုလ၏ တစ်နေ့သော နေဝင်ရီတရောအချိန် ွင် တာမွေရပ်ရှိ ဝွတ္တလစ်ကွက်သစ် တရုတ်ဘားတစ်ခုအတွင်းသို့ မီးခိုးရောင် ုတ်အင်္ကျီတစ်ပတ်ရစ်နှင့် ညှို့ဆောင်း ကက်ဦးထုပ်အညိုရောင်ကို ဆောင်း ားသော အသက် ၄၀ ခန့်ရှိလူတစ်ယောက်သည် ခြေလှမ်းခပ်မှန်မှန်ဖြင့် ဝင် ာလေသည်။ အရပ် ၅ ပေ၊ ၆ လက်မခန့်ရှိ၍ ကျစ်လျစ်သော ကိုယ်လုံး ကိုယ် ါက် ရှိပြီးလျှင် ဖျတ်လတ်သွက်လက်သော အမူအရာလည်း ရှိ၏။

ထိုသူသည် စားပွဲလွတ်တစ်လုံးရှိ ကုလားထိုင်တွင် ဝင်၍ထိုင်ကာ အနီး ်ဝန်းကျင်မှ စားပွဲများကို အကဲခတ်သကဲ့သို့ မသိမသာ ကြည့်ရှုလျက်ရှိရာ လှရှင်းသော ထောင့်တစ်ထောင်တွင် ထိုင်၍ အာလူးကြော်ကို ဝါးနေသူအား တန်ကြာ စိုက်၍ ကြည့်နေလေသည်။ ထိုသူမှာ ခပ်ဝဝဖိုင့်ဖိုင့်ဖြစ်၍ ချည်လုံ ည်သတ္တုလတ်ဆန်း တိုက်ပုံအင်္ကျီကို ဝတ်ထား၏။ အသက်အရွယ်အားဖြင့် ကျော်၊ ၅၀ တွင်းပင် ရှိပေမည်။

ဘားအတွင်းသို့ နောက်ဝင်လာသူသည် ဘီယာကို အာလူးကြော်ဖြင့် မြည်း ူအား လူများမည်စိုးသဖြင့် အခြားစားပွဲတစ်လုံးသို့ ပြောင်းပြီးလျှင် အ သ ာစောင်းငဲ့ကြည့်ရှုပြန်ရာ မိမိမျက်စိမများသည်ကို သိသောအခါမှ ထိုသူထိုင်



www.burmeseclassic.com

www.burmeseclassic.com



နေသော စားပွဲသို့ တည့်တည့်မတ်မတ် လျှောက်သွားလေသည်။ အနီးသို့ ရောက်သောအခါ နောက်ရောက်လာသူက ထိုင်နေသော လူခပ်ဝဝအား -

"ဟေ့မင်းနောင်" ဟု အားရဝမ်းသာ နှုတ်ဆက်လိုက်လေသည်။

ထိုအခါ အာလူးကြော်ဝါးနေသူ ကိုမင်းနောင်လည်း နှုတ်ဆက်သူ၏ လက်ကိုဆွဲကာ "ဟာ မောင်တက်စိန် သူငယ်ချင်း ...မင်း ဘယ်တုန်းက လွတ် လာသလဲ"

"တစ်နေ့ကပဲကွယ့်။ ဆဋ္ဌသံဂါယနာအတွက် လွှတ်တဲ့လူထဲ ငါပါလာတယ် လေ။ အဆင်သင့်လိုက်တာကွယ်။ တွေ့ရတာ ဝမ်းသာလိုက်တာ"

"အေး ...ငါလည်း ဝမ်းသာပါတယ်ကွယ်"

ကိုမင်းနောင်သည် အာလူးကြော်ပန်းကန်ကို ရှေ့သို့ အတန်ငယ် တိုးပေး လိုက်ပြီးလျှင် ဘီယာတစ်ပုလင်း နောက်ထပ်မှာလိုက်လေသည်။

"အာလူးကြော် ဝါးဦးကွယ်။ ဘီယာသောက်ရင်း တို့စကား အေးအေးဆေး ဆေးပြောကြရအောင်။ နေပါဦး၊ မင်းဘာမှုနဲ့ ကျတာတုံး။ ဒီတုန်းက ငါမရှိဘူး ကွယ့်။ တောပြန်နေတယ်"

"လက်မှတ်လိမ်မှုလေ"

"ဘယ်နှစ်နှစ်ကျသလဲ"

"သုံးနှစ်၊ နို့ပေမဲ့ နှစ်နှစ်တောင် မပြည့်ပါဘူးကွယ်။ ကံကောင်းထောက်မ လို့ အခု လွတ်လာတာ"

"ငွေဘယ်လောက်ရလိုက်သလဲ"

"ငါးထောင်"

"အခု ဘယ်လောက် ကျန်သေးလဲ"

"တစ်ပြားမျှ မကျန်တော့ဘူး။ စားဖို့တောင် မရှိဘူး။ ငါးထောင်ဆိုတာ များ တာမှ မဟုတ်ပဲ မင်းနောင်ရယ်။ ထောင်မကျခင် သုံးလိုက်ဖြုန်းလိုက်၊ စားလိုက် သောက်လိုက်နဲ့ ထောင်ကျခါနီးလည်း ရှေ့နေငှားရတာနဲ့ ဘာနဲ့ ဆေး... ပေါ့ကွယ်"

"အေးလေ၊ ဟုတ်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မတရားသဖြင့် ရတဲ့ပစ္စည်းဟာ ဘယ်မြဲမလဲကွယ်"

"ဒါထက် အခု မင်းဘယ်မှာနေသလဲ"

ကိုမင်းနောင်သည် ဘီယာဖန်ခွက်ကို ဖြည့်ပေးပြီးလျှင် စီးကရက်ဘူးကို လည်း အိတ်ထဲမှထုတ်၍ ကိုတက်စိန်အား တည်လေသည်။

"ကွက်သစ်ထဲမှာ အခန်းကလေး တစ်ခန်း ငှားနေတယ်ကွယ့်။ အခန်းငှား တယ်ဆိုပေမဲ့ အိပ်ရုံလောက်ပါပဲကွယ်။ ဒါထက် မင်းဆီကို အကူအညီတစ်ခု တောင်းချင်တယ်ကွယ်"

"ဘာအကူအညီများလဲကွယ့်။ ပေးနိုင်ရင် ပေးရတာပေါ့ သူငယ်ချင်း"

"မင်းအခု ပန်းပဲလုပ်တုန်းပဲလား"

"ဆိုပါတော့ကွယ်၊ အခုတော့ သံသေတ္တာတွေ၊ သံတံခါးတွေ ပြင်နေတယ်။ နို့ပေမဲ့ အရင်ကလို အလုပ်အကိုင်မကောင်းလှပါဘူး သူငယ်ချင်း"

"အကူအညီဆိုတာက တခြား မဟုတ်ဘူး။ ငွေ ၃၀၀ လောက် ရှာပေးစေ ချင်တယ်ကွယ်။ ငါပြန်ပေးမှာပေါ့ကွယ့်။ ငါ့အကြောင်း မင်းလည်း အသိသားနဲ့ လူမိုက်ထဲမှာ ငါ့လောက် စကားတည်တဲ့လူ ခပ်ရှားရှားပဲ"

"မရှိပါဘူး သူငယ်ချင်းရယ်၊ ပန်းပဲလုပ်တဲ့အကောင် ငွေ ၃၀၀ ရှိနိုင်ပါ့ မလား။ ထမင်းတောင် အနိုင်နိုင်စားနေရတာ"

"မင်းက ငါ့ကို မယုံလို့လား"

"မယုံလို့ မဟုတ်ပါဘူး သူငယ်ချင်း၊ မရှိလို့ ပြောနေတာပေါ့။ မင်းအကြောင်း ငါသိပါတယ်။ နေပါဦး။ ဒီငွေသုံးရာ ဘာလုပ်ဖို့လဲ"

"အရင် ထောင်မကျခင်က အခြေအနေ ပြန်လုပ်ရဦးမယ်ကွယ့်။ ဟန်နဲ့ ပန်နဲ့နေဖို့၊ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ဖို့၊ ဟိုတယ်ကလေး ဘားကလေး ထက်ပြီး အရက်သောက်၊ ကားကလေး ဘာကလေး ငှားစီးတန်စီးနိုင်ဖို့ ဆိုပါ တော့ကွယ်။ အခုခေတ်မှာ ဒီလိုလုပ်နိုင်မှ အထင်ကြီးမှာကိုကွယ့်။ ဒီတော့မှ လူ တစ်ဖက်သားက ကိုယ့်ကို ယုံကြည်မယ်မဟုတ်လား"

"အေးပေါ့လေ၊ မင်းပြောတာ ဟုတ်တာပေါ့။ နေဦး သူငယ်ချင်း၊ မင်းကို ငွေမပေးနိုင်ပေမဲ့ အကြံကောင်းတစ်ခုတော့ ပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်၊ လုပ်စမ်းပါဦး"

"ဖိုးသီလကြီး သိတယ်မဟုတ်လား၊ အရင်က ပွဲစားယောင်ယောင် ဘာယောင်ယောင်လုပ်ပြီး နိုးမှုနဲ့ ထောင်ကျသွားတဲ့အကောင်ကြီးလေ"

"အေး သိတယ် ...သိတယ်"

"အဲဒီအကောင်ကြီးက အခု ဘုရားဆပ် ဖြစ်နေတယ်ဆရာ၊ ဖိုးသီလ မဟုတ်တော့ဘူး။ ဦးသီလ ကုမ္ပဏီဆိုပြီး ၃၂ လမ်းမှာ ဂိုဒေါင်နဲ့ တိုက်ခန်းတစ်ခန်း ငှားပြီး လက်အောက်စာရေးတွေ စာရေးတွေနဲ့ ဖြစ်နေတယ်ကွယ့်။ အဲဒီ အကောင်ကြီးဆီ မင်းသွားစမ်း။ မင်း အရည်အချင်းနဲ့ဆိုရင် မင်းကို သဘောကျပြီးသားပဲ၊ မင်းလိုချင်တဲ့ ငွေသုံးရာ ချေးရတာ မရတာ အပထား အခုလောလောဆယ် စားဖို့ သုံးဖို့က မင်းမှာ ခက်တယ်မဟုတ်လား"

"ဟုတ်တာပေါ့ကွယ်"

ကိုမင်းနောင်သည် နောက်ထပ် ဘီယာတစ်ပုလင်းမှာပြီးလျှင် ကိုတက်စိန်နှင့်အတူ မိမိတို့ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုလျက်ရှိကြလေ၏။

❖ ❖

နောက်တစ်နေ့၌ ကိုတက်စိန်သည် အဝတ်အစားကို တတ်နိုင်သမျှ သပ်ရပ်စွာဝတ်ပြီးလျှင် ကိုမင်းနောင် လမ်းညွှန်လိုက်သည့်အတိုင်း ၃၂ လမ်းသို့ သွားရောက်လေ၏။ ကုန်ပစ္စည်းများ သိုလှောင်ထားဟန်တူသောဂိုဒေါင်နှင့်ကပ်၍ ဦးသီလကုမ္ပဏီ (ကုန်ပစ္စည်းအမျိုးမျိုးရောင်းသည် ဝယ်သည်) ဟူသော ဆိုင်းဘုတ်တစ်ခုကို တွေ့ရ၏။ ကုမ္ပဏီအလုပ်တိုက်မှာ အောက်ဆုံးထပ်ဖြစ်၍ အတွင်းသို့ ဝင်သွားရာ အသက် ၃၅ နှစ်ခန့်ရှိ မျက်မှန်တပ်ထားသော အသားခပ်ညိုညိုခပ်ပိန်ပိန်မိန်းမတစ်ယောက်သည် လက်နှိပ်စက်ရိုက်လျက်ရှိရာမှ ကိုတက်စိန်အား နေရာထိုင်ခင်းများပေး၍ အကျိုးအကြောင်း မေးမြန်းလေသည်။ ကိုတက်စိန်က ဦးသီလနှင့် တွေ့လိုကြောင်း ပြောသောအခါ အမျိုးသမီးသည် ကိုတက်စိန်၏ နာမည်ကို မိမိစာအုပ်ပေါ်၌ ရေးမှတ်ပြီးလျှင် အတွင်းခန်းသို့ ဝင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ အမျိုးသမီး ပြန်ထွက်လာပြီးနောက် ကိုတက်စိန်အား နောက်ဘက်ကျသော မှန်များကာထားသည့် အခန်းတစ်ခုရှိရာသို့ ခေါ်သွားလေသည်။

ဦးသီလမှာ အသက် ၅၀ ပင် မပြည့်သေးသော်လည်း ပါးသွယ် နားသွယ် ကျလျက် ပါးနစ်ဖက်မှ အရေပြားကြီးများ အောက်သို့တွဲကျလျက်ရှိ၏။ မျက်ခုံးမွေးထူလျက် မျက်လုံးကျဉ်းကလေး နှစ်ခုမှာ သေးငယ်သော်လည်း မြွေဟောက်၏ မျက်လုံးများကဲ့သို့ တဖိတ်ဖိတ်တောက်လျက် ရှိလေသည်။

ဦးသီလသည် ကိုတက်စိန်အား ချက်ချင်းပင် မှတ်မိ၏။ ကိုတက်စိန်က မိမိထောင်က လွတ်လာကြောင်း အတိအလင်း ပြောဆိုပြီးလျှင် ယခုလောလောဆယ် အလုပ်လက်မဲ့ဖြစ်နေသဖြင့် အလုပ်ပေးရန် ပြောဆိုလေသည်။

ဦးသီလသည် ပါးစပ်ကို မသိမသာရွဲ့ကာ အတန်ငယ်ပြုံးလိုက်၏။ သို့သော် သူ၏အပြုံးမှာ ဟာသဓာတ်မပါသည့် ခြောက်သွေ့သောအပြုံးဖြစ်လေသည်။ သူ၏စူးရှသော မျက်လုံးကလေးများမှာလည်း မြွေ၏ မျက်လုံးကဲ့သို့ အေးအေးစက်စက်နိုင်လှပေသည်။

သီ - "အင်း အတော်ကြာသွားပြီနော် မတွေ့တာ"

တက် - "စစ်ပြီးကတည်းကဆိုပါတော့ ဦးသီလ"

"အင်း ...ဒီတော့ ဆိုပါဦး။ အခု လွတ်လာတာ ဘယ်လောက်ကြာပြီလဲ"

"သုံးရက်ပဲ ရှိပါသေးတယ်"

"လက်မှတ်လိမ်မှု ဟုတ်စ"

"ဟုတ်ပါတယ်"

"ဘယ်လောက် စံခဲ့ရသလဲ"

"ကျတုန်းက ၃ နှစ်၊ နို့ပေမဲ့ ၂ နှစ်တောင် မပြည့်ပါဘူးဗျာ။ ဆဌသဂိယနာ တန်ခိုးနဲ့ လွတ်လာတယ်"

"ကံကောင်းတယ် ကိုတက်စိန်"

"အင်း လွတ်တော့ လာတာပဲ။ ကံကောင်းချင်လို့လား၊ ဆိုးချင်လို့လားတော့ မပြောတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ခင်ဗျားဘာလုပ်တတ်သလဲ။ ကျုပ် အလုပ်နဲ့မှ ကိုက်ပါ့မလား"

"ကိုက်ပါတယ်ဗျာ။ ကျုပ်က ဘာမဆို လုပ်တတ်တယ်။ လုပ်လည်း လုပ်ဖုံ တယ်"

"ဒီလိုဆိုရင် ကြိုက်ပြီ။ ကဲ ဒီတော့ အခု လောလောဆယ် သုံးဖို့စွဲဖို့ ရစေ မပေါ့ဗျာ။ နို့ပေမဲ့ ကျုပ်ဆီမှာ အလုပ်လုပ်ရင် ပေါ့ပေါ့ဆဆ မလုပ်ရဘူးနော်။ အလုပ်နဲ့တူအောင် လုပ်ရလိမ့်မယ်။ ကျုပ်က ခေသျာတယ်၊ စေ့စပ်တယ်၊ တိကျ တယ်"

"ကောင်းပါပြီဗျာ၊ ကျုပ်လုပ်ပါ့မယ်"

"ခင်ဗျားကို အရင်က သိဖူးတဲ့ မိတ်ဆွေချင်းမို့ အလုပ်ပေးရမှာ အလုပ် အတိုင်ကလည်း မကောင်းလှဘူး။ ဒီတော့ တစ်ပတ်ကို ခရီးစားရိတ်အလွတ် ၃၀ ကျပ် ကျုပ်အတွင်းရေးမှူး ခင်သိန်းနိုင်ဆီက ထုတ်ယူ။ ဒီကနေ့ ကြာသ ပတေးနေ့ဆိုတော့ တနင်္လာနေ့ကစပြီး အလုပ်ဝင်ပေတော့"

"ကောင်းပါပြီဗျာ"

"အလုပ်ကတော့ ရန်ကုန်မြို့ပေါ်မှ ဈေးချောင်ရမယ့် ကုန်ပစ္စည်းတွေ အများ ကြီးရှိတယ်။ အဲဒါ တွေ့အောင်ရှာ၊ တွေ့ရင်ဝယ်၊ ကျုပ်ဆီကို ချက်ချင်း အကြောင်း ကြား။ တယ်လီဖုန်းနဲ့ ပြောတန်ပြော၊ ဒီတော့မှ ကျုပ်က ကြည့်ပြီး စီစဉ်မယ်"

"ဟုတ်ကဲ့"

"ဒီအပြင် ခင်ဗျားဝယ်ရတဲ့ပစ္စည်းကို ရောင်းလို့ရတဲ့ အမြတ်ပေါ်မှာ ၁၀ ရာခိုင်နှုန်း ကော်မရှင်ပေးဦးမယ်။ တစ်နေ့ ခရီးစရိတ် တစ်ကျပ်ကတော့ မနက် တိုင်း ကျုပ်အတွင်းရေးမှူးက ထုတ်ပေးလိမ့်မယ်။ အခုနေအခါ ဒီလောက်ပဲ ကျုပ်ကြည့်ရှုနိုင်ဦးမယ်။ ဒီမယ် ကိုတက်စိန်၊ ရန်ကုန်မြို့အကြောင်း ခင်ဗျား သိတယ် မဟုတ်လား။ မလုပ်ဝံ့မကိုင်ဝံ့ကြလို့သာ ဈေးချောင်ရမယ့် ပစ္စည်းတွေ ဟာ ပြည့်နေတာပဲ။ ပြီးတော့ ကျုပ်တို့ရောင်းချင်တဲ့ဈေးနဲ့ ဝယ်ချင်သူတွေလည်း ပြည့်နေတာပဲ။ လိုတာက ကုန်ပစ္စည်းကို ဘယ်နေရာမှာ ဈေးချောင်နဲ့ ဝယ်ရနိုင် မယ်။ ဒီပစ္စည်းကို ဘယ်နေရာသွားရောင်းရင် စံ့မယ်။ ဘယ်နေရာဟာ ရောင်း



www.burmeseclassic.com

www.burmeseclassic.com



ချက်ပဲဆိုတာ သိဖို့လိုတယ်။ ခင်ဗျားလည်း ရန်ကုန်မှာ လှုလည်လုပ်နေတာပဲ ဗျာ။ ဒီလောက်ပြောရင် နားလည်ရောပေါ့"

"သိပါပြီ ဦးသီလ"

"နေပါဦး...ကျုပ်ဒီမှာ နေတယ်ဆိုတာ ဘယ်သူက ညွှန်လိုက်သလဲ"

"မင်းနောင်ပေါ့ဗျာ"

"ပန်းပဲလုပ်တဲ့ မင်းနောင်လား"

"ဟုတ်ပါတယ်၊ အခုတော့ သံသေတ္တာတွေ ဘာတွေ ပြင်နေတယ်ဆို ထင် ပါရဲ့"

ဦးသီလသည် ကြိမ်ကုလားထိုင်ကြီးကို အားပါးတရ မှီလိုက်၏။ ထို့နောက် ၎င်းရှေ့ရှိ စားပွဲအံဆွဲအတွင်းမှ ခြောက်လုံးပြူး သေနတ်တစ်လက်ကို ဖျတ်ခနဲ ဆွဲထုတ်လိုက်ပြီးလျှင် စားပွဲပေါ်သို့ တင်ထားလိုက်လေသည်။

လ– "ဒီမယ် ကိုတက်စိန်၊ ချစ်တုန်းက မုန်းစကား ပြောရမယ်ဆိုတာလို အစကတည်းက ခင်ဗျားကို ပြောထားရဦးမယ်။ ကျုပ်ဆီမှာ အလုပ်လာလုပ်တဲ့ လူတိုင်းကို ပြောရတာပဲ။ ကျုပ်အပေါ်မှာ တင်စီးလာရင် ကျုပ်က နည်းနည်း ကလေးမျှ မခံတတ်ဘူး။ အဲဒါ ကျုပ် ဉာဉ်ပဲ။ ဒါကြောင့် ဒီပစ္စည်းကလေး အဆင် သင့်ထားရတယ်။ သုံးရမှာလည်း ကျုပ်က ဝန်မလေးဘူး"

ကိုတက်စိန်သည် ဦးသီလအား တစ်စုံတစ်ရာ ပြန်မပြောဘဲ အခန်းအခြေ အနေကို မသိမသာ ကြည့်ရှုအကဲခတ်လျက်ရှိလေသည်။ အခန်းထောင့်တစ် ထောင့်တွင် ဖိုင်တွဲနှင့် စာရင်းစာအုပ်များ ထားသော မတ်ရပ်သံအံဆွဲသေတ္တာ တစ်လုံးရှိ၍ အနီးတွင် သစ်သားဗီရိုကြီးတစ်လုံးရှိ၏။ ဗီရိုအတွင်း အောက်ဆုံး ထပ်တံခါးတွင် အတန်ငယ်ဟနေပြီးလျှင် အတွင်းမှ အိပ်ရာလိပ် အစွန်းတစ်ခု ထွက်နေသည်ကို မြင်ရ၏။ စားပွဲနှင့် အနီးဆုံးထောင့်၌ မီးခံသေတ္တာကြီးတစ်လုံး ရှိပြီးလျှင် ပုံသဏ္ဌာန်မှာ အလွန်ရှေးကျသော်လည်း ကြီးမားခိုင်ခံ့လှပေသည်။

ယင်းသို့ အကဲခတ်ကြည့်ရှုပြီးနောက်မှ ဦးသီလ၏ မျက်နှာကို ပြေ ကြည့်လိုက်လေသည်။ ဦးသီလက ဆက်လက်၍–



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ကိုယ့်ဒူးကိုယ်ချွန်လူတစ်ယောက်ပဲဗျ။ မဟုတ်ရင်လည်း မခံ တတ်ဘူး။ ဘယ်ဟာမျိုးမဆို ကျုပ်သွားမယ့်လမ်းက ကာဆီးနေရင် ဖယ်ရှားပစ် ရမှာပဲ"

(ကိုတက်စိန်က အေးဆေးသော အမူအရာဖြင့်) "ဟုတ်တာပေါ့"

"တနင်္လာနေ့ အလုပ် ဝင်ရမယ်နော်။ အပြင်ရောက်တော့ ခင်သိန်းနိုင်ကို အကျိုးအကြောင်းပြော။ တောင်းစရာရှိရင် သူ့ဆီမှာတောင်း၊ ပေးစရာရှိ သူ့ကို ပေး ဘာမဆိုသူနဲ့ပြီးပါတယ်။ ကဲ ကဲ သွားပေတော့"

အခန်းပြင်သို့ ထွက်လာသောအခါ ကိုတက်စိန်သည် မိမိအား မသိမသာ ကြည့်လိုက်သော အတွင်းရေးမှူးခင်သိန်းနိုင်နှင့် မျက်လုံးချင်း ဆုံနေသဖြင့် အတန်ငယ်ပြုံးပြလိုက်ပြီးလျှင် သူ၏စားပွဲရှိရာသို့ လျှောက်သွားလေသည်။

ခင်သိန်းနိုင်သည် နီရဲအောင် ဆိုးထားသော လက်သည်းများဖြင့် လက်နှိပ် စက်ရိုက်ထားသောစာရွက်ကိုဖြုတ်ပြီးလျှင်အခြားစာရွက်တစ်ရွက်ဖြင့်တွဲလျက် ရှိ၏။

• "ညီမလေးက မခင်သိန်းနိုင်နော်"

"ဟုတ်ပါတယ်၊ ဆရာနဲ့ စကားပြောခဲ့ရပြီ မဟုတ်လား"

"ပြောပြီးပါပြီ။ တနင်္လာနေ့ အလုပ်ဝင်ရမယ်"

"လေပေး အတော်ဖြောင့်ကြတယ်မှတ်တယ်။ အကြာကြီးပဲ"

"ဖြောင့်ပါတယ်၊ ဟို စစ်မဖြစ်ခင်ကတည်းက သိဖူးတာပဲ။ အလုပ်သိပ်များ တယ် ထင်တယ်"

"များတာပေါ့ရှင် . . . အရောင်းကတစ်ဖက် အဝယ်ကတစ်ဖက် ဂိုဒေါင်မှာ ရှိတဲ့ ပစ္စည်းစာရင်းလည်း လုပ်ရသေးတယ်။ ဒီအထဲ ကုန်မှာတဲ့ စာတွေမေးမြန်း တဲ့ ပြန်စာတွေရေးရ၊ မနက် ၉ နာရီခွဲကတည်းက ထိုင်တာ ညနေအလုပ်ဆင်း တောင် အကြွေးကျန်သေးတယ်"

"အလုပ်က ၉ နာရီခွဲ ဆင်းရတယ်နော်"

"ဟုတ်ကဲ့ ၉ နာရီခွဲက ညနေ ၄ နာရီခွဲအထိပါပဲ။ ကျွန်မတို့ အစိုးရရုံး အတိုင်းပါပဲရှင်။ ဆရာက သိပ်စည်းကမ်းကြီးတာ ဒီဟာဆို ဒီဟာမှ။ သိပ်သေ



www.burmeseclassic.com

www.burmeseclassic.com



ချာတဲ့လူ။ နည်းနည်းပါးပါး အချိန်နောက်ကျသွားရင် အချိန်ပို အတွက်ဆိုပြီး အလုပ်သမားတွေ ပေးလိုက်သေးတယ် သဘောလည်း ကောင်းပါတယ်"

"အခုလို သိရတာ ကျေးဇူးတင်ပါတယ် မခင်သိန်းနိုင်"

"ကျွန်မနာမည်ကို ဆရာက ပြောလိုက်တယ်လား"

"ဟုတ်ပါတယ်"

ကိုတက်စိန်သည် အရေးပါ အရာရောက်သော ဦးသီလ၏ အတွင်းရေးမှူးကို ချဉ်းကပ်နိုင်မှသာ ဦးသီလ၏ အတွင်းရေးများကို သိမည်ဟု ယုံကြည်ပြီး ဖြစ်သည့်အတိုင်း မခင်သိန်းနိုင်၏ အလိုကိုကြည့်ကာ စကားလက်ဆုံကျအောင် ပြောလျက်ရှိလေရာ မခင်သိန်းနိုင်ကလည်း အလုပ်နှင့် ပတ်သက်သည့် ဆောင်ရွက်ရန်ကိစ္စများကို အသေးစိတ် ညွှန်ကြားလျက်ရှိလေ၏။

နောက်ဆုံး ပြန်ရန်နှုတ်ဆက်သောအခါ၌ပင် ကိုတက်စိန်က မခင်သိန်းနိုင်အား မြင်လျှင်မြင်ချင်း မိမိနှမအရင်းကဲ့သို့ ချစ်ခင်၍ အလုပ်နှင့် ပတ်သက်၍လည်း အလွန်အားထားကြောင်း မိမိအားလည်း အစ်ကိုအရင်းကဲ့သို့ အားထားရန် အကြောင်းများကို တိုက်ရိုက်တစ်မျိုး သွယ်ဝိုက်လှည့်ပတ်သောနည်းဖြင့် တစ်ဖုံ အစွမ်းကုန်ကြဲခဲ့လေရာ ခင်သိန်းနိုင်မှာ ယခုမှပင် တွေ့ရသော်လည်း မိမိအပေါ်တွင် အတော် ကျလျက်ရှိနေပြီဖြစ်ကြောင်း သိခဲ့ရလေသည်။

ပထမ ရက်သတ္တပတ်အဆုံးတွင် လခအပြင် ကော်မရှင် ၄၀ မျှ ရရှိခဲ့၏။ ဒုတိယအပတ်ပြီးဆုံးသောအခါ ကိုတက်စိန်သည် အိုမီဂါ ရွှေလက်ပတ်နာရီ ၂ လုံး အပေါင်ဆုံးသော ရွှေလက်စွပ် ၁ ကွင်း၊ ရွှေချောင်း ၁ ချောင်း၊ ရာတ်ဆီ ... ၁၀၀ တို့ကို ဈေးသက်သာစွာဖြင့် ဝယ်ပေးနိုင်သောကြောင့် ကော်မရှင် ... ရစီလေသည်။

ထိုအခါ၌ကား ကိုတက်စိန်မှာ ဦးသီလအပေါ်၌ များစွာ မျက်နှာပွင့်လန်း ... ရှိသည့်အပြင် မခင်သိန်းနိုင်ကလည်း မိမိအား ဟီးရိုးတစ်ယောက်အနေ ... ကြည့်ရှုသည်ကို တွေ့ရသဖြင့် အတော်ပင် စိတ်အားတက်ကြွမိတော့၏။

ကော်မရှင် ထုတ်ယူသောနေ့ည၌ ကိုတက်စိန်က မခင်သိန်းနိုင်အား ကျေး... သည့်အနေဖြင့် ရုပ်ရှင်ကို ပထမတန်းမှ နှစ်ယောက်အတူ ကြည့်ရှု... ပြီးသောအခါ အိုရီယန်နဲ့ပျော်ပွဲစားရုံ၌ ညစာစားသောက်ကြခြင်းများကို



www.burmeseclassic.com

www.burmeseclassic.com



ပင် မခင်သိန်းနိုင်က လက်ခံ၏။ အိမ်အပြန်တွင် တက္ကစီငှား၍ ကိုတက်စိန်က လိုက်ပို့ခဲ့ရာ ထိုအချိန်၌ကား ကိုတက်စိန်နှင့် မခင်သိန်းနိုင်တို့မှာ အတော်ပင် ရင်းနှီးသောဘဝသို့ ရောက်ခဲ့ကြလေပြီ။

ညစာစားရင်း မခင်သိန်းနိုင်အား ဦးသီလအကြောင်းကို တီးခေါက်ကြည့်ရာ ဦးသီလမှာ ယင်းကဲ့သို့ ပစ္စည်းအမျိုးမျိုးများကို တပည့်များထား၍ ဖယ်ယူပြီး လျှင် အဖိုးအရဆုံးနေရာများတွင် ရောင်းချနိုင်စွမ်းရှိကြောင်း။ တစ်ခါတစ်ရံ ရွှေနှင့် စိန်ကျောက်ပတ္တမြားများကို နိုင်ငံခြားသို့ပင် တင်ပို့ရောင်းချကြောင်း၊ သို့ သော် သူ၏ငွေများကို မည်သည့်ဘဏ်တိုက်တွင်မျှ အပ်နှံခြင်းမပြုဘဲ အိမ်၌ပင် ထားရှိကြောင်း၊ သေတ္တာကြီးမှာ ရှေးရိုးသေတ္တာကြီးဖြစ်၍ ဂဏန်းဝှက်များဖြင့် ဖွင့်ရသော သေတ္တာမျိုးမဟုတ်ကြောင်း၊ မိမိအား အတွင်းရေးမှူး လူယုံတစ် ယောက်အနေဖြင့် ထားရှိသည်မှန်သော်လည်း ဦးသီလမှာ အလွန်လျှို့ဝှက်သိုသိပ် သည်းသူဖြစ်၍ ယင်းသံသေတ္တာကြီးကိုမူ မည်သည့်အခါမျှ ဖွင့်သည်ကို မမြင်ရ ကြောင်း။ တစ်ခါတစ်ရံမိမိမှာ အလုပ်များ၍ ညဥ့်နက်သန်းခေါင်အထိ အလုပ်လုပ် ရသော်လည်း ဦးသီလသည် သံသေတ္တာကြီးကို မည်သည့်အခါမျှ မဖွင့်ကြောင်း ဖြင့် ပြောပြလေသည်။

မခင်သိန်းနိုင်သည် မိမိအလုပ်ရှင်သူဌေးအကြောင်းကို ထိုထက်ပို၍ မသိ ရှာချေ။ ဦးသီလ ရှာဖွေဝယ်ယူသော ပစ္စည်းများမှာ သန့်ရှင်းသော ပစ္စည်းများ မဟုတ်ဘဲ အများအားဖြင့် မတရားသော နည်းလမ်းများဖြင့် ရသော ပစ္စည်းများ ဖြစ်ကြောင်း သိဟန်လက္ခဏာမရှိချေ။ လစကောင်းကောင်းရ၍ ဦးသီလ၏ ကြည်ခြင်းခံရသည်ကိုပင် ကျေနပ်ကာ ဂုဏ်ယူသူဖြစ်လေသည်။

ဤသို့ဖြင့် ကိုတက်စိန်မှာ မခင်သိန်းနိုင်ထံမှ ဦးသီလအကြောင်း အတော်ပင် စပ်စုမိလေပြီ။ သို့ဖြစ်၍ ထိုညက ပထမတန်းမှ ရုပ်ရှင်ပြ၍ အိမ် တွင် ကျွေးမွေးခဲ့ရသည်မှာ မိမိကြံစည်မည်ဖြစ်သော အကြံအစည်အတွက် အရင်းမြှုပ်ခြင်းမျှသာဖြစ်၍ ငွေကုန်ရကျိုးနပ်ပေပြီဟု အောက်မေ့မိ၏။

ကိုတက်စိန်သည် လက်ကြီးသူ တစ်ယောက် ဖြစ်သည့်အတိုင်း လျှင်ရသည့် တရား၊ ကိုးဆယ်မျှသောငွေနှင့် ရောင့်ရဲကျေနပ်သူမဟုတ် သက်ပတ်လုံး စုဆောင်းခဲ့သမျှ ပစ္စည်းများကို တစ်ခါတည်းနှင့် ယူရန်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းဖြတ်လိုက်လေသည်။ ဦးသီလမှာ မတရားသဖြင့် ရရှိထားသော ပစ္စည်းများ ဖြစ်သည့်အတိုင်း အကယ်၍ လူဆိုးဓားပြကို လုယူတိုက်ခိုက်ခြင်းခံရစေကာမူ ရဲဘက်သို့ ဟုတ်မှန်သလောက် ဖွင့်ဟ တိုင်တန်းပုံမည် မဟုတ်ချေ။

ဦးသီလသည် မိမိ၏အလုပ်အမှန်ကို အတွင်းရေးမှူး မခင်သိန်းနိုင်ပင် မသိအောင် လျှို့ဝှက်ထားနိုင်ခြင်းမှာလည်း အံ့ဩဖွယ်ပင် ဖြစ်တော့၏။ မည်သို့ပင်ဖြစ်စေ ဦးသီလ၏ လူယုံမခင်သိန်းနိုင်မှာ အတော်အတန် မိမိဘက်သို့ ပါနေပြီဖြစ်၍ ကိုတက်စိန်သည် မိမိအကြံအထမြောက်စေရန် အကောင်းဆုံး နည်းလမ်းများကို ရှာဖွေလျက်ရှိလေသည်။

ကိုတက်စိန်သည် လစဉထုတ်သော နေ့တိုင်းလိုပင် မခင်သိန်းနိုင်အား အင်္ဂလိပ်နှင့် မြန်မာကားကို တစ်လှည့်စီပြလျက် တစ်ခါတစ်ရံ အနောက်ပိုင်း တရုတ်တိုတယ်များသို့ပင် ခေါ်ဆောင်သွား၏။ ဦးသီလ၏နေအိမ်ကို မခင်သိန်းနိုင် မသိချေ။ မည်သည့်နေရာ၌ နေသည်ကိုပင် မသိဘဲ အလုပ်များသော နေ့များ၌ ညဉ့် ၉ နာရီအထိ အလုပ်လုပ်ရသော်လည်း ထိုအချိန်ထိ အလုပ်တိုက်၌ ဦးသီလရှိနေ၏။ နံနက်ကိစ္စရှိ၍ ခပ်စောစောလာသော အချိန်များ၌လည်း ဦးသီလ ရှိနေ၏ ထို့ပြင် နံနက် ၁၁ နာရီခန့်အတွင်းတွင် ပြန်လာတတ်ကြောင်း။ ၎င်းထက်ပို၍ မိမိမသိ၊ ဦးသီလ၏ ကိုယ်ရေးကိုယ်တာနှင့် အတွင်းရေးများကိုလည်း မိမိအနေဖြင့် တစ်စုံတစ်ရာစပ်စုခြင်း ထောက်လှမ်းစုံစမ်းခြင်း မလုပ်ကြောင်းဖြင့် မခင်သိန်းနိုင်ထံမှ ထပ်မံသိရှိရပြန်၏။

နောက်ရက်သတ္တပတ်၌ ကိုတက်စိန်သည် နိုင်ငံခြားသင်္ဘောတွင် ပါလာသော မှောင်ခိုကုန်သည်တစ်ဦးထံမှ အကောင်းစား ရွှေလက်ပတ်နာရီ ၄၈ လုံး တစ်လုံးလျှင် ၁၀၀ စီနှင့် ဝယ်ပေးနိုင်သည့်အတွက် ရသင့်ရထိုက်သော ကော်မရှင်အပြင် ဦးသီလက ဆုငွေအဖြစ် ငွေ ၁၀၀ ပေးခဲ့လေသည်။

ထိုနေ့မှာ အင်္ဂါနေ့ဖြစ်၍ ဗုဒ္ဓဟူးနေ့ညနေသို့ ရောက်သောအခါ ဦးသီလသည် ကိုတက်စိန်အား သူ၏အခန်းတွင်းသို့ ခေါ်ပြီးလျှင် နိုင်ငံခြားဖြစ်အရက်များ စားရက်များဖြင့် ဧည့်ခံလျက် နောက်တစ်ပတ်တွင် လုပ်ကိုင်ရမည့်အလုပ် အစီအစဉ်များကို ဆွေးနွေးလျက်ရှိလေ၏။ ထိုအချိန်၌ကား ကိုတက်စိန်မှာ ဦးသီလအပေါ်တွင် မျက်နှာပန်းပွင့်လျက် ဦးသီလကလည်း မိမိအား ညာလက်



www.burmeseclassic.com

www.burmeseclassic.com



ရုံးသဖွယ် အားကိုးလျက်ရှိနေပြီဖြစ်ကြောင်း ကောင်းစွာ သိရလေပြီ။

လ - "ကိုတက်စိန်ကို ကျုပ်အင်မတန် အားကိုးတယ်ဆိုတာ သိပြီမဟုတ်လား"

စိန် - "ဟုတ်ကဲ့သိပါပြီဦးသီလ"

"တစ်ပတ် ၃၀ ဆိုတာလည်း ခင်ဗျားအတွက် နည်းပါတယ်။ ရှေ့အပတ်က စပြီး တစ်ပတ်ကို ၅၀ ထုတ်ယူပေတော့"

"ဟုတ်ကဲ့၊ ကျေးဇူးပါပဲဗျာ"

"ဪ . . . ဒါထက် နောက်ဗုဒ္ဓဟူးနေ့ညမှာ အလုပ်ကလေးတစ်ခုရှိတယ်ဗျို့...ကားနဲ့ ခင်ဗျားသွားရလိမ့်မယ်။ စတေးရှင်ဝက်ပွန်းကလေးတစ်စီးကျုပ်ပေးမယ်။ သမိုင်းလမ်းဆုံ ရောက်အောင်ခင်ဗျားက ဒရိုင်ဘာကို လမ်းညွှန်သွားရုံပဲ ဟိုကို (၈) နာရီတိတိ အရောက်သွားရလိမ့်မယ်။ ဟိုကျတော့ ဆိုင်းဘုတ်အစိမ်းနဲ့ တရုတ်လက်ဖက်ရည်ဆိုင်ရှေ့မှာ ကားကို ရပ်ထား၊ ခင်ဗျားတို့က ဆိုင်ထဲကို ဝင်ပြီး လက်ဖက်ရည်သောက်ရုံပေါ့ဗျာ၊ ခင်ဗျားတို့ လက်ဖက်ရည်သောက်ပြီးလို့ လည်း ပြန်လာရော ကားပေါ်မှာ ရေနံဆီ သံပုံး ၃ ပုံး ရောက်နေပါလိမ့်မယ်၊ ဒီပုံးတွေပေါ်မှာ တာလပတ်ဖုံး။ ခင်ဗျားက အပေါ်ကတက်ထိုင်ပြီး ကားကို ပြန်မောင်းခဲ့ရုံပဲ။ လမ်းမှာ ဘယ်သူ့ကိုတွေ့ရင် ခင်ဗျားက ဘယ်လိုလုပ်ရမယ်၊ ဘယ်လမ်းက မောင်းရမယ်။ ခင်ဗျားက ဘယ်လို အဝတ်အစားမျိုး ဝတ်သွားရမယ်ဆိုတဲ့ ညွှန်ကြားချက်တွေတော့နောက်မှကျုပ်ပေးမယ်။ကဲ...ဒါပါပဲကိုတက်စိန်ပြန်ချင်ပြန်နိုင်ပါပြီ"

အလုပ်တိုက်မှ ထွက်လာသောအခါ ကိုတက်စိန်သည် ဗိုလ်ချုပ်လမ်းအတိုင်း လျှောက်၍လာပြီးလျှင် ပန်းဆိုးတန်းသို့ ရောက်သောအခါ ဘား တစ်ခုအတွင်းသို့ဝင်၍ အရက်သောက်ပြီးနောက် စီးကရက်ကိုဖွာရင် အကြံထုတ်လျက်ရှိ၏။ ဦးသီလ အလုပ်ခန်းတွင်းရှိ မတ်ရပ် သစ်သားဗီရိုကြီးမှ တံခါးမှာ ခပ်မာမာဖြစ်နေသဖြင့် ၎င်းအတွင်း၌ မိမိမြင်ခဲ့ရသော အဝတ်လိပ်ကြီးမှာ ၎င်း၏ အိပ်ရာလိပ်ဖြစ်၍ ဦးသီလသည် နေအိမ်မရှိဘဲ အလုပ်ခန်း၌ပင် အိပ်ဟန်လက္ခဏာရှိ၏။ ဦးသီလကား အိုးအိမ်မရှိ၊ တစ်ကိုယ်တည်းနေ၍ ရသမျှငွေ



www.burmeseclassic.com

www.burmeseclassic.com



များကို သူ့အခန်းတွင်းမှ သံသေတ္တာကြီးထဲတွင် စုဆောင်းလျက်ရှိသော ဥစ္စာစောင့်ကြီးပင် ဖြစ်တော့၏။ ဥစ္စာစောင့်ကြီး၏ ပစ္စည်းများမှာ မည်သည့်နည်းနှင့်မျှ အလွယ်တကူ မဖွင့်နိုင်သော သံသေတ္တာကြီးအတွင်းတွင် ရှိနေသဖြင့် သော့တူကို ပြုလုပ်ရသည်ထက် ဥစ္စာရှင်ထံမှ သော့ကို ယူ၍ဖွင့်ခြင်းက ကျိန်းသေသည့်အတိုင်း ဤနည်းကိုပင် လိုက်တော့မည်။ ထိုသို့လိုက်ရန် လမ်းတစ်ခုသာရှိ၏။ ထိုလမ်းမှာ ဦးသီလအား မိမိက လက်ဦးအောင် သတ်ရန်ပင် ဖြစ်တော့၏။ စီးကရက် သုံးလေးလိပ်မျှ ကုန်သောအခါ ကိုတက်စိန်သည် စိတ်ကိုတစ်ခါတည်း ပိုင်းဖြတ်လိုက်၏။

ကြာသပတေးနေ့ ညနေအလုပ်ကိစ္စ ပြီးသောအခါ ကိုတက်စိန်သည် မခင်သိန်းနိုင်ထံသွားရောက်ပြီးလျှင် -

"ဘယ့်နယ်လဲခင် ... ဒီည ရုပ်ရှင်လိုက်နိုင်မယ် မဟုတ်လား"

"ဆောရီးပဲအစ်ကိုကြီးရေ့ ခင် ဒီည ၉ နာရီမှ ပြန်ရမယ်"

"နက်ဖြန်ကော"

"နက်ဖြန်လည်း မအားဘူး အစ်ကိုကြီးရဲ့...စနေနေ့ မကောင်းဘူးလား"

"ကဲ ...ဒါဖြင့် စနေနေ့ညမှာ အစ်ကိုကြီးလက်မှတ် ဝယ်ထားမယ်နော်"

"ဟုတ်ကဲ့ အစ်ကိုကြီး ကျေးဇူးတင်ပါတယ် ...ဘယ်ရုံမှာလဲ"

"ဂလုပ်မှာ"

သောကြာနေ့ နံနက်ခင်း၌ ကိုတက်စိန်သည် မိမိ၏ အစီအစဉ်များကို အသေးစိတ် စိတ်ကူးလျက်ရှိလေ၏။

နံနက်ခင်းတွင် မိမိအလုပ်ဝတ္တရားများကို မဆောင်ရွက်သေးမီ အနော်ရထာလမ်းရှိ ကုလားဆိုင်ကြီး တစ်ဆိုင်သို့သွား၍ လက်ဆွဲသားရေအိတ်ကြီးတစ်လုံးကို ဝယ်ယူ၏။ ထို့နောက် လူရှင်းသော ပျော်ပွဲစားရုံတစ်ရုံသို့ လာပြီးလျှင် နံနက်စာကိုမှာထားရင်း ရဲမင်းကြီးထံ တယ်လီဖုန်းဆက်၏။ တယ်လီဖုန်းပြောရာတွင် မိမိ၏ နဂိုသံကို မကျက်မိစေရန် စကားပြောသော အပေါက်တွင် လက်ကိုင်ပဝါဖြင့်အုပ်ကာ အသံခပ်ဝါးဝါးခပ်နိမ့်နိမ့်ဖြင့် ပြောလေသည်။

ထို့နောက် သားရေအိတ်ကြီးကို အိမ်၌ သိမ်းဆည်းထားပြီးလျှင် နေ့



www.burmeseclassic.com

www.burmeseclassic.com



လယ်ပိုင်းတွင် အလုပ်လုပ်ကိုင်လျက်ရှိ၏။ ညနေခင်းသို့ ရောက်သောအခါ ဦးသီလ၏အလုပ်တိုက်သို့ တိုက်ရိုက်သွားလေ၏။

ထိုအချိန်၌ မခင်သိန်းနိုင်မှာ လက်နိပ်စက်ရိုက်လျက်ပင် ရှိနေသေး၏။ ကိုတက်စိန်ဝင်လာသောအခါ ပြုံးသည်ဆိုရုံမျှ လှမ်း၍ပြုံးလိုက်ပြီးနောက် မျက်နှာလည်း မကြည်လင်လှချေ။

"အစ်ကိုကြီး မသိသေးဘူးမှတ်တယ်"

"ဘာလဲခင်...ဘာလဲ"

"နေ့လယ်က ရဲအရာရှိသုံးယောက်လာတယ်လေ"

"ရဲ...ဟုတ်လား"

(လေးသံကို နှိမ့်လျက်) ဟုတ်တယ်"

"ဘာလာလုပ်တာလဲ"

"ကျွန်မတို့ လုပ်ငန်းအရိပ်အခြည် လာကြည့်သန့် တူပါတယ်"

"ဆရာနဲ့တွေ့လား"

"တွေ့ပါတယ်၊ သူပဲစကား လက်ခံပြောရတာပဲ"

"ဘာတွေ မေးသတဲ့လဲ"

"ဘာရယ်လို့ ထူးထူးထွေထွေတော့ မဟုတ်ဘူးလို့ ပြောတာပဲ အစ်ကိုကြီးရဲ့ ကျွန်မတို့ သူဌေးကလည်း အင်မတန်လျှို့ဝှက်တဲ့လူ မဟုတ်လား။ ကျွန်မကို စကားအကုန်ပြောချင်မှပြောမှာ"

"ဟုတ်တာပေါ့လေ၊ နို့ပေမဲ့ သူ့တိုင်ပင်စရာ ဘယ်သူရှိသလဲ။ ခင်တစ်ယောက်ပဲ ရှိတယ်မဟုတ်လား။ မစ်ပေမဲ့ ဒီလိုလာပြီး အကဲခတ်တာ မကောင်းဘူးပေါ့ ခင်ရယ်။ ဒီလိုဆိုတော့ ကိုယ်တို့လည်းအနေရကျပ်တယ်မဟုတ်လား"

"ဟုတ်တာပေါ့ အစ်ကိုကြီးရဲ့ပြီးတော့လည်း ..."

စကားမဆုံးမီ အပြင်မှဧည့်သည်များရောက်လာ၍ စကားကို ဖြတ်လိုက်ရ၏။ မခင်သိန်းနိုင်သည် ဧည့်သည်များအား သူဌေးနှင့် တွေ့ဆုံပေးပြီးလျှင် မိမိကိုယ်တိုင်လည်း အလုပ်များ၍နေသဖြင့် ကိုတက်စိန်သည် နှုတ်ဆက်၍ ထွက်ခဲ့ရ၏။ တံခါးပေါက်သို့ရောက်သောအခါ နက်ဖြန်ညနေ ဟု အသံ့အုပ်အုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ပြောလိုက်ရာ မခင်သိန်းနိုင်ကလည်း အိုကေ အစ်ကိုကြီးကျွန်မ မမေ့ပါဘူး" ဟု ပြန်ပြောလိုက်သည်။

စနေနေ့သို့ ရောက်လာသောအခါ ကိုတက်စိန်သည် မိမိအစီအစဉ် လုံခြုံပိရိစွာရှိရန် အသေးစိတ်စဉ်းစားလျက်ရှိလေ၏။ လူသတ်မှုများ၌ တရားခံသည် အမှုဖြစ်ပွားသည့်အချိန်တွင် အမှုဖြစ်ပွားသည့်နေရာ၌မရှိဘဲ အခြားတစ်နေရာ၌ ရှိနေကြောင်း သက်သေပြနိုင်က လွတ်မြောက်နိုင်၏။ သို့သော် ယင်းသက်သေခံမှာ များစွာ ခိုင်လုံဖို့ လိုအပ်သည်။ မိမိလုပ်ကြံမည့်လုပ်ကြံမှု၌ ယင်းသက်သေခံမျိုးကိုပင် အားကိုးရပေသည်။

ထိုနေ့နံနက် ကိုတက်စိန်သည် ဦးသီလ ဂိုဒေါင်နှင့် မျက်နှာချင်းဆိုင်ရှိသော မော်တော်ကားရုံနောက်သို့ဝင်ကာ အလုပ်တိုက်ဘက်သို့ ချောင်းမြောင်းကြည့်ရှုလျက်ရှိလေ၏။ နံနက် ၁၁ နာရီတွင် ဦးသီလသည် အလုပ်တိုင်အတွင်းမှ ထွက်လာပြီးနောက် မဟာဗန္ဓုလလမ်းကို ဖြတ်ကာ ကမ်းနားဘက်သို့ လျင်မြန်စွာ လျှောက်သွားလေ၏။

ထိုအခါမှ ကိုတက်စိန်သည် တစ်ဖက်မှလှည့်၍ အလုပ်တိုက်အတွင်းသို့ မောကြီးပန်းကြီးဝင်သွားရာ မခင်သိန်းနိုင်နှင့် ပက်ပင်းပါ တွေ့ရလေသည်။

စိန် – "ဆရာဘယ်သွားသလဲဟင် ...ဆရာ"

နိုင် – "အစ်ကိုကြီး ဘယ်ကလာတာလဲ ...ချွေးတွေနဲ့"

"ဗိုလ်တထောင်ဆိပ်က ပြေးလာခဲ့တာ ...ကိစ္စအရေးကြီးတယ်။ သိပ်ခွကျတာပဲ"

"သူဒေါ်ခုပဲ အပြင်ထွက်သွားတယ်။ အစ်ကိုကြီးရဲ့ အနည်းဆုံးနာရီဝက် တစ်နာရီလောက်တော့ ကြာမယ်။ ဒီအချိန် သူအပြင်ထွက်နေကျပဲ"

(နဖူးမှ ချွေးများကိုသုတ်လျက်) "အရေးထဲ သိပ်ခွကျတာပဲခင်ရယ်။ ရေတော်လိုက်တာ။ အစ်ကိုကြီးကို လမ်းထိပ်က ဘိလပ်ရည်ဆိုင်သွားပြီး ရေခဲနဲ့ ကရင်ဆော်ဒါကလေး တစ်ဆိတ် ဝယ်ပေးပါလားခင်ရယ်"

"အဲဒီဆိုင်က သိပ်စောင့်ရတာ အစ်ကိုကြီးရဲ့။ အဲလေ သွားပေးမှာပေါ့။ သူလည်း အခုချက်ချင်းပြန်လာဦးမှာမှ မဟုတ်ပဲ"

www.burmeseclassic.com



"ကျေးဇူးပါပဲ ခင်ရယ်"

မခင်သိန်းနိုင် ထွက်သွားသည်နှင့် တစ်ပြိုင်နက် ကိုတက်စိန်သည် ဦးသီလ စားပွဲရှိရာ အတွင်းခန်းသို့ ဝင်သွားလေ၏။ ပထမဦးစွာ စားပွဲအံဆွဲအတွင်းမှ သေနတ်ကိုရှာဖွေရာ အံဆွဲနောက်ပိုင်း စာအုပ်တစ်အုပ်အောက်တွင် တွေ့ရသဖြင့် ကျည်ဆန်များ ထည့်ထားမထားကိုကြည့်ပြီးလျှင် အင်္ကျီအိတ်ထဲသို့ ထည့်လိုက်၏။ ထို့နောက် စားရေးစားပွဲပေါ်မှ စာရွက်များကို ကပျာကယာ လှန်လှော ရှာဖွေပြန်၏။ မိမိအလိုရှိသော စာတစ်ရွက်ကိုတွေ့ရသဖြင့် အင်္ကျီအိတ်အတွင်း သို့ ထိုးသွင်းပြန်လိုက်၏။

မခင်သိန်းနိုင် ပြန်လာသောအခါ၌ကား ကိုတက်စိန်မှာ လက်နှိပ်စက်စား ပွဲရှေ့ကုလားထိုင်တွင် ဣန္ဒြေရစွာ ထိုင်လျက် ရှိနေလေပြီ။

ထိုညတွင် မခင်သိန်းနိုင်မှာ ည ၈ နာရီအထိ အလုပ်လုပ်ရမည်ဖြစ်၍ ၈ နာ ရီခွဲတွင် အသင့်ပြင်ဆင်၍ လမ်းထိပ်သို့ ထွက်ခဲ့ရန်အကြောင်း အလုပ်ရုံတွင် ၉ နာရီခွဲပွဲအတွက် ပထမတန်းမှ လက်မှတ်နှစ်စောင် အသင့်ဝယ်ထားပြီ ဖြစ် ကြောင်း ရုပ်ရှင်ပြီးသောအခါ အိမ်သို့ အရောက်ပို့ပေးမည်ဖြစ်ကြောင်း ကိစ္စမှာ အရေးကြီးနေသဖြင့် ဦးသီလအပြန်ကို မစောင့်နိုင်တော့ကြောင်း နောက်ဆုံး ပြောခဲ့ပြီးလျှင် အလုပ်တိုက်မှ လျင်မြန်စွာ ထွက်သွားလေ၏။

ထိုနေ့ညနေ၌ ကိုတက်စိန်သည် ဦးသီလစားပွဲပေါ်မှ ယူခဲ့သော စာရေး စက္ကူနှင့် တံဆိပ်နှင့် အမျိုးအစားပါတူသော စက္ကူထုပ်တစ်ထုပ်ကို စာရေး ကိရိယာများရောင်းသော ဆိုင်တစ်ဆိုင်မှ ဝယ်ယူခဲ့ပြီးလျှင် ထိုလက်ရေးနှင့် တူအောင် အိမ်တွင် တစ်နာရီခန့် လေ့ကျင့်လျက် ရှိလေ၏။

ကိုတက်စိန်မှာ ငယ်စဉ်က အင်္ဂလိပ်စာကို ၇ တန်းအထိမျှသာ သင်ဖူးပြီး လျှင် အထက်တန်းပညာရပ်များကို မလိုက်စား၊ လိုက်စားလိုသော စိတ်ဆန္ဒမရှိ ခဲ့သော်လည်း ပန်းချီပညာကို အနည်းငယ်တတ်၍ လက်ရေးအလွန်ကောင်း၏ လက်ရေးကို အမျိုးမျိုးရေးနိုင်၏။ အခြားသူများ၏ လက်ရေးကို အတုခိုး၍ ရေး နိုင်၏။ ရေးနိုင်အောင်လည်း ဝါသနာအလျောက် လေ့ကျင့်၏။ ထိုမျှသာမက အခြားသူများ၏ ရေးထိုးနေကျ လက်မှတ်ကိုပင် တူအောင် ရေးထိုးထားနိုင်၏



www.burmeseclassic.com

www.burmeseclassic.com



အတော်အတန် အလေ့အကျင့် ရလာသောအခါ မည်သူ၏လက်မှတ်ကို မဆို နာရီဝက်အတွင်းတူအောင် ရေးထိုးနိုင်၏။ ငယ်စဉ်က ဤကဲ့သို့ လက်ရေးတူ လက်မှတ်တူဖြစ်ရန် အပျော်သဘောဖြင့် လေ့ကျင့်လာခဲ့ခြင်းမှာ ကြီးပြင်း၍လာသောအခါ နဂိုကပင် ရိုးသားဖြောင့်မတ်စွာ လုပ်ကိုင်မစားလိုဘဲ သူတစ်ပါးအပေါ်တွင် ခေါင်းပုံဖြတ်၍ စားလိုသော ဝါသနာရှိသူတစ်ယောက်အတွက် အသက်မွေးဝမ်းကြောင်းပညာတစ်ရပ်ပင်ဖြစ်၍လာခဲ့လေသည်။ သို့ဖြစ်၍ဓာတ်သိသောသူများက ကိုတက်စိန်အား နာမည်ရင်းကိုမခေါ်ဘဲ လက်ရေးနှင့် လက်မှတ်အတုခိုးကောင်းသဖြင့် ဝိဇ္ဇာစိန် ဟု ပြောင်လှောင်ခေါ်ဝေါ်ကြ၏။

ကိုတက်စိန်သည် ထိုစက္ကူရွက်ပေါ်တွင် ဦးသီလစားပွဲမှ တွေ့ရသော လက်ရေးနှင့်တူအောင် အတုခိုးပြီးလျှင် အောက်ပါအတိုင်း ရေးသားလေသည်။

"အားလုံး အကြံတွေပေါ်ကုန်၍ ပုလိပ်က လိုက်နေပြီ၊ ကျုပ်မှာ ထောင်ကျလည်း မခံဝံ့သည့်အတွက် ဒီတစ်နည်းပဲ လွတ်မြောက်ဖို့ လမ်းရှိတော့သည်"

သီလ

❖ ❖

ထိုညဉ့်တွင် ကိုတက်စိန်သည် မခင်သိန်းနိုင်အား ၈ နာရီ ၄၅ မိနစ်တွင် လမ်းထိပ်မှ စောင့်ခေါ်ခဲ့၍ ဆူးလေဘုရားလမ်းဘက်သို့ လျှောက်လာခဲ့၏။ မခင်သိန်းနိုင်နှင့် မတွေ့မီ နံနက်ခင်းက ဝယ်ခဲ့သော သားရေအိတ်ကြီးကို ဂိုဒေါင်နောက်ဖေးရှိ ထင်းရှူးသေတ္တာပုံများကြားတွင် ဝှက်ထားခဲ့သေး၏။ အချိန်မှာ ၉ နာရီခွဲပွဲအတွက် အတန်ငယ် စောသေးသည်နှင့် အိုရီယင့်ဟိုတယ်အပေါ်ထပ်တွင် ကော်ဖီများသောက်ရင်း ၁၅ မိနစ်ခန့် အချိန်ဖြုန်းပြီးနောက်မှ ရုပ်ရှင်ရုံထဲသို့ ဝင်ခဲ့လေသည်။ ထိုညဉ့်က ဂလုပ်ရုံတွင် အလွန်ရှည်သော မြန်မာကားတစ်ကား ပြနေသဖြင့် ညနေပွဲမှာ ၉ နာရီခွဲမှ ပြီးပြီးလျှင် ညဉ့်ပွဲကို ၉ နာရီ ၄၅ မိနစ်မှ စပြရ၏။

ခေတ္တအားလပ်ချိန်မပေးမီအတွင်းကိုတက်စိန်မှာမိမိအကြံအတွက်ချိန်ဆသော စောင့်ဆိုင်းနေသူတစ်ယောက် ဖြစ်သည့်အတိုင်း ရုပ်ရှင်ရုံလမ်းကို



www.burmeseclassic.com

www.burmeseclassic.com



မဆိုထားဘိဦး။ လူကောင်များကိုပင် မသဲကွဲလှဘဲ မိုးဝါးမြင်ရ၏။ မကြာမကြာပင် မှောင်ထဲတွင် မြင်ရသော လက်ပတ်နာရီကိုသာ မခင်သိန်းနိုင် မှုမြင်အောင် ကြည့်မိ၏။ ထိုအချိန်က ကိုတက်စိန်မှာ ကာကီရောင် သိုးမွေးရုပ်အင်္ကျီ မီးခိုးရောင်သက္ကလတ်ဘောင်းဘီရှည်၊ ရှူးဖိနပ်အနက်စသည်ဖြင့် သပ်ရပ်ခန့်ညားစွာ ဝတ်စားထားရာ လက်ယာဘက် ဘောင်းဘီအိတ်တွင် အသင့်ယမ်းထိုးပြီး သေနတ်ကလေးကိုလည်းကောင်း၊ လက်ဝဲဘက်အိတ်တွင် မောင်းချ ဓားကြီးကိုလည်းကောင်း၊ ရုပ်အင်္ကျီအိတ်တွင်သေရာစွာခေါက်၍ထည့်ထားသောအထက်က ဖော်ပြသည့် စာရွက်ကိုလည်းကောင်း စိတ်မလုံသည့်အတိုင်း မကြာခဏ စမ်းသပ်ကြည့်ရှုမိ၏။

အားလပ်ချိန်ပေးရန် မီးများဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် ကိုတက်စိန်သည် မခင်သိန်းနိုင်အား မျက်နှာချင်းဆိုင်ဘက်ရှိ တရုတ်ဘားသို့ ခေတ္တသွားဦးမည့်အကြောင်း ပြောခဲ့ပြီးလျှင် ရုံးအတွင်းမှ ထွက်၍ အနီးဆုံး ၃ ဘီးကားတစ်စီးပေါ်သို့ မောင်းစေပြီးလျှင် ၎င်းမှ ၃၂ လမ်းဘက်သို့ ချိုးဝင်လေ၏။ ဂိုထောင်နှင့် မနီးမဝေး၌ ကားကို ရပ်စေပြီးလျှင် ကားသမားအား ငွေစက္ကူတစ်ချပ်ကို လှမ်းပေးခဲ့ပြီးနောက် ဂိုဒေါင်နောက်ဘက်သို့ ဝင်သွားလေ၏။

ထို့နောက် ဂိုဒေါင်နောက်တွင် စောစောက မိမိဝှက်ထားခဲ့သော သားရေအိတ်ကြီးကို ထုတ်ယူခဲ့ပြီးလျှင် လက်တွင် လမ်းလျှောက်ရင်း နိုင်လွန်လက်အိတ်ကိုစွပ်လျက် မောင်းချဓားကြီးကို လက်တစ်ဖက်မှဖွင့်၍ကိုင်ကာ အလုပ်တိုက်ရှေ့သို့ သွားလေ၏။ အချိန်မှာ ၃ မိနစ်မျှ ကုန်လွန်ခဲ့ပြီဖြစ်၏။ တံခါးမှာ ပိတ်ထားလေပြီ။ သို့သော် နံဘေး မှန်ပြတင်းပေါက်တစ်ခုမှာ အတွင်းမှ သံချိတ်ချိတ်၍ထားသော်လည်း ကွဲနေသော မှန်တစ်ချပ်မှ အတွင်းသို့ လက်တစ်ဖက်ဖြင့် နှိုက်၍ မောင်းချဓားဖြင့် ကော်လိုက်သောအခါ အတွင်းမှ ချိတ်ပြုတ်သွားလေ၏။

ထိုအခါပွင့်၍သွားသော ပြတင်းပေါက်မှ အတွင်းသို့ကျော်၍ ဝင်ခဲ့၏။ လက်ထဲမှာ မောင်းချဓားကြီးကို သိမ်းဆည်းလိုက်ပြီးလျှင် မောင်းချဓားအစား(၆) လုံးပြူးသေနတ်ကို ကိုင်ထားလိုက်၏။ နောက်ထပ် ၂ မိနစ်မျှ ကုန်၍သွားပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းခန်း၌ကား စာရေးစားပွဲပေါ်တွင် မီးလင်းလျက် ရှိသည်ကို မြင်ရလေရာ ဦးသီလသည် ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိနေလေသည်။ ကိုတက်စိန်သည် ပြတင်းပေါက်ရှိရာမှ အတွင်းခန်းတံခါးဝအထိ ခြေလှမ်း ၃ လှမ်းဖြင့် ရောက်ခဲ့ပြီးနောက် တံခါးကိုဖွင့်ကာ ခြေ ၂ လှမ်းမျှရှေ့သို့ တိုးပြီးလျှင် ဦးသီလအား မျက်နှာတည့်တည့်ကို သေနတ်ဖြင့် ချိန်လိုက်၏။ ဦးသီလကား အော်လည်းမအော်နိုင် ကိုယ်ကိုလည်း မလှုပ်ရှားနိုင်ဘဲ ပါးစပ်အဟောင်းသားဖြင့် ကိုတက်စိန်အားကြည့်နေလေသည်။

ဦးသီလ၏လက်ယာဘက် နားထင်မှာချိန်ထားသော သေနတ်ပြောင်းဝနှင့် ၁၂ လက်မသာဝေးလေရာ ကိုတက်စိန်သည် သေနတ်မောင်းကို တစ်ချက်ဆွဲလိုက်၏။ ကျည်ဆန်သည် နားထင်ကိုဖောက်ကာ အခြားဘက် နားရွက်နောက်မှ ထွက်သွားလေသည်။ နှုတ်ခမ်းဝပတ်လည်တွင် ညိုမည်းလျက်အပေါက်ငယ်မှ သွေးများ တသွင်သွင်ထွက်လာ၏။ ဦးသီလသည် ၂ စက္ကန့်မျှ ထိမ်းယိုင် လှုပ်ရှားလျက်ရှိရာမှ စားပွဲပေါ်သို့ လက်နှစ်ဖက်ပစ်ကာ ဒိုင်းခနဲ စားပွဲနှင့် မျက်နှာဆောင့်မိသည်နှင့် တစ်ချိန်တည်း မှောက်လျက် ကျသွားလေသည်။ ကိုတက်စိန်မှာ ယမ်းငွေ့များပင် မွှန်၍ သွားသေး၏။

ကိုတက်စိန်သည် လက်အိတ်စွပ်ထားသောလက်ဖြင့် သေနတ်ကလေးကို ဖုန်းလျက်ရှိသော ဦးသီလ၏ ညာဘက်လက်ဝါးထဲသို့ ထည့်ပြီးလျှင် လက်ညှိုးကလေးကို သေနတ်ခလုတ်ပေါ်သို့ပင် တင်ထားလိုက်၏။ မိမိအကျီအိတ်ထဲမှ စာရွက်ကလေးကို ထုတ်ယူပြီးလျှင် စားပွဲပေါ်ရှိ အောက်ခံ မင်နှိပ်ပြားပေါ်တွင် ဖြန့်ကာ စက္ကူဖိသော ဖန်လုံးကလေးဖြင့် ဖိထားလိုက်၏။ ထို့နောက် ဦးသီလ အလောင်းအကျီအိတ်များမှ သံသေတ္တာသော့ကို ရှာဖွေလေသည်။ ထိုအချိန်၌ မိမိလက်များမှာ တုန်လျက်ရှိနေသည်ကို သတိပြုမိ၏။

သော့ကို အခန့်သင့်ပင် တွေ့ရှိ၍ အနီးရှိသံသေတ္တာကြီးမှာ ကြေးသော့အိမ်အတွင်းသို့ သွင်းလိုက်၏။ ထိုအချိန်၌ မိမိလက်ပတ်နာရီကို ကြည့်မိရာ ရုပ်ရှင်မှ မိမိထွက်လာသည့်အချိန်မှ ယခုထိ (၉) မိနစ်သာ ရှိသေး၍ အတော်အတန်ဝမ်းသာသွားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာကြီး ပွင့်သွားသောအခါ ငွေစက္ကူများကို အစည်းလိုက် ပိုးကြိုးများဖြင့် စည်းနှောင်ထားသည်ကို တွေ့ရ၏။ ကိုတက်စိန်သည် ၁၀၀ တန်၊ ၁၀ တန်၊ ၂၀ တန်၊ ၅၀ တန် မခွဲခြားနိုင်ဘဲအပေါ်ဆုံးကျသည့် အထုပ်များကို မိမိယူခဲ့သော လက်ဆွဲ သားရေအိတ်ကြီးအတွင်းသို့ ထိုးသွင်း၏။ နောက်ဆုံး ပြည့်ရုံမျှမက အနည်းငယ်မျှပို၍နေသဖြင့် အဖုံးကို ပိတ်သောအခါ ချိတ်ချိတ်မိစေရန် အပေါ်မှ ဒူးနစ်ဖက်ဖြင့် ဖိ၍ သားရေအိတ်ကို ပိတ်ရလေသည်။ ဤသို့ ယူသည့်တိုင်အောင် သံသေတ္တာကြီးထဲတွင် ထက်ဝက်ခန့်မျှ ကျန်ရှိသေး၏။

ကိုတက်စိန်သည် သံသေတ္တာကို ပြန်၍ပိတ်ပြီးလျှင် သော့ကို ဦးသီလ အင်္ကျီအိတ်အတွင်းသို့ အသေအချာ ပြန်၍ ထည့်ထားလိုက်လေသည်။ ထို့နောက် သံသေတ္တာကြီးကိုတစ်လှည့် ဦးသီလ၏အလောင်းကို တစ်လှည့် ပြန်၍ကြည့်ခဲ့ပြီးလျှင် လာလမ်းအတိုင်း ပြန်၍ထွက်ခဲ့၏။ မိမိဝင်ခဲ့သော ပြတင်းကို ပင်မှန်ကွဲနေသည့်နေရာမှ လက်လျှို၍ပြန်ပိတ်ခဲ့သေး၏။

လမ်းပေါ်သို့ရောက်လျှင်အလုပ်တိုက်နှင့်ဂိုထောင်ကြားမှတိုက်နောက်ဖေး ဘက်သို့ဝင်ခဲ့ပြီးလျှင် သားရေအိတ်ကြီးကို နံနက်က ဝှက်ထားသည့်နေရာ၌ပင် ပြန်၍ဝှက်ထားခဲ့လေသည်။ အလုံးစုံပြီးစီးသောအခါ ကိုတက်စိန်သည် ရုပ်ရှင်ရုံသို့ အရောက် သုတ်ခြေတင်ခဲ့၍ ရုံဝတွင်ရှိသော လူအုပ်ကို တိုးဝှေ့ကာ ရုံထဲသို့ ဝင်ခဲ့လေသည်။

မခင်သိန်းနိုင် နံဘေးရှိ ကုလားထိုင်သို့ ဝင်၍ထိုင်မိသောအခါ ရုပ်ရှင်ဆက်ပြသည်မှာ ၁ မိနစ်မျှပင် မရှိသေးချေ။ အချိန်အားဖြင့် ၀၉း၄၅ နာရီ [illegible]ကြည့်သော် ကိုတက်စိန်သည် ရုပ်ရှင်ရုံမှ ထွက်ခဲ့၍ ဦးသီလအား သတ်ပြီးနောက် သံ[illegible] အတွင်းမှ ငွေများ ယူငင်ဝှက်ထားခဲ့ပြီးလျှင် မိမိထိုင်သောထိုင်ခုံသို့ ကျခြေမပျက် စေဘဲမခင်သိန်းနိုင်၏စကားများကိုအပေးအယူအဆင်သင့်စေရန်အလိုက်သင့် ပြောဆိုခြင်းဖြင့် ရုပ်ရှင်ပြီးခဲ့၏။ ထို့နောက် ကတိရှိသည့်အတိုင်း မခင်သိန်းနိုင် အား သုံးဘီးကားဖြင့် အိမ်အရောက် ပို့ပေးလေသည်။

❖ ❖



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ကိုတက်စိန်သည် ယခင်က အလုပ်ဆင်းနေကျ ၉ နာရီခွဲတွင် မဆင်းဘဲ ၁၀ နာရီထိုးပြီးမှ အလုပ်တိုက်သို့ ဣန္ဒြေမပျက် ရောက်လာ၏။ အလုပ်တိုက်ရှေ့တွင် ရဲကားတစ်စီး ဆိုက်ထား၍ အလုပ်တိုက်အတွင်းသို့ ဝင်မိသောအခါ ဧည့်ခန်း ကုလားထိုင်များတွင် အရပ်ဝတ်အရပ်စားနှင့် လူစိမ်းနှစ်ယောက် ထိုင်နေသည်ကို တွေ့ရ၏။ မခင်သိန်းနိုင်မှာ မျက်လုံးကြီးများ နီရဲနေပြီးလျှင် မျက်နှာကို မကြာခဏ လက်ကိုင်ပဝါဖြင့် သုတ်နေသည်ကို တွေ့ရ၏။

နိုင် - "တစ်ခါဖြင့် ကိုယ်ကျိုးနည်းပြီ အစ်ကိုကြီး၊ သူ့ငွေးဆုံးရှာပြီး သူ့ကိုယ်သူ ပစ်သတ်သွားတယ်"

စိန် - "ဟင် ဟုတ်လား၊ ဖြစ်မှဖြစ်ရလေဗျာ ဘယ်မှာလဲ အခန်းထဲမှာလား"

"ဟုတ်တယ်။ သွားကြည့်ပါဦး အစ်ကိုကြီးရယ်"

ကိုတက်စိန်သည် ဘောက်တစ်ချက်ခေါက်၍ ညည်းတွားကာ အတွင်းခန်းသို့ ဝင်မည်ပြုလေ၏။ ထိုခဏ၌ ဦးသီလအခန်းမှ တံခါးပွင့်လာပြီးလျှင် အတွင်းမှ ရဲအရာရှိတစ်ဦးထွက်လာသဖြင့် ကိုတက်စိန်၏ ခြေလှမ်းများ ရပ်ဆိုင်းသွားလေသည်။ ရဲအရာရှိမှာ တည်ကြည်ခံ့ညားသော ရုပ်လက္ခဏာရှိ၍ ကိုတက်စိန်အား စူးရှသောမျက်လုံးများဖြင့် တစ်ချက် စိုက်ကြည့်လိုက်၏။

ရှိ - "ခင်ဗျားက ဘယ်သူလဲ"

စိန် - "ကျွန်တော်က ဦးသီလတပည့်ပါ။ သူ့ဆီမှာ လခစား အလုပ်လုပ်နိုင်ပါတယ်"

"နာမည်က"

"မောင်တက်စိန်ပါတဲ့ခင်ဗျာ"

"ဪ ကိုတက်စိန် ဟုတ်လား"

"ဟုတ်ပါတယ် ဒါထက် ကျွန်တော်တို့ဆရာ ဘယ်လိုများ ဖြစ်သွားသလဲ မပြောတတ်ပါဘူးခင်ဗျ"

"ဘယ်လိုဖြစ်ရမှာလဲ သူ့ပစ္စည်းကိုလိုချင်တဲ့လူက ပစ်သတ်သွားတာပေါ့"

"ဗျာ် ဟုတ်လားခင်ဗျ၊ ဖြစ်မှဖြစ်ရလေခင်ဗျာ။ သူ့စက္ကူရီတေရီက ပြောတော့ သူ့ကိုယ်သူ ပစ်သတ်သေသွားဆိုလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ စားပွဲပေါ်မှာ စာတစ်စောင်တွေ့ရတာနဲ့ သူ့လက်ထဲမှာ သူပိုင်သေနတ်ဆုပ်လျက်သား တွေ့ရတာနဲ့ ထင်မယ်ဆို ထင်စရာပေါ့။ နို့ပေမဲ့ ကျုပ်တို့မျက်စိက ဒီလိုကြည့်တာမှ မဟုတ်ပဲ။ စားပွဲပေါ်မှာတွေ့ရတဲ့ လက်ရေးနဲ့ ဦးသီလလက်မှတ်ဟာ အစစ်မှမဟုတ်ပဲ၊ ဦးသီလသေပြီးတဲ့နောက်မှ လူသတ်သမားက တင်ထားတာဖြစ်မှာပေါ့"

"ဘာဖြစ်လို့လဲခင်ဗျ"

"ခင်ဗျားဆရာ ဦးသီလဟာ စာမတတ်ဘူးဗျ။ သူ့လက်မှတ်တောင် သူ့စက္ကူနဲ့တရိက ကိုယ်စားထိုးပေးရတယ်"

"ဩော်..."

ထိုအချိန်၌ အပြင်ဧည့်ခန်းတွင် ထိုင်နေသော အရပ်ဝတ်အရပ်စားနှင့် လူနှစ်ယောက်သည် ကိုတက်စိန်အနီးသို့ ချဉ်းကပ်လာကြ၏။ အရာရှိက ဆက်၍-

"နို့ပေမဲ့ မခင်သိန်းနိုင်ရဲ့ လက်ရေးနဲ့ ဦးသီလနာမည်ကို မခင်သိန်းနိုင်တပဲ သီလဆိုပြီး လက်မှတ်ထိုးပုံကို အတုခိုးပြီး ထားတာကတော့ တကယ် ချီးကျူးလောက်တယ်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့အကြောင်း ရေးထားခဲ့တဲ့စာကို သေတဲ့လူက သူ့အတွင်းရေးမှူးကို အရေးခိုင်းပါ့မလား၊ ဒီလို အတုခိုးပုံမျိုးကို သာမန်လူတစ်ယောက် မတတ်နိုင်ဘူး၊ တကယ် အလေ့အကျင့်ရှိတဲ့လူမှ"

စကားမဆုံးမီ ကိုတက်စိန်သည် နောက်သို့ ခြေတစ်လှမ်း ဆုတ်မည်ပြုလိုက်၏။ သို့သော် ရဲအရာရှိက မျက်စိတစ်ဖက် မှိတ်ပြလိုက်သောကြောင့် အရပ်ဝတ်အရပ်စားနှင့် ရဲကြပ်သည် ကိုတက်စိန်အား ကျင်လည်စွာ လက်ထိတ်ခတ်လိုက်လေသည်။

ရှိ- "ခင်ဗျား အင်းစိန်ထောင်က လွတ်လာတာ မကြာသေးဘူး မဟုတ်လား"

ကိုတက်စိန်မှာ ပြင်းဆန်ရန် နည်းလမ်းမရှိသဖြင့် ဆိတ်ဆိတ်နေလိုက်၏။ အရာရှိက ဆက်လက်၍-



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရာဇဝင်ကို အင်းစိန်ထောင်က ယူလာတာ အခု မနက် ၉ နာရီမှာပဲ ကျူပ်ရတယ်။ ခင်ဗျားကျတာ ချက်လက်မှတ် လိမ်မှုမဟုတ်လား"

"ဟုတ်ပါတယ်"

"လက်မှတ်တုထိုးတဲ့နေရာမှာ ခင်ဗျားက တော်လွန်းလို့ ခင်ဗျားကို ဝိဇ္ဇာစိန်လို့တောင် ထောင်သားတွေက နာမည်ပေးထားတယ်ဆို ဟုတ်လား"

"ဟုတ်ပါတယ်၊ နို့ပေမဲ့ ဒီအမှုမှာ ကျွန်တော် ..."

"အေးလေ ရှင်းစရာရှိရင် ရုံးကျတော့ရှင်းပေါ့။ ဟော့ မောင်တင်ဖေ တရားခံကို ကားနဲ့ ဌာနခေါ်သွားတော့ဟေ့။ ငါ နောက်မှ လိုက်ခဲ့မယ်။ ကဲ ... ဝိဇ္ဇာကြီး ကျောက်တုံးတားဌာနာ ကြွပေတော့ ..."

❖ ❖ ❖

❒ ဒဂုန်ရွှေမျှား

# ပြီးပါပြီ

BURMESE CLASSIC

www.burmeseclassic.com